

www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုအမှတ် [illegible]
မျက်နှာဖုံးခွင့်ပြုအမှတ် - ၂၃၃/၉၆ (၅)
၁၉၉၆၊ ဇူလိုင်လ
ပထမအကြိမ်
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၇၅ ကျပ်
မျက်နှာဖုံးပန်းချီ - ခိုင်ဝင်း
စီစဉ်သူ - ဇော်ဝင်းနိုင်

ထုတ်ဝေသူ
ဦးကျော်ကျော်စိုး (၀၁၄၃၈)
စိမ်းစိမ်းရည်နွယ်စာစဉ်
အမှတ် (၅၇)၊ ခြင်္ခါးခြံ၊ ရွှေနံ့သာရပ်ကွက်၊
ဗဟန်း၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်
အတွင်းပုံနှိပ်သူ
ဒေါ်သန်းကြည် (၀၂၆၇၈)
ဝင်းရွှေစင်ပုံနှိပ်တိုက်
အမှတ် (၂၆)၊ ၉၇ လမ်း၊
ကန်တော်ကလေး၊ ရန်ကုန်မြို့။

BURMESE CLASSIC .com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမောကိုပြေစေပါသည် | ၃ |
| ၂။ | ဘဏ်ချစ်သော မြေးဖြူကြီး | ၁၉ |
| ၃။ | ပထမနေ့ ဝေဒနာ | ၃၄ |
| ၄။ | ၁၅ ရာခိုင်နှုန်း | ၅၁ |
| ၅။ | သည်သမီး၊ သည်သားနှင့် သည်မအေ | ၆၆ |
| ၆။ | ဆည်းလည်းပြားလေးတွေနှင့်အတူ | ၈၅ |
| ၇။ | ဂဠုန်တောင်ပံဖြန့်ကြက်လ | ၁၀၁ |
| ၈။ | ကောက်ညှင်းပေါင်းနဲ့ လှိုင်လှိုင်ကြူ | ၁၁၆ |
| ၉။ | ငန်းပြားတိုက ထချခြင်း | ၁၃၂ |
| ၁၀။ | ညအရေးတွင် လကလေးမစောင်းပါ | ၁၄၈ |
| ၁၁။ | ပလွေသံ၊ ဗုံသံ တည်ညံဖြင့် | ၁၆၃ |
| ၁၂။ | ရင်မှ မလာသော ဒေါသ | ၁၇၄ |
| ၁၃။ | ဝဲထဲကျသော သစ်ရွက်ကလေးများ | ၁၈၆ |
| ၁၄။ | ကြိုးဒဏ်သင့် နှလုံးအိမ် | ၁၉၉ |
| ၁၅။ | အလင်းဖွားသူများ | ၂၁၁ |

www.burmeseclassic.com

www.burmeseclassic.com

မျိုးမြန်မာစာပေတိုက်တွင် ရနိုင်သေးသောစာအုပ်များ

၁။ မြသန်းတင့်
လိုက်ခဲ့တော့ မြနန္ဒာ (ပဉ္စမအကြိမ်)
၂။ ဆင်ဖြူကျွန်းအောင်သိန်း
ကိုဆေးရိုး (၅)
၃။ ပါရဂူ (မြန်မာပြန်)
သူလိုဘုရင် (စတုတ္ထအကြိမ်)
၄။ လင်းယုန်သစ်လွင်
ဓမ္မရက္ခိတ (ဒုတိယအကြိမ်)
(သို့မဟုတ်) လောက၏အမှန်တရားကို ရှာဖွေသူ
၅။ မြသန်းတင့်
မှောင်မိုက်မှာငို (ဒုတိယအကြိမ်)
၆။ တက်တိုး
ဆောင်းတော်ကူး (တတိယအကြိမ်)
၇။ မြသန်းတင့်
ကံကောင်း (တတိယအကြိမ်)
၈။ ပါရဂူ (မြန်မာပြန်)
ပန်းပုဆရာ (ဒုတိယအကြိမ်)
၉။ ဒဂုန်ရွှေမျှား
အင်မ်ကြာရီး (တတိယအကြိမ်)
၁၀။ ဗမိုး (မြန်မာပြန်)
အခွင့်အလမ်း စွမ်းဆောင်ရည်နှင့်အောင်မြင်မှု
၁၁။ ဗမိုး (မြန်မာပြန်)
အခွင့်အလမ်း စွမ်းဆောင်ရည်နှင့်အောင်မြင်မှု (၂)

BURMESE CLASSIC .com

# ဆင်ဖြူကျွန်းအောင်သိန်း

# ကိုဆေးရိုး အမှတ် (၆)

www.burmeseclassic.com

www.burmeseclassic.com

# ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုက်ညီ ဘေးကင်းမည်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏
ပဓာနကျသော တာဝန် ဖြစ်သည်။

BURMESE CLASSIC .com

# အမေ့ကိုမြေစေပါသည်

(၁)

ဒေါသဖြစ်ခြင်းသည်မကောင်း။ ဤသည်ကို ရည်းကျည်းဒန် သိပါသည်။ သိပါလျက်နှင့် ဒေါသကို ချုပ်တည်း၍မရ၊ နားထင်နားရင်းထူလာအောင် ဒေါသထွက်ခဲ့ရသည်။ ယမန်နေ့ ညနေက ဖြစ်ခဲ့ရသော ဒေါသသည် ယနေ့ နံနက်အထိ အငွေ့မသေချင်သေး၊ ဒေါသငွေ့ တလူလူ လှိုင်ချင်ချင်ဆဲ ဖြစ်နေပေ၏။

နေသည် မထွက်ခင်က ပူချင်နေသည်။ ငါးကြွင်းကွက်တိမ်ပဝါများ လယ်မြင်တခွင် တကျောင်းလုံးကို လွှမ်းထားကြား အိုက်စပ်စပ်ကြီး။ လေပြည်ကလေး ဖွဖွဖြည်းလည်း ဖွေးလာခိုက်သာ နေသာသယောင်ရှိ၏။ လေငြိမ်သည်နှင့် ချွေးစက်များသည် မေးညိုင်းပေါက်မှ ခေါင်းပြူလာပြီ။

ရည်းကျည်းဒန် မျက်နှာသည် ယခုအထိ တင်းမာနေဆဲ၊ ခက်ထန်နေဆဲရှိသေး၏။ ဒေါသဆောင်နေသောကြောင့် ပျို့ညည်းသည် မသေးလိပါ။ တစ်စည်းပြီးတစ်စည်း ပစ်ချသည်။ ကြိုးတန်းကို ဗိုးဗိုးဗတ်ဗတ်တန်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြောတော့သာ ကြိုးတန်း။

ကိုယ်တိုင်လုပ်ကြည့်သောအခါ လက်ဝင်လှသည်။ အချိန်ကုန်လှသည်။ ကန်သင်းတစ်ဖက်တွင် တစ်ယောက်စီနေပြီး ကြိုးတန်းစဉ်က လွယ်သည်ထင်၏။ တစ်ယောက်တည်းလုပ်သည့် အခါတွင် တစစိုက်ပြီးမှ တမန်းပြင်ကို နင်းလျှောက်ပြီး တစ်ဖက်ကန်သင်းသို့ လာရသည်။

ရည်းကျည်းဒန်ကိုယ်တွင် ချွေးစို့ လာပြီး ကောက်ပင်ကား တစ်ပင်မျှမထိုးရသေး။ သို့ကြောင့် 'တောက်' တစ်ချက်ခေါက်မိသည်။ သည်မျှဖြင့်လည်း ဒေါသမပြယ်နိုင်သေးပါ။ 'ပုမရယ်၊ ထင်းခွေမကြုံရင် ရေခပ်တော့ကြုံဦးမှာပါ' အသံထွက်ကာ အငြိုးအတေး ပြုသည့်တိုင်အောင် ဒေါသမပြေပါ။ ပြေနိုင်ပါမည်လား။ ခြေဖဝါးနှယ် တည်မှန်သူကို လက်ဖဝါးကျင့်ဖြင့် ဆက်ဆံပြောဆိုခဲ့ပေသည်ကိုး။

ရည်းကျည်းဒန် ထဘီပြင်ဝတ်သည်။ ပျိုးစည်းကိုဖြေသည်။ ပျိုးဖတ်တစ်ဖတ်ယူပြီး အဖျားဖြတ်လိုက်ရာ၌ စူးရှတောက်ပသော မျက်လုံးများသည် ငြိမ်နေသော လယ်ပြင်ကျင်းကြီးပေါ် တစ်ချက်ဝေ့ဝဲ၏။ မြလယ်ပြင်၊ ရွှေလယ်ပြင်ကြီး။

ထွန်တုံးပိတ်ကြပြီး စိုက်ရက်စောသော လယ်ပွဲများမှာ ရွှေရောင်မှမြဆောင်သို့ ပီပီသသ ရောက်ရှိနေကြသည်။ လှန်ခါစ ကောက်ပင်များသော်ကား ရွှေရောင်တွင်သာ ရှိနေသေးသည်။ လေဝှေ့သော်ငြား တေးမသီနိုင်သေး။ လှုပ်ယှိမ်းရုံသာ လှုပ်ယှိမ်းနိုင်ကြသေးသည်။



ရည်းကျည်းဒန်တို့ကောက်ပဲမ ... သည်း ထွန်ဝုံးပိတ်သလောက် ရှိသွားပြီ။ မြစိမ်းရောင်တစ်ဝက် ... တစ်ဝက်နှင့် လှစည်စပြုပြီ။ သည်ပျိုးခင်းကျွတ်ကလေး တစ်ကွက်သာ ကျန်ခဲ့တော့သည်။ ပျိုးခင်ကျွတ်ပေမယ့် မစိုက်ဘဲ ချန်ထားရာမရ။ တော်စွလျော်စွ စိုက်ရာလည်းမဖြစ်။ စိုက်ကြပ်ကဲ ချေးအများသား။ စိန်နားပန်မရ၊ ပိုခနောက်ဆိုင်မရ။ အတန်းလိုက်ဆို အတန်းသိုက်။

သို့အတွက် ရည်းကျည်းဒန်သည် ပုမကို ကြိုပြောထား၏။ ပုမမှာ အများကြားတွင် ဘယ်းဘယားပေမင့် 'ခေါ်ကောက်' တွင်မူ သပ်ရပ်၏။ မြန်လည်းမြန်၏။ ။

(၂)

သို့သော် ယမန်နေ့ညနေတွင်မူ တစ်မျိုးဖြစ်သွားခဲ့လေသည်။

ရည်းကျည်းဒန်မှာ လယ်ပြင်မှ ပြန်ရောက်လျှင်ရောက်ချင်း ထမင်းထုပ်နှင့် ခမောက် ရေချိုင့်စသော တိုလီမိုလီများကို 'ကပျင်'တွင် တင်ထားခဲ့သည်။ အိမ်ပေါ်သို့ပင်မတက်နိုင်ခဲ့။

လယ်ပြင်တွင် ရည်းကျည်းဒန် ဘာလုပ်ခဲ့ပါသနည်း မေးသည်ရှိသော် ဖြေစရာမရှိ။ မြက်ဖတ်ကလေး ကောက်လိုက်၊ ပျိုးပင်ကလေးဖာလိုက်၊ ပုစွန်တွင်းပိတ်လိုက်၊ ကန်သင်းပေါ်တွင် ပဲမျိုးစုံကိုစူးထိုးချလိုက်နှင့် မည်မည်ရရမရှိလှ။ သို့ရာတွင် သူ့တစ်ကိုယ်လုံးတွင် ရှုံ့စက်တွေ ပြောက်ကျားနေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အချို့နေရာတွင်နွံ့ခဲကွေ့ကပ်နေသည်။ မျက်နှာတွင်လည်း သနပ်ခါးအစား ရွှံ့ကော်ရွှံ့ခဲများသာ။

သည်ပုံဖြင့်ပင် ပုမတို့အိမ်ရှေ့သို့ ရောက်လာ၏။

'ပုမရေ၊ မနက်တော့ စောစောလေးပေါ့'

'မနက်တော့ မလာနိုင်ဘူး အရည်းရေ့'

ရည်းကျည်းဒန်မျက်လုံးက အိမ်ကလေးဆီသို့သာ ရောက်နေ၏။ အသံထွက်လာသောအခါ အိမ်ရှေ့မြေကြီးထဲကဖြစ်၏။ ထိုအခါကျမှ 'စောင့်ရန်းတန်း'ဘေးရှိ 'မီးဖိုကျင်း'ထဲသို့ လှမ်းကြည့်ဖြစ်သည်။ ထမင်းအိုးငှဲ့နေဟန်တူသောပုမ။

'ပုမ ဘာရယ်ဟာ'

ဘာခုယ်ဟာအော်ကာ မီးဖိုကျင်းဘေးသို့ ကပ်သွားမိငြား၊ ပုမအပြောကို ရည်းကျည်းဒန်နားလည်လိုက်သည်။ နားလည်သည့်အလျောက် ခေါင်းတစ်ခုလုံး ထူပူနေပြီးဖြစ်သည်။ ချိုင့်ခွက်တွင်းက ကြွေပန်းကန်ကွဲနှယ် မျက်လုံးအစုံကလည်း မပြူးသာပြူးသာဖြင့် ပြူးမကွက်နေပြီဖြစ်ပေသည်။

ခေါင်းမထူ မျက်လုံးမပြူးဘဲ နေပါမည်လား။ နက်ဖြန်ပျိုးခင်းကျတ်စိုက်၊ သန်ဘက်ခါတွင် ယာထဲတွင် ထွန်ကူချမည်ဟု စီစဉ်ပြီးသားပေကိုး။

'ဘယ်လိုဖြစ်နေတာလဲ ပုမရယ်'

မီးဖိုကျင်း၏ သုံးမျက်လုံးတွင် မြေခဲများ ဖို့မြင့်ထားသည်။ သည်ပေါ်တွင် ဆောင့်ကြောင့်ထိုင်လျက် ရည်းကျည်းဒန် ညည်းညည်းညူညူမေး၏။



ပုမသည် ထမင်းအိုးကို မှေ့နေရာ မေးတစ်ချက် ထိုးပိုက်ရာက 'နေမကောင်းလို့'ဟု မပွင့်တစ်ပွင့် ဖြေ၏။

အသွေးနှင့် ကိုယ် အသားနှင့်ကိုယ်သည့် နာဖျားမကျန်းရှိမည်သာ ဖြစ်၏။ နာဖျားမကျန်း ဖြစ်ရကောင်းလားဟု ရည်းကျည်းဒန် အပြစ်မတင်နိုင်။ သို့သော် မေးထိုးပုံကို မကြိုက်၊ မထိတရိ မခန့်တရန့် အပြုအမူသာဖြစ်သည်။

'ဟယ်...သူ့ဝသီထင်ပါရဲ့' အတွေးက ရည်းကျည်းဒန်၏ ထင့်စိတ်ကို ချေဖျက်သည်။

'ကိုယ်ထဲကက်ထဲက ဘယ်လိုနေလဲ၊ ဘာဆေးမှ မသောက်ဘူးလား။ ငါ့ဆီမှာ သဗ္ဗဇေယျရော၊ သွေးဆေးရော ရှိတယ်'

ပုမထံမှ အဖြေမရ။ ထမင်းရည်အိုးပေါ် တင်ထားသော ယောက်မကို လှမ်းယူနေသဖြင့် 'ဘာမှ မသောက်ရသေးရင် ငါ သွားယူလိုက်မယ်၊ ကောင်းချင်လဲ ကောင်းသွားမှာပေါ့အေ' ပြောပြီး ထလိုက်စဉ် ကျောဘက်မှ အသံတစ်သံ ပေါ်လာသဖြင့် ပုမမျက်နှာ မည်းခနဲ ဖြစ်သွား၏။

ညောင်ပင်ပိုင်းမှ မမယ်သ အသံ။

'ပုမရေ...မနက်ကို စောစောလာပေါ့၊ ညည်းရောက်မှ ငါတို့သွားမှာ၊ ကြားလားဟေ့'

ရည်းကျည်းဒန် 'ဟင်'ခနဲ ဖြစ်သွားသည်။ မမယ်သကိုတစ်လှည့် ပုမကိုတစ်လှည့် ကြည့်သည်။ မမယ်သကား ရည်းကျည်းဒန်နှယ် သူ့အပူနှင့်သူမို့ ပုမ၏ အဖြေကိုပင် မစောင့်နိုင်၊ ခေါင်းတည့် မြောင်းတည့်ဖြင့် ထွက်သွားလေပြီ။ မျက်နှာငှံ့ထားရုံမှတစ်ပါး ဘာမျှ မတတ်နိုင်သူကား ပုမ။

www.burmeseclassic.com

www.burmeseclassic.com



‘ညည်း….ဘယ်လို လုပ်လိုက်တာလဲ ပုမ၊ ငါပြောတော့ နေမကောင်းလို့ ငါ့လယ်ကို နက်ဖြန်စိုက်မပေးနိုင်ဘူးဆို’

ပုမသည် မီးတောက် ရှိနေပါလျက် ဖိုခနောက် သုံးလုံး ကြားသို့ ထင်းတွေ ထပ်ထိုးနေ၏။

‘ဟဲ့….ပုမ၊ ငါမေးနေတာ ဖြေပါဦး၊ ညည်း ဘယ်လို လုပ်လိုက်တာလဲ’

ပုမ မျက်နှာ လွှဲထားသည်။

‘လုပ်ရက်တယ်ပုမရယ်၊ အစကမှ စိုက်ရက် နောက်ကျရတဲ့ အထဲမှာ ညည်းမို့ ကောင်းပြီ ကျောင်းရဲ့ ပြောပြီးအခုတော့ ငါ့မှာ ဘယ်လိုလုပ်မလဲ၊ ငါ့မှာတော့ သရက်တောက သိသိ လာပြောတာတောင် ညည်းကို အားကိုးနဲ့ ခေါင်းခါ လွှတ်လိုက်တယ်’

သည်မျှအထိ ဒေါသမြွှဆိုးသည် ပခြုပ်တွင်းမှာသာ အခွေလိုက် ရှိနေခဲ့လေ၏။ သို့ရာတွင် ရည်းကျည်းဒန်ဒူးပေါ် လက်ထောက်ကာ ကုန်းထပြင်း ‘ငါ့မှာတော့ တစ်ရွာတည်း သားချင်း ရပါစေတော့ရယ်လို့ ညည်းလုပ်ပုံ ရက်စက်တယ် အေ’ ပြောအဆုံး၌ ‘အချည်းမကျနပ်ရင် ကြိုက်ရာကတိုင်’ ဟူသောစကားသုံးဖြင့် ပုမက ပခြုပ်အဖုံးကို ထိုးလှန်လိုက်လေ၏။

‘ညည်းက ငါ့ကို သည်လိုပြောသလား၊ဟုတ်လား၊ကျည်းဒန်ကို ခေါင်းဖြူစွယ်ကျိုးဆိုပြီး စော်ကားသလား’

မီးဖိုကျင်း၏ တောင်ဘက်တွင် စောင့်ရန်းတန်း အသစ် လဲရန် ပုံထားသော သန်းသားပုံကြီးရှိ၏။ ရည်းကျည်းဒန်



အတွက် အသင့်ပုံထားပေးဘိသလိုရှိ၏။ အပေါ်ဆုံးက တစ်ချောင်းကိုဆွဲယူပြီး ရိုက်၏။ သို့သော် သူ ဆွဲမိသောသန်းသားမှာ အရင်းပင် လက်ကောက်ဝတ်တုတ်၏။ အရှည်မှာ လေးတောင်ခန့်ရှိသည်။ စိုကလည်း စိုသေးသည်။ ရည်းကျည်းဒန် မနိုင်မနင်း ဆွဲရိုက်ခြင်းဖြစ်ရာ အားလွန်ပြီး ခွေခန်လဲသွားလေ၏။

ပုမမှာ လက်သီးနှင့် ထိုးရုံဖြင့် လဲလောက်သော အမယ်ကြီးအိုကို မယှဉ်ရဲ။ ထမင်းအိုးငှဲထားခဲ့ပြီး အိမ်ပေါ် တက်ပြေးသည်။ ‘အချပ်ကတို့ လာကြပါဦး၊ ရည်းကျည်းဒန် ကျုပ်ကိုသတ်နေပါပြီ’ ကုန်းအော်၏။

နွားရိုင်းသွင်းချိန်ဖြစ်သည်။ ရွာထဲတွင် လူမစုံသေးပြား အတော်အသင့် ပြန်ရောက်လာကြပြီ။ သို့ကြောင့် ရှေ့ဆုံးမှ ပြေးလာသူမှာ မလှမေ။

မလှမေ ပြေးလာချိန်တွင် ရည်းကျည်းဒန် ကုန်းထကာ မိန်းမရှင်ဒေါ့၊ အပျက်တော့ မိုးမှန်ဒအောင်ဆဲလျက် ပုမအိမ်ဘက်သို့ ပြေးလာ၏။ သန်းသား အစိုကြီးကို ကယို့ကယိုင် ကိုင်မြှောက်ထား၏။

‘ဆင်းခဲ့၊ နင်ဆင်းမလာရင် ငါ တက်လာခဲ့ရမလား’ အစချီကာ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် မြေလှန်ကာဆဲနေပြန်၏။ ပုမမှာ ရမ်းဘိုကုန်း ဇာတိမဟုတ်။ သူ့ဆွေ သူ့မျိုး ဟူ၍ ရမ်းဘိုကုန်းတွင် တစ်ယောက်မျှ မရှိသည့်အတွက် ပုမဘက်မှ ‘အာ’မည့်သူ တစ်ယောက်မျှ မပေါ်လာ။

‘မလှမေ၊ တော် ကျုပ်ထဲ မဝင်နဲ့’

www.burmeseclassic.com

www.burmeseclassic.com



ယောက္ခမ ကူညီရန်ဝင်လာသော မလှမအား ပုမ လှမ်းအော်သည်။ မလှမေကလည်း မခံပါ။

'အလိုလေး၊ အားအားစားစား ညည့်အိမ်ဝိုင်းထဲ ရွှေထွက်မယ်ဆိုတောင် မဝင်ပါဘူး ကြီးကျယ်လိုက်တာ'

ထိုအချိန်တွင် ရည်းကျည်းဒန်သည် သန်းသားကို ချထားပြီး ခြေနိုင်လက်နိုင် ပေါပါးသော တုတ်တစ်ချောင်း လိုက်လံရှာဖွေနေ၏။ ရှာဖွေရင်းကလည်း အယုတ္တအနုတ္တတွေ အရှယ်နှင့်မလိုက်အောင် ဆဲခန်းဖွင့်နေသေး၏။

ပုမမှာ ထမင်းအိုးကို ယခုမှသတိရသည်။

ထမင်းရည်အိုးပေါ်တွင် ဖလောင်းဖုံးနှင့်'အုံချ'ပြီး တင်ထားခဲ့ရာ ထမင်းရည်စစ်လောက်ပြီ။ထမင်းရည်စစ်ပြီးနောက် အငွေ့မငွေ့ပါက 'နပ်'တော့မည် မဟုတ်။ သို့ဖြင့် ခြေရင်းအိမ်မှဒေါ်သာနုကို အကူအညီတောင်းရတော့သည်။

'အငြိမ်ရေ....ထမင်းအိုးထားတာ နှင်ပေးလှည့်စမ်းပါ'

ဒေါ်သာနုသည် သုံးခွန်းအထိ မကြားယောင်ပြုနေပြီး လေးခွန်းကျမှ ဗျစ်တောက် ဗျင်တောက် မြည်သူက် ရောက်လာ၏။ သူ လာခဲ့ရင်းမှာ မကောင်းထက်၍ လာ၍ဖြစ်ခြင်း ရည်းကျည်းဒန်ပြင်နေပုံကို မြင်သောအခါ မနေနိုင်တော့ချေ။

'မကျည်းဒန်၊ တော် ကိုယ်တော် လဲ ပြန်ကြည့်ပါဦးတော်၊ သွားပါတော့....ဖက်ပြီး ရန်ဖြစ်မနေပါနဲ့'

ရည်းကျည်းဒန်သည် အားရအောင် ထင်မံဆဲနေပြီးနောက် ပြန်ထွက်လာခဲ့သည်။ ဒေါ်သမပြေငြား မှောင်ပြီကို သာ



ထားမိ၏။ ထိုအခါ အဘိုးကြီးမှာ ဆာဆာမွတ်မွတ်ဖြင့် လယ်ပြင်မှပြန်ရောက်လာပြီဟု သတိရသောကြောင့် ဖြစ်ပေ၏။

( ၃ )

နေ့ကူးခဲ့ပြီ။

သတိရလျှင် ရည်းကျည်းဒန် ဒေါသဖြစ်ရပြန်သည်။

'ဖအေကြီး ထတော့လေ၊ ကျုပ် လယ်ပြင်သွားတော့မလို့'

'ညည်းက ဘာကိစ္စသွားမှာလဲ၊ ငါသွားလဲ ပြီးတဲ့ဟာကို'

ရည်းဆေးရိုးက အိပ်ချင်မူးတူးဖြင့် အမေးအမြန်းထူနေသေးငြား ရည်းကျည်းဒန်က အသင့်ပြင်နေပြီ။

ဟဲ့... မေးတာ ပြောပါဦး'

မဖြေ၍ မဖြစ်ပြီ။ မဖြစ်သောအခါ 'ဟို ကျေးဇူးရှင်မပေါ့တော်' အစချီကာ ပုမ ကတိပျက်ပုံကို ဇာတ်စုံခင်းပြီး 'ကောင်းစားမယ့်ဟာမ၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ' ဟု အဆုံးသတ်၏။

'အေးလေ၊ ကိုယ့်ကိုယ်နဲ့ သူများစိတ် ဆိုတော့လဲ သည်လိုပေါ့အေ၊ ဘယ်တတ်နိုင်မလဲ'

'ငရုတ်သီးချက်အိုးနဲ့ နဖတ်ချဉ်ချက် အိုးတော့ မီးဖိုထဲမှာရှိတယ်၊ ညဦးက ကတည်းက ချက်ထားတာ၊ ထမင်းအိုးတော့ တော် ဘာသာပဲ တည်ပေတော့'

ဒေါသကို ချုပ်ထားရသဖြင့် တိုတိုပဲ ပြောသည်။မချုပ်

www.burmeseclassic.com

www.burmeseclassic.com



၍ မဖြစ်။ ဒေါ်သက ရည်းဆေးရိုးကို ကူးချင်ချင် မဟုတ်လား။

နံနက်ဦးပေမင့် လေက မအေးချင်။ ရည်းကျည်းဒန် ရင်မှာလည်း ဒေါသဖြင့် ပူနေသည်။ အံ့ချွန်ငှက်ကလေး တစ်ကောင်သည် သန်သတ်ချုံ အကြိုအကြားတွင် ထွက်ဝင်ဆော့ကစားရင်း မြည်ကြွေးနေ၏။ သူ၏ မြည်ကြွေးသံက တွတ်တီးတွတ်တာ ခရာဘာတာနှင့် ဖွဲ့ဖွဲ့နွဲ့နွဲ့ ချစ်စရာ။ ရည်းကျည်းဒန်ပင် ဒေါသပြေစ ပြုလာ၏။

မှောင်ထဲမှ ပျိုးခင်းကျွတ် တမန်းပြင်သည် ပြောင်လက်သော ရေပြင်ဖြင့် ကြိုလင့်သည်။ ရည်းဆေးရိုး ပစ်ချထားခဲ့သော ပျိုးစည်းများသည် မည်းမည်း သစ်ငုတ်ကြီးတွေအလား မှောင်မိုက်ထဲမှာ တိုးထွက်နေကြ၏။ သည်အခါတွင်ပြေစ ဒေါသသည် ပြန်လည် အငွေ့လူလာကာ 'တောက်' ခေါက်သည်အထိ အလွန်လူခဲ့ရလေ၏။

'ကောက်ငိုက်ဘာလေးများ သူများကို ခယရတာနာလိုက်လေ....'

သည်အတွေးဖြင့် 'လက်ဆ'ကို ဆွဲသည်။ လက်ညှိုးနှင့် လက်မကြားတွင် ယားလျက် တမန်းထဲသို့ထိုးသည်။ အတန်းလိုက် အစိုက်ကောင်း၏။ အင်္ဂါရပ်တွင် အပင်ထောင်မတ်၍ နေခြင်းသည်လည်း ငါစ်ချက်မဟုတ်လား။ ထို့ကြောင့် လက်ညှိုး လက်မက 'တမန်း'ဖြင့်ပင် ပြန်ညှပ် ထိန်းပစ်ခဲ့၏။

ကြိုးတန်းတစ်လျှောက် လက်ဆမှန်မှန် ကောက်ချက်မှန်မှန်ဖြင့် စိုက်သည်။ အဆင်ပြေဆဲပင်။ ကြိုးတန်းနှင့်



ကန်သင်းကြားတွင် ခြောက်ပင်ကို အကွက်ကျကျစိုက်သောအခါ အဆင်မပြေချင်တော့ပေ။ ပထမတစ်ကြိမ် လက်ထိပ်တွင် စူးနဲ့ ဖြစ်သွား၏။ ရေနူးနေသော လက်သည် ထိလွယ်၏။ ရှလွယ်၏။ တုတ်ချောင်းမာမာဖြစ်ပါက သိသိသာသာနာ၏။ ကြေပန်းကန် မြေအိုးမြေခွက်ကွဲ အစအန ဆိုပါမူ တွန့်ခနဲ ဖြစ်အောင် နာကျင်သည်။ ယခု လက်ညှိုးထိပ်ကို ထိုးသောအရာမှာ သစ်ဆွေးဖြစ်ပေမည်။

ဒုတိယအချက်တွင်မူ ရည်းကျည်းဒန် အားခနဲ အော်မိ၏။ ထိလွယ်မှု နာကျင်လွယ်မှုတွင် လက်ချောင်းထိပ်ထက် ပိုကဲသော 'ပန်းကုန်း'နေရာ ဖြစ်သည်။ လက်သည်းခွံ၏ အဆုံးတွင် မသိမသာ ရစ်ဆိုက်ထားသော အရည်ပါးကလေးသည် လက်ညှိုးပန်းကုန်း လက်မပန်းကုန်း စသည်ဖြင့် လက်ငါးချောင်းလုံးတွင် ရှိကြပေသည်။

ကျောက်ခဲ အပွဲ့အရှဲ့ အိုးကွင်းပဲ့ သစ်တိုသစ်စမဆိုထားဘိ သဲကြမ်းကလေးတစ်ပွင့်နှင့် ထိုးမိကာမျှဖြင့် ပဲ့နေသော နေရာ ဖြစ်သည်။ ယောင်ယမ်းပြီး လက်ကို ဆွဲနုတ်ပြီးကာမှ ရည်းကျည်းဒန် ပြန်ထိုးသည်။ ကြည့်မနေတော့ပါ၊ ကြည့်နေ၍လည်း အမျှင်ကလေးတစ်မျှင် လန်ထွက်နေသည်ကို မြင်ရမည်သာ ရှိချေမည်။

သို့အတွက် မာန်တင်းသည်၊ အံကြိတ်ထားသည်၊ အံကြိတ်ခဲလိုက်သည်တွင် သွားဖုံး အသားချင်း ပွတ်ကြိတ်မိသည်။ သွားမရှိတော့သော အမယ်ကြီးအိုဘဝကို မျက်ချင်းသတိပြုမိသည်။ သည်သတိကို 'အို....ငယ်ငယ်တုန်းက ရွာရိပ်

www.burmeseclassic.com

www.burmeseclassic.com



ရွာစပ်က မသန့်မပြန့် လယ်တွေမှာတောင် စိုက်ခဲ့သေးတာပဲ’ ဆင်ခြေဖြင့် ခြေဖျက်သည်။

ရွာရိပ်ရွာစဉ် လယ်များသည် မသန့်ပြန့်ချေ။ အကွဲအရှ အစအနနှင့် ဆူးငြောင့် ခလုတ်ကလည်း ပေါပါဘိ။ အဆိုးဆုံးကား ပုလင်းကွဲ ဖန်ခွက်ကွဲပေတည်း။

ခံတွင်းချဉ်သည်၊ ရည်းကျည်းဒန် ဆေးလိပ် မသောက်ရပါ။ ခါးဆန့်ပြီး ပျိုးစည်းဖြေရုံ ပျိုးဖတ်ခွဲရုံ အချိန်များတွင်သာ ထန့်နားသည်။ ကြာကြာနားပါက လက်ပန်းကုန်းတော့ နာလာမည်ကို စိုးရိမ်သည်။ နာကျင်မှုကို သိသာလာပါက ဆက်မစိုက်ရဘဲ ရှိမည်။ အလုပ်မပြီးဘဲ ရှိမည်။ ထိုအခါပမ စိုက်မပေးသောကြောင့် ရည်းကျည်းဒန် လယ်မပိတ်နိုင်ဘဲ ရှိလေသည် ဖြစ်ချေမည်။ သည်သို့ အဖြစ်မခံနိုင်။ စီးကျလာသော ချွေးကို တံတောင်ဆစ်ဖြင့် သုတ်ပစ်ရင်း အံကြိတ်ထားသည်။

(၄)

နေပြင်းသည်နှင့်အမျှ ရည်းကျည်းဒန်၏ လက်များနှေးသည်။ ခြေနက်ရာတွင်လည်း မသွက်လက်တော့ပါ။ ခါးက ကိုက်သည့် နည်းတူ ရင်ထဲက တလှပ်လှပ်ပါတကား။

‘အမယ်....တယ်ဟုတ်ပါကလားဟ၊ အမယ်ကြီးအိုက လုပ်လှချည်ကလား’

ကျောဘက်မှ ပေါ်လာသော ရည်းဆေးရိုး၏ အသံသည် ရည်းကျည်းဒန်အတွက် အားဆေးဖြစ်၏။



‘မနက်က ထမင်းကြမ်း စားခဲ့သေးလား’

‘မစားခဲ့ပါဘူးတော်....နေမြင့်မှစားလို့’

‘ထင်သားပဲ၊ ကဲ....လာ ငါ ဘယာကြော်နှစ်ခု ဝယ်လာတာနဲ့ အတော်ပဲ’

ရည်းကျည်းဒန်သည် ဟန်နဲ့လှမ်းလျက် ကန်သင်းပေါ်သို့ တက်လာရာက စိုက်ပြီးသမျှကို ပြန်ကြည့်နေ၏။ ယခုမှ ကြိုးတန်းခြောက်တန်းမျှသာ စိုက်၍ ပြီးပါသေးတကား။

‘လာစမ်းပါဟာ၊ ပြီးတဲ့အခါ ပြီးလိမ့်မပေါ့၊ ငါပါ ကူစိုက်မယ်ဟာ’

ရည်းကျည်းဒန်သည် ရှုံ့စင်သည်ဆိုရုံမျှ လက်ဆေးသည်။ ဘယာကြော်တစ်ခုကို ဖဲ့ဝါးပြီး မျိုချသည်။ လည်ချောင်းထဲတွင် တစ်နေသဖြင့် ရေနွေးကြမ်းဖြင့် မျောချရသည်။

မည်မျှ ပင်ပန်းသည်ကို နားနေခါမှ သိ၏။ ပင်ပန်းလွန်းသောကြောင့် ထမင်းကိုပင် စားမနေချင်။ ထိုင်ပြီးတော့သာ ဟော့ရာ နေရာတွင် လှဲပြီးအိပ်ပစ်လိုက်ချင်သည်။ သို့သော် အိပ်၍မဖြစ်သေး။ သည်ပျိုးခင်းကျဘ် ‘ပိတ်’နိုင်ရေးအတွက် ခါးသန့်ဖို့ ကြိုးစားရပေဦးမည်။ မျို၍ မကျသည်ကို ရေနွေးကြမ်းနှင့်ချည်း မျောမျောချနေရသောအခါ ဒေါသဖြစ်လာသည်။

‘ဒင်းကြောင့်....ဒင်းကြောင့် မှောက်ချည်လှန်ချည် လုပ်သို့သည်လို ဖြစ်ရတာ’

ပင်ပန်းမှု ပေါ့လျော့သွားသည်။ လည်ချောင်းလည်း

www.burmeseclassic.com

www.burmeseclassic.com



ရှင်းလင်း ချော့မောနေပြီ။ သည့်အတွက် သွေးပူမပျက်မီ လင်းတမျိုးမျိုးက ဆေးလိပ် အံမှာခဲလျက် ထလာခဲ့သည်။

ရည်းဆေးရိုးသည် 'ရေကြည့်'ရန် မသွားတော့ပါ။ ရည်းကျည်းဒန်အား ကြိုးကူတန်းပေးသည်။ ကြိုးတန်း တစ်လျှောက် ကူစိုက်ပေးသည်။ ကြားကြောင်းများကို ရည်းကျည်းဒန် စိုက်နေစဉ် သူတစ်ယောက်တည်း ကြိုးတန်းပြီး စိုက်နေသည်။

သည်မျှသော အကူအညီသည် ရည်းကျည်းဒန် အတွက် များစွာ တာသွားလှသည်။ ပင်ပန်းခြား အလုပ်တွင်သည်။ အလုပ်တွင်ခြင်းသည် ပင်ပန်း အားတက်စရာ ဖြစ်လာပြန်သည်။

ရွှေသမင်ဆန်စက်မှ မွန်းတည့် ဥသြဆွဲပြီ။

ရည်းကျည်းဒန် ခါးဆန့်ပြီး ရည်းဆေးရိုးကို လှမ်းကြည့်သည်။ ရည်းကျည်းဒန် ဝမ်းသာလှသည်။ ကြိုးတန်းတစ်တန်း စာသာ ကျန်တော့သည့်တွင် ရည်းဆေးရိုး ဝင်စိုက်ပေးချေသည်။

'တော်တော့လေ၊ တော် နားချင် နားချေတော့'

ရည်းဆေးရိုးသည် ကန်သင်းပေါ်သို့ တက်လာကာ ရေနွေးအိုး တည်ပစ်ခဲ့ပြီးမှ မြောင်းထဲဆင်းပြီး ရေချိုးသည်။ ရည်းကျည်းဒန်တက်လာလျှင် စားနိုင်ရန် ထမင်းပူကို အသင့်ပြင်သည်။ လက်ဖက်အုပ်ကိုလည်း ဆီဆား နှံ့စေရန် အဆင်သင့် နယ်ထားသည်။

ရေနွေးအိုးဆူချိန်တွင် ရည်းကျည်းဒန် ကန်သင်းအတိုင်း



လျှောက်လာသည်။ သို့ရာတွင် ခြေကျ မမှန်တော့ချေ။ ချောင်ပင်အောက် ရောက်သည်နှင့် အရှပ်ကြိုးပြတ် ထိုင်ချလိုက်လေ၏။

'ဖြည်းဖြည်း ထိုင်မှပေါ့ဟ၊ ကျိုးပဲ့ နာကျင်သွားမှဖြင့်'

ရည်းကျည်းဒန်ထံမှ တုံ့ပြန်သံ မလာပါ။ ချောင်မြစ်ပါးပျဉ်းပေါ်ကို ခေါင်းတင်အိပ်ရန် ဟန်ပြင်သဖြင့် ရည်းဆေးရိုးမှာ ကမန်းကတန်း ဆွဲထားရ၏။

'မလုပ်နဲ့၊ ထမင်းလတ်သွားမယ်၊ အိပ်ရာက နိုးမှ စားပြန်တော့လဲ ရင်ခံနေပြီး စားနိုင်မှာ မဟုတ်ဘူး၊ ထ ထ.... ခြေလက်ဆေးဟ'

ရည်းဆေးရိုးသည် ကန်သင်းအစပ်သို့ အတင်းဆွဲခေါ်၏။ ရည်းကျည်းဒန်မှာ အားရပါးရ အိပ်ပစ်ချင်ခြင်းမှတစ်ပါး အခြား ဆန္ဒမရှိ။ သို့အတွက် နှမ်းဖတ်ချဉ်ချက်နှင့် ငရုတ်သီးချက်ကိုလည်း သွားရည်မယိုတော့ပါ။

'စားစမ်းဟ၊ သွက်သွက်စားလိုက်ရင် အိပ်ရမှာပေါ့'

အကွင်းလိုက် လှီးထားသော ငရုတ်သီးနီနီများမှာ ရည်းဆေးရိုး၏ဇလုံထဲတွင် ရဲတွတ်နေ၏။ သူသည် ထမင်းတစ်လုတ်ခွံ့လိုက်၊ ရည်းကျည်းဒန်အား တိုက်တွန်းလိုက် လုပ်နေရာက ထမင်းတစ်လုတ်သည် ရည်းကျည်းဒန့် မျက်နှာနား ရောက်လာ၏။

'နှင်စားနေပုံနဲ့ ကနေ့ စားလို့ ပြီးမှာမဟုတ်ဘူး၊ ဟာစမ်း'

ရည်းကျည်းဒန် ပါးစပ်ဟပေး၏။ ပါးစပ်ပေါက်ကြီးသော

www.burmeseclassic.com

www.burmeseclassic.com



ထမင်းလုတ်ကြီးက တိုးတိုက်ဝင်၏။ သို့ဖြစ်ငြား သည့်ထမင်းလုတ်ကို စားရသည်မှာ ကိုယ့်လက်ဖြင့် နယ်ပြီး ကိုယ့်ဘာသာ ကိုယ်ခွံ့သော ထမင်းလုတ်များထက် အရသာ ရှိသည်ကား အမှန်ပင်။

(၁၉၇၆၊ ဇွန်လ၊ သွေးသောက်မဂ္ဂဇင်း)

## ဘ၏ ချစ်သောမြေး ဖြူကြီး

(၁)

ရည်းဆေးရှိး၏ ရင်ဘက်နှင့် ပူးတုံ့ခွာတုံ့ဖြစ်နေသော ထွန်ကြီးသည် လွင့်ပျံ့လူးလိမ့်နေ၏။ ထမ်းပိုးတုံးတွင် တပ်ဆင်ထားသည့် နွားနှစ်ကောင်လည်း ကျွမ်းသဒ္ဒါလန်အောင် ခုန်ပေါက်လူးလိမ့်နေချေ၏။ ဟိုဘက်လယ်ပွဲ အတွင်းရှိ ထန်းပင်တန်း ညောင်ပင်အုပ်မှာလည်း ကျန်မနေခဲ့ပါ။ စောက်ထိုးမိုးမျှော်ဖြစ်လျက် လွင့်တက်သွားရာက အရှိန်ပြင်းစွာပြုတ်ကျသဖြင့် တစ်စစီ တစ်မျှင်စီ ကြေပြတ် လွင့်စဉ်သွားကြလေတော့၏။

သို့ကြောင့် ကန့်ကြီးကို အသာဆွဲလိုက်ရာ သခင်၏တုံ့ဆွဲချက်ကို စောင့်နေသော နွားနှစ်ကောင်မှာ တုံ့ခနဲ ရပ်သွားလေ၏။ ထုံးစံအတိုင်းဆိုလျှင် အစနှစ်ခုပူးထားသည့် ကန့်ကြိုးကို ထွန်ကိုင်းတွင် တစ်ပတ်ပတ်သည်။ နုတံ(နှင်တံ)ကို စောက်ထိုးစိုက်လျက် ကြိုးကွင်းထဲသို့ ထိုးပစ်ခဲ့လေ့ရှိ၏။

ရည်းဆေးရှိးမှာ ကြိုးကို မပတ်နိုင်တော့ပါ။ နုတံနှင့် ထိုးချိတ်ရှုံ့သာချိတ်လျက် နီးရာကန်သင်းပေါ် ပစ်ထိုင်ချမိ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့စဉ်တွင် ရည်းကျည်းဒန်က တစ်စုံတစ်ရာ ဆက်ပြောသည်။ ရည်းဆေးရိုး နားအူနေသည်။ နားမရှင်း။

ရပ်သွားသောသွေးများ ပြန်လည်လှုပ်ရှားကြပြီ။ ပြန်လည်လည်ပတ်ကြပြီ။ ကြေကွဲခြင်းဝေဒနာသည် လိုက်တက်လာ၏။ မြစ်ပင်လယ်မှ ရေပွက်နှယ် ရင်တွင်း၌ လှိုက်ပွက်သော ဝေဒနာကို ခံစားလာရပြီ။

'ကျော်မကောင်း ကြားမကောင်းတော့ ဖြစ်ကုန်ပါပြီတော်'

ရည်းကျည်းဒန်သည် မောပန်း ဟိုက်နှမ်းသံကို ငိုသံဖြင့် ဖုံးအုပ်ကာ အနားသပ်လိုက်လေ၏။ မခမာလျှင် ခံနိုင်ပါရှိးလား။ ထမင်းထုပ်ကို ခေါင်းပေါ်မှ ချပြီးကတည်းက မနားတမ်းပြောနေခဲ့ရာ ဒေါသဖြစ်ခြင်း ရှက်ရွံ့ထိတ်လန့်ခြင်းတို့နှင့် စရုနယ်ပြန်သည့်အတွက် တုန်ယင် ဟိုက်နှမ်းရပါပြီ။

'လှန့်ယ်....နေပါဦး၊ ဘယ်သူ့သမီးပါသိမ့်'

ရည်းဆေးရိုးလည်း ထမင်းထုပ်ကို မဖွင့်နိုင်သေး။ ငုံ့ပြီး စဉ်းစား၏။

'သောင်းလှိုင်၊ မယ်မှုန့်သမီးတော်'

'အင်း....ဟုတ်ပြီ၊ သောင်းလှိုင်က သာဒွန်းရဲ့မြေးဆိုတော့ဟဲ့....လက်စသပ်တော့ သာဒွန်းရဲ့ မြစ်ပါကလား'

ရည်းသာဒွန်းကား ရည်းဆေးရိုးနှင့် သက်တူ ရွယ်တူ တေဖော်တေဖက် ဖြစ်၏။ အဆဲလည်း သန်၏။ သူ့မြစ်ကို ကိုယ့်မြေးက ကာယိန္ဒြေ ပျက်အောင် လုပ်သောကြောင့်



ဒေါသတကြီး ဆဲနေပြီလော။ ဘိုးအေ ဘွားအေကိုလည်း မဲချည်တင်နေချေပြီလော။

'ကျုပ်တော် ကြား ကြားချင်း သတိလစ်သွားတယ် ထင်တာပဲ၊ လက်ထဲကရေမှုတ် လွတ်ကျသွားတာ မသိလိုက်ဘူး'

'အင်း....ဒုက္ခပါကလား'

ရည်းဆေးရိုး စိတ်ထိန်းနိုင်ပြီ။ ထမင်းထုပ်တွင် ပတ်ချည်ထားသော ပုဆိုးစုတ်ထောင့်စများကို ညှဲသာစွာ ဖြေသည်။ ထမင်းဇလုံ ပေါ်တွင် မှောက်ဖုံး ထားသော ဇလုံဖင်တွင် မောင်ကိုကြီး၏ မျက်နှာသည် ထင်းထင်းကြီး ပေါ်လာ၏။

သပ်ရပ်သောမြေး၊ မှန်ရည်သောမြေး၊ မေးမြန်းစပ်စုမှုထူပြောရုံမက လူကြီးသူတော် လုပ်လေ့ရှိသောမြေး၊ ရည်းဆေးရိုး ဂုဏ်ယူဝင့်ကြွားရသောမြေး၊ ရံဖန်ရံခါတွင် လူကြီးတွေကို လျှာနှင့်ခံတွင်းကင်းမဲ့အောင် ဝင်မေးတတ် ပြောတတ်သော မြေး။

'မြေးရယ်၊ သားရယ်'

ထမင်းဇလုံကိုလှန်ရင်း ရည်းဆေးရိုးရင်ထဲမှ ညည်းတွားသည်။

'ငါ့မြေး ဘယ်လိုဖြစ်တာလဲ၊ ငါ့မြေးဟာ လူကို အပေါင်းအသင်း ဖျက်တတ်တယ်ဆိုတာကို သိတဲ့မြေး၊ သူငယ်ချင်းတွေကို ကိုယ်ပေါင်းစိတ်ခွာပဲ ပေါင်းခဲ့တာပါ၊ အခုတော့ ငါ့မြေးရဲ့ အကျင့်သီလတွေကို ဘယ်သူက မြေးဆောင် ဖျက်ဆီးခဲ့ပြီလဲ သားရယ်'

www.burmeseclassic.com

www.burmeseclassic.com



ခွံ့ပြီးသောထမင်းလုတ်ကို ရည်းဆေးရီးမဝါးမိ။ သူ့ရင်ထဲမှ ငိုမြည်တမ်းသံက ကျယ်လောင်လာ၏။

(၂)

ခရှပိန်းရွာမှ ညတစ်ည။

ထိုညကအကြောင်းသည် ရည်းဆေးရီးအာရုံ၌ ဖျတ်ခနဲ ပေါ်လာ၏။

နှမ်းကြဲရေသွင်းပြီး နောက်တစ်နေ့တွင်ဖြစ်သည်။ မိုးကမြေကြီး 'ဝမ်းရောင်' ရိုက်လေးသော်မျှမရွာ။ တစ်နေ့ပြီးတစ်နေ့ မိုးကိုစောင့်လာကြရာ မစောင့်နိုင်သည့်အဆုံးတွင် မြောင်းရေကို သွင်းရပြီ။

ရည်းဆေးရီး၏ ရေယူလှည့်မှာ ညဦးကျလိုက် အရုဏ်တက်ကျလိုက် နေ့လယ်ကျလိုက်ဖြင့် ရရာအချိန်တွင် တပင်တပန်း သွင်းယူရ၏။ ရေယူပြီးချိန်တွင် လူမှာ ယဲ့ယဲ့သာ ကျန်တော့သည်။

သို့စဉ်တွင် လှည်းငှားလိုက်ရန်ပေါ်လာသည်။ ခရှပိန်းရွာ ကုလားပဲအိတ်များ တင်ဆောင်ကာ သဘော်ဆိပ်သို့ ပို့ပေးရမည် လှည်းခအစိတ်။

၂၅ ကျပ်ဟူသောငွေသည် ရည်းဆေးရီးကဲ့သို့သော အဘိုးကြီး အမယ်ကြီး လင်ကိုယ်မယားအတွက် မက်စရာကြီးဖြစ်၏။ ရမ်းဘိုကုန်းမှနေအေးချိန်တွင် 'လှည်းကောက်'ပြီးထွက်သွားပါက ခရှပိန်းရွာသို့ ညဦးပိုင်းမှာပင် ရောက်သွားမည်။ တင်



စရာရှိသည်များကို တင်ပြီးနောက်ကျင် တရေးတမောအိပ်ဦး။ အိပ်ရာကနိုးရာမှ မောင်းလာလျှင်ပင် သဘော်ဆိပ်သို့ နေထွက် တပြူတွင် ရောက်မည်။

သို့ကြောင့် ရင်အောင့် ကျောတောင့်သည်ကိုမှ မငြှနိုင်။ လှည်းပေါ်သို့ကောက်ရိုးတင်ကာ ဂုန်အိတ်ခင်းပြီး အမယ်ကြီးအို လှမ်းပေးသောရေဘူး၊ ထမင်းထုပ် ဆေးလိပ် ခေါက်စောင်နှင့် မီးမကို လှမ်းယူလျက် အခြားလှည်းကြားမှ လိုက်ပါလာခဲ့သည်။

နွားနှစ်ကောင်မှာ နွားနေအားမွေးထားရသဖြင့် သွက်နေ မြူးနေကြ၏။ မြူးနေကြငြား ရှေ့ကလှည်းခံနေသဖြင့် ခြေစွမ်းမပြနိုင်။ ရှေ့လှည်းပေါ်မှ ကောက်ရိုးများကို မစားချင်စားချင် ဆွဲဝါးရင်း မှေးလိုက်နေရ၏။ လမ်းဘေးတွင် ဟပ်စရာ စားစရာမြင်ငြား သမဝထိုးပြီး ကျန်နေခဲ့၍မရ။ နောက်လှည်းတွေ ရှိသေးသည်။

ရည်းဆေးရီးကား မိုးဝန်းလွန်သည်နှင့် အိပ်ပျော်ပြီး ကောက်ရိုးထူထူခင်းထားသဖြင့် တော်ရုံတန်ရုံ လှည်းဆောင့်ကာမျှဖြင့်ကား မနိုးပါ။ လေးညနှင့် သုံးရက် ပင်ပန်းထားသည်လည်း တကြောင်းမို့ တခေါခေါဟောက်လျက် လိုက်ပါလာလေ၏။

ခရှပိန်းရွာထဲသို့ လှည်းတွေဝင်မိမှ ရည်းဆေးရီးနိုးသည်။ လှည်းဝင်ရိုးကျွန်းနှင့် တံခါးတိုင်နှင့် ချိတ်မိသည့်အတွက် လန့်နိုးခြင်း ဖြစ်ပေသည်။

'ဟာ... ရောက်ပြီလားဟာ'

www.burmeseclassic.com

www.burmeseclassic.com



အိပ်ချင်မူးတူးဖြင့် ထမေးရင်း ကျီးကြည့် ကြောင်ကြည့် ကြည့်၏။ အနက် ထည်ကြီး ပေါ်မှ ရွှေပွင့် ပြောက်များ အလား မှေးမှုန်သော မီးရောင်များ ကြဲ ကျက်ထားသည့် ညပိန်းပိန်းကြီး။

'ရောက်ပြီပေါ့ဗျာ၊ လှည်းပေါ်မှာ လူသေကောင်ကြီး ပါလာသလား မှတ်ရ။ ဟိုဘက်သိမ့်လိုက် သည်ဘက်စောင်းလိုက်နဲ့။ သေတိုက်တဲ့အခါ ဟိုးလိုးယောင်းသောင်းက ဖြစ်လိုက်သေး'

'ရှက်လိုက်တာကွာ'

'ခုမှ ရှက်နေလို့ အပိုပေါ့'

နောက်လှည်းက လူမှာ သူ့သားနှင့်မှ မတိမ်းမယိမ်းဖြစ်သည်။ သူက လေအေးနှင့် ပြောနေသဖြင့် ရည်းဆေးရှိုး ရှက်မိသည်။

လှည်းအစီး နှစ်ဆယ်အတွက် ကုလားပဲအိတ်များ တင်ဆောင်ချိန်မှာ မကြာမြင့်လိုက်ပေ။ ပါလာသော ထမင်းထုပ်များကို နားနေရင်း ဖြေစားမိချိန်တွင် အုတ်အုတ်ကျက်ကျက် အသံများကို သတိထားမိသည်။

'ဟကောင်....ကျော်ဇင်ဦး ဘာသံတွေလဲဟ'

'ဗီဒီယို ပြတာတဲ့ဗျ'

'ဘုရားပွဲ ရှိတယ်လဲ မကြားဘဲနဲ့ကွာ'

'ဘုရားပွဲရှိမှ ပြရမှာလားဗျ၊ လာပြတဲ့သူရှိရင် ကြည့်မှာပေါ့'



ထွန်းမှုန်၏ ဖြေသံမှာ ခပ်ဆတ်ဆတ် ရှိသည်မို့ ငဲ့စောင်းကြည့်မိ၏။ မီးရောင်မှိန်လွန်းသဖြင့် ထွန်းမှုန် မျက်နှာထားကို မမြင်ရ။

'ဟ....မသိလို့ မေးတာ၊ ကောင်းကောင်းဖြေပါ ခွေးကလေးရ'

ဝေါခနဲ ရယ်သံများ ပေါ်လာ၏။ ထိုအခါရည်းဆေးရှိုး ရှက်၏၊ သူတို့သည် ရည်းဆေး ရှိုး မဆဲ ဆဲအောင် တမင် ပေါက်ဆတ်ဆတ် ပြောခြင်း ဖြစ်ပေ၏။

သူတို့က စကြနောက်ကြလျှင် ကိုယ်ကတည်နေ၍ မရတော့ပြီ၊ ကိုယ်က ရှင်နိုင် ရှတ်နိုင် သွက်နိုင်မှ တန်ကာကျမည်။ ထို့ကြောင့်သူကဦးအောင် ထသည်။

'ဒါဖြင့် ကြုံတုန်းသွားကြည့်ရအောင်ကွာ၊ ကျော်ဇင်ဦး ထဟေ'

ပြောပြောဆိုဆိုနှင့်ပင် ရည်းဆေးရှိုး စောင်ဆွဲခြုံသည်။

'ကျုပ်တော့ မလိုက်ဘူးဗျာ' ပြောသူမှာ ထွန်းမှုန် ဖြစ်၏။ သူသည် လှည်းပေါ် တက်ပြီး လှဲအိပ်ရာက အထွန့်တက်၏။

'ဒါပဲဗျာ၊ ကျုပ်တို့ကတော့ ရွာပြန်ရောက်ရင် ရည်းကျည်းဒန်ကို ပြန်ပြောမှာပဲ၊ ခင်ဗျားအတိုးကြီးကြောင့် ကလေးတွေ ပျက်ကုန်ပြီလို့'

သည်အထိ ရည်းဆေးရှိုး၊ မရိပ်မိသေး 'မင့်ဖေ ကလွှားမို့ ငကြောင့် ပျက်ရမှာလား မင်းတို့အဒမ မွေးကတည်းက မင်းတို့ဘာသာ ပျက်သာတာပဲ' တိုင်းထွာ ချေပမိသေး၏။

သူတို့ လှည်းသမားများထဲမှ လူဆယ်ယောက်သာ ထွက်

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ကြသည်။ ပြသသောနေရာမှာ ဇရပ်တစ်ဆောင်ပေါ်တွင် ဖြစ်၍ ရှိုင်ပက်သုံးပုံနှစ်ပုံ ကာထားသည်။ သိုင်းကားကို ပြသနေပြား၊ ကြည့်သူ တစ်ရာခန့် ရှိသောကြောင့် ညတွက်ကိုက်မည်မှာ သေချာနေပေပြီ။

ရည်းအေးရှိုးတို့မှာ ပိုက်ဆံမပေးရပါ။ ပြနေဆဲကားမှာ သူတို့ရောက်သွားပြီး မကြာမီပင် ပြီးစီးသွားသည် ဖြစ်၏။ ပြီးစီးသွားပြား၊ မီးမတွေနှင့် အချို့ အဝက်သာ ပြန်ကြ၏။ အချို့ အဝက်မှာ ထိုင်မြဲ ထိုင်ကျန်နေခဲ့ကြ၏။

'မင်းတို့ဟာကသဲ မစို့မပို့ နဲ့ကွဲ'

ညည်းညည်းညူညူဖြင့်ရည်းအေးရှိုးသောအခါ ကျော်ဇင်ဦးက ဆွဲထား၏။

'ပြီးပြီ မဟုတ်လားဟ'

'ဘယ်က ပြီးဦးမှာလဲ ဟိုမှာမမြင်ဘူးလား၊ ရှိုင်ပက်တွေ ထပ်ပြီး ကာနေတာကို'

သုံးဖက်ကာပြီး တစ်ဖက်ကို တန်းလန်းချထားကာ ဖွင့်ထား ခဲ့၏။ ယခု အလုံပိတ်နေပြီ၊ တစ်ယောက်ကလည်း ပိုက်ဆံ လိုက်လံ ကောက်ခံနေပြီ၊ တစ်ယောက်ငါးကျပ် ပြောသံလည်း ကြားရ၏။

ရည်းအေးရှိုး မျက်လုံးပြူးရပြီ သူ့တွင် ပါလာသည်ကမှ ငါးကျပ်ထဲသာ သည်ငါးကျပ် ပေးလိုက်ပါက ပုစွန်လုံး ခြောက်ဖြစ်တော့မည်။

'ငါ့မှာ ငါးကျပ်တည်း ပါတာကွ'

'နှစ်ကျပ်ဆပေးမျာ'



ကျော်ဇင်ဦးသည် ဆယ်ယောက်တွင် စုပေါင်းပြီး မည်သို့ ပြောကာ ပေးသည်မသိပါ။ ငွေကောက်သူက ခရပင်မရောဘဲ ယူသွားသည်။

'ငါးကျပ်ကြီးများတောင် ဘာကားမို့လဲကွာ'

ပြောသူမရှိ၊ လင်းလက်လာသော မှန်ချပ်ပေါ်သို့သာ အာရုံရောက်နေကြပြီ၊ ရည်းအေးရှိုးအား ဟင့်ခနဲ အော်ပြီး မျက်စိမှိတ်ထားလိုက်သည်။ အမယ်လေး ဘုရား ဘုရား ဘယ်လိုရုပ်ရှင်ပါလိမ့်။ မျက်စိကို မရဲတရဲ ဖွင့်ကြည့်မိပြန်ရာ တစ်ကိုယ်လုံး အေးစက် တောင့်ခဲသွားလေ၏။

ရည်းအေးရှိုး၏ တစ်သက်နှင့်တစ်ကိုယ် သည်မျှ ရှက်ရွံ့ဖွယ် ကောင်းသည့်အရာကို မကြုံဖူးပါ။ အသက်ရှူ ရပ်သွားလုလု ခံစားရသည်။ သတိလွင့်စဉ်ပြီး ကြက်သေ သေသွားရာက သတိပြန်ဝင်လာချိန်ဝယ်၊ သူသည် ရှိုင်ပက်ကိုတိုးပြီး ထွက် ပြေးခဲ့လေ၏။

ခလုတ် အတိုက်တိုက်၊ အလဲလဲအကွဲကွဲဖြင့် လှည်းဝိုင်းသို့ ပြန်ရောက်သည် အထိ ရည်းအေးရှိုး အရှက် မပြေပါ။ အကြောက်မပြေပါ။ ရင်ထဲတွင် တစ်ဆို့ပူလောင်နေဆဲသာ။

(၃)

ဆက်ရက်ညိုတစ်ကောင်သည် မြောင်းပေါင်ပေါ်မှ ရှူး ဝါးဝါး အော်လိုက်၏။ ရည်းအေးရှိုးသည် သက်ပြင်းတစ် ချက်ချလိုက်ပြီးမှ ထမင်းလုတ်ကို ပါးစပ်ထဲထည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ငါးပိဖုတ်နှင့် ထမင်းကြမ်းခဲသည် မောမောပန်းပန်းနှင့် အလွန်စားကောင်းစမြဲ ဖြစ်ပါလျက် ရည်းဆေးရိုး ခံတွင်းမတွေ့ပါ။ ခါးသည်ယောင် သက်သည်ယောင်နှင့် အရသာမပေါ်။ မည်သို့ဖြစ်စေ သူသည် ထမင်းကြမ်းကို အတွင်ဝါးပြီး အတင်း မျိုချ၏။

ရည်းကျည်းဒန်ကို မော့ကြည့်၏။ မရှိပါ။ ဘယ်သွားပါလိမ့် အတွေးဖြင့် ချော်ကြည့်သည်။ တမန်းပြင်ထဲ ဆင်းပြီးမြက်ကောက်နေ၏။

ရည်းကျည်းဒန်ရေ့...ညည့်မြေးရဲ့ ပျောက်သွားတဲ့ ဖောင်တိန်ဟာ အသစ် မဟုတ်လားဟေ့'

'ဟုတ်ပါ့ဘော်၊သည်နှစ်မှဝယ်တာ၊ အစိတ်ခေတ္တင် ပေးရဆိုလားပဲ'

ရည်းဆေးရိုး ထမင်းဝါးရင်း စိတ်တွက် တွက်ကြည့်၏။

'အစိတ်တန် ဖောင်တိန်ကို ရောင်းစားရင် မရပါဘူးဆိုတစ်ဆယ်တော့ ရမယ်၊ ကျောင်းသုံးစာအုပ်တွေ တော်တော်ကြာ ယမ်းမှာကျတယ်၊တော်တော်ကြာ အတန်းထဲမှာ အခိုးခံရတယ် ပြောတာတွေဟာလဲ ရောင်းစားပစ်ပြီး ဟိုဟာကြည့်တာ ဖြစ်ရမယ်၊ဟိုဟာက တစ်ခါကြည့် တစ်ပွဲငါးကျပ်ဆိုတော့ အင်း....'

စိတ်ဖြင့် တွက်ချက်နေခြင်း ဖြစ်ငြား 'အင်း'မှာမူ အသံထွက်သွားလေသည်။ သူ့အသံကို ရည်းကျည်းဒန် ကြားများသွားလေသလား လှမ်းကြည့်ရသေးသည်။ ရည်းကျည်းဒန်ကား တနှဲနှဲဖြင့် တစ်ဖက်ကန်သင်းဘက်သို့ ရောက်သွားပြီ။



'ငါ့မြေးကလေးရဲ့ အကျင့်သီလကိုဖျက်တာ သည်ဟာပဲဖြစ်ရမယ်၊ အင်း....ကျောင်းဆင်းမှ ဝင်ကြည့်တာ မဟုတ်ဘဲကျောင်းမတက်ဘဲ ဝင်ဝင်ကြည့်နေမှဖြင့် ဘုရား....ဘုရား'

တစ်ဖက် လယ်ကွက်တွင်းမှ ရေသည် နောက်ကျိနေ၏။ ထွန်ဝင်ဆဲမို့ ဖြစ်ပေသည်။ အခြားတစ်ဖက်မှ လယ်ကွက်မှ ရေမှာမူ ကြည်လင်နေ၏။နှမ်းငုတ်များ ထိုးထိုးထောင်ထောင်ရှိနေဆဲသာ။

ရည်းဆေးရိုးသည် ကြည်သောရေဖြင့် ဇလုံဆေးသည်။ လက်ဆေးသည်၊ ထမင်းထုပ်ကိုနေရာတကျ ပြန်ထုပ်ပြီးနောက်ပြောင်းဖူးဖက်လိပ်ကို အံမှာခဲလျက် တမန်းပြင်ထဲသို့ ဆင်းသည်။ နွားနှစ်ကောင်သည် အမြီးတယမ်းယမ်း စားမြုံ့တခတ်ခတ်ဖြင့် တချီတလားရှန်းရန် အသင့်ဖြစ်နေပြီ။

သို့ရာတွင် ရည်းဆေးရိုး စိတ်မပါပါ။ မထွန်ချင် မယက်ချင်ပါ။ ထွန်တုံးကြီးကို ကန်သင်းထောင့်သို့ ဆွဲပစ်သောအားတွေ၊ သည်ဘမန်းမှာ စိုက်သမျှစပါး အထူးအထွက်တိုးရမည်ဟူသောမာန်တွေ ပျောက်လွင့်ကုန်ပြီ။

သို့အတွက် သူသည် သူ့ကိုယ်ကိုပြန်ပြီး ဒေါသထွက်သည်။ တောက်တစ်ချက် ပြင်းပြင်းခေါက်ရာက ကန်သင်းပေါ်သို့ ပြန်လာသည်။ ဆောင့်ကြီးအောင့်ကြီး ထိုင်ချသည်။

'ဟုတ်တယ်၊ ငါ့မြေးဟာ ဒီလောက် ယုတ်မာအောင်ဖြစ်ရတဲ့ အကြောင်းဟာ ဒီအကြောင်းကြောင့်ပဲ ဖြစ်ရမယ်၊ ငါ့မြေးဟာ အညွန့်တလူလူနဲ့ အလွန်မွန်ရည်တယ်၊ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



တာမမှန်တာကို အလွန်မုန်းတီးတဲ့သား၊ ကြည့်စမ်း ဗိုလ်ထွန်းအောင်အကြောင်း ပြောတုန်းက....'

(၄)

ရွှေယုန်နှင့်ရွှေကျားအကြောင်း ပြောရသည်မှာ ဖန်တရာတေနေပြီ။ ကမ္ဘာလုံးပိမကြီး၏သမီး မထွေးလေး၊ မြေ့ခင်း သား၏ မထွေးလေးတို့ကိုလည်း မြေးတွေ အလှတ်ရနေပြီ။ လူမိုက်ကြီးလေးယောက်၊ သသမိယျ၊ ဝေဿန္တရာဇာတ်ဘို့လည်း ညက်ညက်ကျေနပြီ။

ရည်းကျည်းဒန်မှာ မြေးများအား ရှေးစကားပြောရန် စဉ်းစားရသည်ကိုပင် အလုပ်တစ်ခု တာဝန်ကြီးတစ်ခု ဖြစ်နေသည်။ ပြောစရာရှိတိုင်း ခေါက်သစ်လှတ်၊ ငေါက်ငမ်းလှတ်ရန်မှာ တစ်ခါတစ်ရံသာ ကောင်း၏။ သို့ဖြင့် တစ်ညသောအခါတွင် ဗိုလ်ထွန်းအောင်အကြောင်း ပြောမိ၏။

နတ်ခေါက်ဘက်တွင် မင်းကြီးရွှေပဲကျော်၊ မင်းလှဘက်တွင် ဗိုလ်ရွှေ၊ စလင်းလယ်ကိုင်းဘက် မင်းကြီး ဗိုလ်ဦးအုံမော် ကျောင်းတွင် မြဘောင် ဗိုလ်ဗိုလ်သိန်းတို့သည် ဗြိတိသျှနယ်ချဲ့သမားအား ဆောင်ထား ခြားနားကြ၏။ ရင်ဆိုင်တိုက်သည့်အခါ ရှိသည့်နည်းတူ၊ ပြောက်ကျားသည်း တိုက်၏။ ထွက်ပြေးရသည့်အကြိမ် ရှိသည့်နည်းတူ၊နင်းခုတ် နင်းတက်ရသည့်အခါများလည်း ရှိကြ၏။

ကျေးရွာများကို ဗြိတိသျှ တပ်များက မအုပ်စီးနိုင်။



ထို့အတူပင် မြန်မာမျိုးချစ်များကလည်း အုပ်ချုပ်မထားနိုင်ပေ။ ထိုအချိန်တွင် လူအများမှာ နီးရာခါးကို ကြောက်နေရ၏၊ နေ့သွက်ပြီး ညတွင်ပုန်းနေရ၏။

ထိုအချိန်တွင် ရမ်းတိုကုန်း ရွာထဲသို့ လူစွမ်းကောင်းတစ်ယောက် ရောက်ရှိလာ၏။ ကျေးတရာပဝါကို လှလှပပ ပေါင်းပြီး ကတ္တီပါဘောင်းဘီဖော်လျက် အောက်ပိုးကျိုက်ကာ ကျောက်စီဓား တစ်လက်ကို လွယ်ထား၏။ သူကား ဗိုလ်ထွန်းအောင်ပေတည်း။

ဓားကိုထင်းခုတ်ရာ သစ်ပင်ချိုင်ရာတွင်သာကိုင်တတ်ကြရာ ဗိုလ်ထွန်းအောင်အား မြင်ရုံဖြင့် ခန့်ညားပြီးသား ဖြစ်၏။ ဓားပီးသည်၊ သေနတ်လည်း ပီးသည် ဆိုပြန်သောအခါ ကြောက်ရွံ့မှုပါ ဖက်လာကြသည်။

သူသည် ဓားကြီးကိုလွယ်ထားပြား၊ ကုလားဖြူ ကုလားနက်ကိုမတိုက်ခိုက်၊ ခနှောင့်ယှက်၊ ကျေးရွာသူကျေးရွာသားများကိုသာ နှောင့်ယှက်သည်၊ အနီးအနားတွင် ကွမ်းခြံတွေရှိသည်။ ကွမ်းခူးသောအခါ မြေပြင်မှ လက်လှမ်းမမီရာကို သံချောင်းထောက် လှေကားဖြင့် တက်ခူးရသည်၊ လှေကားပေါ်တက်ပြီး အလုပ်တွင် အာရုံရောက်နေသော မိန်းမပျိုများမှာ လှေကားလှုပ်ချခံရ၏။ လှုပ်ချသူမှာ ဗိုလ်ထွန်းအောင်။

သူသည် တစ်နေ့တခြား သောင်းကျန်းလာသည်။ မိန်းမပျိုများမှာ သတိနှင့် နေကြရသည်။ တစ်နေ့သောအခါ သူသည် မမင်းအုံတို့အိမ်သို့ 'စကား' ကျပြန်သည်။ မိန်းမပျိုကလေး

www.burmeseclassic.com

www.burmeseclassic.com



အား အနိုင်အနှိပ်ခိုင်းသည်။ ထိကပါး ယိကပါး ပြော၏။ သူ့အိမ်သို့ လာဖန်များလျှင် သူ့မောင်ကြီးက သစ်ဖျဉ်းသောစားကြီးကို သွေးတော့သည်။ သူ မေးသောအခါ 'တောတက်မလို့ပါ' ဖြေပြား၊ ခြေသလုံးမွေး ကျားအောင်မြည့်နေသော နေ့တွင် ပက်လက် အနှိပ်ခံနေသော သူ့အား ထခုတ်လေ၏။

'ကောင်းတယ်... ကောင်းတယ်'ဟု ထိုနေရာအရောက်တွင် ထအော်သူမှာ ကိုကိုကြီးဖြစ်၏။

'သည်လူသာ မလုပ်ရင် အမေကြီးတို့ကို သူတစ်သက်လုံး ဇိုလ်ကျနေတော့မှာပေါ့၊ အင်္ဂလိပ်ကိုတော့ မတိုက်ဘဲ ရွာတွေ လိုက်ပြီး သောင်းကျန်းနေရတယ်လို့၊ တွေ့ချင်တယ်ဗျား သည်လူမျိုးကို'

လူက ခွေးပစ်သည့် တုတ်လောက်ဖြင့် ကြုံးဝါးနေပုံကို ရည်းဆေးရိုးသည် ယခုထက်တိုင် မြင်ယောင်သေး၏။ မဟုတ်လျှင် မခံ၊ မမှန်လျှင် မခံသော စိတ်ဓာတ်ရှိသော အာဂမြေး ပါလားဟု မိမိကိုယ်တိုင် နှစ်ထောင်းအားရ ဖြစ်ခဲ့မိသည်ကိုလည်း ရည်းဆေးရိုး သတိရမိ၏။

'သည်ငါ့မြေးရဲ့ အကျင့်သီလ ဖြူစင်နေတာကို ဖျက်ဆီးတာဟာ ဟိုဟာပဲ ဖြစ်ရမယ်၊ ဇင်းလက်ချက်ပဲ ဖြစ်ရမယ်'

ရည်းဆေးရိုးသည် တမန်းပြင်ထဲသို့ ဆင်းလာကာ ထွန်ကို ဖြုတ်ပြီး နွားနှစ်ကောင်ကို ဆွဲလျက် တက်လာသည်။ ရည်းကျည်းဒန်မှာ အိုးအားကြီး သင့်နေ၏။



'အစောကြီး ရှိသေးတာ၊ ဘာပြုလို့ ဖြုတ်တာလဲ'

ရည်းဆေးရိုး ပြန်မဖြေပါ။

ပစ္စည်းပစ္စယများကို လွယ်ပိုးလျက် သုတ်သုတ်နှင်လာပါသည်။ သူ့မျက်နှာသည် စနေထောင့်က မိုးရိပ်မိုးသားလို ညှို့မှိုင်းနေပါသည်။ အံကို ကြိတ်ထားပါသည်။

(၁၉၉၆ ဩဂုတ်လ သွေးသောက်မဂ္ဂဇင်း)

www.burmeseclassic.com

www.burmeseclassic.com

## ပထမနေ့ ဝေဒနာ

(၁)

ပျိုးနုတ်သမားများကို ကြည့်မိတိုင်း ရည်းဆေးရိုး၏ စိတ်ထဲတွင် မရိုးမရွဖြစ်လာသည်။

'တစ်ကိုင်ပြီးတစ်ကိုင်၊ တစ်ဖတ်ပြီးတစ်ဖတ်၊ တစ်စည်းပြီး တစ်စည်း နုတ်လိုက်ပါတော့လား၊ အခုတော့ ဟုတ်ပေါင်၊ ခုနစ်ရက် ထမင်းမတွေ့တဲ့ပုံနဲ့' မကျေနပ်စိတ်သည်လည်း ရင်ထဲ၌ လှုပ်ရှားလာချေသည်။

လယ်ပြင်ကြီးတစ်ခုလုံးမှာ ရှင်းနေသည်၊ ငြိမ်သက်နေသည်။ လှုပ်လှုပ်ရှရှဟူ၍ မိမိတစ်ဦးတည်းသာ ကျန်တော့သည် ထင်ရ၏။ ကြားနေကျ တေးဟစ်သံများ၊ နွားငေါက်သံများ မကြားရသောကြောင့်ဖြစ်သည်။ သို့လျှင်ဖြစ်ငြား၊ အစိမ်းရောင်စုံ စပ်ကန့်လန့်ကာကြီးတစ်လျှောက် မျက်လုံးကစားလိုက်သည့်အခါ အားတက်သည်။

'ဟ....ဘယ်မှာ ငါတစ်ယောက်တည်း ဟုတ်သို့တုံး'

အချို့မှာ လယ်ပွဲကြီးတစ်ပွဲလုံး ထွန်တုံးပိတ်သွားငြား ပျိုးခင်းကျန်နေသေးသည်။ အချို့က စိုက်စရာမကျန်တော့



ပါ၊ ပျိုးခင်းမှာပင် စိုက်ပြီးပြီ၊ သို့ရာတွင် ကန်သင်းပေါ်တွင် ပဲရင်း၊ ပဲကြီး၊ ပဲလွမ်း၊ မောင်မခေါ်၊ တိုင်ထောင်ပဲ၊ ပဲပိစပ် စသည့်ပဲများ စူးထိုးစိုက်ရန် ကျန်သေးသည်။

ဟိုဘက်လယ်ကွက်မှာလည်း ရေ၊ သည်ဘက်မှာလည်းရေ၊ သည်ရေပြင်နှစ်ခုကြားက ကန်သင်းတွင်စိုက်ပါက ရေမလောင်း ပေါင်းမသင်ရဘဲ လေးငါးတင်းရနေကျ မဟုတ်လား၊ သို့ဖြစ်၍ ကန်သင်းတွင် စူးထိုးစိုက်ရန်ကိုလည်း မေ့မထားနိုင်။

ဤနည်းအားဖြင့် လယ်ပွဲတိုင်းတွင် လူများလှုပ်ရှနေကြသည်။

ရည်းဆေးရိုးမှာသော်ကား သူတကာထက် နောက်ကျသည်။ ရေနက်ပိုင်းတွင် အစိုက်စောသည်နှင့်အမျှ ကုန်းတန်းပိုင်း နောက်ကျသည်။ ယခုပင်ကြည့်၊ ရေနက်ပိုင်း လယ်ကွက်များတွင် အစိမ်းရင့်ရောင် စပါးပင်ကြီးတွေ တရှဲရှဲလေတိုးသပေးနေပြီ၊ အမြင့်ပိုင်း 'အကောတန်း'မှု ထွန်ဆဲ၊ တမန်းပြန်ဆဲ။

တမန်းပြန်နေရာက ပျိုးခင်းဘက်သို့ လည်ဆန့်ကာဆန့်ကာ ကြည့်သည်၊ ပျိုးနုတ်သမများမှာ ရွေ့သည်မထင်ရ။

'ငါ့နှယ်နော်၊ ဘယ်လိုကောင်များ ခေါ်လာမိပါလိမ့်'

ချက်ချင်းပင် ရည်းဆေးရိုး၏ အသျင်စလိုစိတ်ကို သတိတရားက ကြိမ်တို့၏။

'အင်းလေ ဟုတ်သားပဲ၊ ငါတမန်းပြန်ဖို့ကိုက တစ်ကွက်

www.burmeseclassic.com

www.burmeseclassic.com



တောင်ကျန်သေးတာပဲ၊ သူနုတ်လို့ ပြီးသွားတော့ကော ငါက ထွန်နိုင်မှာမို့လား’

ထိုအခါ စိတ်မရှည်မှုသည် လျော့ပါးသွား၏။

စင်စစ်ရည်းဆေးရိုး၏ ပျိုးခင်းထဲတွင် ပျိုးသုံးရာထက် ပို၍ မကျန်တော့ပါ။ ဤမျှသည်ပင်လျှင် စစ်စစ်ဖာဖာ လိုက်နုတ်ပါမှရမည့် အရေအတွက် သည်မျှအတွက် ပျိုးနုတ်သူ နှစ်ယောက်ခေါ်ဦး လိုက်ချင်သူ ရှိရန်မလွယ်၊ အကြောင်းမူ ပျိုးနုတ်သမား၏ လုပ်အားနှင့် ကျွမ်းကျင်မှုကို အစွမ်းကုန် အသုံးမချနိုင်သောကြောင့်ပေတည်း။

လေတဟူးဟူး တိုက်နေသည်။ နေရောင်သည်လည်း ပြောပလောက်အောင် မစူးမပြင်း။ နွားနှစ်ကောင်မှ စားမြုံ့ပြန်ပင်မပျက်။ တစ်လှမ်းချင်း လှမ်းလျက် အစိုထွန်ကြီးကို တအိအိဆွဲနေသည်။ နွား နှစ်ကောင် အေးဆေးနေသည်နှင့် အမျှ ထွန်နောက်က ရည်းဆေးရိုးမှာ ပင်ပန်းလှသည်။

ထွန်ကြောင်းမှတ်တိုင် အဟောင်းကို သိမ်းရသည်။ ထွန်ကြောင်းအသစ်အတွက် မှတ်တိုင်စိုက်ရန်ကိုသည်း မေ့၍မဖြစ်၊ ထွန်သွားတွင် ငြိလာသောအမှိုက်ကို ဆွဲပစ်ရသေး၏။ တက်လာသည့် ‘ထွန်ချေးစာ’ နှမ်းဖတ်ခဲပုံဖြင့် လန်ကျမသွားလျှင် ခြေပြင့် ထိုးကော်ချရသေး၏။

အကောဘန်း နေဇာ်ဆုံးလယ်ကွက်သို့ ခြေချမိချိန်တွင် ရည်းဆေးရိုး ‘ဒူးဆတ်ခေါက်’ လိုက်နေပြီ၊ မောလည်း မောလာပြီ။ သို့ဖြင့် ‘ထွန်နား’ ထားခဲ့ကာ ပျိုးခင်းအနီး ကန်သင်းဆုံသို့ ရောက်လာခဲ့လေ၏။



ကိုင်းပင်ကြားတွင် ညှပ်ထားခဲ့သော ဆေးလိပ်တိုကို လှမ်းယူမိပြား၊ ရည်းဆေးရိုး မီးမညှိနိုင်သေးပါ။ နွားချေးချပ်ကို ငေးကြည့်နေမိ၏။ နွားချေးခြောက်၏ အနားစွန်းတွင် မြောဖြူဖြူဥဥကလေးတွေ ဖြစ်နေပြီ။ သည်မြောဖြူနှင့် နွားချေးချပ်ကြားမှ မီးခိုးတလူလူ လွင့်ဝေနေပေ၏။

ရည်းဆေးရိုး၏ အကြည့်သည် မီးခိုးနွယ်ကို ဖြတ်လျက် ပျိုးနုတ်သမားများထံ ရောက်သွားလေသည်။ ဖြန်းခနဲ ဖြန်းခနဲ ပျိုးပင်နှင့် ရေနှင့်ထိတိုင်း အသံထွက်လာသည်။ အသံထွက်လာတိုင်း လည်ကုပ်မှ ချွေးစက်များ စီးကျသွားသည်။

‘ငါကသာ နွေးတယ် ထင်နေတာကိုး၊ သူ့မှာတော့လဲ မသက်သာပါကလား’

ပျိုးတစ်ကိုင်နုတ်လိုက်တိုင်း ထင်းခနဲပေါ်လာသော နံရိုးများကို ရည်းဆေးရိုး အားတိုက်မြင်ရသည်။ ပျိုးနုတ်သူသော်ကား ရည်းဆေးရိုးကို သတိမထားနိုင်ဘဲ ဝဲယာ သိမ်းနုတ်လိုက်၊ ရေ့တိုးလိုက်၊ ပျိုးဖတ်ကိုစီလိုက်၊ ရေပြင်တွင် ဆောင့်လိုက်၊ နှီးပင်ကို လှမ်းဆွဲလိုက်။

(၂)

တုံးကြီးခေါက်သံ ရပ်စဲသွားပြီး ကြက်တွန်သံများလည်း အလုအယက် တွန်ကြော်ဆာက ကြဲပါးစပြုပြီ။

ရမ်းဘိုကုန်းရွာသည် အသေကောင်ကြီးသဖွယ် အိပ်မောကျနေရာက ညင်သာ လူးလွန့်လာ၏။ နာကျင်ကိုက်ခဲသော

www.burmeseclassic.com

www.burmeseclassic.com



ဝေဒနာကြီးသည် သွေးပူလာသည့်အခါ မြန်ဆန်စွာ လှုပ်ရှားလာနိုင်ပြီ။

မီးရောင်ကလေးတွေ ပွင့်လာပြီ။ စကား ပြောသံများ ပေါ်လာပြီ။

'ဟဲ့....ဆေးရိုး၊ ပျိုးနုတ် လိုက်မလို့ဆို'

အမေသည် ဆေးလိပ်တဖွားဖွား ချောင်း တဟွတ်ဟွတ်ဖြင့် နိုးလာရာက လှမ်းနှိုး၏။ ကိုဆေးရိုးမှု အာခေါင်ခြစ်၍ ဟောက်နေသေး၏။

'ဟဲ့....ဆေးရိုး'

အမေသည် ဝါးခြမ်းပြင်ကိုပါ လက်ဝါးဖြင့် ပုတ်သည်။

'ဆေးရိုးလို့ ဆိုနေ'

'ဟာဗျာ....အစောကြီး ဘာပြုလို့များ....'

'နင် ပျိုးနုတ်လိုက်မယ်ဆိုလို့ နှိုးတာဟဲ့'

ကိုဆေးရိုး ကုန်းရုန်းထသည်။ ဟုတ်ပါကလား။ ပျိုးနုတ်လိုက်မှ ပိုက်ဆံရမှာပါကလား။ သည်အသိကြောင့် လူးလဲထူထောင်ရခြင်း မျက်စိကို ဖွင့်၍မရ။

'ထမင်းတော့ရှိတယ်။ ဟင်းကတော့ မကျန်ဘူး၊အေး....အေး....ငရုတ်သီးထောင်း အကပ်အသတ်နဲ့ ငါးပိဖုတ်တော့ ရှိဦးမလား မသိဘူး'

အမေသည် ဆက်မပြောနိုင်ဘဲ ချောင်းဆိုး နေသည်။ ကိုဆေးရိုး 'ဂျီရိပတ္တ' များမနေအား။ မျက်နှာကို ခါးကပုဆိုးဖြင့်သုတ်ရင်း မီးဖိုထဲသို့ ဝင်ခဲ့ရသည်။ ကြွက်လှန်ထားသော ထမင်းအိုးတွင်းမှ ထမင်းကြမ်းခဲမှာ ကြွက်ခြေရာများ



ပွနေ၏။ ပွပါစေ၊ ဝမ်းဖြည့်စရာဟူ၍ သည်အရာသာရှိသည်။ ပျိုးနုတ်သမားမှာ ဝမ်းမတောင့်၍ မဖြစ်။

ကျွဲချိုမှုတ်သံတကူကူကို ကြားရသည်။ သည်အသံ ထွက်ပေါ်ရာအရပ်သို့ ပျိုးနုတ်သမားတွေ လာရောက် စုရုံးရန်ဖြစ်သည်။

ယနေ့သည် ပွဲဦးထွက်။

မည်သည့်နေရာ၊ မည်သည့်လယ်ဟု ကြိုတင်မသိရ။ သိထားလျှင် နောက်ကျ၍မဖြစ်။ ကိုဆေးရိုး ထမင်းကို အလောတကြီးမျိုသည်။ အရေးကြီးခါမှ ထမင်းက 'နင်'နေသည်။ ရင်ထဲတွင် အရိုးတစ်ချောင်း ဝင်စူးပြီလော ထင်ရသည်။ အသက်ရှူ၍ မကောင်း။

'ဆေးရိုးရေ၊ သွားရအောင်ဟေ့'

ကိုအောင်မြ အသံ။

ကိုဆေးရိုးမှာ အသံလည်း ထွက်မလာနိုင်။ သို့ရာတွင် အမေက 'ထမင်းစားနေတုန်းဟဲ့၊ ခဏနေဦး' လှမ်းပြောပေးရသဖြင့် နေရာကျသွား၏။

'ဘာလို့စားနေမှာတုံးကွ၊ ရွားပင်ပေါင်း အလွန်ကလေးတင် ဥစ္စာ'

ထိုအချိန်တွင် ကိုဆေးရိုးမှာ ချမ်းသာခြင်းကြီး ချမ်းသာသွားပြီ။ နင်နေသော ထမင်းလုတ် လျှောခနဲ ကျသွားသောကြောင့် ဖြစ်၏။

'အောင်မြရေ၊ လာပြီဟေ့ ခဏလေး-ခဏလေး'

ကိုဆေးရိုး ကုန်းထရင်း ထမင်းကိုလွေးသည်။ ငရုတ်သီး

www.burmeseclassic.com

www.burmeseclassic.com



ထောင်း အကြွင်းအကျန်နှင့် ငါးပိဖုတ် အကပ်အသတ်ပေမယ့် အရသာ ရှိလှသည်။ ထမင်းအိုးထဲတွင် ကျန်နေသေးသော ထမင်းနှစ်လုတ်စာကို ထားပစ်ခဲ့ရန် ဝန်လေးသည်။ သို့ကြောင့်တစ်လုတ်ကိုခွံ့ပြီး တစ်လုတ်ကို လက်က ကိုင်ထားရသည်။

'ဟဲ့....ဆေးမနေနဲ့၊ အိုးထဲမှာ ထည့်ပြီး ဖုံးထားခဲ့'

အမေ မပြောမီကပင် ပန်းကန်နှစ်လုံးကို ထမင်းအိုးထဲ ထည့်ပြီးပြီ။ စလောင်းဖုံး ဖုံးခဲ့မိပါစ။ လက်ဆေးမိပါစ။ ကိုဆေးရိုး သတိမထားမိပါ။ ခမောက်ကိုဆွဲ ဆေးလိပ်တိုကို ဆွဲလာမိသည်သာ သတိထားမိ၏။

'ဝေးတယ်ဆင်လို့ ထမင်းစားနေတာကွ'

'မင်း စောင့်နေရတာနဲ့ ကောက်စိုက်မဘွေ ဝေးသွားပြီ'

သူတို့ သွက်သွက်လှမ်းကြသည်။

ရွာပြင်မှ နံနက်ခင်းလေက အေးမြစွာ ဆီးကြို၏။ အရှေ့ဆီတွင် မှောင်နေဆဲရှိသေးကြောင်း ကောက်စိုက်မတို့၏ မောင်းသံကို ကြားရသဖြင့် အကွာအလှမ်းကို မှန်းဆနိုင်၏။ ရယ်မောသံကလေးတွေ၊ ဘော့ချင်း ညည်း သံ ကလေးတွေကြောင့် ကိုအောင်မြနှင့် ကိုဆေးရိုး ခြေလှမ်းသွက်သည်။

'ဟေ့...ဟေ့ လူမစုံသေးဘူးဟ၊ စောင့်ကြပါဦး'

တာလမ်းပေါ်မှ ဆီးကြိုအော်သူမှာ ကိုပိဿဇ ဖြစ်၏။ ပွဲဦးထွက်နေ့မို့ နေရာမသိသူများ နှစ်နာနိုင်သည်။ သို့ဖြစ်၍ ကောက်စိုက်မများနောက် အမိလိုက်ရေး စိတ်ကူးမှာ ပြယ်



လွင့်ရသည်။ သူတို့၏ သီးခေါက်နံ့ သနပ်ခါးနံ့သာ လေတွင် ကျန်ရစ်၏။

(၃)

'မောင်တို့....မောင်တို့'

'လေလေ့....လေလေ့'

'သရက်ပင်အောက်မှာ သောက်ရေအိုးရှိတယ် မောင်တို့၊ နှီးစည်းကို ကန်သင်းပေါ်မှာ ထားတယ်၊ စေတနာထားပြီး ကောင်းကောင်းလေး လုပ်သွားကြပါကွယ်တို့'

လယ်ရှင်သည် ပျိုးနုတ်သမားများ ဘာလွတ်ရွတ်တာ ပြောသံကို မကြာ ဟန်ပြုလျက် သူ့ဆန္ဒကိုပြောအပြီး၌ သရက်ပင်အောက်သို့ ပြန်ပြေးသွားလေ၏။

'စိတ်ချ....စိတ်ချ၊ ပျိုးတစ်ဆုပ်ကို လက်ကောက် ဝတ်လောက် ရှိပါစေ့မယ်'

'ဒါပေါ့ဗျာ၊ ကိုင်လိုက်တာနဲ့ တစ်ပင်စီ ဖြစ်ပါစေ့မယ်'

သူတာပါး ပြောသမျှကို သွားအဖွေးသားပေါ်အောင် ကိုဆေးရိုး ရယ်မောသည်။ ရယ်မောသော်ငြား ရပ်မနေ၊ တစ်ရာ၊ နှီးစည်းကို ခါးပုံနှင့်လုံးစနှင့် လုံးကာ ခါးရှေ့တွင် သွင်ထားပြီး၊ ပျိုးခင်းထဲ ဆင်းခဲ့သည်။ ဆင်းကတည်းက 'ကတ္တက်ပေါက်'နှင့် မကိုးမီမည့်နေရာကို ရွေးချယ်ပြီး ထိုင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မှောင်နှင့် မည်းမည်းအောက်မှ ပျိုးခင်းထဲတွင် ထိုင်စရာ မရှိသေး။ သို့အတွက် ခါးကုန်းလျက် 'ဆင်ဖမ်း' ဖမ်းသည်။ တစ်ကိုင်စာနုတ်လိုက် 'ဟား....ခိုင်ဘယ်ဟ' တစ်ချက် အော်သည်။ နောက်ထပ် နုတ်ပြန်သည်။ 'အမယ်လေး ညောင်ပင်ကြီးနုတ်ရသလား မှတ်ဟေ့' အော်ပြန်သည်။

အော်သာ အော်ငြား အနုတ်မရပ်၊ လေးငါးခြောက်ကိုင်စာမျှ ဆွဲနုတ်မိမှ ထိုင်စရာ ကွက်ကွက်ကလေး ပေါ်လာသည်။ ၄၅ ရက်သား မကျော်သေးသရွေ့ ပျိုးမနုတ်သော အချိန်အခါမျိုး လွဲ၍ လွဲ၍ နုတ်လိုက်တိုင်း ပျိုးပင်ဖျားက ပါးကိုရိုက်သည်။ လွဲ၍ လွဲ၍ ဆွဲသောကြောင့် အနုတ်ရလွယ်ကူသည်။ ကိုဆေးရိုးသည် ထိုအခါတွင်ကား လွယ်လိုက်တာ ညင်သာလိုက်တာ မအော်တော့ချေ။

လေကလေး တဖြူးဖြူးဖြင့် အအေးဓာတ် ရှိခိုက်တွင် အားသွန်နုတ်ကြ၏။ ပျိုးဖျားခတ်သံ၊ ပျိုးစည်း စည်းသံများ သာလျှင်၊ ပျိုးခင်း၏ အသံဗလံ ဖြစ်နေပေတော့သည်။

သူတစ်ပါးတွေ လေးငါးဆယ်ရသည်အထိ ပျိုးခင်းထဲသို့ ကိုဘသောင်း မဆင်းသေး။ မဆင်းသေးငြား၊ ခါးတောင်းကို ကျိုက်ထားပုံမှာ 'မြှောင်' နေ၏။ ကွမ်းစားသယောင်ယောင်၊ ရေသောက်သယောင်ယောင်၊ ပျိုးခင်းဝင်ရေ ကြည့်သယောင်ယောင်ဖြင့် ယောင်ခြောက်ဆယ် လုပ်နေ၏။

'အောင်မာ၊ ဆေးရိုးတို့က တယ်လဲ လုပ်လိုက်ပါကလား'

ကိုဘသောင်း ဆင်းလာချိန်တွင် လင်းရောင်ခြည်လာလေပြီ။ ကိုဆေးရိုးလည်း ပျိုးတစ်ရာရပြီ၊ နှီးပြတ်များ ပျိုးပြတ်များသည် ပျိုးခင်း ရေပြင်တွင်း၌ ကူးကာလန်ခတ်နေကြသည်။

'ပျိုးနုတ်ဖို့လာတာ ပျိုးနုတ်မှာပေါ့ကွ၊ မင်းလိုလတ်လျားလတ်လျားလုပ်မနေအားဘူး မောင်ရေ့'

ကိုဘသောင်း အရှက်ပြေ ရယ်သည်။ ထို့နောက် အရှက်ပြေ ပြောနေပြန်၏။

'မြင်မြင်ထင်ထင်ရှိမှ ဆင်းဝံ့တယ်ဟေ့၊ မြွေရှိသလား၊ ငြောင့်ရှိသလား မသိ'

ပျိုးနုတ်သမားသည် ရေထဲ၌ ဒူးထောက်ပြီး နုတ်ရ၏။ ခြေဖဝါးကို ထောင်ထားကာ လူရွေ့သမျှ ထောင်လျက်ရွှေ့ပြောင်းလိုက်ရပါသည်။ ကိုယ်အလေးချိန်သည် ဒူးပေါ်ရောက်လိုက် ခြေဖျားပေါ်ရောက်လိုက် ဖြစ်သည်။ ပျိုးပင်ခြား၌ မြွေရှိသလော၊ မည်သူမျှ မဉပဒ်၊ ပျိုးရရန် အဓိရေးကြီးသည်။

မြွေတစ်ကောင် ရှိနေပြီ၊ အချိန်မီ ထွက်မပြေးလျှင် ပျိုးနုတ်သမား၏ ခါးကို ရစ်ပတ်မိရန် အနေတော် ဖြစ်သည်။ ရေထဲတွင် ပျော်ပိုက်သော မြွေကလည်း ရေမြွေဖြစ်လျှင်ဖြစ်၊ မဖြစ်လျှင် မြွေမွေး။ ထို့ကြောင့် ပျိုးနုတ်သမားသည် မြွေသံ မကြားလို။

မကြားလိုသော စကားကို ကိုဘသောင်း ပြောလေပြီ။ ရှုမည်းမည်းတစ်ခဲသည် ကိုဘသောင်း၏ ပြောင်ထင်းနေသော ကျောပြင်ပေါ်သို့ ဖြန်းခနဲ ကျရောက်လာ၏။ ကိုဘသောင်းက ပျိုးအနုတ်မပျက်။



www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင်တွေ၊ ဟော့ကောင်တွေ'

နောက်တစ်ခဲ ကျရောက်လာသည်။ ခမောက်မှာ ခါခနဲ ဖြစ်ကာ လည်သွက်သွား၏။

'ဟော့ကောင်တွေနော်၊ ရပ်နဲ့ရွာနဲ့ ပြောပြီး ဆိုပြီးသား၊ မင်းတို့ ကျေနပ်အောင် ပေးပြီးသား၊ အခုမှ ပစ်လား ခတ်လား မလုပ်နဲ့၊ လုပ်ရင် မင်းတို့ နှမပဲ အချက်ရမှာ'

သူ့ကိုယ်သူ မင်္ဂလာသတို့သားဟန် သူ့ကိုပစ်ခတ်သူမှာ နှမပေးရသူ ဖြစ်လေဟန် ပြောပြား၊ ရွှံ့ခဲနှစ်ခဲ ရောက်လာသည်။ တစ်ခဲက ခေါင်းပေါ် တစ်ခဲက ကျောပေါ်၊ ကျောပေါ်က ရွှံ့ခဲမှာ အတန်ကြီးသဖြင့် ကိုဘသောင်း ကျောကော့သွား၏။

'ဟော့ကောင်တွေလို့ ပြောနေတယ်နော်၊ ဟော့'

ဟော့ အရောက်တွင် ရွှံ့နှင့်မျိုးပင်နှင့် လုံးထွေးထားသော အခဲတစ်ခဲ ကိုဘသောင်း၏ပါးကို ထိပြန်သည်။ ကိုဘသောင်း ပါးစပ် ပိတ်သွားသည်။ နောက်တစ်ခဲ ခမောက်ပေါ် ရောက်လာစေကာမှ မပြောတော့။ ရွှံ့ခဲအကျလည်း ရပ်စဲသွားသည်။

ထိုအဖြစ်အပျက်တွင် ကြားထဲက အနာသူမှာ ကိုဆေးရိုး။ ပျိုးကို ကုန်းနှုတ်လိုက်၊ ကိုဘသောင်းကိုလှည့်ကြည့်ကာ ရယ်မောလိုက်ဖြင့် ကြာလာသော် မရယ်နိုင်တော့ပါ။

'တော်ကြပါတော့ကွာ၊ ကြားထဲက ငါ ပျိုးအနုတ် ပျက်သွားကွာ'

မွဲဦးထွက်နေ့မို့ ပင်ပန်းသည်မသာ။ နေကလည်း မပွ



ပျိုးခင်းကလည်း ကောင်းသည့်အတွက် ဆွမ်းစား ခေါင်းလောင်းထိုးသံ ကြားတော့မှ နေကိုမော့ကြည့်မိ၏။ ဘာလိုလိုနဲ့ ခေါင်းလောင်းထိုးတာ ဟုတ်မှ ဟုတ်ရဲ့လား။ အဲ.... ဟုတ်သဟ။

ခါးထဲက နီးကုန်လျှင် ဟိုလူလှမ်းပါ သည်လူလှမ်းပါဖြင့် တောင်းခဲ့သည်။ မထဖြစ်။ ယခု ထဖြစ်သည်။ ငန်းတစ်လျှောက်ရှိ ပျိုးစည်းများကို ရေတွက်ကြည့်သည်။ စုစုပေါင်း သုံးရာ့နှစ်ဆယ်။

'ကဲဟော့ ဖေ့သား၊ ငါးဆုပ်လောက် ဆွဲလိုက်ဦးဟ'

ကိုယ့်ဘာသာကိုယ် အားပေးကာ ပြန်ထိုင်သည်။ ကန်အင်းသည် နီးရှုနီးရှုလာ၏။

ငါးစည်းစာမရမီ 'ငန်း'ကျွတ်မည်စိုးသဖြင့် ဘေးက လူတွေ၏ ငန်းထဲမှ ဖဲ့ယူရသည်။

(၄)

မျိုးနှုတ်သမားသည် လယ်သမားနှင့် ထပ်တူ ပင်ပန်း၏။

သည်အသိမှာ ယမန်နှစ် ပျိုးနှုတ်ရာသီတုန်းက အသိဖြစ်သည်။ သည်ကြားထဲတွင် ကိုးလ ဆယ်လမျှ ခြားခဲ့သောကြောင့် ကိုဆေးရိုးမေ့ပြီ။ ပျိုးတစ်ရာလျှင် တစ်မူး၊ ပျိုးသုံးရာနှင့် အစိတ်အကွက် သုံးမူးနှစ်ပြား။

ကိုဆေးရိုးပျော်သည်။ ခပ်သင့်သင့် ပုဆိုးတစ်ထည်ဝယ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်သော သည်နှုန်းဖြင့် သုံးလသာနုတ်ရဦး၊ မိုးရာသီကုန်လျှင် ငွေလေးငါးဆယ်စုမိမည်။

'အမေရေ ကျက်ပြီလားဗျို့'

အိမ်လှေကားရင်းမှ အော်မေးသည်။

'ရှေ့တ်သီးဟင်းချက်တာ ဆူတောင်မဆူသေးဘူး၊ ရေလေး မိုးလေး ချိုးပါဦးလား'

ကိုဆေးရိုးသည် လေကာလေးတချွန်ချွန်ဖြင့် ချောင်းထဲသို့ ဆင်းလာခဲ့သည်။ ရေချိုးရင်း ကြေးတွန်းသည်။ တိုက်စရာ ဆပ်ပြာအစား ချောင်းပြင်ထဲက သဲနုနဲ့ဖြင့်ပွတ်သည်။ ထို အခါတွင် ပျိုးနုတ်သမားတို့လက်က စကားပြောပြီ။ သို့သော်စ ကိုဆေးရိုး သတိမထားမိသေး။ အခုတော့ဖြင့် ပျော်ရှုကောင်း ဆဲမို့။

ဒေါ်ကြွယ်စိုးသည် အငွေ့ထောင်းထောင်းထသောထမင်း ပွဲဖြင့် သားကိုကြိုလင့်၏။ သပြက်ရွက် ဟင်းချိုနံ့သည် သွားရည်ကို ချ၏။ ရှေ့တ်သီးချက်ရနံ့က ထမင်းဆာအောင် ဆွ၏။ 'ဆန်မဆေးတောင်း'ထဲက လုံးတီးခရာရာ 'စံရှုဗွန်း' ထမင်းသည် လာလော့ ဖိတ်ခေါ်နေ၏။

ကိုဆေးရိုး တင်ပျဉ်ခွေ ထိုင်သည်။ ထမင်းမထည့်သေးဘဲ ဟင်းချိုတစ်ဇွန်း ခပ်သောက်သည်။ ဟင်းနံ့ရသည့်အတွက် အူတွေက ကြွတ်ကြွတ်မြည်သံပေးသည်။ ထမင်းထည့်သော ဆန်ဆေးတောင်းကိုယူသည်။ လက်ငါးချောင်းဖြန့်ကားလျက် ထမင်းကိုဆုပ်လိုက်သည့်ခဏဝယ်'အား'ခနဲ အော်ပြီး လက်ကို ရှုပ်သည်။



အကျင့်မရသေးသော လက်ဖဝါးသည် ပျိုးပင်၏ ပွတ် သားမှုတို့ ခံထားရသည့်အတွက် ဖြစ်ချေသည်။ အမယ်လေး ပလိုက်တာ၊ နာလိုက်တာ အော်ရင်း လက်ဖဝါးကို ကိုဆေး ရိုး ဖြန့်ကြည့်၏။ လက်ဝါးပြင်တစ်ပြင်လုံး နီရဲနေ၏။ မဖြစ် ဘူး ဇွန်းနဲ့စားမှ။

'ဟဲ့...ဇွန်းနဲ့စားရင်ပိုဆိုးမှာပေါ့၊ ထမင်းပူကို လက် ဝါးနဲ့ နာနာဆုပ်'

ဇွန်းကိုင်ရုံဖြင့် ဒေါ်ကြွယ်စိုး လှမ်းတားသည်။

'မခံနိုင်ဘူး အမေရ'

'သယ် နင် ယောကျ်ားမဟုတ်ဘူးလား၊ သည်လိုဆို မိန်းမ မယူနဲ့'

ကိုဆေးရိုး နာကျင်သွားသည်။

စောဇက မတက်ဘော့ပါ၊ ဆန်ဆေးတောင်းထဲမှ ထမင်း ကို လက်ဖြင့်ယူသည်။ သွေးခြည်ဥနေသည့် လက်ဝါးဖြင့် ထမင်းပူကို တအားဆုပ်ထားသည်။ ခံရချက်ဆိုးရွားလှပါဘိ၊ မျက်ရည် တောက်တောက်ကျခြား၊ အံကြိတ် ထားသည်။ နင် ယောကျ်ား မဟုတ်ဘူးလား၊ ထပ်မံ အမေးမခံနိုင်။

လက်ဝါးထဲက ထမင်းအေးသွားလျှင် ပန်းကန်ထဲထည့် သည်။ ထမင်းတောင်းထဲက နောက်တစ်ဆုပ် ထပ်ယူပြီး ဆုပ် ထားသည်။ အခံရကား ဆိုးရွားဆဲပင်။ သို့သော် ပဉ္စမ အဆုပ်တွင် ခံနိုင်ရည်ရှိစ ပြုလာပြီ။ ဒသမ ထမင်းဆုပ်တွင် နေသားကျသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သည်ဝေဒနာသည် သည်မျှဖြင့် မပြီးသေးပေ။ ညစာစားချိန်တွင်လည်း ထပ်မံကြုံရပြန်သေး၏။ ထိုအချိန်တွင်ကား ပြီးခဲ့သော ပျိုးနှုတ်ရာသီကို ကိုဆေးရိုး သတိရလာပြီ။ အာရုံကို 'နွေး' ပေးသည်။ အသားမကျမီ သုံးလေးရက်တွင် ထမင်းပူပူကိုဆုပ်ပြီး၊ ကျင့်ပေးရဦးမည်။ သို့အတွက် ဇွန်းဖြင့်စားရန် မကြိုးစား နင်ယောကျ်ား မဟုတ်ဘူးလား အမေးလည်း မခံရတော့ချေ။

သို့သော် ပျိုးနှုတ်သမား၏ ဒုက္ခဝေဒနာကား မဆုံးသေး၊ နောက်တစ်နေ့ နံနက်အထိ ဆက်ပတ်မြှောင်ကပ် ပါလာသေးသည်။

ခေါင်းချသည်နှင့် အိပ်ပျော်သည်။ သာမန်အိပ်စက်မှုမျိုး မဟုတ်။ သည်းထန်သည့် ရောဂါဝေဒနာသည် တစ်ဦး အိပ်ပျော်ပုံမျိုးဖြင့် 'တုံးလင်းသရော' အိပ်ခြင်း ဖြစ်၏။ အမေခေါ်သံကို မကြား ကြမ်းကိုပုတ်၍ မနိုး။

'ဟဲ့...အသက်မှ ရှိသေးရဲ့လား'

ခပ်ကြမ်းကြမ်းကြီး လာပုတ်မှ နိုးတော့သည်။

'တုံးကြီးခေါက်ပြီးသွားတာ ဘယ်လောက်ကြာပြီလဲ'

ကိုဆေးရိုး လူးလဲထသည်။ ငုတ်တုတ်ထိုင်ပြီးမှ အရုပ်ကြီးပြတ်ခွေကျသွားပြန်လေ၏။ အကြောင်နာကင်းသော လက်ပန်းသည်၏ ကိုင်ပေါက် ထုရိုက်ထားခြင်း ခံရသူနှယ် တစ်ကိုယ်လုံး နာကျင်နေသည်။ မနာသောနေရာမရှိ၊ နွမ်းနယ်မှုကလည်း ဆင့်လောင်းသေး၏။



တူ...တူ...တူ။

ဂဒိုးမှုတ်သံ ကြားရသည်။

ဖြစ်နိုင်လျှင် တစ်နေ့လုံး အိပ်၍သာ နေလိုက်ချင်ပါဘိတော့သည်။ တစ်စုံတစ်ရာ မစားသောက်ဘဲ နေရလျှင်လည်း နေရပါစေတော့။

'အမယ် ပြန်လှဲနေပြန်ပြီလား၊ ထ....ထ၊ ချဉ်ပေါင်ရွက် ညတုန်းက အမေပိုချက်ထားတာနဲ့ ငရုတ်သီးထောင်းရှိတယ်'

သည်မျှဖြင့် ငေါက်ခနဲ မထလျှင်နင်ယောကျ်ားမဟုတ်ဘူးလား။ ဆက်တွဲ လာချေဦးမည်။ ထမှ။ နာကျင်နွမ်းယိစွာ ထသည်၊ ပြင်းထန်သော စစ်ပွဲအတွင်းဦ မြားချက်လှံချက် အရာအထောင် ထိထားသော ဆင်တော်ကြီးတစ်ကောင်အလား၊ ကိုဆေးရိုးသည် အနွမ်းအနာကို မျိုသိပ်လျက် မီးဖိုဘက်သို့ ဗယီးဒယိုင်ဖြင့် ထသွားလေသည်။

( ၅ )

ရည်းဆေးရိုး သက်ပြင်းရှိုက်မိသည်။

ယောင်ယောင်ယမ်းယမ်းဖြင့် ပခုံးကိုလက်ဖြင့် စမ်းသပ်သည်။ ပခုံးကိုဆေးလိပ်နှင့် ထိုးမိမှ ဆေးလိပ်မီးညှိရန် သတိရသည်။ မီးခိုးနှင့် ပြာသာ ထင်ရှားသော နွားချေးရှုပ်သည့် ပါးစပ်ဖြင့် မှုတ်မှ ရဲခနဲ ဖြစ်လာ၏။ ရဲခနဲဖြစ်သော နေရာကို ဆေးလိပ်ဖြင့် တို့ပြီး ဖွာရှိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မီးခိုး ပြာပြာသည် တန်းတန်းကြီး လွင့်သွား၏။ မီးခိုးနောက်သို့ ရည်းဆေးရိုး၏ အကြည့်က ကပ်လျက် ပါသွားရာ နွားနှစ်ကောင်တွင် ဆုံး၏။

'အင်း....တစ်ကွက် ကျန်သေးပါကလား၊ ဒီဟာ တမန်းမြန်ပြီးချိန်နဲ့ ကောင်လေးနုတ်လို့ ကုန်ထားနဲ့ အခုတော့ပဲနေမယ် ထင်ပါရဲ့'

စိတ်ဖြင့် မှန်းဆရင်း ကုန်းထသည်။ ထိုအခါ ပျိုးနုတ်သမား၏ ဦးဆုံးနေ့ ဝေဒနာသည် ကယောင်ကတမ်းဖြင့် ပေါ်လာ၏။ ပခုံးက နာလေဟန်၊ လက်မောင်းက ကိုက်သေယောင်၊ ရင်ဘတ်က အောင့်လေဟန်။

(၁၉၇၇ အောက်တိုဘာလ သွေးသောက်မဂ္ဂဇင်း)

# ၁၅ ရာနိုင်နှုန်း

(၁)

လှည်းပုံတောင်း မြည်သံသည် အသံငါးမျိုးကို ဆိုးရွားဆူညံစွာ ထုတ်လွှင့်လျက် အိမ်ဝိုင်းထဲသို့ ဝင်လာသည်။ ဝက်အော်သံ၊ ပုစဉ်းရင်ကွဲမြည်သံ၊ အိမ်မြှောင်စုတ်ထိုးသံ၊ ခွေးဟောင်သံနှင့် ကြက်တွန်သံတို့ ထူးခြားဆန်းကြယ်စွာ ရောနှောလျက် လှည်းအိသံပါ။

သည်မျှ ဆူညံဆိုးရွားစွာ အော်သော လှည်းသံကို ရည်းကျည်းခန်မကြားဘဲ မရှိပါ။ ကြားရမည်။ ကြားပါလျက် ပျာပျာသလဲ ထ,မလာခြင်းကို ထောက်လျှင် တစ်ခုခုတော့ ဖြစ်ပြီ။ အရေးတကြီးကိစ္စ ဖြစ်ပွား၍ပြီဟု နားလည်လေ၏။

လှည်းပေါ်တွင် လေးလေးလံလံ မပါလှပါ။ များများစားစားလည်း မပါပါ။ ထမ်းပိုးတုံး၊ ရေဘူး၊ ထမင်းထုပ်၊ ဓားမ၊ ထွန်သွားဟောင်း သုံးလေးချောင်းနှင့် အခြောက်ထွန်။ သည်မျှသာ။

စင်စစ် သည်အချိန်မှာ အထွန်သမားပြန်ရောက်ချိန်မဟုတ်။ ထွန်ဖြုတ်ချိန်ပင် မတိုင်သေးပါ။ မန်ကျည်းချိုပင်၏ အရိပ်

www.burmeseclassic.com

www.burmeseclassic.com



သည် ကပျင်နှင့် မလွတ်သေး။ သို့ဖြစ်ပါက ဆွမ်းခံဝင်ဆဲ ရှိဦးမည်။ စက်နာရီအားဖြင့် ဆယ်နာရီဝန်းကျင်။ သို့သော် ပူလှသည်၊ ဖုန်ပူသည် နွားခွာ ကျက်လုနီးပါး ရှိ၍ နေပူသည် ရည်းဆေးရှိုး၏ ကျောရေ ကွာတော့မည်သို့ ပူသည်။

တောကျီးကန်း တစ်ကောင်သည် မန်ကျည်းကိုင်းကြားတွင်ခိုနေ၏။ ပူလွန်းသဖြင့် ပါးစပ်မှာဟပြဲနေ၏။ သူ့အောက်သို့ ရည်းဆေးရိုး၏ လှည်းထိုးအရပ်တွင် လန့်ဖျပ်ပျံ၏။ မောကလည်းမော၊ ပူကလည်းပူ၊ သစ်ခက်နှင့်လည်း ရိုက်မိသဖြင့် လှည်းပေါ်သို့ ထိုးကျလာသည်။

ရည်းဆေးရိုးမှာ ကန်ကြိုးနှစ်ချောင်းကို လှည်းဦးသို့ ပစ်ချရုံသာ ရှိသေးသည်။ ထွန်တုံးနှင့် ဖင်နှင့် မခွာရသေး။ ယောင်ယောင်ယမ်းယမ်းဖြင့် ကျီးကန်းကို လှမ်းရိုက်မိပြီးမှ 'ဘယ်လိုဖြစ်တာတုံး ကျီးကန်းရယ်' မြည်တမ်းသည်။

ကျီးကန်းထပျံမှ ရည်းဆေးရိုးသည် လှည်းဦးမှဆင်းကာ လှည်းထောက် ထောက်ပေးပြီး၊ နွားလည်ပတ်ကြိုးကို ဖြုတ်သည်။ နွားများသည် ကန်ကြိုးတန်းလန်းဖြင့်ပင် တင်းကုပ်တွင်းသို့ ခွာသံ ဖျိုဖျဲဖြင့် ဒရောသောပါး ဝင်ပြေးကြတော့သည်။

ရည်းဆေးရိုးသည် ဓားမ ရေဘူးနှင့် လွယ်အိတ်ကိုသာ ယူပြီး တင်းကုပ်တွင်းဝင်ခဲ့သည်။ တင်းကုပ်ပြင်နှင့် တင်းကုပ်တွင်းကား ကွာခြားပါဘိသည်။ မှောင်သော်ငြား အေးသည်။ နွားစာအသင့် ရေအသင့်ရှိပြီမို့ ရည်းဆေးရိုး တစ်စုံတစ်ရာ



မလုပ်။ နွားစာခေါင်း ထိပ်ပြင်ပေါ်တွင် ဆောင့်ကြောင့်ထိုင်လျက် ခေါင်းတိုင်ကို ကျောမှီနေလိုက်တော့သည်။

ဦးခေါင်းကို ထမ်းပိုးထားရလောပခုံးမှာ ယခုမှ သက်သာရာရသွားသည်။ နာအောင့်ကိုက်ခဲမှုများသည် ကျောရိုး တစ်လျှောက်မှ ပျောက်ကွယ်သွား၏။

အိမ်အောက်ဆီမှ ရည်းကျည်းဒန်၏ ရင်ခေါင်းသံကြီးဖြင့် ပြောသံ။ သမီးကြီးမချောစိန်၏ စာစာ စာစာအသံများသည် နွားတင်းကုပ်တွင်းသို့ လွင့်ပျံ့လာ၏။ ထိုအသံများကို ကောက်ရိုးအောက်ကရကို နွားနှစ်ကောင်စုပ်ယူသံက ဖုံးလွှမ်း၏။

အိမ်အောက်မှလာနေသော တိုးတိုး တိုးတိုး ဒီးဒီး ဒီးဒီး တွတ်တွတ် တွတ်တွတ် အသံများကို ရည်းဆေးရိုး အာရုံ မရောက်။ လေးလံလာသောမျက်ခွံကို အလိုလိုက်ကာ မှေးမှိတ်ထားသည်။ မျက်ခွံသည် လေးလံသည်ထက် လေးလံလာ၏။ ကောက်ရိုးခြောက်နှင့် ဖွဲနုအပြင် အခြားတစ်စုံတစ်ရာ ရှိလေနိုးဖြင့် နွားနှစ်ကောင်၏ အစာထိုးမွှေသံသည်လည်း တိုးသည်ထက်တိုး ညင်းသည်ထက် ညင်းသွားပြီ။

(၂)

'အမေ့မြေး အသက်လဲ ကြည့်ပါဦး၊ ၁၆ နှစ်တောင် မပြည့်သေးဘူး အမေရဲ့၊ အဲဒါ....'

'အမယ်.... ၆လပဲ လိုတော့တာပါနော်'

www.burmeseclassic.com

www.burmeseclassic.com



ရည်းကျည်းဒန်၏လက်သည် ဖင်ထိုင်ခုံထန်းဖုံးဖပ်ကို ဖင်ကြွလျက် ဆွဲယူမိသွားသည်။ မအေ၏စကား တစ်ဝက် တစ်ပျက်တွင် ရန်တွေ့သံဖြင့် ခင်ခင်ကြီး ဝင်ပြောသောကြောင့် ဖြစ်သည်။

သို့သော် ရည်းကျည်းဒန် ဆင်ခြင်သည်။ စဉ်းစားသည်။

သည်ရောဂါမျိုးဟာ ဆေးမရှိဘူး။ အနာတက်နေတုန်းမှာ ဆေးချက်မတွေ့ဘူးဆို မဟုတ်လား။ အင်း....လျှော့မှ လျှော့မှ။

ရောပါတက်ချိန် မဟုတ်လျှင်ကား ရည်းကျည်းဒန်၏ ဖင်ထိုင်ခုံသည် ခင်ခင်ကြီးခေါင်းကို ဂေါင်ဂေါင်မြည်အောင် ခေါက်မည်။ ဖေတွေ၊ ယာစကာတွေ၊ ဖာမတွေ မိုးမွန်သွားမည်။ ယခုသော် မဖြစ်။ မဖြစ်သောကြောင့် မျက်စောင်းသာ ထိုးရတော့သည်။

ရည်းကျည်းဒန်သည် သမီးကြီး မချောစိန်အား ကြင်နာမျက်လုံးဖြင့် ငေးကြည့်ရင်း မျက်ရည်စို့သည်။ ဩော်... ငါ့သမီး မပူလိုလို့ ယောက်မရှာလိုက်တာ နေ့မအား ညမနား အိုးလုပ်ရ၊ ကောက်စိုက် ကောက်ရိပ်ရ။ အင်း... တပုတ်ကသာ မတက်တယ်၊ ကလေးတွေက ဟောတစ်ယောက် ဟောတစ်ယောက်။ ကျွေးလိုက်မွေးလိုက် စောင့်ရှောက်လိုက်ရတာ။ ဒုက္ခပေးမယ့်ဒုက္ခကောင်တွေကို ချီလိုက် ပိုးလိုက် နမ်းလိုက် ရှုပ်လိုက်နဲ့ မီးကိုမီးမွန်းမသိ။ အခု လောင်တော့မှပဲ မီးမွန်းသိရှာပါကလား။

မချောစိန်သည် မအေတူသမီး ပီပီ ပိန်လှီ၏။ သို့ရာတွင်



မအေထက် မည်းသည်။ မအေကို တုပလျက် တန်းတုံ့ရည်ကူဆံပင်လည်း ဖြူပြီဖြစ်သောကြောင့် ထုံးကိုထားသော မီးသွေးချောင်းနှင့် တူလှပါတိသည်။

ရင်ထဲတွင် ပေါ်လာသည်များကို သမီး ဝမ်းနည်းမည်စိုး၍ ရည်းကျည်းဒန် မျိုသိပ်ပြီး မချောစိန်မှ အန်ပြုသည်၊

'ဆယ်တန်း အောင်အောင် နေပါသမီးရယ်၊ အမေပို့ အင်တော်ခံပြီး ထားရထားရလို့ ပြောတာတောင် မနေဘဲ၊ ရှမ်းတန်းနဲ့ထွက်တာလဲ အမေမအသိ။

'သိပါတော်၊ သမီးကြီးရယ်လို့ အားကိုးရပါ့၊ အမိုက်တသောသော၊ ခွေးတရှုန်းရှုန်း ကျီးတအုန်းအုန်း'

မျက်စောင်း ခဲကာခဲကာ မေးချိကာချိကာ ငေါ့လိုက်ရသဖြင့် ရည်းကျည်းဒန် ကျေနပ်၏။

သို့ဖြစ်၍ ခင်ခင်ကြီး မကျေနပ်။ ခပ်လိုက်ရသည့်ရေ၊ စဉ်းလိုက်ရသည့်နွားစာ၊ ကောက်ရိတ်ကောက်စိုက် စပါးနယ် ပဲနှယ် ဖားဖားစေနေပါတကား။ အား လပ် ခိုက် ခဏကစ်ဖြုတ်ကာတွန်းကလေး ဝတ္ထုကလေး ဖတ်မိခြင်းသည် အပြစ်လော။

မကျေနပ်ပြား ခင်ခင်ကြီး မချေငံ့ပါ။ ခုနက ဖင်ထိုင်ခုံက အမေကြီးလက်ဖြင့် ထိသည်ကို မြင်လိုက်ပြီး ဖြစ်သည်။

'ကျောင်းမနေတော့ရင်လဲ စီပွားဘက်ကို ကျားစီးဖားစီးအာရုံစိုက်ပေါ့၊ ထိုင်နေသလား ရမ်းရင်....အမေ မြေ ထိုင်မနေရပါဘူး၊ ဒါပေမယ့် မီးဖိုချောင်ဝင်ရင် ... အိုးကယောင်းလောင်း၊ ဧါးပီအိုးက ပွင့်လို့၊ ဆီပုလင်းအဆို့ ရှာ

www.burmeseclassic.com

www.burmeseclassic.com



မတွေ့ဘူး၊ ကြက်သွန်တောင်းထဲမှာ မြေအောင်းမှာ ကြောက်ရတယ်'

ကြက်သွန်ထည့်သော တောင်းထဲမှာပင် ငရုတ်သီးအညှာခြွေ၊ ကြက်သွန်အခွံ သင်သည်။ ပြီးလျှင် သွားပစ်မည်စိတ်ကူးဖြင့် ထားသည်။ မပစ်မီ၊ မစွန့်၊ မသွန်မီ၊ မပစ်မီကြိမ် များလာသောအခါ ကြက်သွန်တောင်းသည် ဆင်နေကျားအောင်းဖြစ်လာ၏။

'အိမ်အလုပ် လယ်အလုပ်သာ အမေ့မြေးက အဖြစ် မရှိတာ၊ အခု ရည်းစားနဲ့ဖြစ်နေပြီ၊ ဟဲ့....နင့်အသက် ငယ်သေးတယ်၊ ထမင်းဟင်းမှ လူစဉ်မီအောင် မချက်တတ်သေးဘူး ပြောပေမယ့် ပြောပါပဲ အမေရာ၊ ကျုပ်ဟာ သေသာ သေချင်တာပဲ'

သည်ကိစ္စကို ကိုထွန်းရ သိသေးဟန်မတူ။ သိလျှင် စဉ်းစားနေမည် မဟုတ်၊ တွေးနေမည် မဟုတ်။ သို့အတွက် ရည်းကျည်းဒန်မှာ မေးချင်ဘဲ နေရသည်။

'ဘယ်က ဘယ်သူ့သား သမီးတဲ့လဲအေ၊ ပြောပဲ ပြောစမ်းပါဦး'

'လင်းပင်စု က ကြွက်သား'

'အမယ်လေး.... မျိုးကောင်း ရိုးကောင်းပါကလား' ပြောသံနှင့်အတူ ရည်းကျည်းဒန်ပက်လက်လှန်ကာ ရင်ဘတ်ကို ဖိ၏။

ရည်းကျည်းဒန် ပက်လက်လန်အောင် ရင်ဘတ်ဖိရအောင် ကိုကြွက်က သတင်းမွှေးသည်။ ကိုကြွက် မည်သည့် အသက်



မွေးဝမ်းကျောင်း အလုပ်လုပ်ပါသနည်းမေးအံ့။ မကောင်းမှု မှန်သမျှ အကုန်လုပ်ပါသည် ဖြေရပေမည်။

ရင်ဘတ်ကိုဖိကာ ရည်းကျည်းဒန် လှည့်ကြည့်ရင်း 'မိုက်လှချည်လား သမီးကလေးရယ်၊ နွားခိုးသတ်တဲ့လူ၊ အရက်ချက်တဲ့လူ၊ ခားပြရဲ့သားကိုမှအေ ကြိုက်စရာ ရှားသလား ဟင်' မေးမိ၏။

သည်နှယ် ရစရာမရှိအောင် နာမဝိသေသနတွေ ဆင်ယင်ပေးကြား၊ ခင်ခင်ကြီးမျက်နှာမညိုးပါ။ သူ့အမေ၏ စကား အဆုံးတွင် လှပသောချေပချက်သည် လှစ်ခနဲထွက်၏။

'ရွှံ့နွံထဲကလဲ လှမွှေးကြိုင်တဲ့ ပဒုမ္မာကြာပေါက်ပါသေး တယ် အမေကြီးရာ'

မချေ့စိန် ပါးစပ်ရွဲ့သွား၏။ 'လှပပါ့ မွှေးကြိုင်ပါ့ တော်၊ အရက်ချက်ဘိုးရာကြီးက ရှေ့တော့တွက်သွားတာ သူ့နှယ်။ မှရပိုက်ကန်းမှာ ထတီပျောက်ရင် သူပဲ။ အကျီပျောက်ရင် သူပဲ တဲ့။ ဒါထက် မွှေးရဦးမလား' ခါးကုန်းကာ လည်စောင်း ကာ ပြော၏။

'အခု ဘာလုပ်တတ်တုံး။ ကျောင်းနေသေးလား'

ရည်းကျည်းဒန် အမေးကြောင့် ခင်ခင်ကြီး ခေါင်းငုံ့ သည်။

'အထင်မသေးနဲ့ အမေရေ့၊ ငါးတန်းကို ငါးခါကြိုး များ အောင် ကျပြီး ကျောင်းထွက်လာတာတဲ့။ အလုပ်အကိုင် ကတော့ ကျုပ်ပြောသလိုပေါ့ အမေရာ၊ ဟိုဘာခိုး သည်ဟာ ခိုး၊ မစားရကစ်ချက် စားရတာင်ချက်ပေါ့။ ဘာများဆင်းတူ

www.burmeseclassic.com

www.burmeseclassic.com



တော်တွေ ပျောက်သွားတယ်၊ ခေါင်းလောင်းတွေ အခိုးခံရတယ်ဆိုရင် ပြောင်ပြောင်ရောင်ရောင် ဖြစ်လာတတ်သတဲ့'

ရည်းကျည်းဒန်မှာ ရင်ဘတ်ကို ဖိပြီးရင်း ဖိနေရသည်။ ခင်ခင်ကြီးမှာလည်း မျက်နှာ ကလေး နီ ထွေး လျက် မျက်စောင်းထိုးလိုက် ခေါင်းမော့လိုက် ငုံ့လိုက်ဖြစ်နေ၏။

'ကြွက်မိဘကသရက်ချင်ကလား၊ ပရပိုက်တန်းကလား'

သူ့သား သူ့သမီးအရွယ် ရှာနီးချုပ်စပ် သားများသည် ရည်းကျည်းဒန်နှင့် စိမ်းပြုံမို့ မေးယူရသည်။

သည်အနီးအနားကကို မဟုတ်ဘူး အမေ၊ အုတ်ကြား မြက်ပေါက် ရေမြောကမ်းတင် မုန်းနားဘက်မှာ ခိုးလှန်းလို့ နယ်နှင်လိုက်ရာမှာ ဒေါက်ဖို့မှာ ကပ်ရပ် ပေးစာကမ်းစာ စားရင်း သောင်တင်နေတာ'

ရည်းကျည်းဒန်မှာ သက်ပြင်းတစ်ချက် ရှိုက်လိုက်ရာက မြေးမအား စုံမက်ကြင်နာစွာ ကြည့်၏။

'သမီးလေးရယ်၊ ခွာတ်သိန္နမ်းဖတ်ချဉ် မျိုးမှန်ရိုးမှန်တွေ ပြည့်လို့ပါ သမီးရယ်၊ မျိုးစေ့မမှန် ပင်မသန် ဖူးတံငုံကင်း အသီးဖျင်းသတဲ့၊ အလုပ်မရှိ အကိုင်မရှိ သူခိုးသူဝှက်ကို ယူရင်တော့ ငါ့မြေးဒုက္ခရောက်တော့မှာ'

(၃)

ဉာဏ်သံသည် သာယာကြည်လင်သည့် နည်းတူ တံလျှပ်မျှင်များသည်လည်း တင်မောင်ဝင်းအတွက် ပုလဲမျှင်များ



ဖြစ်ကာ လှပနေသည်။ အရိုးပြိုင်းပြိုင်း သစ်ပင်ချုံနွယ်များသည် ပကာသန မြုံထည်ကို စွန့်လျက် တင်မောင်ဝင်းအား ရှိုးသားစွာ ကြိုဆိုလျက်ရှိသည်။

ပရပိုက်တန်း ကုက္ကိုငင်ရိပ်ကိုခွာ၍ တာလမ်းသို့ ကူးလိုက်လျှင် ရမ်းဘိုကုန်းရွာခြေကို ကပ်မိပြီ။ မန်ကျည်းရိုးတံခက်လက်သွယ်ထူများသည် ရွာမသို့တိုင် လက်ချင်းယှက်၏။

တင်မောင်ဝင်းသည် ဈေးဆိုင်ကလေးတွင် ခင်ခင်ကြီး ရှိ မရှိ ငုံ့စောင်းကြည့်၏။ ထို့နောက် တောင်တံခါးနားက ခင်ခင်ကြီး လာတတ်သော အိမ်စုတွင်လည်း ကြည့်၏။ မရှိ။

'သည်ကောင်မလေးဟာ အထူလေးပါ၊ ဘာပြုလို့များ သည်နေရာတွေမှာ ရောက်နေပါလိမ့်'

ခင်ခင်ကြီးသည် တင်မောင်ဝင်း အရောင် ပြလိုက်လျှင် အိမ်ပြန်ကာ ရေအိုးဆဲထွက်လေ့ ရှိသည်။ သည်နည်းဖြင့် ချောင်းတိမ် ယာခရိုးများသည် သူတို့မှီခိုရာနေရာများ ဖြစ်ခဲ့သည်။ ယနေ့မတွေ့ရ။ ဈေးများ သွားရော့သလား။ ဈေးသွားလျှင်လည်း ပြန်လောက်ပါပြီ။

ခင်ခင်ကြီးတို့ အိမ်ကိုလည်း လှမ်းကြည့်သည်။ လယ်ထဲမှ ပြန်လာခါစ ကိုထွန်းနုနှင့် ကလေးများသာ။ ခင်ခင်ကြီးရော သူ့အမေပါ အရိပ်အယောင်မမြင်ရ။ တင်မောင်ဝင်း မျှော်လင့်ရာမှာ တစ်နေရာသာ ရှိတော့သည်။ သူ့ဘနိုင့် အမေကြီးအိမ်။

တင်မောင်ဝင်း ခြေလှမ်းသွက်သွက် လှမ်းသည်။ မျက်နှာကို အင်္ကျီလက်များအတွင်းပိုင်းနှင့် သုတ်သင်သည်။ ဆံပင်ကို

www.burmeseclassic.com

www.burmeseclassic.com



လက်ဖြင့်သပ်သည်။ ရပြီ။သည်မျှဆိုပါက ကြည့်ပျော်ရှုပျော် ရှိပြီ။

အိမ်အောက်တွင် မြေးအဘွား သုံးယောက် ထိုင်နေကြသည်ကို အဝေးမှပင်မြင်ရသည်။ ခင်ခင်ကြီးကလည်း လှမ်းကြည့်နေသည်။ လက်ဟန်ပြမည် ဟန်ပြင်ပြီး မပြသာ။ သူ့အမေနှင့်အမေကြီးပါ ကြည့်နေသည်။

'အို....အမေကြီးတော့ မှုန်တိမှုန်ဝါနဲ့ မြင်မှာ မဟုတ်ပါဘူး' အထင်ဖြင့် လက်ကို ခေါင်းပေါ်တင်စဉ် မချော်လင့်သော အသံကို ကြားရ၏။

'သူငယ်လေး....အိမ်ထဲဝင်ပါဦးကွယ့်'

လှမ်းအော်သူမှာ မချောစိန်၊ အော်ပြောရသော အကွာအဝေးသည် လမ်းပေါ်ရှိလူသာ ဖြစ်ရမည်။ လမ်းပေါ်တွင် မိမိသာရှိသည်။ ဒေါ်ချောစိန် လည်ရှည်နေပုံကလည်း မိမိဘက်သို့။

တင်မောင်ဝင်း ခြေလှမ်းမှားချင်ပြီ။ ဆုတ်ပြေးရမည်လော။ မဝင်ဘဲ ဆက်သွားရမည်လော။ အတွေးကို 'သည်က ခေါ်တာပါကွယ့်၊ လာပါဦး' အော်သံနှင့်အတူ မချောစိန် သွက်သွက် လှမ်းထွက်လာ၏။

'ဘာကိစ္စလဲ'

မချောစိန်မှာ မျက်နှာ ကွက်ခနဲ ဖြစ်၏။ ရှိသေရမည့် အရွယ်ကို သည်လောက် သည်စကားလုံးမျိုးဖြင့် သုံးနှုန်းဆက်ဆံသူသည် မချောစိန် ဝန်းကျင်၌ မရှိချေ။

'မေးစရာမြန်းစရာလေး ရှိလို့ပါကွယ်၊ လာပါ....ခွေး



မရှိပါဘူး၊ အဲ....အဲ ခေါင်းခုံ၊ ဟုတ်ပြီ....ထိုင် ထိုင်၊ ဖျာပေါ်မှာထိုင်'

ရည်းကျည်းဒန်သည် မျက်လုံး ရှုံ့လျက် တင်မောင်ဝင်းအား ကြည့်၏။ သူ့မြေး ကိုကိုကြီး၊ ခင်မောင်ငြိမ်း၊ မောင်မောင်လှတို့နည်းတူ မသပ်မရပ်ပါတကား။ အင်း....မျက်နှာထားက ခပ်ရိုင်းရိုင်း၊ မျက်လုံးများက မရိုးမသားပါတကား။ မချောစိန်ရင်၌ မည်သို့ခံစားရမည် မသိခြား။ ရည်းကျည်းဒန်မှာ ညှိနှိုယ်သာ မှတ်ချက်ချမိ၏။

မချောစိန်က စကားလိုက်သဖြင့် တင်မောင်ဝင်း၏ မျက်လုံးများသည် ခင်ခင်ကြီးထံမှ ရုပ်သိမ်း၏။

'ငါ့တူရဲ့နာမည်က တင်မောင်ဝင်း၊ အဖေက ဦးကြွက်၊ လင်းပင်စုမှာနေတယ်ဆို ဟုတ်လား'

'ဟုတ်တယ်....ဘာဖြစ်လို့လဲ'

'ဘာမှတော့ မဖြစ်ပါဘူးကွယ်။ မောသည်က ငါ့သမီးနဲ့ လူငယ်တို့ဘာဝ မေတ္တာ ရှိနေကြတယ်ဆိုတော့ ဟုတ်သလားလို့ပါ၊ အရိုးက သိချင်လို့ မေးတာပါကွယ်၊ အပြစ်တင်မလို့ မဟုတ်ပါဘူး'

တင်မောင်ဝင်းမှာ မသင်္ကာစိတ်များ ဝင်လာဟန်ဖြင့် ကိုယ်ကို ယို့လိုက်ရာက 'ဘယ်သူပြောလဲ' ပြန်မေးသည်။ မချောစိန်မှ မည်းခနဲ ဖြစ်သွားသော မျက်နှာကို ချက်ချင်းမြင်၏။

'ငါ့တူတို့ ယာကြားမှာ စကားပြောပြောနေတာ လူတိုင်းလိုလို မြင်နေရတာပဲကွယ်၊ အဲသည်တော့ ငါ့တူမှာ ဘာအလုပ်

www.burmeseclassic.com

www.burmeseclassic.com



ရှိသလဲ၊ တစ်ဦးနဲ့ တစ်ဦး မေတ္တာရှိရင် အလုပ်အကိုင်ရှိမှ ဖြစ်တော့မပေါ့'

တင်မောင်ဝင်း ခေါင်းတစ်ချက် ခါသည်။ ခင်ခင်ကြီးအား ရှုတ်ချအကြည့်ဖြင့် ကြည့်သည်။

'သူ့ဘာသာသူ ကြိုက်နေတာ ဘယ်တတ်နိုင်မတုံးဗျ၊ အဲဒါနဲ့ ကျုပ်အလုပ်မရှိတာ ဘာဆိုင်သလဲ၊ အသည်းနှလုံးဆိုတာ အလုပ်ရှိမှ ကြိုက်ရမယ်၊ အလုပ်မရှိရင် မကြိုက်ရဘူး အမိန့်ချေးလို့ မရဘူးဗျ၊ ဒါဟာ လောကနိယာမတရား၊ ကျုပ်တို့ ကြိုက်တာ မကြိုက်တာဟာ ကိုယ့်ရေးကိုယ်တာပါ၊ ဘာမှ ဝင်ရောက်စွက်ဖက်နိုင်ခွင့် မရှိဘူး၊ ဒီမယ်....'

မချောစိန်၏ ဒေဝဏ္ဏရာမျက်နှာသည် သရဲ သဘက်သို့ ပြောင်းလွဲသွားသည်နှင့် တစ်ပြိုင်နက်ဘည်း အိုးလက်ကိုင်သော လက်ဝါးကြမ်းကြီးသည် လေထဲသို့ မြောက်တက်သွားလေ၏။

(၄)

ရည်းဆေးရိုး၏ မှုန်သီဝေမျက်လုံးအစုံက ထန်းရွက်ကြားတွင် ထိုးထားနေကျ ဓားမကို ရှာဖွေသည်။ သည်မျှ အပြောအဆို ရိုင်းစိုင်းသူနှင့် သည်မျှ အောက်တန်းကျသူကိုမှ ရှာရှာဖွေဖွေ ကြိုက်တတ်သော မြေးမကို နုပ်နုပ်စဉ်းပစ်ရန် ဖြစ်သည်။

သို့သော် မသင့်ပါထကွား ဟူသော အသံနှင့် အတူ



မျက်လုံးကို ပွတ်သျက် နွားစာခေါင်းပေါ်မှ ဆင်းသည်။ ဆေးသိပ်တိုကိုမီးညှိလျက် ဆေးလိပ်မီးတရဲရဲဖြင့် အိမ်အောက်သို့ဝင်ရန် ခေါင်းငုံ့စဉ် သူ့သမီး၏လက် လေထဲ ဝဲပျံ့သည်ကို မြင်ရ၏။

ငါးပိဿာဝင်အိုး အပျော့စားကို လက်ခတ်ကြမ်းဖြင့် ရိုက်ဘိသကဲ့သို့သော အသံကြီး ထွက်လာသည်။ သူစိမ်းသူငယ်၏မျက်နှာ လည်ထွက်သွားစဉ် လက်သည် ထပ်မံ မြင့်တက်ပြန်သည်။

'မိကောင်းဖခင်သားသမီးမှတ်လို့ လူလိုခေါ်ပြီးဆွေးနွေးတာဟေ့၊ အုတ်ကြားမြက်ပေါက် မိမစစ် ဖမစစ်မှန်းသိတော့ ဟောသည်လို ဟောသည်လို ဟော...'

'ဟဲ့....လွန်မယ်၊ လွန်မယ်'

ရည်းဆေးရိုးသည် လူကြီးပီပီ ဆုံးမစကားဖြင့် ငွေ့ဝင်ခဲ့ငြား ရည်းကျည်းဒန်ကား ဖင်ထိုင်ခုံတရွယ်ရွယ်ဖြင့် ချက်ကောင်းကို ရှာနေသည်။ 'အစ်ကို့ကို မနှိပ်စက်ကြပါနဲ့' ဟူသော ခင်ခင်ကြီးအသံလည်း ပေါ်လာသည်။

တင်မောင်ဝင်းသည် မချောစိန် ဖိရိုက် ဖိကန်နေသည့်ကြားက လူးလဲထသည်။ ရိုက်သမျှကို လက်မောင်းဖြင့် ကာနင်ပြီ။ သို့ရာတွင် အိမ်မှာ နိမ့်နေသဖြင့် ပြန်လှန်ခုခံအားမရှိ။ ရှိသည့်ကြားက မချောစိန်ကို တွန်းပစ်သည်။ မချောစိန် ထိုင်ပြီး ဖင်ထိုင်အလဲတွင် ခင်ခင်ကြီး အော်ပြန်သည်။

'အစ်ကို....အမေ့ကို မလုပ်ပါနဲ့'

ပွဲထဲသို့ ခင်ခင်ကြီးဝင်ရန် ကုန်းထနေစဉ် ရည်းကျည်းဒန်

www.burmeseclassic.com

www.burmeseclassic.com



၏ ဖင်ထိုင်ခုံက တင်မောင်ဝင်း၏မျက်နှာကို ထိုးသည်။ တင်မောင်ဝင်း ပုတ်ထုတ်ရာ ကုန်းထနေသော မချောစိန့် နဖူးကို ခုတ်မိတော့သည်။

မချောစိန် နဖူးကို ခုတ်မိချိန်တွင် အနားသို့ ခင်ခင်ကြီး ရောက်လာပြီ။

'ဟင် နင် နင်....ငါ့အမေကို လုပ်တယ်ပေါ့လေ'

'လုပ်တယ်ဟေ့ လုပ်တယ်၊ မြွေပွေးဆိုတာ ဘယ်တော့မှ အထိမခံဘူး၊ သိရဲ့လား'

ခင်ခင်ကြီးသည် တင်မောင်ဝင်းကို ပါးရိုက်ရန် လက်ရွယ်သည်။ သည်ခဏဝယ် ရည်းဆေးရှိး အပြေးဝင်လာသည်။ သမီး သွားသွားဆိုကာ ခင်ခင်ကြီးကို အောက်သို့ တွန်းလွှတ်၏၊ သို့တစေ တင်မောင်ဝင်းကိုကားမတွန်း။

'ကောင်လေး သွားတော့ သွားတော့'

'သွားမှာပါပဲ'

နဖူးမှသွေး ပါးစပ်မှသွေးကို လက်ဝါးဖြင့်သုတ်ရင်း ရည်းဆေးရှိးအား ရန်စောင်၏၊ ရည်းဆေးရှိးသည်းခံသည်။ အိမ်အောက်မှ သူ့မြေးထွက်မလာလျှင် တော်ပါပြီ။

'ငါ့အမေကိုလုပ်တာ နင့်ကို တစ်သက်မကျေဘူး၊ နောက်တစ်ခါ အိမ်ရှေ့ကဖြတ်လျှောက်ရင် ပါးကို ဖိနပ်နဲ့ထွက်ရိုက်မယ်'

'ရိုက်ရဲရိုက်ကြည့်ပါလား'

ခင်ခင်ကြီးသည် သူ့အမေ၏ နဖူးမှ အဖူးအရောင်ကို





လက်ဝါးပူတိုက်ပေးရာက အပုတ္တအနတ္တတွေ ဆဲသောအခါ ရည်းဆေးရှိး ဟန့်ရပြီ။

'တော်စမ်း တိတ်စမ်း၊ ပြောနေတာမရဘူးလား၊ ဟောသူငယ် သွား သွား၊ သွားတော့'

အိမ်ဝိုင်းအပြင် ဖုန်တောထဲသို့ တင်မောင်ဝင်းရောက်သွားလျှင် ရည်းဆေးရှိး ပြုံးမိ၏။ ထိုနည်းတူ နဖူးတွင် ဒဏ်ရာရှလိုက်သော မချောစိန်မှာလည်း နာကျင်စပ်ဖျဉ်းသည့်ကြားက ပြုံးနေမိသည်။

တံတွေးဖြင့် ဆက်ထားသော ကြိုးနှစ်ချောင်း၏ အဆက်သည် ယာယီအားဖြင့် ခါးခါးတူးတူး ပြတ်တောက်သွားပြီ မဟုတ်လား။

(၁၉၈၈ ဒီဇင်ဘာလ ပန်းတိုင်မဂ္ဂဇင်း)

www.burmeseclassic.com

www.burmeseclassic.com

## သည်သမီး သည်သားနှင့် သည်မဓော

(၁)

ဖုန်နံ့နှင့် ဟင်းအိုးနံ့သည် လေဖြင့် မလွှင့်မျောနိုင်။ ရွာထဲတွင် ဝဲလှည့်ဝဲလည်နေ၏။ မည်သည့်ဟင်းလျာနံ့၊ မည်သည့်အိမ်ဘက်က လာသောအနံ့ဟူ၍ မခွဲခြားနိုင်အောင် ဖုန်နံ့က ဝင်ဖျက်သည်။ ညနေမစောင်းမီကတည်းက တသောသောထစ်ခဲ့သောဖုန်သည် ယခုအထိ မငြိမ်သေး။ ထို့ကြောင့်လည်း အိပ်ရာတွင်ဖုန်၊ ညောင်ရေအိုးမှာဖုန်၊ ရေအိုးဖုံးမှာဖုန်။

ကြာလာသောအခါ ရည်းဆေးရိုးမှာ ဖုန်နံ့ကိုသာ သိတော့သည်။ သည်ဖုန်ကြောင့်ပင်၊ မြင်ကွင်းမှာ မကြည်လင်၊ မရှင်းလင်း။ အချိန်မရွေး မြူဆိုင်းနေသည်ချည်း ထင်မိ၏။ သည့်အရပ်၌ မြူဆိုင်းပြီး မကြာမီပင် လေကျလေ့ ရှိသည်။ သို့အတွက် နွားတင်းကုပ်ထန်းရွက်တွေ မလန်အောင်'ခေါင်ဖိ'ဖြင့် ဖိပြီးပြီ။ ကောက်ရိုးပုံကိုလည်း'ခေါင်'အသစ် ချုပ်ပြီးပြီ။ စဉ်းထားသောကောက်ရိုးတွေ လေနောက် မလွင့်မပါအောင် ပုတ်ထဲထည့်ပြီးပြီ။

သို့သော် တစ်ထိုင်တည်း တစ်ဆက်တည်း လုပ်နိုင်ခဲ့ခြင်း



မဟုတ်။ သတိရတိုင်း နည်းနည်းချင်း ထလုပ်၏။ အမောပြေလျှင် ထလုပ်၏။ အားလပ်လျှင်လည်း လုပ်၏။ ယခုလည်း ညစာစားအပြီးတွင် ဆေးလိပ်အိုဖြင့် စည်းစိမ်ယစ်မည် ကြံဆဲမှာမှ ဆေးဖျန်းသောပုံးကို သတိရသဖြင့်'စပါးပုတ်'အောက်သို့နိုက်၏။

'မှောင်ကြီး မည်းကြီးမှာ မြွေရှာပြန်ပြီလားတော်'

ရည်းကျည်းဒန်သည် ပန်းကန်ဆေးရာမှ လှမ်းပြီး မြင်ဖြစ်အောင် မြင်သည်။

'ပုလွန်း အိုက်လွန်းလို့ မြွေတွေ ကင်းတွေ ထွက်အံနေ'

ကင်းဆိုသည်မှာ 'ကင်းမလက်မည်' 'ကင်းမြီးကောက်' 'ကင်းခြေများ' ကို ပြောခြင်းဖြစ်၏။

ကင်းမ လက်မည်းနှင့် ကင်းမြီးကောက်မှာ အရွယ်ခြားနားသော်ငြား ပုံသဏ္ဌာန်တူသည်။ လက်မဖြင့် ညှပ်ပြီး အဆိပ်ရှိသောအမြီးဖြင့် ထိုးဆွ၊ ကိုက်ခိုက်ပုံလည်း အတူတူပင်။ ကင်းခြေများသော်ကား အဆိပ်ရှိသော အစွယ်များဖြင့် ကိုက်သည်။

မည်သို့ဖြစ်စေ နာကျင်သည်၊ ရောင်ရမ်းလာပြီး နောက်အခန့်မသင့်ပါက အလုပ်ပျက်သည်အထိ ဖျားနာတတ်သည်။

'ဘိုးကြီးအို၊ ကျုပ်ပြောနေတာမျှားကြားရဲ့လားတော်'

'ကြားပါတယ်အေ၊ ဒါပေမယ့် ငါကကင်းပီးတယ်အေ'

ရည်းကျည်းဒန်သည် မြည်တွန် တောက်တီးလျှင်လည်း ပါးစပ်ညောင်းရုံသာရှိမည်။ သဘောပေါက်ဟန်တူ၏။ မှိုင်းတလူလူနှင့် ရေနံဆီမီးခွက်ကြီးယူလာပြီး မြောက်မြှ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဘာရှာတာတုံး တော်ရဲ့'

'ဆေးဖျန်းတဲ့ဆေးပုံးပါဟာ၊ပုံးကပေါ့ပေါ့ကလေးရယ်၊ လေတိုက်ရင် အသာကလေး လွင့်သွားမှာဟ'

'အမယ်လေးတော်၊ တော်ရုံတန်ရုံလေနဲ့ မလွင့်ပါဘူး၊ မနက်မှ မြင်မြင်ထင်ထင်မှာ ရှာစမ်းပါ၊ မြေပါး ကင်းပါးနဲ့'

ရည်းဆေးရိုး လှည့်ကြည့်၏။ ထကား မထ။

ကင်းကိုက်မှာ ကင်းထိုးမှာမျှား နည်းနည်းမှမပူနဲ့။သူများ ကကင်းသုံးကင်းမှာ့တကင်းပီးသတဲ့။ ငါက သုံးကင်းလုံး ပီးတယ်'

ရည်းကျည်းဒန် ဟင်ခနဲ နှာခေါင်းလေမှုတ်၏။

'သွေးသားကောင်းတဲ့ အရွယ်တုန်းကတော့ ဟုတ်မှာပေါ့၊ အခုတော့ အရွယ်က သေခါနီးပြီ'

'သေခါနီးတာ ညည်းပြောမှလား'

'ပြီးတော့ တော်က ကင်းသုံးကင်း ပီးတယ်'ဆိုပေမယ့် မြေကျတော့ ပီးတာ မဟုတ်ဘူး၊ နားလည်ရဲ့လား'

ရှာချင်းတူလျှင် သည်ရှာမှာမြေပိုပြီး ပေါ၏။ အကြောင်းသော်ကား ထန်းရွက်မိုး ထန်းရွက်ကာ သော အိမ်ပေါ် သောကြောင့် ဖြစ်သည်။ ထန်းရွက်မိုး ထန်းရွက်ကာ အိမ်ချင်းဘူစေဦးတော့ဘောင်းစုတ်ပလုံးစုတ်၊ဘူးခွက်အိုးပုံ့အင်ပုံ့ တုတ်တိုတုတ်စ ပိုပေါသော ရည်းကျည်းဒန့် အိမ်တွင် ကြွက်ရော မြွေရော ပိရှုံပိရှုံ ပျော်မြူး၏။



သို့ကြောင့်လည်း မြွေဆိုကာမျှဖြင့် ရည်းဆေးရိုး၏ လက်သည် ပုတ်စင်အောက်မှ ရှပ်သိမ်းလေတော့၏။

'တို့ အိမ်ကို လာလာနေတဲ့ မြွေက လင်းမြွေပါဟာ၊ လင်းမြွေက'

'ဘာ....ဘာရုပ်နေတုံး'

အိမ်ရှေ့ဆီမှ မြေးအငယ်ဆုံး၏ အသံကို ကြားရ၏။ ရှည်ဦးမည့် ရည်းဆေးရိုး၏ လျှာသည် တိုသွား၏။ မှောင်ကြီး မည်းကြီးတွင် ကလေး တစ်ယောက်တည်း လာသလော။ ဘာနှင့် အမေကြီးထံ မလာဘဲ အိမ်ပေါ်သို့အတာတ်၌ခြေချော် ကျမှဖြင့် ပူဗရာများသည် ဆီနှယ်အပေါ်ကိုရှာပြီး ထွက်လာသည့် ခဏဝယ် ရည်းဆေးရိုး ဘာရုပ်၏။

'မြွေရှာတာ ကလေးရေ့! မြွေရှာတာ'

(၂)

'မွေ့ယိုချင်ယယ်....မွေ့၊ တားတားကို မွေ့ပေး'

ကိုဘညိန်း မလှမေတို့၏ အထွေးဆုံးသား ဖြစ်၏။ အသက် ၄၀ ရောက်မှ မွေးသော ဘနွှောင်း(သားနှောင်း)မို့ ဘိုးဘွားနှင့်မိဘက သာမက ကိုထွန်းရ၊ မချောစိန်တို့ကပါ အလိုလိုက်၏။

အသက် ၄ နှစ်ရှိပြီ။ စကားမပီသေး။

စကားသာ မပီသည်။ ပူဆာသောအရာက မြွေ။

ရည်းဆေးရိုးသည် မြေးကိုကြည့်ကာ အူလှိုက်သည်းလှိုက် ရယ်မော၏။ ရည်းကျည်းဒန်ကမူ....

www.burmeseclassic.com

www.burmeseclassic.com



'နင့်ဘရဲ့ ခေါင်းမွေးကိုနုတ်၊ ကြိုးကျစ်ပြီး ဂျင်ပေါက်ချင်တယ် ပူဆာပါလားဟဲ့' မြောက်ထိုးပင့်ကော် လုပ်သလိုလိုဖြင့် ငေါ်လိုက်၏။ သို့ရာတွင် တေက်ပျားမက လက်သည်းဖြင့် ဆိတ်ပြကာ 'ကိုက်တယ်၊ ကိုက်ရင် သိပ်နာတာပဲ့ မောင်လေးရဲ့' ချော့သဖြင့် ငြိမ်သွားလေ၏။

ထိုသို့ ငြိမ်သွားတော့မှ တေက်ပျားမ၏ လိုအင်သည် ပေါ်လာပေတော့သည်။

'ဘ....ရှေးစကားပြော'

ကလေးကို ရည်းဆေးရိုးရင်ခွင်ထဲပို့ပေးရင်း သူကလည်း ဘ၏ကျောပြင်ကို ခေါင်းဖြင့် ခွေ့သည်။

'သည်မှာ မောရတဲ့အထဲ၊ ရှုပ်ရှုပ်ယှက်ယှက် ဘာရှေးစကားလဲ' ရည်းကျည်းဒန် မာန်မဲပြီး၊ မချောစိန် တစ်မိပေါက် ငါးယောက်မှ လေးယောက်သည် ဘငှ့ါ့သို့ ငုတ်တုတ်ကလေး ရောက်နေကြပြီး မလှမေ တစ်မိပေါက် ငါးယောက်မှမူ သုံးယောက်သာ ရောက်နေ၏။

'နေဘ....ပြောပါနေ'

တေက်ပျားမအောက် တစ်ယောက်ခြားသူ လှအုံးမယ်ကလည်း သူ့အစ်မဘက်မှ ဝင်ကူ၏။

'ပြောရင် ကောင်းကောင်းနားထောင်မှာလား'

'အမေကြီး ဆေးလိပ်အဖွာတွင် ဘကြီး၏ မျက်နှာကြီးကို ဖျတ်ခနဲ မြင်ရ၏။ ပြုံးနေသည်ဟု တေက်ပျားမက ကိုယ်လိုရာဆွဲတွေးသည်။ ထိုအခါ 'နားထောင်မယ်ဘ' အားတက်သရော ပြော၏။



'မအား....ဒါပေမယ့်'

ဘ ဆက်မပြောသေး။ ဆေးလိပ်ဖွာနေသေးသည်။

'ငါ့မြေး တစ်ယောက်တည်းနားထောင်ပြီး ကျန်လူတွေက ဆော့နေလို့၊ စကားများနေလို့မဖြစ်ဘူး'

'ဘက ဈေးကိုင်လိုက်တာ၊ သိပ်ရင့်တာပဲ'

မောင်မောင်ထွေး မှတ်ချက်ချလိုက်သည်တွင် အမေကြီး၏ ဖျန်းခနဲ လက်ဝါးသံ ပေါ်လာသည့်နည်းတူ၊ မောင်မောင်ထွေးမှာ ကျောကော့နေ၏။

'ကိုယ့်ဘကို ကိုယ် သည်လိုပဲ ပြောရသလားဟင်၊ နင့်အဖေထွန်းရင်ကို သွားပြောပါလား'

နောက်ဆက်တွဲအဖြစ် အရိုးချည်းရှိသော လက်ညှိုးနှင့် လက်မကလည်း ပေါင်သားကို လာထိသည်။ မောင်မောင်ထွေး အမြန်ဆုတ်ပြေးသည်။ ကင်းမလက်မည်း ညှပ်သည်ထက် ဆိုးသည်ဟု မြေးတစ်သိုက် ပြောစမှတ်ပြုသောလက်။

'မောင်မောင်လှနဲ့ ကျော်သူရ နားထောင်ပါမယ် ပြောကြဟယ်၊ မမခင်ကလဲ ငုတ်တုတ်ကြီး'

သူတို့သည် လိုလိုချင်ချင် မရှိကြပြား၊ တေက်ပျားမ၏ ပါးစပ်ကိုကြောက်သဖြင့် စိတ်မပါတပါ ပြောကြ၏။

'ပြောပါဘ၊ ကျုပ်တို့ ကောင်းကောင်း နားထောင်ပါ့မယ်'

'တဲ့ပါဘရာ၊ ပြောပါ'

တေက်ပျားမ ထပ်မံပြီး ခေါင်းဖြင့်ခွေ့သောအခါ၊ ဘ ချောင်းဟန့်သံဖြင့် လည်ချောင်းရှင်းသည်။ အသံကို နား

www.burmeseclassic.com

www.burmeseclassic.com



စွင့်နေသော မြေးများ၏အလယ်တွင် ပကတိ တီဘ်ဆိတ်နေလေ၏။

ဘ ဘာပြောမှာပါလိမ့်။ ဘာများပြောပါလိမ့်၊ တောက်ပျားမ အာရုံစိုက်နေစဉ်တွင် 'ဟိုးရှေးရှေးတုန်းကတဲ့' မှောင်ပြင်၏ အဝေးဆီမှလာသော အသံလေးသားထင်ရသည်။ ရှေးစကား နိဒါန်းပေါ်လာ၏။

'တက္ကသိုလ်ပြည်ကြီးမှာ ဒိသာပါမောက္ခ ဆရာကြီးရှိသတဲ့'

'ဟုတ်ကဲ့ ဘ'

တောက်ပျားမ အားရလိုက်လှဲ့စွာ ဟုတ်ကဲ့ရာက 'ဟင်.... မောင်မောင်လှ၊ ကျော်သူရ၊ မမခင်၊ မောင်ထွေး ပြောကြလေ။ ဟုတ်ကဲ့လို့' ပျာပျာသလဲတိုက်တွန်းမှ ဝတ်ကျေ တမ်းကျေ ဟုတ်ကဲ့ကြ၏။

'ဘာလဲ၊ ဘာသဘောလဲ၊ ရှေးစကား နားမထောင်ချင်ဘဲနဲ့ ဘာပူလို့ ဘသီကို ပြောကြပါလိမ့်' မိမိထွေး သံသယဝင်ပြီး 'ဒိသာပါမောက္ခ ဆရာကြီးဆီမှာ ပညာလာသင်တဲ့ တပည့်တွေကလည်း အများကြီးပဲပေါ့' ဆက်လာသဖြင့် အတွေးပျက်ကြယ်၏။

'ဟုတ်ကဲ့ ဘ'

'မင်းညီ မင်းသားတွေ၊ သူဌေးသားတွေ၊ သူကြွယ်သားတွေပေါ့လေ'

'ဟုတ်ကဲ့ ဘ'



'ဆရာကြီးဟာ တပည့်တွေနဲ့အတူ မြစ်ဆိပ်ကို ရေချိုးဖို့ နေ့တိုင်းလာသတဲ့'

'ဟုတ်ကဲ့ ဘ'

'အဲသည်လို ဒိသာပါမောက္ခဆရာကြီး ရေချိုးဆိပ်ကို ဆင်းတဲ့အခါမှာ အမယ်အိုကြီး တစ်ယောက်ဟာ နှမ်းတွေ ဖြန့်ပြီး နေလှန်းထားသတဲ့'

'ဟုတ်ကဲ့ အဘ'

'ရေချိုးဆိပ် အသွားအပြန် ဆရာကြီးနောက်မှာ ပါတဲ့ တပည့်တွေထဲက မင်းသားကလေးတစ်ယောက်ဟာ နှမ်းတွေ မြင်တဲ့အခါ လက်နဲ့ဆုပ်ပြီး ပါးစပ်ထဲ ထည့်သတဲ့၊ အမယ်ကြီး အိုလည်း ဪ....စားချင်လို့စားတာ စားပါစေ ဆိုပြီး ကြည့်နေလိုက်တာပေါ့၊ ဒါပေမယ့် မင်းသားလေးဟာ ရေချိုးဆိပ်ကို အသွားမှာသာ မဟုတ်ဘူး၊ အပြန်မှာလည်း နှမ်းတွေ ဆုပ်ယူပြီး ပလုတ်ပလောင်း စားတာပဲတဲ့'

'ဟုတ်ကဲ့ ဘ'

နှမ်းလှန်းထားတာမြင်လျှင် ဇွက်ခနဲ နှိုက်စားလေ့ရှိသော ကိုယ့်အကျင့်နှင့်တူလှချည့်လားဟု တွေးမိသောအခါ မိမိထွေး နှာခေါင်းထဲ၌ နှမ်းရနံ့ သင်းကြူ၏။

'နောက်တစ်နေ့မှာလည်း မင်းသားလေးဟာ ဆရာကြီးနဲ့ အတူ မြစ်ဆိပ်ကိုလာရင်းနဲ့ အမယ်ကြီးအိုရဲ့နှမ်းတွေကို မနေ့ တုန်းကလိုပဲ အသွားအပြန်ဆုပ်ယူပြီး အားပါးတရ စားတာ ပဲ၊ အဲ နောက်နေ့မှာ ရေချိုးဆင်းလာကြရင်းနဲ့ မင်းသား

www.burmeseclassic.com

www.burmeseclassic.com



လေးက နှမ်းတွေလည်းဆုပ်ပြီး ပါးစပ်ထဲထည့်ရော အမယ်ကြီးအိုက ကုန်းအော်တော့သတဲ့'

'ဟောတော်၊ အမေကြီးက ဘာဖြစ်လို့များ အော်ရပါလိမ့်၊ ဟင်....ဘာ ဘယ်လိုအော်တုံးဟင်'

တောက်ပျားမ စိတ်ဝင်တစား ရှိလှသည်။ ဘေးဘီ ရှေ့နောက်ကို သတိလွှတ်သည်။

'အရပ်ကတို့ရေ လာကြပါဦး၊ ကျုပ်နှမ်းတွေ ကုန်ပါပြီ၊ အမယ်လေး မွဲပါပြီတော့၊ ဘာညာပေါ့ သမီးရယ်၊ အဲသည်အခါမှာ ရှေ့ဆုံးက စိုက်စိုက် စိုက်စိုက်နဲ့ သွားနေတဲ့ ဒီသာပါမောက္ခဆရာကြီးက ပြန်လှည့်လာပြီး အမယ်ကြီးအို....ဘာဖြစ်တာတုံး မေးသတဲ့'

'ဟုတ်ကဲ့ ဘာ'

'ဟဲ့....ဘယ်ရောက်ကုန်ကြတုံး'

ရည်းဆေးရှိုးသည် ပခုံးချင်းထိအောင် ထိုင်နေခဲ့သောမြေးများ၏နေရာတွင် လူသူရှင်းလင်းနေကြောင်း ယခုမှ သတိထားမိဟန်ဖြင့် မေး၏။ တောက်ပျားမမှာ 'ဟင်'ခနဲ အော်ရင်း ခေါင်း ကစားကြည့်သည်။ မတွေ့။ နားစွင့်ကြည့်သည်။ အဝေးအနီးမှ အသံမကြား။

ဟုတ်ပြီ၊ ဟုတ်ပြီ။

ရှေးစကားပြောရန် တောက်ပျားမ ပူဆာစဉ်က တောက်ပျားမဘက်မှ လိုက်လိုက်လှဲလှဲကူညီခြင်းမရှိခဲ့ကြ။ သူတိုက်တွန်းလွန်းမှ စိတ်ကျေတမ်းကျေသာ ပူဆာခဲ့ကြ၏။ ယခု ဘယ်ကို ရောက်



ကုန်ကြပါလိမ့်၊ သြော်....သိပြီ၊ စပါးဒိုင်နားမှာ ဗီဒီယိုတဲ့။ အဲသည်ကို သွားကြတာပဲ ဖြစ်မည်။

သို့ဖြစ်လျှင် အဘယ်ကြောင့် ဗီဒီယိုသို့ တန်းတန်းမတ်မတ်မသွားဘဲ ဘတို့အိမ်သို့ ဝင်လာရသေးသနည်း။ ဘတို့အိမ်ကို အမေကြီးတို့အိမ်ကိုဟု ပြောခဲ့မိ၍ မုသားလွှတ်ရှုံ့ဝင်လာခြင်း ပေလော။

'ဟေ....သမီးလေး၊ ဘယ်ရောက်ကုန်ကြတုံး'

'သမီးလဲ မသိဘူး ဘာ၊ သမီးအထင် ပြောရရင်တော့ စပါးဒိုင်နားက ဗီဒီယိုကို သွားကြတာပဲ ဖြစ်မယ်'

'အင်း....အင်း....ဗီဒီယိုကို သွားကြတာကိုး'

ရည်းဆေးရှိုး ခေါင်းတညိတ်ညိတ်ဖြင့် ဆေးလိပ်ကောက်ယူကာ မီးညှိသည်။

'ဆက်ပြောပါဦး ဘာရဲ'

'သမီးလေး နားထောင်ချင်ရင် ပြောမှာပေါ့ကွယ်၊ အင်း....ဘယ်ရောက်သွားပါလိမ့်၊ အဲ့အဲ...ဒီသာပါမောက္ခဆရာကြီးက အကျိုးအကြောင်း မေးတဲ့အခါမှာ အမယ်ကြီးအိုက ပြန်ပြောသတဲ့'

'ဟုတ်ကဲ့ဘာ'

'အမေ....အိုးအမေ၊ ခင်ခင်တို့ လှလှတို့ အငယ်တို့ မလာကြဘူးလား၊ အိုးအမေ'

ကြယ်ရောင်ဖြင့် ဝိုးတဝါးသာ ထင်သော လမ်းမမှာ မည်းမည်းတစ်ခု အိမ်ဝိုင်းထဲ ဝင်လာသည်။ အသံကိုမကြား

www.burmeseclassic.com

www.burmeseclassic.com

ရစေဦး၊ လက်လှဲပုံနှင့် ခြေလှမ်းပုံကို မြင်ခါမျှဖြင့် သူ့အမေ မချောစိန်ဟု တေက်ပျားမ သိသည်။

(၃)

'ဟဲ့...မရှုပ်ပြာ၊ ဘာဖြစ်လာပြန်တုံး'

ရည်းကျည်းဒန်သည် မီးခွက်ကြီး တခြောက်ခြောက်ဖြင့် နွားတင်းကုပ်ထဲမှ ထွက်လာ၏။ သူသည် တေက်ပျားမနှင့် မလှမ်းမကမ်းတွင် ထိုင်ကာ ဆေးလိပ်လိပ်နေခဲ့သည်။ ဘယ်အချိန်က ထသွားပြီး နွားစာထည့်သည်ကို တေက်ပျားမမသိ။ အမေကြီးကိုသာမဟုတ်၊ အဖေတွေ အချိုအသျှို ထသွားသည်ကိုပင် မသိနိုင်အောင် ပုံပြင်၌ စိတ်ဝင်စားနေခဲ့သည်။

မချောစိန်သည် ရည်းကျည်းဒန်၏အနောက် တေက်ပျားမကို မြင်သည်။ ပြေးကပ်လာ၏။

'သမီးလေးအငယ်...ညည်းညီမ လှလှတို့၊ ညည်းအစ်မ မမခင်တို့ ဘယ်သွားကြတုံး၊ မောင်လေးကော မမြင်ပါလား၊ မေကြည်တစ်ယောက်ပဲ သူ့အိမ်မှာ တွေ့ခဲ့ပါကသား'

တေက်ပျားမ နဝေတိမ်တောင် ဖြစ်နေ၏။ အဒမ ဘာကြောင့် သုတ်သီးသုတ်ပျာ ဖြစ်နေရပါလိမ့်။

'ဟင်...သမီးလေး'

'သမီးနဲ့အတူ ဘာရှေးစကားပြောတာ နားထောင်နေကြတာ အမေရဲ့၊ ဘယ်အချိန် ထသွားကြတယ် မသိဘူး'

'ဘယ်သွားလဲဟင်...ဘယ်သွားမယ် ပြောသွားကြတုံး'



'မပြောဘူးအမေ'

'တယ်ခက်ပါကလား၊ သင်းတို့အဖေသိရင် မလွယ်ဘူး၊ သေကုန်တော့မှာပဲ'

မချောစိန် မထိုင်နိုင်ပါ။ ငြိမ်သက်စွာလည်း ရပ်မနေနိုင်ပါ။ ပူပန်မှု၊ ကြောင့်ကြမှုအောက်တွင် ခေါင်းချာ စိုင်းနေသည်။

'ညည်းဥစ္စာက ဘာမှန်းမသိ ညာမှန်းမသိနဲ့၊ အေးအေးဆေးဆေး ပြောစမ်းပါဦး အေ၊ ဘာဖြစ်တာလဲ'

ရည်းကျည်းဒန်၏ အေးငြိမ်းသော စောဒနာစကား။

'အမေ့ မြေးမ ခင်ခင်ပေါ့'

'ခင်ခင်ကြီးလား'

'ဟုတ်ကဲ့...အမေ၊ သူ့အဝတ်ဖာထဲမှာ ထားနေကျ အင်္ကျီလုံချည်တွေ မရှိတော့ဘူး၊ ဒါကြောင့်...'

ထိုစကားအရောက်တွင်ကား သောက်ရေအိုးကို ဖင်ပေးနေသော ရည်းဆေးရိုးပါ မျက်လုံးပြူးရပြီ။

'ဟဲ့...ဟဲ့ ဒီလိုဆိုရင် စပါးဒိုင်နားမှာ ဗီဒီယိုပြနေတယ်ဆို မဟုတ်လား၊ ဟုတ်လား အငယ်'

'ဟုတ်ကဲ့ ဘ'

'အဲ အဲ အဲသည်ကို လိုက်စမ်း'

မချောစိန် ထဘီတိုတို ပြင်ဝတ်သည်။ 'ဘယ်သူတွေ ပါလာသေးတုံး၊ သူ့တစ်ယောက်တည်းလား၊ ခြေလှမ်းပြင်ရင်း မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'လှလှပါတယ်၊ ကိုယ့်ဘွားပါတယ်၊ မောင်မောင်လှနဲ့ ကျော်သူရလဲ ပါတယ်'

ဟင်းခန် သက်မချသံကြီးကို ပရုပိုက်တန်းမှပင် ကြားလောက်၏။ သို့ရာတွင် အငယ်တွေကို ခွဲသားခဲ့ပြီး သူ့ တစ်ယောက်တည်း ဖဲ့ထွက်သွားလျှင် မဖြစ်သလောဟု တွေးမိသည့် ခဏဝယ် မှောင်ထဲသို့ ဒုန်းစိုင်းကာ ပြေးဝင်သွားလေ၏။

မြေးအတိုးသုံးယောက်မှာ ကြယ်ရောင်အောက်၌ တိတ်ဆိတ်စွာ ကျန်ခဲ့ကြသည်။ ရည်းကျည်းဒန်၏ ဖက်ညှပ်သံပေါ် လာမှ ရည်းဆေးရိုးအသံ ထွက်လာ၏။

'အငယ်တို့ အတူသာကြအား မဟုတ်လားဟဲ့၊ အဝတ်အစားတွေ ယူသာချင် တစ်ယောက်ဖြစ် တစ်ယောက်ဖြစ်မှာပေါ့'

'တစ်အိမ်အိမ် ဝင်ထားခဲ့ချင် သည်ကလေးတွေသိမလားတော်ရဲ့'

ရည်းကျည်းဒန်သည် သည်မျှဖြင့်မပြီးသေးဘဲ နောက်ကြောင်းကိုပါ ပြန်တော့၏။ အတိတ်ရော ပစ္စုပ္ပန်ပါ မွေလှန်တော့သည်။

'ထမင်းတစ်အိုးသာ ဖြောင့်အောင်မတည်တတ်တာ၊ လင်ကျတော့ လိုချင်ရမှန်းသိပြီ၊ ထားလိုက်တဲ့ ရည်းစားကလဲ ခြေခြေမြစ်မြစ်ရှိပါ့၊ မုန်းနားက နယ်နှင်လိုက်တဲ့ သူခိုးရဲ့သားတဲ့၊ အဖေက သူခိုးပေမယ့် ကိစ္စမရှိပါဘူး၊ သားကလဲ စိန်ဖူးသူခိုး၊ ခေါင်းလောင်းသူခိုး၊ ဆင်းတုတော်သူခိုး'



ထိုကိစ္စအတွက် ရည်းကျည်းဒန် နာကြည်းမဆုံးပေ။ ထိုနားချိန်းတွေ့စကားပြော၊ သည်နား ချိန်းတွေ့စကားပြောသည်ကို တစ်ရွာလုံးသာမက တစ်နယ်လုံးပါ မမြင်ချင့်အဆုံး ဖြစ်တော့မှ မိဘသိသည်။ သိချင်သိချင်း ခင်ခင်ကြီးနှင့် ညိုက်နေသည်ဆိုသူကို ခေါ်တွေ့ပြီး မျိုးရိုးဇာစ်မြစ်နှင့်အလုပ်အကိုင်ကို စုံစမ်းကြသည်။ ကိုယ်တော်ချောက ကလန်ကဆန်ပြော ကလန်ကဆန်လုပ်သွားသည်။

သည်အချိန်ကမူ ခင်ခင်ကြီးလည်း ဒေါသကကြီးပါပေ။ ငါ့အမေကိုတွန်းပစ်တာ တစ်သက်မကျေဘူး စသည်ဖြင့် ညည်းဝါး၏။

အိမ်ရှေ့က ဖြတ်လျှောက်ရင် ဖိနပ်နဲ့ထွက်ရိုက်မယ်လည်း သတိပေး၏။ ထိုသူငယ် ရမ်းဘိုကုန်းကို လာသေးသလော။ လာစေဦး မှန်တိမှန်မှား ရည်းကျည်းဒန် မည်သို့ သိပါမည်နည်း။

ယခု ထိုသူငယ်နှင့် ပြန်ဆက်သလော။ အခြား တစ်ယောက်အသစ်ပေလော။ တွေးမရသည့်အဆုံးတွင် 'သမီးတစ်ကောင် နွားဘာစ်ထောင်တဲ့ တော်ရေ့၊ တယ်မှန်ပါလား' ရည်းကျည်းဒန် မြည်ရွတ်မိတော့သည်။

'နွားတစ်ထောင်၊ ဘယ်ကမလဲအေ၊ ညည်းမှာ နွားလေးထောင်အေ့၊ နွားလေးထောင်၊ မြေးမက လေးယောက်တောင်တယ်လား'

ရည်းဆေးရိုးသည် သွားကျိုး ပါးကျိုးဖြင့် ဟားတိုက်နေချေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာ ဆက်ပြောပါ ဘာရဲ့'

ရည်းဆေးရှိုးမှာ ရယ်မောရ၍ ကောင်းနေဆဲရှိသည်။

'ဘာကလဲ ရယ်နေတာပဲ၊ ရှေးစကား ဆက်ပြောပါ ဆိုနေမှ'

ရည်းဆေးရှိုးအရယ်ရပ်သည်။ သူပြောဆဲပုံပြင်ကို အပြန်အလှန် စစ်ဆေးကြည့်ပြီးမှ ခေါင်းညိတ်လိုက်သည်။

'ပြောမှာပေါ့ သမီးရဲ့'

(၄)

'နှမ်းလှန်းတဲ့ အမယ်အိုကြီးက ပြောတယ်လေ၊ တစ်ခါတလေ စားတာတော့ 'ဩော်....ခမျာမှာ စားချင်ရှာလွန်းလို့ စားတာပါကလား'ဆိုပြီး သည်းခံနိုင်တယ်၊ နှစ်ခါသုံးခါဖြစ်လာတဲ့ အခါကျတော့ သူ သည်းမခံ နိုင်တော့ဘူး၊ ဒါကြောင့် ဆော်ရတာပါပြောတော့ ဒီသာပါမောက္ခ ဆရာကြီးက 'ကဲဗျာ....နှမ်းတစ်ဆုပ်တင် ဆုပ်နဲ့ ငါးခါစားတာ တစ်စလယ် မရှိဘူး၊ သို့သော်လည်း တစ်ပြည်ဖိုးပေးမယ်၊ အလျှော်ပေးမယ်ပေါ့ကွယ်'

'ဟုတ်ကဲ့ ဘာ'

'ဒါပေမယ့် မြေးရေ၊ အမယ်အိုကြီးက နှမ်းဖိုးလျော်ငွေကို လက်မခံဘူး၊ ကျွန်မဟာ နှမ်းဖိုးမလိုချင်ပါဘူး၊ သည်သူငယ်ဟာ ဆရာကြီးဆီက အတတ်ပညာစုံလို့ တိုင်းပြည်ကို ပြန်သွားတဲ့အခါမှာ ရှင်ဘုရင်ဖြစ်မယ့် မင်းသားပါတဲ့'



'ဟုတ်ကဲ့ ဘာ'

'အဲဒါကြောင့် နောက်နောင်ကို အခုလို စည်းမဲ့ကမ်းမဲ့ မလုပ်အောင် တားမြစ်ပေးပါလို့ ပြောတဲ့အတွက် အမယ်ကြီးအို ရှေ့မှာပဲ ဝါးခြမ်းပြားနဲ့ သုံးချက်ရိုက်ပြီး ဆုံးမသတဲ့'

'ဟုတ်ကဲ့'

'ဘယ်လိုဆုံးမသလဲဆိုတော့ 'သင်ဟာ'ဘွားကြီးအို ပြောတဲ့အတိုင်း ဘုရင်လုပ်မယ့်လူ ဖြစ်တယ်၊ ဘုရင်ကိုယ်တိုင်က စည်းကမ်းမရှိရင် တိုင်းပြည်ကို ဘယ်လိုအုပ်ချုပ်မလဲ၊ ပိုင်ရှင်မပေးတဲ့ပစ္စည်းကို နှမ်းတစ်ဆုပ်ပဲဖြစ်ဖြစ်၊ နှမ်းတစ်စေ့ပဲဖြစ်ဖြစ် လိုချင်စိတ်နဲ့ယူရင် ခိုးတာပဲ၊ ဒါကို အမြဲ အမှတ်ရနေရမယ်လို့ ပြောဆိုဆုံးမတာပေါ့'

'ဟုတ်ကဲ့ ဘာ'

'အဲဒါနဲ့ အဲသည်မင်းသားဟာ ပညာစုံလို့ တိုင်းပြည်ကို ပြန်သွားပြီး မကြာမီမှာ ရှင်ဘုရင်ဖြစ်တာကိုး၊ သည်အခါမှာ ဆရာ့စကားကိုသတိရပြီး စည်းနဲ့ကမ်းနဲ့ အုပ်ချုပ်တဲ့အတွက် သာယာဝပြောတဲ့ ပျော်ရွှင်စရာ တိုင်းပြည်ကြီး ဖြစ်လာသတဲ့'

'ဟုတ်ကဲ့'

'အဲသည်လို တိုင်းသူပြည်သားတွေ ပျော်ရွှင် ချမ်းမြေ့နေတာ မြင်ရတဲ့ မင်းသားဟာ ဆရာ ဆုံးမလိုက်လို့သာ ငါ စည်းကမ်းရှိတာကလားလို့ တွေးမိပြီး ဒိသာပါမောက္ခ ဆရာ

www.burmeseclassic.com

www.burmeseclassic.com



ကြီးကို တိုင်းပြည်ကိုဖိတ်ပြီး ရှိခိုးပူဇော်တယ်၊ အပိုးတန် လက်ဆောင်ပစ္စည်းတွေနဲ့ ကန်တော့တယ်၊ အဲဒါနဲ့'

'ဟုတ်ကဲ့ ဘ'

'အဲဒါနဲ့ ပြီးရောတဲ့'

'ဟင်း....ဘ ရှေးစကားက မြွေမင်းသားတို့ မထွေးလှတို့ လောက်လဲ မကောင်းဘူး'

ရည်းဆေးရိုး ရယ်မောပြန်သည်။

'သမီး မြွေမင်းသား ရှေးစကားထဲက ဘာများမှတ်မိလဲ'

မိမိထွေး ချော်သင့်မထားသောစကား။ သို့ဖြစ်ငြား စဉ်းစားချိန် ရပါ၏။ ရသော်လည်း အဖြေမပေးနိုင်။

'မဒွေးလေးတို့ မသွေးလှတို့ ကျတော့ကော'

သည်အမေးကိုလည်း မိမိထွေး မဖြေနိုင်။ မဖြေနိုင်ငြား ဘသည် ဆက်မမေးတော့ပါ။ ဘ အာရုံပျက်သွားပြီ။ ဝိုင်းထဲသို့ မချောစိန်နှင့် ကလေးတစ်သိုက် ဆူညံစွာ ဝင်ရောက်လာသောကြောင့်သာတည်း။

မချောစိန်နှစ်အတူ လှအုံးမယ်သာ ဝင်ထိုင်သည်။ ကျန်လူများ အိပ်ချင်ပြီဆိုကာ ပြန်ထွက်သွားကြသည်။ ရည်းကျည်းဒန်က လှမ်းမေး၏။

'ဘယ့်နှယ်လဲဟေ့'

'ဗီဒီယိုကြည့်နေတာပဲ တွေ့ခဲ့တယ်အမေ၊ လူတောထဲမှာ မလိုက်ဘူးပြောရင် အရှက်ကွဲမှာစိုးလို့၊ နောက်ကနေ အကဲခတ်ရင်း ကြည့်နေရတာပေါ့ အမေရာ'

'ဘာတွေပြလဲ အေ့'



'မပြောချင်ပါဘူး အမေရာ၊ သရဲကားတဲ့၊ သူတို့တော့ မသိဘူး, ကျုပ်တောင် ကြည့်ရင်းကြည့်ရင်း ကြောက်လာတယ်။ အိပ်ရာထဲအထိများ မျက်စိထဲ မြင်နေရင်တစ်ရေးနိုးလို့ တပိုတပါး ထသွားရတာတောင် သွားမှသွားရဲပါ့မလား'

အမောတကော ပြောသံအဆုံးတွင် ဟင်းချသံက ကျယ်လောင်လှ၏။

'သာဖြင့် ညည်းသမီးအဝတ်တွေ ပျောက်နေတာကကော ဘယ့်နှယ်လုပ်မတုံး'

'အခု ပြန်သွားမှ ထပ်ရှာပြီး မေးရတော့မှာပေါ့ အမေရာ'

'ကဲ....သွား သွား၊ သာယာညင်းပျောင်းလဲ မေးဟေ့၊ မိဘက သားသမီးကို ကြောက်နေရတာ၊ ညတိုင်းရှိခိုးဟဲ့'

ငေါ့ဖြစ်အောင် ငေါ့လိုက်ချိန်တွင် မချောစိန် ထရပ်သည်။

'သမီးမိန်းကလေး မွေးမိမှကိုး အေ့' ရည်းကျည်းဒန် စကားဆက်သဖြင့် မချောစိန်မှာ ခြေလှမ်းတန့်၏။

'အမယ်လေး သားဒယာကျွဲးလေးကကော လွယ်လို့လား အမေ၊ စပါးခိုးရောင်းတာနဲ့၊ လယ်ပြင် သွားရင်း တန်းတန်းက ငန်းပြားပေါက်ပြား ရောင်းစားပစ်ပြီး အိမ်ကျတော့ ပျောက်တယ် ပြောတာ အမေ'

'ကဲ....သွားသွား၊ မျက်ခြည်ပြတ်လို့ မရဘူးဟဲ့'

သမီး၏ ကြောင့်ကြမှုသည် မအေထံသို့ပါ ကူးဟပ်ပြီမို့ ရည်းကျည်းဒန် တွန်းလွှတ်သည်။ ဘိုးဘွားအိမ်နှင့် မိဘအိမ်

www.burmeseclassic.com

www.burmeseclassic.com



အကူးတွင် လှစ်ခနဲ ပျောက်သွားနိုင်သည်ဟု တွေးတောမိသောကြောင့် ဖြစ်ချေ၏။

ရည်းဆေးရိုးသည် ငွေကြယ်များ မှိန်ရီ၍ ငွေလရောင် ရွှန်းပြက်စ ညဉ့်လယ်ပိုင်း ကောင်းကင်၏ အလှကို ငေးမော နေရာက တေက်ပျားမကို သတိရသည်။

'ဘာပြောတဲ့ ခုနက ရှေးစကားကျတော့ကော သမီး ဘာ မှတ်မိတုံး'

'စည်းမဲ့ကမ်းမဲ့ မလုပ်ရဘူး'

'ဟုတ်သကွယ်၊ ပြီးတော့ရော'

'အရှင်မပေးတဲ့ ပစ္စည်းကို မယူရဘူးတဲ့'

ရည်းဆေးရိုး ကျေနပ်စွာ ပြုံးမိ၏။

ပြုံးမိသော်ငြား သူ့အပြုံးသည် မကြာမြင့်ပါ။ တဖြည်းဖြည်း တစ်စတစ်စ မှိန်၍ မှိန်ရာက လျော့ပါး ပျောက်ကွယ်သွားလေ၏။

(၁၉၇၉ ဇူလိုင်လ သွေးသောက်မဂ္ဂဇင်း)

## ဆည်းလည်းပြာ၊လေးတွေနှင့်ဆာတူ

(၁)

နှင်းပွင့်ရနံ့သည် လေဝေ့ဘိုင်း သင်း၏၊ ကြူ၏။ ပျံ့၏။ ကြိုင်လှိုင်၏။ သည် ကြူပျံ့သော ရနံ့သည် ရည်းဆေးရိုး အသက်ရှူလိုက်တိုင်း ရင်ခေါင်းထဲအထိ ပြေးဝင်လာ၏။ နင်းပြားဖြင့် သုံးလေးကော် ကော်ပြီးတိုင်း ရည်းဆေးရိုးသည် ခါးတစ်ခါ ဆန့်၏။ ခါးဆန့်လျှင် နှမ်းပွင့်ပြာကလေး တွေက မြင်ကွင်းထဲသို့ ပြေးလာ၏။

ကြူမည့်သာ ကြူသည်၊ သင်းမည့်သာ သင်းသည်၊ နှမ်းပွင့်က များများမရှိတော့။ 'သိပ်'စပြုပြီ။ တစ်ပင်မှ တစ်ပွင့် နှစ်ပွင့်၊ အများဆုံးမှာ သုံးလေးပွင့်။ သို့ရာတွင် ရှားရှားပါးပါး ဆည်းလည်းပုံနှမ်းပွင့်ကလေးတွေကိုမှ ရည်းဆေးရိုး ဟာဒယက စွဲငြိသည်။ ကြည့်စမ်း မွှေးလိုက်တာ၊ လှလိုက်တာ။

ဆည်းလည်းပြာ၏ အောက်ကို လျှောက်လျှင် အစိမ်းနု 'နှမ်းအရှဉ်း' များ၊ အပွင့်မဲ့ အပင်များမှာမူ စိမ်းမှောင်နေသည်။ တစ်ရှဉ်း၊ နှစ်ရှဉ်း၊ သုံးရှဉ်း၊ ဟာ....ဟိုအပင်ဆို ဆယ့်ငါးရှဉ်းတောင် ရှိပါကလား။

www.burmeseclassic.com

www.burmeseclassic.com



ပင်စည်ကိုခွပြီး 'စုံ' သီးသော နှမ်းရှည်းများကို ရေတွက်မိသောအခါ မောဟိုက်ခြင်းသည် မရှိပြီ။ အားသစ်အင်သစ်တိုးလာသည်။ လုပ်ဦးမှ၊ လုပ်ဦးမှ၊ ဒါကလေးတွေ ကျွတ်ကျွတ်လွတ်လွတ် အောင်ဖို့အရေး တူးလိုက်ဦးမှပဟ ဟူ၍ ငန်းပြားရိုးကို ဆုပ်မိလေ၏။

ဟိုဘက် သုံးကွက်ကျော်တွင် ထွန်နားထားသည်။ ထွန်နှင့်နွား နားနေပြား လူမနားနိုင်။ စည်ဝေသော နှမ်းခင်းက မနားချင်အောင် လှုံ့ဆော်သည်။ နှမ်းခင်းဘေးမှ ဖြတ်သွားသော မြောင်းလက်တံကလေးက သတိပေးသည်။ မနားနဲ့။ ပျိုးခင်း ကန်သင်းဘေးမှ နှမ်းခင်းကလည်း အချက်ပြနေသည်။ တူးထားဦး။

ငန်းပြား တစ်ဆစ်သည် တစ်တောင်ခန့် ရှိမည်။ သည်မျှနက်၍ ငန်းပြား နှစ်ပြားစာ ကျယ်သော မြောင်းကလေးကို မြောင်းလက်တံဘေး တစ်လျှောက်နှင့် ပျိုးခင်းဘေးတွင် တူးလိုက်လျှင် မည်မျှ ပင်ပန်းမည်နည်း။ ထွန်တစ်ခါနား နည်းနည်း၊ ထွန်တစ်ခါနား နည်းနည်းချင်း တူးလိုက်လျှင် ခုနစ်ရက် မတူးရပေ။

သည်မျှကိုပင် အားမစိုက်ချင်လျှင် ပျိုးခင်းရေနှင့် လက်တံရေက နှမ်းခင်းထဲသို့ စိမ့်မည်။ မွရှနေသည့် ထွန်ရေးပြင်ထဲသို့ ဖြည်းဖြည်းချင်း စိမ့်ပြန့်မည်။ ထိုအခါ နှမ်းသီးတွေ မအောင်မြင်မီ ဝါမည်။ ရင့်သောကြောင့် မှည့်ခြင်းမဟုတ်၊ အမြစ်ပုပ်သောကြောင့်ဖြစ်သည်။ မမှည့်ဘဲနှင့် ဝါသော နှမ်းသီးမှ အောင်မြင်သောနှမ်းစေ့များ မရနိုင်ချေ။



သို့ကြောင့် ရည်းဆေးရိုး တူးရသည်။

ငန်းပြား၏ 'မောင်းရင်း' တွင် ကလတက် သစ်သားအတက်ကလေးရှိသည်။ သည်ပေါ်မှာ ဖိနင်းလိုက်လျှင် ငန်းပြားသည် မြေအိအိထဲသို့ စိုက်ဝင်သွား၏။ ငန်းပြားကို စောင်းကော်ပြီး မ,လိုက်ရုံသာ ရှိတော့သည်။ ရှိသော်ငြား ရည်းဆေးရိုး မ,မ သေး။ ငန်းပြားကို ရှေ့သို့တွန်းသည်။ ငန်းပြား၏ ကျောနှင့် မြေကြီး ကပ်မနေစေရန် ဖြစ်သည်။

ငန်းပြားအခွက်ထဲက မြေကြီးသာလျှင် ပတ်သက်ကြောင်း၊ စပ်ဆိုင်တော့ကြောင်း သေချာပြီ။ သေချာမှ မ,သည်။ အပေါ်လေးပါကလား။ မျက်မှန်း အချိန်အဆအရ သည်မျှ မလေးသင့်။ ထို့ကြောင့် ပြန်ချပြီး ကြည့်သည်။ 'ကဆစ်' နွယ်တစ်နွယ်။

နွယ်စိမ်း ရွက်စိမ်းဖြစ်ငြား ရည်းဆေးရိုး မမြင်။ ရွှံ့ပေနေသောကြောင့်ဖြစ်၏။ သေသေချာချာ ငုံ့ကြည့်မှ မြင်သည်။ ဆွဲနုတ်၏။ ကျွတ်ပါမလာ၊ လက်နှစ်ဖက်ဖြင့် ဆွဲဖြတ်မှ ပြတ်သော်လည်း ရွှံ့တစ်ခဲက လောက်လွှဲဖြင့် ပစ်သလို မျက်နှာ တည့်တည့် ပြေးရိုက်၏။

ရွှံ့တုံးမဟုတ်။ ရွှံ့ပေနေသော ကဆစ်သီး။

ရေချို့ ရေပျစ်တွင်လျှော်ပြီး ဆေးသည်။ လက်မရွယ် ဖရဲသီးအရွယ်ကလေး။ ဝင်းသောအရောင်၊ ဝါနေသောအရောင်က မှည့်နေပါပြီဟုဆို၏။ ရည်းဆေးရိုး နမ်းကြည့်၏။ မွှတ်မွှတ် မွှေးမွှေးကလေး။

ရည်းဆေးရိုးသည် ပါးစပ်ထဲသို့ အမှတ်မဲ့ ထည့်သွင်း၏။

www.burmeseclassic.com

www.burmeseclassic.com



သွားဖုံးများမှာ ကဆစ်သီးကွဲအောင် ကြိတ်ခွဲနိုင်စွမ်း မရှိကြတော့ပါ။ ထိုအခါကျမှ ရည်းဆေးရိုး သတိရ၏။ ဟုတ်သားကပဲ၊ ငါ့မှာ သွားမှ မရှိတော့တာ။ သို့ရာတွင် ကဆစ်သီးကို ရည်းဆေးရိုး မပစ်ရက်။ ခါးပိုက်အိတ်ထဲသို့ ထည့်ထားလိုက်မိသည်။

(၂)

'အင်းဟင်းဟင်း ...လုပ်နေပြန်ပြီနော်တော့မှာပဲ၊ ဟိုကောင်ကြီးဟာ တယ်လေ ငါ့ရိုက်သိုက်နဲ့ နာပြန်တော့မယ်၊ ဒီလိုမလုပ်စမ်းပါနဲ့ သားရ၊ ဟာ....ဟိုကောင်ကြီး လုပ်နေပြန်ပြီလား'

အတိုင်နွားက ဖြောင့်ဖျောင့် အလှည့်နွားက ကောက်၏။ တမင်ကောက်ခြင်းလား မဟုတ်။ ခြေကျိုး၍ အသွားချပ်စဉ် တစ်ဖက်နွားမှာ ဆက်သွားသဖြင့် ထွန်ကြောင်း ကောက်၏။ စိမ်းစိမ်းမြင်၍ လှမ်းဟောက်သဖြင့် ကောက်၏။

ရည်းဆေးရိုးမှာ ဟန်သာ မာန်ရကြွား ရိုက်မနေအားပါ။ ထွန်ကိုထိန်းရသည်က တစ်မျိုး၊ သူကိုယ်တိုင် ခြေကျိုးပြီး မယိုင်လဲအောင် ထိန်းမှ နိုင်နေရသည်က တစ်ဝကြောင့် ပါးစပ်ဖြင့်သာ အသံပေးနေရ၏။

သည်အရည်ကို မြင်သော်ကြောင့် အခြောက်ထွန်ဖြင့် သုံးလေးစပ် ကြိုတင် ထွန်ထားခဲ့သေးသည်။ ရေကိုလည်း ၄၊ ၅၊ ၆ ရက် စိမ်ထားသေးသည်။ ဝီရိယ နည်းသူများ



အတွက်မူ ပြောဖွယ် မရှိတော့ပြီ။ နွားရော လူပါ မသက်သာ။ ထွန်ရေးလည်း မရသော တောရိုင်းခွဲ။

ထွန်ကွေ့သည်။ တစ်စပ်စပ် သွားပြီး နောက်ဆုံး ထွန်ကြောင်းပင်။

အလှည့်နွားကို ကန်သင်းပေါ် တင်ကြည့်သည်။ တင်သော်ငြား ထွန်တုံးက ကန်သင်းခြေသို့ မကပ်။ ထောင့်ကွေ့ထဲမှာ လှည့်ကွေ့သည်။ ထွန်တုံးမှာ မည်သည့်နည်းဖြင့်မျှ ကွေ့ထဲမရောက်၊ ရည်းဆေးရိုး အံကြိတ်ပြီး ထွန်တုံးကို မသည်။ ကြွရုံမျှသော ခွန်အားသာရှိသည်။ တစ်လံကွာ နေရာသို့ ဆွဲပစ်သွင်းနိုင်သော ခွန်အား မရှိပါတကား။

ရည်းဆေးရိုး ဟင်းချမိ၏။

စိတ်တိုင်းကျ မဆောင်ရွက်နိုင်ခြင်းသည် လုပ်ခဲ့ကိုင်ရသည်ထက် ဓော်၏။ ကျုံ့နေသော ခြေကိုနုတ်ပြီး ခြေလှမ်းမပျက် ထွန်နောက်က လိုက်ရသည်ထက် ပင်ပန်း၏။ ဟယ် ကိုယ်မှ မတတ်နိုင်တာ။

နောက်တစ်ခေါက် မောင်းပြီး ထွန်ကြောင်းပိတ်ချိန်တွင် ရည်းဆေးရိုး စိတ်လျှော့လိုက်သည်။ သည်တစ်စပ်ပြီးမှ သည်တစ်စပ်ပြီးမှ ဟူသည့် တင်းထားစိတ်ကို ဖြေလိုက်သောအခါ ပွေလဲသလို ဖြစ်သည်။ နှင်တံကို ကိုင်ထားသော လက်သည် ပင် ပြေလျော့ချင်ချင်။

သို့ရာတွင် . အသစ်ခွဲမည့် နောက်လယ်ကွက်ထဲသို့ ထွန်ပို့ထားချင်သည်။ နွားနှစ်ကောင်ကို တစ်ဖက်လယ်ကွက်တွင်းရောက်အောင်မောင်းသည်။ တဟင်းဟင်း အသံပေးမပျက်

www.burmeseclassic.com

www.burmeseclassic.com



စောဘဲ ထွန်တုံးကို မသည်။ ရှည်လိုက်သည့်ထွန်သွား။ တပ်စဉ်က တောင်ဆုတ်။ အဘယ်ကြောင့် ယခု သုံးတောင်ခန့် ရှည်နေသနည်း။ ကန်သင်းနှင့် ထွန်သွားလွတ်အောင် ပင့်မြောက်ရသည့် ပင်ပန်းခြင်းမှာ တာရှည်လှ၏။ လာပြန်ပြီ ကန်သင်း။ ကန်သင်းကို ကျော်သည်အထိ ထွန်တုံးကြီးကို ပင့်ထားရသည်မှာ ကြာညောင်းလှ၏။ အို....ကျယ်လိုက်သည့် ကန်သင်း။ ဘယ်တုန်းကများ ဘယ်သူ လာဖို့သွားပါလိမ့်။

ကျိုးချင်ကျိုး ပွဲချင်ပွဲ ပစ်ချလိုက်သည်။ လူလည်း ကန်သင်းပေါ် ဖင်ထိုင်ကျသွားလေ၏။

သည်ကန်သင်းမျှကို သည်အစိုထွန် ထွန်တုံးမျှဖြင့် လက်တစ်ဖက်တည်း အသာကလေး ကျော်ချသော ငယ်ဘဝကို ရည်းဆေးရိုး မလွမ်းပါ။ မတမ်းတပါ။ အသက်ရှူ မှန်အောင် ကြိုးစားရင်း နွမ်းခင်းကို လှမ်းကြည့်သည်။ လေပြည်သွေးတိုင်း ကြွေန္ဒြနှင့်လှုပ်နေသော ဆည်းလည်းပြာ နှမ်းပွင့်ကလေးတွေ။ ခြွေးမှပွင့်သော အပွင့်ကလေးတွေ။ ခြွေးမှဖြစ်သော အသီးကလေးတွေကို ကြည့်ရလျှင်ပင် ပီတိဖြစ်ပြီး အမောပြေပြီ။ အားဖြစ်ပြီ။

ပျိုးခင်းအစပ်သို့ ဗျိုင်းနှစ်ကောင် ဆင်းသည်။

ဤသည်ကိုမြင်မှ ပျိုးခင်း ရေဝင်ကို မကြည့်ရသေးပါကလား။ ရည်းဆေးရိုး သတိရသည်။ ထရပ်မည်ဟု ကန်သင်းပေါ် လက်ထောက်သည်။ နေသည် ကျဲကျဲဘောက် ပူနေရာက ဖျတ်ခနဲ ကွယ်၏။ ရည်းဆေးရိုး မော့ကြည့်သည်။ တိမ်မည်းတစ်အုပ်။ ပျိုးခင်းသို့ မသွားမီ အခြေအနေ စမ်းသည့်



အနေဖြင့် သုံးလေးခေါက်ခန့် မောင်းထားချင်စိတ် ပေါ်လာသည်။

နွားနှစ်ကောင်မှာ စားမြုံ့ပြန်နေကြပြီ။ ထွန်ကိုင်းတွင် ပူးတွဲချိတ်ထားသော နကန်(နှင်တံ)နှင့် ကန်ကြိုးကို ဖြုတ်ကာမျှဖြင့် တအိအိ ဆွဲရွေ့ကြသည်။

'ကဲကွာ....ကဲကွာ သုံးလေးခေါက်လောက် အစမ်းကလေးပေ'

ပြောနေဆဲတွင် အလှည့်နွားက စိမ်းစိမ်းအရာကို လှမ်းဟပ်သည်။ 'လုပ်ပြီလား၊ နာချင်ပြီ ထင်တယ်' ခေါက်ဆဲ အလှည့်နွားသည် နှုတ်သီးဖျားမှ စိမ်းစိမ်းအဖုတ်ကြီးကို လွှတ်ချ၏။ ဆူးပုံတောင်းပင်ကြီး ဖြစ်နေသောကြောင့်တည်း။

'ဟဲ....စားလေ၊ ဘာပြုလို့ လွှတ်ချရတာတုံး'

ရည်းဆေးရိုး ရယ်မောသံဖြင့်ပြောကာ ဆူးပုံတောင်းပင်ကို နကန်ဖြင့် ထိုးကော်သည်။ ကန်သင်းပေါ်အထိ ရောက်မရောက် လှမ်းအကြည့်တွင် ရည်းကျည်းဒန်ကို လှမ်းမြင်ရသည်။ ထမင်းထုပ်ကိုရှက်၊ ရေနွေးအိုး ဆွဲလျက်။

နွားနှစ်ကောင်ကို စုတ်သပ်ကာ ရပ်ပစ်ခဲ့ပြီး ပျိုးခင်းကတွတ်ဝသို့ လာခဲ့သည်။ ထွန်ဆဲ လယ်ကွက်ထဲက ရေလည်း နှံ့ရေ၊ ကတွတ်ဝကရေလည်း နှံ့ရေပင်။ သို့တစေ ထွန်ဆဲလယ်ထဲကရေမှာ ကတွတ်ဝကရေ့ထက် ပျစ်သည်၊ ချွဲသည်။

မျက်နှာသစ်ရင်း လက်ဆေးရင်းက ရည်းဆေးရိုး မျှော်ကြည့်၏။ သူ မျှော်ကြည့်ကာမှ ရည်းကျည်းဒန်မှာ ကန်သင်း

www.burmeseclassic.com

www.burmeseclassic.com

ပေါ်မှ ချော်ကျ၏။ ဟယ်.... သည် အမယ်ကြီးအို ဟာ.... ယောင်ယမ်း ရေရွတ်မိသည်။

'သည်အရွယ်ကြီးမှာ ကျိုးရင်ပဲ့ရင် သွားပြီ၊ တစ်သက်လုံး အိပ်ရာထဲမှာ နေရတော့မှာ၊ တယ်ခက်ပါကလား၊ ဘာများ ဒါလောက်အရေးကြီးနေရတယ် မသိဘူး'

(၃)

သို့ရာတွင် ညောင်ပင်အောက်သို့ ရည်းကျည်းဒန် ရောက်လာချိန်အတွင်းကား မာန်မဲ မြည်တွန်ခြင်း မပြုမိတော့ပေ။ 'အလျင်တုံခါမှတော် ချော်ကျရသေး'ဟု ပြောပြီး အာရုံမငြိ၊ ထမင်းတုပ်ကိုသာ ဖြေသည်။

ကနေ့တော့ ထမင်းမဟုတ်ဘူးတော်'

ဖြေနေသောလက် တုံ့သွား၏။

'ထမင်းကမှ အဆာခံတာဟ၊ ထမင်းမဟုတ်လို့ ဘာတုံး'

'မုန့်ဟင်းခါး'

အသံကြားကာမျှဖြင့် သွားရည်ကျရပြီ။

ရွာတွင် လည်ရောင်းသော မုန့်ဟင်းခါးတစ်ပန်းကန် နှစ်ကျပ်။ တစ်ခါတစ်ရံ စွန့်စွန့်စားစား ဝယ်စားပစ်မည် စိတ်ကူးပြီး 'ဘာဟင်းတုံး' မေးလျှင် 'ကြက်သားဟင်း' ဖြေသည်က များ၏။ 'ဟစ်ခါတလေ အမဲသားနဲ့များ ချက်ပါတော့လား' အကြံပေးသောအခါ 'အမဲသားကို လူတိုင်းမစားဘူး ဘာရ'ဖြေသည်။ သည်သို့ဖြင့် တကဘတ် ချက်တတ်သော ကြက်ဖြင့် ဟင်းချက်သည့် မုန့်ဟင်းခါးကို မစားဖြစ်။



ယခု မုန့်ဟင်းခါး စားရတော့မည်။

'ကိုသာဒွန်းခမြး မွေးနေ့တဲ့တော်၊ အဲဒါကြောင့် မုန့်ဟင်းခါးလုပ်ပြီး ဆွမ်းကပ်သတဲ့၊ အဲဒါ ကျွေးလိုက်ဝေတာ'

'ကြီးကျယ်လိုက်တာ၊ မွေးနေ့ ဘာမွေးနေ့တုံး'

မြန်မာကြီးနားထဲသို့ မြန်မာမှုမဟုတ်သော မွေးနေ့မင်္ဂလာ အထိမ်းအမှတ်သည် ကန့်လန့်ကြီး ဝင်သွားဟန်ရှိသည်။မျက်မှောင်ကြုတ်ကာ စိုက်ကြည့်နေပြီးမှ ပုဆိုးစုတ်ကို ဆက်လက်ဖြေသည်။ ထောင်းခနဲ ထလာသော ဟင်းနံ့သည် ရည်းဆေးရိုး၏ အလိုမကျမှုကို ချေဖျက်ပစ်လေ၏။

မုန့်တွေပွပြီး ဟင်းတွေ အေးသွားမှာစိုးလို့ မြန်မြန် လာခဲ့တာတော်'

'ပွလဲ ဘယ်တတ်နိုင်မလဲဟာ၊ ဟင်းရည်အေးတာ မုန့်ပွတာထက် ကန်သင်းရိုးက ချော်ကျပြီး ကျိုးမှာ ပဲ့မှာက အရေးကြီးသဟာ၊ မကျိုးမပဲ့ဘဲ 'မျက်'သွားဦးတော့ သည်အရွယ်မှာ မသက်သာဘူးဟ'

ရည်းကျည်းဒန် ခေါင်းညိတ်ရ၏။ ဆေးလိပ်တိုကို မီးညှိပြီး မီးညီအောင် မှုတ်နေရာက ကြည့်ညိုစွာ လှမ်းကြည့်၏။ သူ ဆာလောင်တာထက် ငါ နာမှာကျင်မှာကို အရေးထားပါကလား။

ညောင်ပင်ရိပ်တွင် အတန်ကြာမျှ ငြိမ်သက်၏။ ရည်းကျည်းဒန်က ဆေးလိပ်ထိပ်ကို တံတွေးဖြင့် ဆွတ်လိုက်၏၊ ချွန်နေသောနေရာကို ပါးစပ်ဖြင့်မှုတ်လိုက် အလုပ်များနေ၏။ ရည်းဆေးရိုးကား ဇွန်းမပါသဖြင့် လက်ပါးချောင်းဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကော်စားလိုက်၊ ဟင်းရည်ကို ဇလုံစောင်းပြီး မော့သောက်လိုက်ဖြင့် အပြေးအလွှား ဝမ်းဖြည့်နေ၏။

လယ်ကြားမြောင်းထိပ်မှ ရေဝဲလှည့်သံ ကလုံ ကလုံသည် နဘူးချုံကြားမှ ဘုတ်ခွဲမြည်သံနှင့်အတူ ဝေ့လွင့်လာချိန်တွင် တစ်စုံတစ်ရာကို ချည်းကျည်းဒန် သတိရ၏။

'မေ့တော့မလို့ တော်ရေ့၊ စားတုန်းသောက်တုန်းပြောရဦးမယ်'

ရည်းဆေးရိုး လှည့်မကြည့်ပါ။

'ဘာများတုံးဟ'

'တော့်မြေး ခင်မောင်ငြိမ်း'

ကိုဘညိန်း မလှဒမတို့တွင် သားချည်း သုံးယောက်ရှိသည့် အနက် အကြီးဆုံးသား။

၁၈ နှစ်သားရှိပြီ။ ခင်မောင်ငြိမ်း ဆယ်တန်းတစ်ကြိမ်ကျပြီးပြီ။ ကျောင်းတွေပြန်ဖွင့်သည်အထိ မစောင့်နိုင်။ ဒုတိယအကြိမ် ဖြေဆိုပြီးသည်အထိ သူမဆိုင်းနိုင်။ မိန်းမခိုးပြေးပြီ။

'သေချာရဲ့လားဟ'

ခြေမကို ပုဆိုးစဖြင့် ဖုံးထားပြီး တစ်လမ်းလုံး ဖုန်ထောင်းထောင်းထအောင် လမ်းသွားတတ် လျှောက်တတ်သော မြေးချစ်ကို ရည်းဆေးရိုး မြင်ယောင်သည်။

'ဘယ်သူမှ မသိဘူး၊ ပြောင်းခင်း အစောင့်ခိုင်းထားတော့ ပြောင်းခင်းထဲမှာပဲ ရှိလိမ့်မယ် ထင်နေကြတာ'

ပြောင်းခင်းမှာ ရွာနှင့်မဝေးလှ။ အော်ခေါ်လျှင် ကြားနိုင်လောက်သည်။ ရေကလေး မိုးကလေး အဆင်ပြေလိုက်



သဖြင့် ဆံမြိတ်တဝဝေဖြင့် ဖူးစားပြောင်းခင်းကြီးမှာ မှောင်မှိုင်းနေ၏။ မလှဒမတို့ ခေါင်းတစ်မော့မော့ တစ်ပြုံးပြုံး။ သို့သော် အစေ့ထည့်စနို့ရည်ခဲ့စပြုသည်နှင့် ရန်သူတော်များ ပေါ်လာသည်၊ ဤသည်ကိုမှာ ကျေးနှင့်ခွေးတည်း။

ကျေးသည် အခွံကိုဖြဲပြီး အစေ့ကိုစားသည်။ အခွံ ဖြဲပြီးသော ပြောင်းဖူးသည် မကောင်းတော့။ အစေ့လည်းသုံးမရ။ ပက်လည်း လှီး၍မရတော့ပြီ။ ခွေး ခွေးက ကြက်ဘူရွေးထက် ဆိုးသည်။ ပတပ်ရပ်ပြီး ပြောင်းဖူးကိုကိုက်၏။ ကိုက်ရင်းကိုက်ရင်းဖြင့် သူ့ရင်အုပ်နှင့်ဖိမိကာ ပြောင်းဖူးပင်ဘိုင်းဘိုင်းလဲတော့မှ လက်ဖြင့်နင်း ပါးစပ်ဖြင့်ဖြဲကာ စားသည်။ ခွေးလဲ့သော အပင်ကား နွားကျွေးရုံမှတစ်ပါး အခြားနည်းသုံးမရပြီ။

သို့ကြောင့် ခင်မောင်ငြိမ်းမှာ လယ်ထဲ၌ ၂၄ နာရီလုံးနေရသည်။ နေ့တွင် ခလောက်တွေ၊ သံပုံးတွေကို ကြိုးဖြင့်ဆွဲလိုက်၊ ဟေးဟူးအော်လိုက်၊ ဝါးလက်ခုပ်တီးလိုက်၊ ခွလောက်လေးဖြင့် ရမ်းသမ်းပစ်လိုက်၊ ပြောင်းခင်းထဲ ဆင်းသွားလိုက်ဖြင့် နားချိန်မရှိ။

ခင်မောင်ငြိမ်းနားချိန်မှာ ညနေ ငါးနာရီသာသာမှ ည ရှစ်နာရီခန့်အထိသာ ရှိ၏။ ရှစ်နာရီထိုးသည်နှင့် ပြောင်းခင်းထဲ ဝင်ရသည်။ ပြောင်းခင်းတွင်း အနှံ့လျှောက်ရသည်။ ပြောင်းခင်းနှင့် မနီးမဝေးတွင် ယောင်လည်လည် လုပ်နေသော ခွေးပင်ဖြစ်စေ၊ မသက်သာကိန်းဆိုက်ပြီ။

သို့နှယ် အားလပ်ချိန် မရှိပါဘဲလျက် မည်သို့လျှင်

www.burmeseclassic.com

www.burmeseclassic.com



မိန်းမခိုးပါမည်နည်း။ သို့ရာတွင် ငါ့အဖေအမေရဲ့ ပစ္စည်းဟာ ငါ့ပစ္စည်း။ သည်ပစ္စည်း မပျက်စီးမှ ငါနဲ့ ငါ့သမီးအစ်ကိုမောင်နှမတွေ ဝဝစားရမှာ ဟူသည့် ဆွေချစ် မျိုးချစ်စိတ်သူ့မှာ မရှိလျှင်ကား သူသည် ပြောင်းခင်းကိုပစ်ကာတစ်နေ့လုံး လျှောက်လည်သွားလိမ့်မည်။ တစ်ညလုံး သိုးနေအောင် အိပ်ရန်လည်း သူ ဝန်လေးလိမ့်မည် မထင်။

တစ်သီကြီး တွေးပစ်ပြီးမှ အတွေးစကို ရည်းဆေးရိုးသိမ်းသည်။

'ပြောင်းခင်းထဲမှာ ရှိလိမ့်မယ် ကင်ရာက အခု ဘယ်လိုလုပ် သိကြတုံး'

'မိန်းကလေးဘက်ကလိုက်လာကြမှသိတာပေါ့၊ ခင်မောင်ငြိမ်းနဲ့ လိုက်ပြေးတယ် ပြောကြလို့တဲ့'

'အင်း....ကျောင်းထားတော့လဲ အသုံးမကျ၊ ကျောင်းပိတ်ခိုက်မှာ လယ်ထဲ သုံးကြည့်တော့လဲ ထွန်တစ်တုံးမှမနိုင်။ ဖအေ မျက်နှာလွှဲဖို့ဆိုတာ ဝေလာဝေး၊ နို့....နေပါဦး၊ မိန်းကလေးက ဘယ်ရွာကတဲ့လဲ'

'ရွာသစ်ကြီးက'

ရည်းဆေးရိုး၏ မျက်နှာပေါ်က တိမ်ညိုအုပ် ပြယ်စင်သည်။ ရွာသစ်ကြီးကလူများသည် များသောအားဖြင့် ချောင်သည်ကြသည် မဟုတ်လား။ သို့ရာတွင် မိဘမည်ရည်ကို ကြားရပြန်သောအခါ တိမ်မည်းတိမ်ပုပ် လွှမ်းချေ၏။

'ငပြောင် မိမုန်းသမီးတဲ့တော်'

ရွာသစ်ကြီး ဇာတိမဟုတ်၊ ပဝတ္တိဖြစ်သည်။ ငရောဝတီ



မြစ် အရှေ့ဘက်ကမ်းတွင် မိုးခေါင်လွန်း လုပ်ငန်း ကိုင်ငန်းရှားပါးလွန်းသောကြောင့် ပြေးလာသူများဖြစ်ရာ လယ်မရှိ၊ ဥယျာဉ်မရှိ၊ ရာသီလိုက် အခစားလုပ်နေရသောမိသားစုပါ။ သို့အတွက် ပြုံးသော ရည်းဆေးရိုး မျက်နှာ တည်ရသည်။

'မိန်းကလေးဘက်ကလဲ မသချာဘဲနဲ့တော့ လိုက်လာမယ် မထင်ပါဘူးလေ'

'ဒါဖြင့် ဘယ်လိုလုပ်ကြမတုံး'

'ဟုတ်မဟုတ်၊ တော်သွားရော၊ တော့် ချွေးမ ရော ဟိုမေးဒီစမ်း လုပ်ကြရတာပေါ့၊ ကျုပ်လာတဲ့ အထိတော့ ဘာသတင်းမှမ[illegible]သေးဘူး၊ ပြောင်းခင်းထဲမှာ တော့်မြေး ရှိမရှိကို မသိသေးဘူး'

'ဟယ်....ဒါကတော့ဟာ၊ မိန်းက[illegible]လးကို တစ်နေ့ရာမှာ သွားထားပြီး သူက ဟန်မပျက်လာ[illegible]ရင် ရတဲ့ဥစ္စာ'

ရည်းကျည်းဒုန် ငေးငေးကြီး ဖြစ်သွားပြီးမှ တစ်လုံးချင်း မြည်တမ်း၏။

'သူ့နှမဝမ်းကွဲ မင်္ဂလာဆောင်တုန်းကတော့ ကိုယ်[illegible] မိန်းကလေးရှင်မို့ မပူ[illegible]ဘူး၊ အခု ကိုယ်က ယောကျ်[illegible] ကလေးရှင် ဖြစ်လာပြီ၊ ထောင့်လေးငါးရာနဲ့မ ဖြစ်ပါ့မလား[illegible]၊ အင်း....လျှော်စရာဝေးလို့ စားစရာမှအနိုင်နိုင်'

ထိုအခါ ရည်းဆေးရိုး၏ အာရုံသည် သူ့မြေးကို [illegible] ထပ်မင်္ဂလာ ကျင်းပပေးသည်အထိ စဉ်းစားရပြီ။ သူ့[illegible] မှာ လင်းဇင်းသောက်လယ်ကို လုပ်သူ။ မြေကိုမ[illegible] လုပ် နေရခြင်း ရေမရသောကြောင့် နွားစာပြောင်း[illegible]ပြီး ရိတ်

www.burmeseclassic.com

www.burmeseclassic.com



ရောင်းနေရသော လယ်သမား။ သားက မရှိသောကြောင့် ဖအေကို ပြန်ကြည့်ပါဦး။ ဖအေမှာလည်း အဘိုးကြီးအိုနှင့် အမယ်ကြီးအို။ ထိုင်ပြီး စားစရာမရှိသောကြောင့် လုပ်နေရသူများ။

တွေးရင်း တွေးရင်းက ရည်းဆေးရှိုး၏ ဦးခေါင်းမှာ ထူပူလာ၏။

'ဟယ်....ယောက်ယားပေါ့ဟာ၊တွေးပြီး ပူမနေစမ်းပါနဲ့'

ဆေးလိပ်တိုကို လှမ်းဆွဲပြီး ထ ရပ်သည်။ စိတ်ထဲမှာ အတန်အသင့် ပေါ့သည်။ ညောင်ပင်ရိပ်မှ ခွာလိုက်သော အခါတွင် စိုက်ခင်းခွဲရေးသည်သာ ရည်းဆေးရှိုး၏ အာရုံထဲ၌ ရှိတော့သည်။

(၄)

သုံးလေးခေါက် မောင်းပြီးသော လယ်ကွက်ထဲသို့ မြေလှမ်းပြုပြီးမှ ပျိုးခင်းဘက်သို့ လျှောက်သည်။ ပျိုးခင်းတွင်း ရောင် ရေထွက်ကို ယခုအထိ မကြည့်ရသေးပါ။ ပျိုးခင်းသည် ငှက်ပျောညွန့်ရောင် လှိုင်းအိချားနှင့် မြူးတူးနေ၏။

ကောင်းကင်တွင် တိမ်စင်သွားပြီမို့ နေသည် ချစ်ချစ်တောက်အောင် ပူ၏။ တိမ်စင်ပြီဆိုလျှင် ငလပူကြီးသည် ထုံးစံအတိုင်း တိုက်ခတ်ပြီ။ အခုရခွဲ့ပူလာအောင်၊ ထူလာအောင် တိုက်လေ ရှိသောလေ။ တစ်နေ့စာတော့ မိုးရွာဖို့ မျှော်လင့်ချက်ဝေးပြီ။



ပျိုးခင်းတွင်းသို့ ဝင်သောရေကို စမ်းကြည့်၏။ အေးသည်။ ပျိုးခင်းထဲက ရေကို စမ်းရပြန်သည်။ ထိုနည်းရင်းပင်။ ပျိုးခင်း ရေငတ်ပြီး အားတိတ်မည်စိုး၍ ရေသွင်းရာတွင် ရေသွင်းရာမရောက်ဘဲ ရေနွေး'ဖျော'ရာ ရောက်မည်စိုးသောကြောင့် စမ်းကြည့် ငုံ့ကြည့်ရခြင်းပင်။

ပျိုးခင်းတွင်း 'ရေနေ'သည် ညီ၏။ ထိုအခါ ရည်းဆေးရှိုး ကျေနပ်၏။ လယ်ကွက်တွင်း ရေနေညီစေရန် အပင်ပန်းခံပြီး 'ကြမ်းပေါင်' ရိုက်ခဲ့သည် မဟုတ်လား။ မျိုးခင်းကို ပီတိမျက်လုံးဖြင့် စိန်းစိန်းကြည့်ရင်း စိုက်ခင်းခွဲလက်စ လယ်ကွက်ဘက်သို့ လျှောက်လာသော ရည်းဆေးရှိုးသည် နှမ်းခင်းအစပ်သို့ ရောက်လာ၏။

စူးစူး ဝါးဝါး တူးတူး ခါးခါး အော်လိုက်သော ကြက်တူရွေး တစ်စု၊ နှမ်းခင်းထဲတွင် ပါလေကာမျှ ကြဲဖက်ထားသော ပြောင်းဖူးပင်များမှ ဖြစ်သည်။ လူရိပ်မြင်သောကြောင့် အော်ဟစ် အချက်ပေးရင်း ထ ပျံခြင်းဖြစ်မည်။

ထိုအခါ မြေး ခင်မောင်ငြိမ်းသည် အာရုံတံခါးဝသို့ ရောက်လာချင်သည်။

'ဟယ် .. ကိုယ်မတတ်နိုင်တာကို ဘာဖြစ်လို့ တွေးပူနေရမှာတုံး'

အာရုံတံခါးကို ရက်စက်စွာ ပိတ်သည်။ တံခါးပတ္တာက သံချေးတက်နေ၏။

ဖျန်းခနဲ အသံကြောင့် လန့်၏။ စိုက်ပစ်ခဲ့သော ငန်းပြား ရေနူးပြီး လဲတာပါတကား အသိဖြင့် နှမ်းခင်းထဲ ဆင်းမိ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ငန်းပြားကိုပြန်စိုက်ရင်းက နှမ်းအုံကြီးဘေးသို့ ကပ်မိ လျက်သား ဖြစ်သွား၏။

မဆိတ် မဖွဲ့ရဘဲနှင့် အခွံတွေ အခက်အလက်တွေဖြင့် ဝေဆာနေသော နှမ်းပင်ကြီး။ နှမ်းပင်သည် စည်ကားလွန်း သောကြောင့် နှမ်းပင်နှင့်မတူ။ ခရမ်းပင်နှင့်သာ တူနေတော့ သည်။ အရှဉ်းလိုက် သီးနေသော နှမ်းသီးများနှင့် ဆည်း လည်းဆွဲသလို တန်းလန်းကျနေသလို အပွင့်ပြာကလေးတွေ ကြောင့်သာ နှမ်းပင်ဖြစ်ကြောင်း သိသာ၏။

ရည်းဆေးရိုး တောက်ခေါက်သည်။

'ကောင်းလိုက်တဲ့နှမ်းပင်ကွာ၊ တစ်ပင်ဘည်းကကို တစ် ပြည်ကျော်မလား မသိဘူး'

သူသည် ကြည်နူးစိတ်ဖြင့် နှမ်းပွင့်ကိုနမ်း၏။ မွှတ်မွှတ် မွှေးမွှေး အနံ့ကလေးကြောင့် ရင်မှာ ချမ်းမြေ့ရပြန်သည်။ ထိုအခါ ခုနက သံချေးတက်နေသော ပတ္တာသည် သံချေး ကွာ၍ တံခါးလုံးလုံး ပိတ်သွားပြီ။

ဆည်းလည်းပြာ နှမ်းပွင့်ကလေးတွေမှာ ရည်းဆေးရိုး၏ ရင်တွင်းဝေဒနာကို မသိကြ၊ လေဝယ် မြူးကြသည်။ လေနှင့်ဆည်းလည်းပြာတို့၏ကြားတွင် ရယ်မောသံ ညင်းညင်း ကို ကြားရယောင်ရှိ၏။ လေကလော၊ ဆည်းလည်းကလော၊ ရည်းဆေးရိုး၏ ဟာဒယကလော။

(၁၉၉၀၊ ဇွန်လ၊ သွေးသောက်မဂ္ဂဇင်း)

BURMESE CLASSIC .com

## ဂဠုန်မ တောင်ပံဖြန့်ကြက်လ

'လာကွာ ယိုင်ကွာ၊ အေး....မသိတဲ့လူက သိတဲ့လူကို အော်ငေါက်ပြီး လက်သီးလက်မောင်းတန်း၊ သဟောက် သဟန့်လုပ်တာကို သိတဲ့လူက ရယ်တယ်၊ သနားတယ်၊ အဲ သည်လို ပြုံးစေ့ပြုံးစေ့နဲ့ ကျိတ်ပြီး ပြုံးနေတာဖြစ်လို့လဲ ရှက်ရမှန်း မသိကြတော့ဘူး လား'

ရည်းဆေးရိုးသည် ကုပ်ချောင်းချောင်း ချဉ်းကပ်လာ သော ကြွက်နှင့်သောင်းလှိုင်အား နှုတ်ဆက်လိုက်ပြီးနောက် သူပြောလက်စစကားကို ဆက်သည်။

'ဂဠုန်ဆရာစံထတော့ ငါတို့ဘောင် လူလားမမြောက် တမြောက် ရှိသေးတာကလားကွ၊ အေး....နည်းနည်း စားနိုင် သောက်နိုင် လူကတော့ ထမခြောက် (ထမင်းခြောက်)ထုပ် တစ်ဖက်၊ အဝတ်ထုပ်တဖက်ဆွဲပြီး ချုံကောင်းကောင်းထဲ ဝင်တိုးတော့ဘာကလား'

'ချုံထဲက မြွေမကိုက်ဘူးလားဟင်'

ကတ်သီးကတ်သတ် ခင်မောင်လေးအမေးကြောင့် လူငယ်

www.burmeseclassic.com

www.burmeseclassic.com



မျှား ဝါးခနဲရယ်ကြ၏။ ရည်းဆေးရှီးလည်း ညိုညစ်ညစ်သွားဖုံးတွေပေါ်အောင် ပြုံးလိုက်ရသည်။

'စိန်အုတ်ရ ရေနွေးထည့်ပါဟ၊ သောက်ကြလဟ' လှမ်းပြောပြန်ပြီးမှ သူ့စကားကိုဆက်၏။

'ချုံဆိုတာက မင်းတို့အခုမြင်ဖူးတဲ့ချုံမျိုး မဟုတ်ဘူးကွဲ၊ ကနေ့ မင်းတို့ပြောပြောနေတဲ့ချုံကို တို့မျက်စိထဲမှာ ချုံလို့မမြင်ဘူး၊ ငါတို့ခေတ်တုန်းက ချုံဆိုတာက သစ်ပင်ကြီးတွေကို နွယ်ပင်တို့ ရုံတက်ပြီးဖြစ်လာတဲ့ ချုံကလား၊ ကျွဲတွေ၊ နွားတွေ၊ လှည်းတွေပါ သွင်းထားနိုင်တယ်၊ အိုဘွာ ကြက်တွန်သံတွေ၊ ခွေးဟောင်သံ၊ ကလေးငိုသံ မကြားလိုကတော့ မီးခိုးမထွက်လို့ကတော့ သည်ချုံထဲမှာ လူလေးငါးရာ ပုန်းနေပါကလား မသိအောင် ကြီးသဟေ့'

'အမယ်လေးလေး' ကြင်မောင် အော်သည်။ နိုးစပ်သော အသွင်သဏ္ဌာန်ကို ရှာဖွေရန် လည်တံဆန့်ပြီး၊ ချောင်းကမ်းပါးရှိ ပြည်ပန်းညိုပင်ကိုသာ သစ်ပင်အဖြစ်မြင်ရသည်။

'နောက်တစ်ခုကလဲ သည်ရွာရဲ့အနေအထားကွ၊ အဲသည်တုန်းက ရမ်းဘိုကုန်းရွာဟာ အခုချောင်းလယ်ကောင်လောက်မှာ၊ ဟုတ်ပလား၊ အဲသည် ရမ်းဘိုကုန်းရွာက တောင်ဘက်ကို ထွက်လာတဲ့အခါ ကွမ်းခြံတွေ တောင်တွေကို လွန်လာတော့မှ လှည်းလမ်း၊ အဲ လှည်းလမ်းဘေးမှာ သာဒွန်းဝမြောင်း၊ အဲသည်မြောင်းကို ကျော်သွားပြန်ရင် သစ်ပင်ကြီးတွေ၊ ချုံကြီးတွေ၊ အဲသည်ကလွန်တော့မှ ဘုရားဝိုင်းနဲ့ကျောင်းဝိုင်းကို ရောက်တာကလား။



လူငယ်တို့၏မျက်စိ၌ မထင်သာ မမြင်သာနိုင်ပြီး ရည်းဆေးရှီး၏အာရုံတွင်မူ စိမ့်ကြီးမြိုင်ကြီး ရိုင်ကြီးတောတောင်နှင့် သင်ကြီးဝါးကြီးအောက်၌ အေးချမ်းစွာ နစ်မြုပ်နေခဲ့သည်။ ရမ်းဘိုကုန်းရွာသည် ယင်းနေ ပေါ်လာလေ၏။

အရာအားလုံးတို့ လှုပ်နေသော လောကရင်ခွင်မှ မောင်ဆေးရှီး။

ငွေနှင်းမှုန်နှင့် ရွှေဥရွှေသီးတို့ပန်းတင့်နေသော ဆောင်းလ၊၊ အခြားသူတို့ ခိုက်ခိုက်တုန်ချမ်းပြီး မောင်ဆေးရှီး မချမ်း၊၊ တုတ်ခိုင်သောလက်မောင်းကြီးတွေ ကွေးပြီး ရင်ဘတ်ပေါ် ကပ်ထားရုံဖြင့် နွေးထွေးပြီး သူ့အာရုံတွင် အချိန်မီ စပါး ရိတ်ရန်၊ လက်စမသတ်သေးသော ပြောင်းခင်းကို အမြန် ရိတ်ရန်၊ ဤသည်မှတစ်ပါး သူ မသိ။

သူ့အဖေ ဦးကျန်ကြီး မည်သည့်အတွက် ဓားသွေးနေသနည်း။ စံအေးအဖေ၊ ကံရအဖေတို့နှင့် ခေါင်းချင်းဆိုင်ကာ မည်သည့်အရာတွေ ပြောဆိုနေကြသနည်း။ မည်သည်တို့ကို တိုင်ပင်ဆွေးနွေးကြသနည်း။ မောင်ဆေးရှီး မသိချင်ပါ။ စိတ်လည်း မဝင်စားပါ။

မောင်ဆေးရှီး စိတ်ဝင်စားသောအရာမှာ ရွာထဲမှ 'မဒီ' ကလေးတွေဖြစ်၏။ ဖြစ်သော်ငြား၊ မည်သူမည်ဝါ သတ်သတ်မှတ်မှတ် မဟုတ်။ အားလုံးကို သူသဘောကျသည်။ အားလုံးသည် လှ၍ အားလုံးကုန်မှာ သဘောကျစရာ ကောင်းသည် မဟုတ်လား။

သို့သော် မောင်ဆေးရှီး မသိချင်သောအရာနှင့် မောင်

www.burmeseclassic.com



ဆေးရိုး စိတ်ဝင်စားသောအရာတို့သည် မောင်ဆေးရိုးထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလေ၏။ ရောက်လာချိန်မှာ မွန်းတိမ်းစလာသာ။

တံစဉ်ကို ပခုံးချိတ်လျက် မောင်ဆေးရိုး လယ်ကွက်ထဲမှ တက်လာသည်။ ကြည်စင်သော ကောင်းကင်ပြာသည် မိုးအတွက် မကြောင့်ကြနှင့် နှစ်သိမ့်နေသယောင်ရှိ၏။ မြောင်းပေါင်အေး သရက်ပင်အုပ်အောက်တွင် အမေရှိသည်။ အဖေရှိသည်။ ထို့ပြင် ထမင်းထုပ်ရှိသည်။

သို့ကြောင့် မြောင်းပေါင်ကွေ့ကို ဖြတ်တက်သည်။ အမေနှင့် အဖေတို့ ငုံ့နေမည့်နေရာကို မျှော်ကြည့်သည်။ ဖွေးဖွေးလက်သော အရာတစ်ခုကို သင်းခနဲ မြင်ရသည်။

သည်မှာဖြင့် ကောက်ခြေတောင် မပြတ်သေးဘူး။ နာနတ်သီး ဘာလာ လုပ်တာပါလိမ့်။ အတွေးဖြင့် မောင်ဆေးရိုး သွက်သွက်လှမ်းသည်။

သူလှမ်းမြင်ရသောအရာမှာ မောင်ဆေးရိုးတို့ လုပ်သောလယ်၏ပိုင်ရှင် ချစ်တီးလေး နာနတ်သီးဖြစ်၏။ သူ၏ ဖြူဖွေးသော ဟာဝတ်သည် မြောင်းပေါင်ကိုလည်း အုပ်၏။ အသားမဲ့ခြောက် အင[illegible]ညက်သော ဒေါ်ကြယ်စိုးကိုလည်း ဖုံး၏။ တစ်တိုင်အငေ[illegible] ပြင်သာသော ချစ်တီး၊ သူသည် သွားအဖွေးသားဖြင့် မောင်ဆေးရိုးကို နှုတ်ဆက်၏။

'ကန်ကလေး၊ မောလာသလား'

'ဟား၊ မောတာပေါ့ဗျ၊ ခင်ဗျားတို့လို ထိုင်နေရတာမှ မဟုတ်တာ'



ချစ်တီး ရယ်ပြန်သည်။

'ဗဘားရိတ်တာ ကုန်းပြီလား'

'မကုန်သေးပါဘူးဗျာ၊ ၃-၄ ရက်စာတော့ ကျန်ဦးထင်ပါ၊ အမေ ထမင်းဆာလှပြီဗျာ၊ နာနတ်သီး စားခဲ့ပြီးပြီလား'

မောင်ဆေးရိုး အလုပ်များလှသည်။ ချစ်တီးနှင့် စကားပြောရာက အမေ့ကို လှမ်းပြောသည်။ အမေ့ကိုပြောရာက ချစ်တီးကို ပြောရပြန်သည်။

'စားခဲ့ပြီး ကန်ကလေး စား'

'ဟဲ့ ... နင့်အဖေ လာတော့မယ့်ဟာပဲ၊ စောင့်ပါဦး'

ဒေါ်ကြယ်စိုးသည် ထမင်းထုပ်ကို ဖြေနေရာက လည်ပင်းရှည်ရှည် ပြောသည်။ ဦးကျန်ကြီး ရိတ်နေသည့် ကျင်းလယ်များမှာ မြောင်းတစ်ဖက်ကွင်း ရှိနေသည်။

'လာခဲ့ပါပြီ အမေရ၊ အဖေ့ဖို့ ဦးချထားပြီး ခူးပေးစမ်းပါ'

ရေနံဝေနေသော နှီးခမောက်ကြီးတစ်လုံး ကိုင်းပင်များကြားမှ ရွေ့လျားလာသည်ကင်မှ၏။ ခင်စစ် ခမောက်ဆောင်းထားသေး[illegible] အင်္ကျီချွတ်နှင့် ဦးကျန်ကြီးသာ ဖြစ်ပေ၏။

'ဟာ ....လူလေး၊ ဆာပြီလားကွ'

ရှင်ရှင်ပျပျ တက်လာခဲ့ပြီး၊ သရက်ပင် ပင်စည်အကွယ်ရှိ နာနတ်သီးကို မြင်သည့်အခါဝယ်၊ ဦးကျန် စိုးရိမ်ထိတ်လန့် အသွင်သို့ပြောင်း၏။

'ဟင်....နာနတ်သီး'

www.burmeseclassic.com

www.burmeseclassic.com



'ဝုတ်တယ် ဝူးကျန်ကြီး၊ သူ့ဒွေးလွှတ်လိုက်တယ်၊ အခါ မကောင်းဘူး'

ဦးကျန်ကြီး လက်မြှောက်ပြီး ဟန့်တားသည်။

'ဒါတွေ ပြောမနေနဲ့ နာနတ်သီး၊ မင်းတို့ ပြောစရာရှိရင် မင်းတို့တိုက်ကို ငါလာခဲ့မယ်၊ အခါမကောင်းဘူး ပြန်တော့'

'ကျေးဇူးတင်တယ် အာင်ကိုရာ၊ အခါမကောင်းတဲ့အတွက် စပါး'

ဦးကျန်ကြီးမှာ ရွှေလိုင်းအိမျှားဝန်းရံထားသည့် ဝန်းကျင် ပတ်ချာကို မျက်စိကစားနေရာက လူပ်လှုပ်ရှားရှားဖြစ်သည်။

'တယ်လျှာရှည်တာပဲ၊ သွား....သွား ငါလာခဲ့မယ်'

ချစ်တီး စာရေးလေးအား စကားဆက်ခွင့်မပေး၊ အတင်း တွန်းလွှတ်သည်။လွှတ်ရသည့်အကြောင်းရင်းမှာ ရိုးပြတ်များ၊ ကောက်ပင်များနှင့် လယ်ကန်သင်းအတိုင်း တရွေ့ရွေ့လာနေသည့် လယ်သမားများကြောင့် ဖြစ်ပေသည်။

ချစ်တီးယား၏ ထင်ရှားသောအဝတ်သည် သူ၏ သေမင်းမျှားကို ဖိတ်ခေါ်နေခြင်း ဖြစ်သည်။ သို့အတွက် တံစဥ်ဆွဲ ဓားဆွဲ ပုစွန်လုံးကျစ်စာခဲကောက်လျက် ချစ်တီးထံ ဦးတည် လာကြသည်။ကျွဲနွား အိမ် ထွန်တုံးထွန်သန်ပါမကျ ကောက်ရိုးပုံကိုပါ သိမ်းယူပြီး၊ လယ်သမားများ၏ မျက်ရည်ပင်လယ် ဝေအောင် လုပ်ခဲ့သော ချစ်တီးမှာ အဘယ်ချစ်တီးနည်း။ လယ်သမားများ မသိပါ။ နဖူးတွင် ပြာသုတ် အပြောက်ကလေး တို့ကာ၊ ဒိုတီပါးလွှာလွှာကလေး မလုံမလဲ ဝတ်ဆင်ထားသည့် ချစ်တီးဟုသာ သိသည်။



ဦးကျန်ကြီးတို့ လယ်ပွဲမှာ ချစ်တီး ရောက်နေသဟော၊ တစ်ယောက်စကား တစ်ယောက်နားဖြင့် ကြားရသည်။ တလူလူ လွင့်နေသည့် ဖြူဆွဆွအဝတ်။

'လယ်သမားဂဠုန်တွေက သာယာဝတီဘက် သရက်ဘက်မှာ ဂေါ်ရာတပ်တွေကို တိုက်တာ မြင်မကောင်းဘူးဆိုပဲ'

သည်သတင်းကြောင့် ခေါင်းထောင် နားစွင့်ခဲ့သော လယ်သမားများသည် ယခု နာနတ်သီးကို ဝိုင်းရံလာကြပြီ။ ဤသည်ကို နာနတ်သီးမမြင်။ ဦးကျန်ကြီးမြင်သည်။ သို့အတွက် မြင်သာထင်သာသော မြောင်းပေါင်ပေါ်မှ ကိုင်းတောဘက်ဆီ တွန်းချပေးလိုက်ခြင်း ဖြစ်သည်။

နာနတ်သီး ဆင်းသွားသော်ငြား ဦးကျန်ကြီး စိတ်မချသေး။ 'ဟာ....မဖြစ်သေးပါဘူး၊ ငါလိုက်ပို့ဦးမှပါ' ရေရွတ်ပြီး မြောင်းပေါင်တစ်ဖက်ဘေးသို့ ပြေးဆင်းသွားလေသည်။

မောင်ဆေးရိုးသည် ထမင်းစားလျက်ကျန်ရစ်၏။ သူလည်း အစသော် အမှတ်မဲ့။ 'နင့်အဖေ မြင်ပေလို့၊ နင့်အဖေမမြင်ရင် နာနတ်သီးသေတယ်' အမေပြောမှ ဟိုဟိုသည်သည် ကြည့်မိသည်။ စုံ၍စု၍လာသော လူအုပ်။ ဝန်းရံပြီး ချဉ်းကပ်လာသောလူများ။

သရက်ပင်ရိပ် မြောင်းပေါင်ပေါ်သို့ လွှားခနဲ လူ ငါးယောက် ရောက်လာသည်။ ငှက်ကြီးတောင်မားနှင့် ဓားမ ကိုင်ထားသူများ။

'ချစ်တီးကုလား....ချစ်တီးကုလား၊ ဘယ်ရောက်သွားတုံး'

www.burmeseclassic.com

www.burmeseclassic.com



မေးလည်းမေးသည်။ ဝန်းကျင်ပတ်ချာ ဗောက်ခွဲတော၊ သန်သတ်ချုံ၊ ကြောင်ပန်းချုံ၊ ခွေးလေ့းယားချုံ၊ ကလိန်ချုံများကို ဓားဖြင့် လိုက်လံခုတ်ကြသည်။ ထိုးဆွကြသည်။

မောင်ဆေးရိုးသည် ထမင်းဇလုံကိုင်သျှက် ထရပ်သည်တွင် အမေက ပခုံးကို ဖိသား၏။

'စား....လူလေးစား၊ ကိုယ့်ထမင်းကိုယ်စား'

'ချစ်တီးကုလားကို ဘယ်မှာဝှက်ထားလဲ၊ မှန်မှန် ပြောစမ်း'

'ပြန်သွားပါပြီခကာ'

ငေါက်ငေါက်ငမ်းငမ်း မေးသံများကို ဒေါ်ကြွယ်စိုးကမှု သိမထင်မလေဟန် ပြောင်းဖူးဖက်ဆေးလိပ်ကြီး အငေါ့သားဖြင့်အေးဆေးစွာ ဖြေ၏။

'မှန်မှန်ပြောနော်'

'ခုလောက်ရှိ တာလမ်းပေါ်ရောက်လို့ ရထားတစ်စင်းစင်းနဲ့ ပါသွားရောပေါ့ဘော်'

မျှားသည်ထက် မျှားလာသော လူအုပ်ကြီးသည် လယ်ကွက်ထဲသို့ ပြုံဆင်းသွားသည်။ တာလမ်းဘက်သို့ အော်ဟစ်ပြေးလွှားသည်။ ချစ်တီးစာရေး နာနတ်သီးမှာ အမှန်ပင်တောင်မှလာသော မြင်းလှည်းတစ်စီး စီးလျက် ထွက်ပြေးလွတ်မြောက်သွားလေပြီ။

ဦးကျန်ကြီးမှာ ဆာလည်းဆာ တာဝန်လည်း ပြီးသဖြင့်သရက်ပင်ရိပ်သို့ ပြန်လာသောအခါ ဓားကိုင်၊ တံစဉ်ကိုင်လူနှစ်ဆယ်ခန့်နှင့် ဆုံမိရသေးသည်။



'ဟော့....ဟိုချစ်တီးစုတ်ကို ဘယ်မှာ ထားခဲ့လဲ'

'ပြန်သွားပြီ'

'ဘာလာလုပ်တာတုံး'

'အခါမကောင်းလို့ စပါး စောစောပို့ပါ လာပြောတာလေ'

'ချုံထဲမှာတင် ရိုက်သတ်လိုက်ပါတော့လား'

ဦးကျန်ကြီးသည် မြောင်းပေါင်ခြေရင်း လယ်ကွက်တွင်းရှိ သုံးလေးတောင်နက်သော ရေတွင်းကလေးမှ ရေခပ်ပြီး တက်လာ၏။ သူသည် နှီးရေပုံးကို မချသေးဘဲ ဒေါသမိုးဆင်နေသူများကို လှည့်ပတ် အကဲခတ်၏။

'ကျုပ်လဲ သူနဲ့လိုက်သွားရင်းက ခင်ဗျားတို့ ပြောသလိုပဲ ဒီချစ်တီးကို သတ်ပစ်ရကောင်းမလား စဉ်းစားတယ်'

'ဘာစဉ်းစားစရာ လိုသေးလို့တုံး၊ ငါတို့ လယ်သမားတွေကို ဒုက္ခပေးတဲ့ကောင်တွေ သတ်ပစ်လိုက်ရင် အေးတာပဲ'

'ဒါပေမယ့် ကျုပ် စဉ်းစားတယ်၊ ဒီချစ်တီးက ချစ်တီးသူဌေးရဲ့ စာရေး၊ သူ့ကိုသတ်လိုက်လဲ လူသတ်မှုပဲ အဖက်တင်မယ်၊ ချစ်တီးလက်ထဲက လယ်ဟာ ကျုပ်လက်ထဲ ပြန်မရောက်ဘူး အဲဒါ စဉ်းစားမိလို့ မသတ်တာ'

'တစ်ယောက် သေလဲ အေးတာပေါ့' ပြောသူရှိငြား ဦးကျန်ကြီး စကားကို အလေးအနက်ထားဟန်ရှိသူက များပြားသည်။ ဒေါသ မျက်နှာများသည် လေးနက် တွေငြိမ်မှုဘက်သို့ ပြောင်းသွားကြသည်။

ဦးကျန်ကြီး ထမင်းထိုင်စားပြီး ဓားကိုင် တံစဉ်ကိုင်များ

www.burmeseclassic.com

www.burmeseclassic.com



သည် တွေဝေ မျက်လုံးများဖြင့် အလျှိုအလျှို ဆင်းသွားကြလေသည်။ သူတို့ ဆင်းသွားပြီး၊ ဒေါ်ကြွယ်စိုး အကြောက်မပြေပေ။ တောင်မြောက် လေးပါးကို မျက်လုံးပြူးကြီးဖြင့် ကြည့်နေ၏။

'သူတို့က နာနတ်သီးကို ဘာပြုလို့ သတ်ချင်ရတာတုံးဟင်'

မောင်ဆေးရိုး၏ မေးသံကြားမှသာ သူတို့ရှေ့တွင် သူတို့သား ရှိနေပါကလားဟု သတိရကြ၏။

'နာနတ်သီးတို့ ချစ်တီးတွေက ပုလိပ်တွေ သူကြီးတွေ ခေါ်လာပြီး လယ်သမားတွေရဲ့ စပါး လှည်း နွား ထွန်တုံး ထွန်သန်က အစ နေစရာအိမ်ပါ မကျန်အောင် အကြွေးနဲ့ သိမ်းသွားပေါ့'

'ဩော် ဩော် ဩော်' ဆိုသည့် ခဏဝယ် ခုတင်ကြီးစုဘက်တွင် ချစ်တီးများက လယ်သမား၏အိမ်ကို ဖျက်ယူနေကြပုံကို မြင်ယောင်လာသည်။ ရွာထဲက လယ်သမားနှစ်ဦးလည်း လယ်အသိမ်းခံရရုံဖြင့် ကြွေးမကျေသည့်အတွက် လှည်းနှင့် နွားပါ သိမ်းယူပုံကို တစ်ဆက်တည်း မြင်သည်။

တစ်အိမ်က ငတောက်တို့ အဖေ့အိမ်။ နောက်တစ်အိမ်မှာ မိသေးတာတို့အိမ်။

ငတောက်တို့ အမေသည် ပုလိပ်ကို ပြေးပြီး ရှိခိုးလိုက်၊ ချစ်တီးထံ ပြေးပြီး ဒူးဖက်လျက် မျက်ရည်ရွှဲဖြင့် တောင်းပန်နေပုံသည် မောင်ဆေးရိုးရင်ထဲ၌ အသစ် ပေါ်ပေါက် လှုပ်ရှား၏။



'အရာကြီးရယ်၊ ကြွေးကို မကျေမချင်း ဆပ်ပါ့မယ်၊ ဒါသည်နွားကလေး တစ်ရှဉ်းတော့ ချမ်းသာပေးကြပါ၊ ဒါလေးမှမရှိရင် ခြေလက်ရိုက်ချိုးသလို ဖြစ်မှာပါတော်'

အမေကြီး အဒေါ်ကြီး စသည်ဖြင့် အလွန် ယဉ်ကျေးမြဲ ချစ်တီးများသည် ယခုအခါ၌ နားမပါကြပြီ။ တွန်းဖယ်ပြီး ကန်ကြိုးကိုဖြေသည်။

'ဟေ့ ငါ့နွားတွေ မထိနဲ့'

ငတောက်။

'ဟဲ့....လူလေး လူလေး'

ငတောက်သည် သစ်ပင်ချိုင်သော ငါးပိဿာစီးဓားမကြီးကိုင်မြှောက်လျက် ပြေးလာသည်။ ပြေးလာပြီး ချစ်တီးများထံ မရောက်။ ငတောက်နည်းတူ ပြေးလာသည့် ပုလိပ်တစ်ယောက်၏ သေနတ်ဒင်ဖြင့် ခတ်အောင့် ခံလိုက်ရသည်။ ငတောက် တခြား၊ ဓားတခြား လွင့်သွားသည်။

တစ်ပြိုင်နက်တည်း ချစ်တီးသိမ်းခံရသော မိသေးတာတို့ အိမ်မှာသည်း အိမ်ခွံသာ ကျန်တော့သည်။ လှည်း နွား ထွန်တုံး ထွန်သန် ထယ် ပေါက်ပြား ငန်းပြားတို့ဖြင့် ကြွေးမကျေ။ သို့အတွက် ယင်ပန်းကို ဆွဲချသည်၊ ကျောက်ကာ ထွမ်းအုပ် မှန်။

သည်အထိဖြစ်နေကာမှ မိသေးတာ သိဟန်တူသည်။

'နမကြီးဟာ အမေတို့ဥစ္စာ မဟုတ်ဘူး၊ ကျုပ်ဟာ ကျုပ်ဟာ၊ ကျုပ်ကို အမေကြီး ခံပေးထားတာ'

မိသေးတာသည် အရှူးသဖွယ် အော်သည်။ ချစ်တီး လက်

www.burmeseclassic.com

www.burmeseclassic.com



ထဲက နွား 'ကန်ကြိုး' ကို အတင်း ဝင်လုသည်။ ချစ်တီးက ဟွန်းပစ်သည်။ မိသေးတာ ယိုင်သွားသော်လည်း ကန်ကြိုးက မလွတ်။ ချစ်တီးက ပါးရိုက်သည်။ မိသေးတာ ခေါင်းလည် ထွက်ကာ သွေးပုပ်တွေ စီးကျ၏။ ကန်ကြိုးကိုမူ မလွတ်။ ဤသို့ဖြင့် ချစ်တီး ကန်ကျောက် ရိုက်နှက်နေသည့် ကြားက မြေပြင်မှာ တရွတ်တိုက်လျက် ပါသွားလေ၏။

ပုလိပ်ဆိုလျှင် ရဲရဲမကြည့်ဝံ့သော ရွာသူများ၏ မျက်ခွက်တွင် မျက်ရည်ပြည့်လာသည်။ တစေ့တစောင်း ချောင်းကြည့်နေသော ရွာသားများ၏ရင်တွင်း၌ မခံချင်စိတ်များ အလိပ်လိုက် တက်သည်။

'ဟေ့ ခွေးကုလား၊ ခုလွှတ်၊ နိုင့်ထက်စီးနင်း မလုပ်နဲ့၊ ခုလွှတ်'

အော်ဟစ်သံများ ပြိုင်တူ ထွက်လျက် တဲကြိုတဲကြားမှ တုတ်ဓားကိုင် လူအုပ်ကြီး ပြုဆင်းလာသည်။ ချစ်တီး ခမျာ မထင်မှတ်သောအဖြစ်။ သို့ကြောင့် 'ဆပ် ဆပ်....ဘာရားဆပ်' အော်ကာ ပုလိပ်များထံ ပြေးကပ်ကြ၏။ မိုးပေါ်သောင်၍ သေနတ်နှစ်ချက် ဖောက်လိုက်၊ လူအုပ်ကြီး ပြိုကွဲ၏။

သို့သော် မိသေးတာ၏ ခမဲနွားမကြီး လွတ်မြောက်သွားပြီ။ မိသေးတာသည် နွားမကြီး၏လည်ပင်းကိုဖက် ဟီးလေးခိုလျက် တောအုပ်ထဲသို့ လိုက်ပါသွားလေ၏။

မိသေးတာနှင့် နွားမကြီး လွတ်သွားသဖြင့် ဖြစ်ပေါ်သော စမ်းသာမှုသည် ရမ်းဘိုကုန်း ရွာသူရွာသားများ၏ ရင်၌



ထာရှည် မတည်။ ပြေးနိုင်သော နွားမကြီးအစား မပြေးနိုင်သော အိမ်ကို ဖျက်ယူကြလေ၏။

'ပုလိပ်တော်မင်းတို့ရယ်၊ မြန်မာအချင်းချင်း ညှာတာပါဦးရှင်၊ ကိုယ်ချင်းစာကြပါဦး၊ ကျွန်မတို့ ဘယ်မှာ နေရမတုံးရှင့်၊ ခွေးလိုဝက်လို သစ်ပင်အောက်မှာ နေကြရတော့မလားရှင်'

'ဩော် ဩော် ဩော်' ဆိုသည့် ခဏ၌ မောင်ဆေးရိုး၏ စိတ်အာရုံ၌ထင်လာသည့် အရုပ်များကြောင့် မောင်ဆေးရိုး လက်သီးဆုပ်၏။ အံကိုကြိတ်၏။ ဒါကြောင့် လယ်သမားတွေ ဝိုင်းလာကြတာပါကလား ရင်တွင်း၌ ညည်းရာမှ လွှတ်ခနဲ ထွက်သွား၏။

'ဒါနဲ့များ အဖေရာ၊ သူ့ဘာသာသူ သေသေပေါ့၊ ဘာပြုလို့ ကယ်ဆယ်ရသလဲလို့'

ဦးကျန်ကြီးမှာ ယခုမှ ထမင်း စတင် စားသည်။ မောင်ဆေးရိုး၏အမေးကို ရုတ်တရက် မဖြေ။ ရွှေရောင် ရှိုးပြပ် တောကို စူးစူးကြီး ငေးကြည့်နေပြီးမှ ဖြေသည်။

'ဝိုင်းလာတဲ့ လူတွေ တစ်ယောက်တစ်ချက် ဖနောင့်နဲ့ ပေါက်ဦး သည်ချစ်တီး သေတယ်၊ ဒါပေမယ့် ဘယ်သူ့လက်ချက်လဲဆိုတာ ဘယ်သူမှမပြောနိုင်ဘူး၊ အေး....ချစ်တီးတိုက်မှာတော့ နာနတ်သီး ဘယ်သွားလဲ၊ မောင်ကျန်ကြီးဆီ သွားတယ်၊ ဒီအခါမှာ ဂတ်က ကျန်ကြီးလာခဲ့၊ နာနတ်သီးကို ဘယ်သူသတ်သလဲ၊ မသိပါဘူး၊ အဲသည်မသိပါဘူးက

www.burmeseclassic.com

www.burmeseclassic.com



နေပြီး ကျွန်တော်သတ်ပါတယ် မပြောမချင်း ဒုက္ခမီးကြီး လောက်တော့မှာပဲ သားရေ

မောင်ဆေးရိုး တောက်ခေါက်သည်။

အေး....အဲဒါနဲ့ ပြီးမယ် ထင်သေးလား' အမေ ဒေါ်ကြွယ်စိုး၏ အဖြည့်အစွက်စကား။

'နွားနတ်သီးကို ကျွန်ကြီးသတ်ရာမှာ ကြံရာပါအဖြစ် မသက်ဘူးဆိုပြီး ငါ့သားကို လာမခေါ်ဘူးလို့ ဘယ်သူမှ မပြောနိုင်ဘူး၊ ငါ့သားသာ အဖမ်းခံရရင်တော့ ရှိတဲ့ လှည်း နွား ပြောင်တော့မှပဲ လွတ်မယ်'

ဤအခါတွင်ကား မောင်ဆေးရိုးမှာ သက်ပြင်းရှိုက်နေမိတော့၏။

'ဒီမယ် လူလေး၊ အဖေ ပြောမယ်၊ စောစောက အဖေ ပြောလိုက်သလိုပေါ့၊ သည် နွားနတ်သီးကိုသတ်လိုက်လို့ အိမ်ပျော၊ နွားတွေ၊ စပါးတွေ ပြန်မလာဘူး လူလေး၊ သူတို့တိုက်က မီးခံသေတ္တာထဲမှာ စာချုပ်တွေ စာရင်းတွေ ရှိနေတာကလား၊ အဲဒါကြောင့် ဒီချစ်တီးသေရင် နောက်ချစ်တီး တစ်ယောက်က စာရင်းဇယားတွေ လှန်ကြည့်ပြီး လုပ်မှာပဲ'

'ချစ်တီးတိုက်ကို ဝင်စီးမယ် အဖေ'

ဦးကျွန်ကြီး လေးကန်စွာ ခေါင်းညိတ်သော်လည်း လက်ဝါးကာလျက် ဟန့်တားဟန်ပြု၏။

'အဲဒါက တစ်ကဏ္ဍပေါ့ကွာ၊ အဖေပြောချင်တာကတော့ သတ်လိုက်ပါလား သတ်လိုက်ပါလား၊ ဒေါသအလျောက် ပြောပြောနေကြတယ်၊ သို့ပေမယ့် လူတစ်ယောက်ရဲ့ အသက်



တာ ဖြစ်ခဲ့တယ်၊ သတ်မိရင်လဲ နောင်တ အသာထားဦး၊ ယက်ငင်းဘဝမှာကို အပြစ်က လွတ်ခဲ့တယ် လူကလေး'

အဖေ့အသံသည် မောင်ဆေးရိုး၏ ညာနားဝင်၍ ဘယ်နားမှ ထွက်၏။ မောင်ဆေးရိုး၏အာရုံတွင်ကား ခုတင်ကြီးစိုမှ မြင်ကွင်း၊ မိသေးတာ၊ ပေါက်တို့၏အိမ်များမှ မြင်ကွင်းများကသာ ကြီးစိုးနေလေ၏။

'အဘ ဥစ္စာက ချုံကြီးတွေအကြောင်းနေရာက ဘယ်လို လုပ်ပြီး ဂဠုန်ဆရာစံနဲ့ ချစ်တီးအကြောင်း ရောက်သွားတာ တုံး ဘရ'

ခင်မောင်လေးက ဖြတ်မေးမှ ရည်းဆေးရိုး၏ အနိဋ္ဌာရုံများ ပြယ်သည်။ မျက်တောင်ကို ပုတ်ခတ်လုပ်နိုင်သည်။

'ဂဠုန်ကို စိတ်ဆောင်နေလို့ဟေ့၊ အင်း....နေပါဦး၊ ငါ့စကား ဘယ်ကစခဲ့တာပါလိမ့်၊ အဲ ဟုတ်ပြီ၊ ကျော်ဇင်ဦးက ဂဠုန်စီမံချက်နဲ့ ဂဠုန်ဆရာစံကို ဘူးလုံးနှားမထွင်း ရောပြီး ပြောရာကစတာ၊ အေး....ဟုတ်တယ်၊ အဲဒါကြောင့် မသိရင် အသာနေကွ ဟုတ်လား ကျော်ဇင်ဦး၊ ဂဠုန်စီမံချက်ဆိုတာ ပေါ်လာတော့ ငါ အဘော်မြစ်ရနေပြီ ဟုတ်ပြီလား'

စကားက ကလနားသတ်လိုက်ပြား ရည်းဆေးရိုးရင်တွင်းမှ ဂဠုန်ဆရာစံ၏ တောင်သူလယ်သမားအရေးတော်ပုံ ပွဲတော်ကြီးက ဟိန်းညံနေဆဲသာ။

(၁၉၉၀၊ စက်တင်ဘာလ၊ သွေးသောက်မဂ္ဂဇင်း)

www.burmeseclassic.com

www.burmeseclassic.com

# ဖောက်ချွင်းပေါင်းနံ့ လှိုင်လှိုင်ကြူ

'အဘိုးကြီးအို၊ ကနေ့လယ်ပြင် သွားဦးမှာလား၊ သွားမှာဆိုရင် ချဉ်ပေါင်ဟင်းအကျန်နဲ့ ထမင်းကြမ်းနဲ့ မွှေပြီး နွေးလိုက်မယ်။

နွားတင်းကုပ်ထဲမှ ရည်းကျည်းဒန်၏ အသံ ဖြစ်သည်။ သူသည် ထန်းဖုံးဖတ် အတို့နှစ်ခုဖြင့် နွားချေးပုံများကို ကျုံးယူဖယ်ရှားနေရင်းက လှမ်းမေးခြင်း ဖြစ်ရမည်ဟု ရည်းဆေးရိုး လှည့်မကြည့်ဘဲသိ၏။

'ကနေ့တော့ စောင်ရန်းတန်းတွေ ပြင်ရဦးမယ်ဟာ၊မသွားတော့ပါဘူး'

ရည်းဆေးရိုးသည် ပြန်ဖြေရင်းက အိမ်ရှေ့သို့ ကြည့်၏။ 'သန်း' သားတိုင်များ စိုက်ကာ 'သန်းခက်' ချည်နှောင်ထားသည့် စောင်ရန်းတန်း။ သည်စောင်ရန်းတန်း အသစ်ဘဝ တုန်းက ခွေးသော်မျှ မတိုးနိုင်။ ယခု နွားဝင်နိုင်ပြီ၊ ကျိုးသည်ကကျိုး၊ လဲသည်ကလဲ၊ ပြုတ်ကျသည့်တန်းက ပြုတ်ကျ။

ပြုတ်ကျသည့် တန်းများမှာ အစိုအစေ့ မရှိတော့ပါ။ နွားတစ်ကောင်၏ အမြီးနှင့် ငြိပါသွားသော တန်းသည်



မည်သို့လျှင် သည်စောင်ရန်း တန်းဘေး၌ ရှိနိုင်ပါမည်နည်း။ လှည်းချင်း အရှောင်တွင် လှည်းတစ်စီးစီး၏ ပုံတောင်းနှင့် ငြိပါသွားသည့်တန်းသည် အခြားနေရာမှာ ပျောက်ပိုက်နေလိမ့်မည်။

ရည်းဆေးရိုး ကြည့်နေဆဲ၌ စောင်ရန်းတန်းသည် မှုန်စပြားလာ၏။

'ဟ....သည်မျက်လုံးက စောစောစီးစီး ဘာဖြစ်ရတာတုံး။

ထန်းပင်မြစ်ခွံနှင့် ပြာမှုန်များ ပေကျံနေသော လက်ချောင်းသည် မျက်လုံးထောင့်များပေါ်သို့ ရောက်ရှိသွားသည်။ သို့ရာတွင် ရည်းဆေးရိုး၏အမြင် လင်းကြည်မလာပါ။ သို့အတွက် ကျောဘက်ရှိ ချောင်းပြင်သို့ လှမ်းမျှော်ကြည့်ရသည်။ နှင်းမှုန်ပြာဝေနေသည့် စလင်းချောင်း။ တရိပ်ရိပ်တက်နေသည့် ရေငွေ့နှယ်တွန့်များ။ သည်ပေါ်မှာ အဖြူဆုပ် အဖြူပြန့်ကြီး ပြေးလွှားနေသည်။

'လက်စသပ်တော့၊ မှိုင်းကြီး ဝေလာတာကို ငါ့မျက်စိအလိုလိုနေရင်း မှုန်လာတယ်ထင်တာကိုး။

ထိုအတွေးဝင်လာတော့မှ ရည်းဆေးရိုး စိတ်သက်သာရာရ၏။ တစ်ဆက်တည်း ဖိုခုံလောက်ပေါ်ရှိ အကြမ်းပန်းကန်ကို ကောက်မော့ရာက ကျန်လက်တစ်ဖက်က မီးပိုအစပ် ပြာပုံထဲတွင် ခေါင်းထိုးထားသည့်'ထန်းပင်မြစ်'ကို ဆွဲထုတ်သည်။ ခေါင်းပိုင်းနှင့် အခွံများပါ ကျွမ်းနေသည့် ထန်းပင်ဖြစ်' ထန်းစေ့မှတ်နှင့် ထန်းပင်မြစ်တို့ ဆက်စပ်သည့်နေရာမှ ဖြူဖြူ

www.burmeseclassic.com

www.burmeseclassic.com



အဖုကလေးသာ အမြီးဖျား၌ မကျန်ခဲ့လျှင် ထန်းပင်မြစ်ဟု သိရန်မလွယ်ချေ။

ရည်းဆေးရိုးသည် ထန်းပင်မြစ်ကို အမြီးပိုင်းမှကိုင်ကာ သစ်တုံးပေါ်တွင် မွေးထောင်သည်။ ဝါးနှီးစကလေးဖြင့် ခြစ်ချသည်။ ကမ္ဗလာနက်ထဲမှ ဆင်စွယ်နှစ် ထွက်လာဘိသို့ ဝင်းသစ်သော ထန်းပင်မြစ် အသားပေါ်လာသည်။

သည်ထန်းပင်မြစ်ကို အမြီးမှာင် ထက်ခြမ်း ဆွဲခွဲသည်။ ရှဲခနဲ မြည်သံနှင့်အတူ သင်းမြရနံ့ လွင့်ထွက်၏။ အခွံမခွာမီ မခြမ်းမီကပင် မွေးနေသောရနံ့သည် ထက်ခြမ်းခွဲပြီးသော အခါ ရည်းဆေးရိုး သွားရည် ယိုလာတော့၏။

သွားရည်ကို လက်ဖြင့် သုတ်သည်။ ပါးစပ်ညာဘက် ထောင့်၌ အစင်းမဲကြီး ထင်သွားပြီး ပါးစပ်ပေသော်လည်း ရည်းဆေးရိုး မစားနိုင်သေးပါ။ အူတိုင် ထုတ်ရသေး၏။ အခြမ်းများကို သုံးချိုး လေးချိုး ချိုးဖဲ့ရသေး၊ အမျှင်ဖယ် ရသေး၏။

စားရန် အသင့်ဖြစ်ငြား ရည်းဆေးရိုး မဝါးနိုင်သေး။ ထောင်းရဦးမည်။ ထောင်းရန် သံဆုံ အဘယ်မှာနည်း။ မန်ကျည်းပင် ခြေရင်းသို့ လှည့်မကြည့်ဘဲ ဘယ်ဘက်လက်ဖြင့် စမ်းသည် ယမ်းသည်။ မဲစမ်းမိ လှည့်ကြည့်သည် မရှိပါ။

'ဟဲ့....သံဆုံကောဟ ကျည်းဒန်ရ'

'တော့ မြေးတွေဆေးထောင်းဖို့ ငှားသွားပါကော'

ရည်းကျည်းဒန်သည် နွားနှစ်ကောင်ကို ရွှေနောက်ထားလျက် တင်းကုပ်ထဲမှ ထွက်လာပြီး'



'ပြီး....ပြီးချင်း ပြန်ပို့ကြ သေသေချာချာ မှာလိုက်ရှ သွားနဲ့'

မန်ကျည်းပင်၏ တစ်ဖက်အရိပ်ရှိ 'ကောက်ရိုးချိုင့်' တွင် နွားနှစ်ကောင်ကို ချည်ရင်းက 'မနဦး ဦး၊ ကျုပ် လိုက်ယူ ချေမယ်' ဆက်ပြောရာက ထဘီပြင်ဝတ်သည်။

'နေ နေ မသွားနဲ့၊ နင့်မလဲ ချက်ရပြုတ်ရဦးမှာနဲ့'

ရည်းကျည်းဒန် အကြောင်း ရည်းဆေးရိုး ကောင်းစွာ သိသည်။ သံဆုံသွားယူ၍ ငှားရမ်းသွားသူထံတွင် သံဆုံကို ချောမောစွာ တောင်းယူရှိသည် ထားဦး။ ဆဲဆိုငေါက်ငမ်းမည်။ အကယ်၍ သံဆုံကို ဆိုက်ဆိုက်မြိုက်မြိုက် မတွေ့ရဘဲ ဟိုလူ ငှားသွားသလိုလို သည်လူ ငှားသွားသလိုလို 'ဗယီး ဗယား' ဖြစ်နေပါက ပွက်သေးကြမ်းမတော့မည်။

နေမလွှက်သေးမီ နံနက် စောစောကြီးတွင် အမယ်ကြီး ဒေါ်သမပွားပါစေနှင့်ဟူသည့် စေတနာဖြင့် တားမြစ်ရာက ဖိုခုံလောက် အုတ်ခဲပေါ်တွင် ထန်းပင်မြစ် အကျိုးအဆယ ကလေးကို အကြမ်း ပန်းကန်ဖင်ဖြင့် ထုသည်။

'အဘိုးဆေးရိုး အဘွား'ကျည်းဒန်'

ဝိုင်းဝန်းမှောင်ထဲမှ အသံ။ ဘ မမေါ် အမေကြီး မသုံး သည့်အတွက်၊ မြေးတစ်ယောက်ယောက် မဟုတ်သည်ကား သေချာပြီ။

'ဟဲ့ ဘယ်သူဘုံး၊ ငါ သည်မှာဟ'

ပြောသံမှ မဆုံးသေး၊ ခေါ်ပြီကောက်ညှင်းပေါင်း ရနံ့သည် မီးဖိုဘေးသို့ ဦးစွာရောက်နှင့်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



‘ကျွန်တော်ပါအဘိုး၊ အဖေက ကောက်ညှင်းပေါင်းအပို့ခိုင်းလို့ပါခင်ဗျာ’ ပြောသံနှင့်အတူ မန်ကျည်းပင်ရိပ်သို့ဝင်လာသူမှာ အောင်ဇော်ဦး၏ သားဖြစ်သည်။

‘အေးကွာ၊ သာဓု....သာဓု’

‘ဖျာပုံ’ဂျာကင်ကလေးဝတ်လျက်၊အငွေ့ထောင်းထောင်းထနေသည့် ကောက်ညှင်းပေါင်းဇလုံကို လက်နှစ်ဖက်ဖြင့်ကိုင်ကာ ခြေစုံရပ်လာသည့် ကိုးနှစ်ရွယ် ကလေးငယ်ကို မြင်ရရုံနှင့် ရည်းဆေးရိုး ပီတိဖြစ်၏။

‘လူလေးက ဘယ်သူ့သားတုံး၊ လာ....ထိုင်ကွာ၊ ကျည်းအန်ရေ’

ဘောင်ပိုင်းက ဦးအောင်ဇော်ဦး ဒေါ်ခင်သီတာထွန်းရဲ့သားပါ အဘိုးခင်ဗျာ’

‘အပြောအဆိုကလဲ ယဉ်ကျေး၊ အနေအထိုင်ကလဲ သိမ်မွေ့ပါ့ကွာ၊ ဟယ်လဲ ကျက်သရေရှိကိုး’ အင်း....ကျန်းမာချမ်းသာပါစေ၊ ဘုန်းကြီးပါစေ၊ ဒါထက် လူလေးနာမည်က....’

‘မောင်ဇော်ဦးထွန်းပါ ခင်ဗျာ့’

‘ဘယ်နှစ်တန်းရောက်ပြတုံး သားရဲ့’

‘စတုတ္ထတန်းပါခင်ဗျာ့’

‘အေးကွယ်....ကောင်းကွယ်၊ ရမ်းဘိုကုန်းသား မှန်ရင်ပညာတတ်တွေဖြစ်ကုန်ပြီ၊ အပြောခံရအောင် ကြိုးစားပေါ့’

‘ဟုတ်ကဲ့ ခင်ဗျာ့’



သည်ကလေး၏ အပြောအဆို အနေအထိုင်ကြောင့် ရည်းဆေးရိုး စိတ်ချမ်းသာလှသည်။ သည်ကလေးနှင့် စကားပြောရသည်မှာ စိတ်ကြည်နူးစရာ ကောင်းပြီး၊ ဟဲ့ ကလေးနှင့် ကျောင်းတက်ရဦးမှာ မဟုတ်လား၊ ရော့ ဇလုံ’ပြောပြောဆိုဆို ရည်းကျည်းဒန် ရောက်လာသဖြင့် ကလေး ထရပ်လက်အုပ်ချီသည်။

‘သွားပါဦးမယ် အဘိုးခင်ဗျာ’

‘အေး....အေး ...သာဓုကွယ်....သာဓု....သာဓု၊ သက်ရှည်ဘုန်းကြီး၊ ဘုန်းကြီးသက်ရှည်ပြီး လူချစ်လူခင် ပေါပါစေ’

ဆီထဲတွင် နှစ်သောဂွမ်းကဲ့သို့ နှလုံးသားမှာ ပီတိရွှမ်းအိရသည် ဆိုသည်မှာ ဤကဲ့သို့ပေလောဟုတွေးရင်းက ရည်းဆေးရိုး ခေါင်းတညိတ်ညိတ်ဖြင့် ဆုပေးနေမိတော့သည်။

သွားမရှိတော့သည့်အတွက် ပြုံးစေ့စေ့ ဖြစ်နေသောပါးစပ်မှာ ကြည်နူးစရာတွေ့လိုက်ရသည့်အတွက် အမှန်ပင်ပြုံးပြီ။ ရည်းဆေးရိုးသည် မျက်လွှာချပြီး ထုလက်စ ထန်းပင်မြစ်ကို ငုံ့ကြည့်သည်။ အုတ်ခဲပေါ်မှ ဖုန်များနှင့် ပန်းကန်ဖင်မှ ဖုန်များသိမ်းထားသည့် ထန်းပင်မြစ်မှာ ကျေနေပြီ။ ထန်းပင်မြစ်ထက် ဖုန်မျှင်နှင့်သာတူတော့သည်။

ရည်းဆေးရိုး ဖုန်မျှင်ကိုလျှာပေါ်တင်သည်။ ဆိမ့်သောအရသာကိုမတွေ့။ ခါးသည်။ ခါးသော်လည်း ထွေးမပစ်ရက်။ တကူးတက ထုထားရသည့်ပစ္စည်းမို့ ရှေ့သွားဖုံးဖြင့်ကြိတ်သည်။ သွားဖုံးက နာချင်ချင်ရှိသည်မို့ အံဆက်သို့ ပို့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်ဇော်ဦးတို့က ကျောင်းတွေလှူရုံမကဘူး၊ ရွာထဲမှာပါ လိုက်ဝေတာကိုးတော့ ။

ရည်းကျည်းဒန်သည် ချေိပ်ပေါင်း ပန်းကိုင်ကိုင်လျက် မီးဖိုဘေးသို့ ဝင်ထိုင်၏။ ပန်းကန်ကို ထင်းတုံးပေါ်တင်ရာက ဆီရွှဲသောလက်ဖြင့် ထန်းပင်မြစ်ကို လှမ်းယူသည်။

'ပေါ်ဦးပေါ်ဖျားဆိုတော့ ဈေးကောင်းတာပေါ့ဟာ၊ အဲသည် ကောက်ဦးကိုလှူတယ်ဆိုပြန်တော့ ကုသိုလ်လည်း ထူးပြီးရနိုင်တာပေါ့'

ရည်းဆေးရိုးသည် ကျေနပ်စကားဆိုရင်းက ကောက်ညှင်းပေါင်းကို ဆုပ်ယူပြီး ခွဲသည်။ သွားဖုံးဖြင့် မြုံ့ကြည့်သည်။

'ပျော့ပျော့လေးဟ၊ ဝါးလို့ရသဟ'

ဝမ်းသာစွာ ဆိုမိသည်။ ဝါးရှိနေသော ချေိပ်ပေါင်းကို စားရခဲ့ဘိခြင်း။ အချို့ ကောက်ညှင်းပေါင်းသည် အနံ့ကလေး သင်းနေပြား အိမနေသည့်အတွက် သွားကောင်းပါးကောင်းနဲ့ ဝါးလိုက်ရရင် ဟူသော မချင့်မရဲဖြင့် လက်မှိုင်ချရ၏။ သည်ကောက်ညှင်းပေါင်းမှ မွှေးသင်းရုံဖြင့်မပြီး။ အိချွဲလည်း နေသေးသည်။ ဩော်...စေတနာရှင်များ ချမ်းသာကြပါစေ။

'စားလေ...စားလေ တော့် မြင်တွေရောက်လာလို့ ဝိုင်းပြီး သားရဲမင်းရဲ စီးကြမှဖြင့်'

ရည်းကျည်းဒန် သတိပေးမှ နောက်တစ်ဆုပ်။

'ဘယာကြော်လေးနဲ့မျှား စားလိုက်ရရင်'

'မဟုတ်တာ ပြောမနေစမ်းပါနဲ့တော်၊ ဘယာကြော်ဘစ်နု



လုံးမှာ တော်စားနိုင်တာဆိုလို့ အထဲက အသားပျော့ကလေး မဖြစ်စလောက်ဘဲ ရှိပါကလား၊ ကျန်တဲ့ အပြင်သားတွေက'

'အပြင်သားတွေကို သည်တိုင်း မစားနိုင်ပေမယ့် ရှောက်သီးနဲ့ ချက်တော့ စားနိုင်သားပဲဟ'

ရည်းကျည်းဒန် ဆက်မပြောပါ။ ပြောနေလျှင် ဘယာကြော် ထွက်ဝယ်နေရဦးမည်။ ထိုအခါ မြေးတွေ တစ်လှေကြီးနှင့် မြစ်တွေ တစ်သီကြီးနှင့် လိုက်လာကြတော့မည်။ သို့အတွက် 'ကဲ...စားစား၊ စောင်ရန့်ဘန်း လုပ်မှာသို' ဟု သတိပေးသံဖြင့် စကားလွှဲသည်။

'ဘာ၊ အမေကြီး'

'ပြောရင်းဆိုရင်း လာကြပါပြီကော'

ခင်မောင်ငြိမ်း၏ သမီးနှစ်ယောက်၊ အကြီးက အငယ်ကို ကုန်းပိုးထားသည်။ မောင်ကိုကြီး၏ သမီးနှင့် သားကား လက်ချင်းတွဲလျက် ပြေးလာသည်။ ထိုသူ လေးယောက်၏ နောက်မှာ ငိုသံတညံညံဖြင့် ပါလာသူမှာ ခင်ခင်ကြီး၏သား ဖြစ်သည်။

'ဟဲ့....အိမ်မှာ မကျန်ခဲ့တော့ဘူးလား၊ စောစောစီးစီး'

ရည်းဆေးရိုးသည် ရေနွေးကြမ်းလက်ကျန်ဖြင့် လက်ဆေးနေရာက လှမ်းမေးအပြီးတွင် ထရပ်သည်။

ကလေးများသည် ဘေးမကြီး ပါးစပ် တလှုပ်လှုပ် လုပ်နေသည်ကို သတိထားမိကြသည်။ ထို့ကြောင့် 'မေကြီး' တစ်ကြိမ် ထပ်အသံပေးကာ ဝိုင်းအုံချဉ်းကပ်ကြ၏။ ရည်းကျည်းဒန်သည် မြစ်များ၏အသံ မကြားရမီကသာ 'တော့်

www.burmeseclassic.com

www.burmeseclassic.com



မြစ်တွေ သားရဲမင်းရဲ့'စသည်ပြောခဲ့ပြီး အသံကြားရုံဖြင့် ချိပ်ရောင် သွားဖုံးကြီးတွေ ပေါ်လာသည်။ ချိပ်ပေါင်းများကို ပဲခေ့နှင့် ကောက်ညှင်းသမအောင်နယ်လျက် အဆုပ်ကလေးတွေ လုပ်ထားပြီးပြီ'

'ပေး....နော့်ကိုပေး'

ခင်ခင်ကြီး၏ သားသည် အဘင်းအော်ရင်း ရွှေ့ကလူတွေကို ဖြတ်တက်ရန် ပြေးအလာတွင် ဘိုင်းခနဲ ပစ်လဲလေ၏။ အင့်ခနဲ ရင်ဘတ်နှင့် မြေကြီးဆောင့်သံ အဆုံး၌ ဝါးခနဲ အလွန် ကျယ်လောင်သော အသံကြီး ပေါ်လာလေ၏။

'အေး . အေး၊ ညည်းမြစ်တွေနဲ့ ညည်းနေခဲ့ပေတော့ဟေ့'

ရည်းဆေးရှိးသည် ထန်းလျှော်အူတစ်စည်းကို တင်းကုပ်ထဲမှ ဆွဲထုတ်လာရင်း ခနဲ့ပစ်ခဲ့၏။ မြေးတွေ၏ဒဏ်ကို ဘေးကြီးသင့်အောင် ခံခဲ့နိုင်ပြီး မြစ်ဒဏ်ကို သူ မခံနိုင်ပြီ။

ရင်ခွင်ထဲကမြေး ကော့ထိုးကာ ငိုစဉ်က တဟဲဟဲရယ်ကာ မြှောက်ချီကစားနိုင်ပြီးရင်ခွင်ထဲကမြစ် ကော့ထိုးသောအခါ ယက်လက်လန်လဲချင်ပြီ။ သို့ဖြစ်၍ စောင်ရန်းတန်း ချည်ရမည့်နေရာသို့ သုတ်သုတ်လာခဲ့၏။

စောင်ရန်းတန်း တောင့်စေရန် တိုင်မာမာ တစ်လုံး စိုက်ရဦးမည်။ လက်ထဲ၌ 'ရှားနှစ်'တိုင်အိုတစ်လုံး ပါလာ၏။ ထိုတိုင်အတွက် တွင်းတူးရမည့် နေရာပေါ်သို့ နေကွက်တစ်ကွက် ထိုးကျနေသည်။ ဟန်ကျလေစွ။ အလုပ်လည်းပြီး နေစာလည်း လှုံရ။



'ကြီးတောင့်ကြီးမားနဲ့ ရွှေအိုးကို တူးမိနေမှဖြင့် ရည်းဆေးရှိးရာ ဘယ်ထားရမှန်း မသိတာနဲ့ အိပ်ရေး ပျက်နေပါဦးမယ်'

'မင့်ပေးလိုက်မှာပေါ့ကွာ'

ပြောသူ မည်သူမှန်း မသိဘဲ ချော်လဲရာ ရောထိုင်ပြီးမှ ရည်းဆေးရှိး မော်ကြည့်မိသည်။ ပုရပိုက်တန်းမှ စိန်လှမောင်။ သို့ရာတွင် ရည်းဆေးရှိးမျက်နှာ ရှုံ့ကြည့်ပြီးမှ 'စောစောစီးစီး ဘယ်ကလာသတုံး' မေးရသည်။

'အာလူးမျိုး နည်းနည်း လိုနေတာနဲ့ မြောက်ရွာကို သွားတာပါ'

ပြောပြောဆိုဆို စောင်ရန်းတန်း ဟိုဘက်တွင် မျက်နှာချင်းဆိုင် ထိုင်၏။

'မင့်လယ် ဘယ့်နှယ်လဲဟေ့'

'ကောင်းသဗျာ....တစ်ကေ လေးငါးခြောက်ဆယ် ရမယ် ထင်တယ်၊ ဒါပေမယ့်လှူရတန်းရအောင် ကောက်ရိပ်သမားကျွေးရအောင်ဆိုပြီး ကောက်ညှင်းတစ်ခွဲ ထည့်မိတာ ငါးပါး မှောက်တာပါပဲဗျာ'

ပြောရာက 'ပေးစမ်းပါ အရီးရာ'ဆိုကာ တူရွင်းကိုဆွဲယူပြီး တူးသည်။ မြေစာများကို လက်ဖြင့် နှိုက်ယူချိန်ကျမှ အသံပြန်ထွက်လာ၏။

'အဲဒီကောက်ညှင်းကို စာမှမောင်းရဘဲ လူမောင်းရှောက အလုပ်တစ်ခု'

ရည်းဆေးရှိး ရယ်သံစွက်၍ ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



‘အဟဲ....စာက နေဝင်ရင် မမှောင်းရတော့ဘူး၊ လူက နေ့ရောညပါ မှောင်းနေရတော့မှာပေါ့ကွာ’

‘ဟုတ်ပါ့ဗျာ’

‘အဲဒီလူတွေဟာ တောင်းရမှာကို အောက်ကျအယ်သင်ပြီး ရှက်ပေမယ့် ခိုးတာကျတော့ ရှက်ရမှန်း မကောင်းမှုမှန်း မသိကြတော့ဘူးဟ’

‘ဟုတ်ပေ့ဗျာ’ ထောက်ခံရာက စိန်လှမောင်သည် အရိပ်တစ်ခု ကျလာသဖြင့် မော့ကြည့်၏။ သည်ရွာသား သန်းမြတ်စိုး။

‘အဘရေ....ကောက်ညှင်းပေါင်း ကျောင်းပေါင်းစုံ ရွာလုံးကျွတ် လှူပါတယ်’

‘ကောင်းပေ့ကွာ၊ သာဓု...သာဓု’

လှူဒါန်းနိုင်ရန်၊ ဝေငှနိုင်ရန် ကောက်ညှင်း စိုက်ချခြင်းသည် အဘယ်မျှ ဒုက္ခပိုရန်များပုံကို ပြောစဉ်တွင်ရောက်လာခြင်းဖြစ်သဖြင့် သန်းမြတ်စိုး၏အလှူမှာ ရည်းဆေးရိုးအတွက် ပိုပြီး လေးနက်သည်။ ခေါ်သည့် သာဓုသံမှာလည်း ကြည်ညိုသဒ္ဓါစိတ်များ အိလျှံသည်။

သူတို့ ပြောနေဆဲဝယ် ဟိုဘက်အိမ်ဝိုင်းတွင်း၌ ကောက်ညှင်းပေါင်း ဝေငှခဲ့သူများသည် အငွေ့တထောင်းထောင်း ကောက်ညှင်းပေါင်းနံ့ တသင်းသင်း ထွက်နေသည့်တောင်းကြီးများကို ထမ်းလျက် ရောက်လာကြ၏။

‘ဘတို့ သွားမရှိတဲ့ လူကြီးတွေကျတော့ မုန့်ပေါင်းခင်ဗျ’

ရောက်လာသော တောင်းထမ်းသမားက တောင်းထဲမှ



အဝက်ပတ်ထားသည့် ငှက်ပျောဖက်ညိုညိုတွေကို သန်းမြတ်စိုးထုတ်၏။ ဒူးထောက်ပြီးမှ လက်ထဲထည့်သည်။

‘သာဓုကွာ....သာဓု....သာဓု၊ဟ....ခွက်ပေါင်းကြီးကိုဘယ်လိုလုပ်ပြီး ကုန်မှာတုံး၊ ဟော့....ဘွားကြီးအို’

‘အမေကြီးဖို့ တစ်ပေါင်း အဘရ၊ အခုဟာက ဘဖို့’

ရည်ကျည်းဒန်ကို လှမ်းခေါ်နေသဖြင့် သန်းမြတ်စိုးက ပြောပြောဆိုဆိုဖြင့် အိမ်ဝိုင်းထဲသို့ ပြေးဝင်သွားပြီ။

ရည်းဆေးရိုးသည် ပေမှနေသောလက်ကို တင်ပါးတွင် တစ်ချက် ပွတ်ပြီးနောက် မုန့်ပေါင်းကို စတင်ဖွဲ့သည်။ မောက်နေသော အလယ်သားမှ ဆီများစိမ့်ဆင်းလာသည်။

‘တစ်ထိုင်တည်း စားနိုင်အောင် တစ်လက်စတည်း ဆီဆမ်းလာတာပါကလား၊ ဟော ကောင် တစ်ခြမ်းစားပါဦး ဒါကြီးသာ ငါ တစ်ယောက်တည်း စားရရင်တော့ ရင်ပြည့်ပြီး သေမှာပဲ’

စိန်လှမောင်သည် တိုင်စိုက်မြေဆောင့်နေရာက လှမ်းယူသည်။

‘မူးပြီး လျှောက်ဆဲတဲ့ အသံတွေ၊ လင်မယား ရန်ဖြစ်သံတွေ ညံနေခဲ့တဲ့ တို့ရွာမှာတော့ လှူရတန်းရမှန်း သိတဲ့ လူတွေ ပေါ်လာပြီဟ’

‘ကျုပ်တို့ရွာမှာလဲ ဒီလိုပါပဲဗျာ၊ ဖဲရိုက် ကြက်တိုက်၊ သန်းရည်သောက် ရန်ဖြစ်တဲ့ လူတွေ မရှိတော့ဘဲ ပညာကြိုးစားတဲ့ ကလေးတွေ ပေါ်လာသဗျား’

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းသဟိတ်၊ ကြားရတာ ဝမ်းသာသကွာ၊ ကဲ... ကဲ...မင်းလဲ သွားစရာ ရှိသေးထင်ပါ'

ရည်းဆေးရိုးသည် မုန့်ပေါင်း တစ်စိတ်သာ ကုန်၏။ အကျန်ကို ဖက်ဖြင့်လုံးပြီး ခြံတိုင်ခွတွင် ညှပ်ထားလိုက်သည်။ စိန်လှမောင်လည်း ဖုန်ခါကာ ထရပ်လိုက်စဉ် တရှဲရှဲအသံ ကြားရသဖြင့် လှည့်ကြည့်၏။ ချိပ်ကောက်ညှင်း အလှိုင်းကြီးတစ်လှိုင်း တရွေ့ရွေ့ ချဉ်းကပ်လာသည်။ စပါးစေ့များသည် မြေကြီးနှင့် မလွတ်။ တရှဲရှဲအသံပေးလျက် ကျော်လွန်သွားသည်။

'ရည်းဆေးရိုးတို့ရွာက ဘယ်လဲ ကောက်ညှင်း'ထည့်'ကြပါကလားဗျ'

စိန်လှမောင်၏ စကားမျှ မဆုံးသေး သူ့ကျောဘက်မှ ဗုန်းခနဲ ဗုန်းခနဲ အသံနှစ်သံ ပေါ်လာ၏။ တစ်ယောက်က မြက်ထုံးရွက်လာသူ၊ တစ်ယောက်က ကောက်ညှင်းလှိုင်း ရွက်လာသူ။

'နှင်းကွဲအောင်မျှား စောင့်ကြပါဦးတော့လား လူတို့ရာ။ အခုတော့ လေးကလေးသနဲ့။'

အပြောခံရသူမျှားမှာ ကျော်ဇင်ညွန့်နှင့် ညွန့်ဦးတို့ ဖြစ်ကြ၏။

'အိမ်ကကလေးတွေက အတန်းကြီးနေပြီ ဘရ၊ သူတို့ စာကြည့် စာကျက် ပျက်မှာစိုးလို့ နွားစာ စဉ်းလောက်ပဲ ခိုင်းပြီး ကိုယ်တိုင်ရိတ်နေရတာ၊ သည်တစ်ခေါက်နဲ့ မလောက်သေးဘူး၊ နောက်တစ်ခေါက် ပြန်ရိတ်ရဦးမှာ'



သူကား ကျော်ဇင်ညွန့်။

'ဝမ်းသာသကွဲ၊ ငါတို့ရွာသားတွေ ပညာတန်ဖိုး သိလာကြတာ ကျက်သရေရှိပါတယ်ကွာ၊ ပိုက်ဆံငါးပြား ခြောက်ပြားရှိပြီး ဘာမှမသိတဲ့ကောင်တွေရဲ့ ခေါင်းပေါ်မှာ ရှမ်းဘိုကုန်း ရွာသားတွေ နေနိုင်အောင် ကြိုးစားကြဟေ့'

'ကျုပ်လဲ ကျော်ဇင်ညွန့်နဲ့ ဘာထူးတုံး ဘရ၊ ရှစ်တန်း တစ်ယောက်စီ ကိုးတန်း တစ်ယောက်စီနဲ့ ဆယ်တန်း တစ်ယောက်စီပဲဗျ၊ သည်ကောက်ညှင်းလေးလောက်မျှား တစ်ယောက်ကို မနက်ပြန်ညပြန်သုံးခေါက်စီ အရိတ်ခိုင်းရင်ပြီးမှန်း သိပေမယ့် မခိုင်းနိုင်ဘူး။ကျူရှင်လည်း မထားနိုင်တော့ ကိုယ့်ကိုယ်ကိုယ်ပဲ အားကိုးရတော့တာပဲ'

'အေးပေါ့၊ အေးပေါ့'

ရည်းဆေးရိုးသည် မဖျဉ်မသင် ရသေးသည့် သန်းခေါ်များကို လိုက်လံစုဆောင်းကာ တန်းချည်ရင်းက သွားဖုံးကြီးတွေ တဖော်ဖော် ခေါင်းတညိတ်ညိတ်ဖြင့် ဝမ်းသာနေ၏။ စိန်လှမောင်လည်း မသွားနိုင်သေးဘဲ ညွန့်ဦး ကျော်ဇင်ညွန့်တို့နှင့် ရောနှောကာ တန်းချည်ပေးနေ၏။

ခါးပုံစထဲတွင် ညှပ်ထားသည့် ထန်းလျှော်ဇူများ ကုန်သွားသဖြင့် ရည်ဆေးရိုး ထရပ်သည်။ အိမ်ဘက်သို့ ခြေလှမ်းမြှင်ပြီးမှ ပြန်ရပ်သည်။

'ဝေးဝေးသွားပြီး ကျူရှင် ဟုတ်လား။ ကျူရှင်နေ့ဘ်။ အေး...ကျူရှင် မတက်နိုင်ရင် သည်တစ်နှစ်ပေါ့ ညွန့်ဦးရား

www.burmeseclassic.com

www.burmeseclassic.com



ရှေ့နှစ်ဆိုရင် ရမ်းဘိုကုန်းသားထဲက ကျူရှင်ဆရာ ပေါချင် ပေါ်လာမှာပါကွာ’

‘ပုခုံပိုက်တန်းက အတန်းကြီး ကျောင်းသားတွေပါ နီးနီး နားနား လာဘက်နိုင်မှာပေါ့၊ ကောင်းတယ်ကောင်းတယ်’

‘စိန်လှမောင်၏ ဝမ်းသာစကား’

အိမ်ဘက်မှ ခင်ခင်ကြီး၏သား တစ်အား ကုန်းဟစ်လိုက် သံ လွင့်လာ၏။

‘သွားကြ သွားကြ’

ရည်းကျည်းဒန်၏ ခေါ်သံ။

‘မြေးတွေနဲ့ ဘာဖြစ်တယ် မသိဘူးဘရေ့’

‘မြေးမဟုတ်ဘူးဟ၊ မြစ်ငါးကောင်’

စိန်လှမောင်ကို လှည့်ပြောရာက ရည်းဆေးရိုးသည် မြေး ရင်း လွှားရင်း၊ ပုဆိုးပြင်ဝတ်ကာ မန်ကျည်းပင်ရိပ်သို့ လှမ်း လာခဲ့သည်။မန်ကျည်းပင်အောက်တွင်ကား တုတ်တစ်ချောင်း ကိုင်လျက် ခါးထောက်ရပ်နေသည့် ရည်းကျည်းဒန်နှင့် မြစ် များ၊

ခင်ခင်ကြီး၏ သား ဟေစ်ကြီးသည် သံကုန်ဟစ်နေခြား ကျန်မြစ်ငါးယောက်မှာ ပြာလူးသောမျက်နှာ၊ ဖုန်ပေသော လက်ချောင်းများဖြင့် မျက်တောင် ပုတ်ခတ် ‘ပေကလတ် ပေကလတ်’လုပ်နေကြ၏။

‘ဘာဖြစ်တာတုံးဟ၊ သည်မြေးအဘွား တစ်တွေ’

‘ပြော မပြော ချင်ပါဘူးတော် ကောက်ညှင်းပေါင်း နှစ်ပန်းကန် မုန့်ပေါင်း တစ်ပေါင်း၊ စားရသို့ ဝပြီ ထင်ပြီး



စိတ်ချ လက်ချပေါ့၊ ဟင်းအိုးကို မီးဖိုပေါ်တင်ထားပြီး အိမ်ပေါ်တက်သွားတုန်း ဟင်းအိုးထဲက ပုစွန်ခြောက်ယောင်း တွေ နှိုက်စားတာတော့၊ တစ်ယောက်က ရေတ်သီးစပ်ပြီး ငို သတဲ့၊ တစ်ယောက်က အပူလောင်လို့ အော်သတဲ့ သေကြ သေကြ’

ပြောအပြီး၌ ထပ်ရိုက်သေးသလော မရိုက်သလော ရည်း ဆေးရိုး စောင့်မကြည့်နိုင်ပါ။ ကူသူ ဝိုင်းသူရှိခိုက် စောင်ရန်း တန်းပြီးအောင် အမြန်လုပ်ရမည်။ လိုနေသေးသည့် ထန်း လျှော်အူယူရန်အတွက် နွားတင်းကုပ်ထဲသို့ အသော့နှင့် လှမ်း ဝင်သွားလေ၏။

(၁၉၉၁၊ ဖေဖော်ဝါရီလ သွေးသောက်မဂ္ဂဇင်း)

www.burmeseclassic.com

www.burmeseclassic.com

## နေ့မြားတိုက ထချခြင်း

မြက်ထုံးဆမ်းထမ်းပိုးကြိုတ်သံကျီးကျီးကျွံကျွံဖြင့်မြက်ရိတ်ပြီး ပြန်လာသူမှာ မြက်ထုံးဖျား မြက်မြိတ်များနှင့် ဆောင်ရန်းတန်းကို တိုက်ပွတ်သံ တရှဲရှဲတဗျင်းဗျင်းဖြင့် မြက်ထုံးရွက်သူများ ပြန်လာကြပြီ။

နေကို မော့ကြည့်ရန် မလို။ အနည်းဆုံး ဆွမ်းခံပြန်ချိန်သို့ ရောက်နေပြီ။ သို့အတွက် ရည်းဆေးရှီးက အလိုက်တသိ ပြော၏။

'ဟေ့ ကောင်တွေ....နေ့ပူလို့ စောသေးတယ် ထင်မနေကြနဲ့နော်၊ သွားစရာရှိတာ သွားကြ'

'အိုဗျာ....ပို့မယ့်ပို့ ကူးတို့ရောက်အောင် ပို့ခဲ့ပါမယ်'

စိန်လှမောင်က ရှီးရှုံးစင်းစင်း ပြောပြီး၊ ညွန့်စိုးက ဒကျ ကောက်၏။

'ခင်ဗျားက ဘဆေးရှီးကို ကပြုတ်ပင်အောက် ရောက်အောင် ပို့ပြီးမှ ပြန်မယ် ပြောတာပေါ့လေ'

'အေးကွာ....မြေပုံကလေးတော့ ထင်ထင်ရှားရှား ဖြစ်အောင် မို့မို့ကလေး ဖို့ပေးကြပါဟ'



ကျော်ဇင်ဦးက ပင့်ပေးသောအခါ ရည်းဆေးရှီး ထချပ်၏။

ကပြုတ်ပင်မှာ သုသာန်ရှိ သရက်ပင်တစ်ပင်၏ အမည်ဖြစ်သည့်အတွက် သူ့ကို အသေခိုင်းနေကြသော လူငယ်များကို ငုံ့ကြည့်၏။

'ဂန်းမသားတွေ နှင်တို့ကူတာက တစ်မတ်ဖိုး၊ ငါ့ကို အသေခိုင်းတာက ငါးကျပ်ဖိုး၊ သွားကြကွာ'

အဆဲကလေးဖြင့် ငေါက်ငမ်း မာန်မဲသည်။ အဆဲခံရသူများ အလိုပြည့်သွားသည့်အတွက် ကျယ်လောင်စွာ ရယ်မောကြသည်။

'သလို မဟုတ်ပါဘူးဗျာ၊ ဆောင်ရန်းတန်း ပြီးသွားပေမယ့် ဘာလေးညာလေး ကပ်ဖို့ လိုသေးလို့ပါ'

ဆောင်ရန်းတန်းကို တစ်ထွာခန့် နောက်သို့ဆုတ်ထားပြီး ကလေးတွေ တက်မဆော့အောင် 'သန်းခက်' အနည်းအပါး ကပ်ထားရန် လိုနေပေသေးသည်။ သန်းခက်တွင်ဆူးပါသည်။ အသားမာသည်။ ထို့အတွက် အရံအတားဖြစ်သည်။

စိန်လှမောင်က ဟိုကစ်ခက်သည်တစ်ခက် ပြန့်ကျဲနေသော သန်းခက်များကို လိုက်လံစုဆောင်းပြီး ရည်းဆေးရှီး လက်မခံ။

'ဒါလောက်များ မျက်စိမှိတ်ပြီးကာတောင် ရသဟ'

'တံခါးတိုင်လဲ စိုက်ရဦးမှာမဟုတ်လား ဘရ'

ကျော်ဇင်ဦးက နောက်တစ်ဆင့် တက်လာသောအခါ ရည်းဆေးရှီး မငြင်းနိုင်။ ခေါကိုင် ကျင်လည်သူများသည်

www.burmeseclassic.com

www.burmeseclassic.com



ဝင်းခြံတိုင်အတွက် သစ်ကိုင်းကြီးများကို ဓားဖြင့် ခွဲပေးကြ ခြမ်းပေးကြသည်။ ထိုပေါက်ခြမ်းများတွင် အပေါက်လေး ပေါက် ဖောက်ပေးရမည် ဆိုပြန်သည့်အတွက် အထက်သား ကြီးများသည် ဓားဖြင့်ပင် အပေါက်လေး ဖောက်ပေးထား ကြ၏။

တံခါးတိုင်ဟု ဆိုသော်လည်း ရည်းဆေးရိုးမှာ တံခါး မတပ်ဆင်နိုင်ပါ။ အပေါက်ပါသည့် 'ပေါက်ခြင်းတိုင်' နှစ် တိုင်ကို အဝင်ဝ၌ စွဲယာစိုက်ကာ အပေါက်လေးပေါက်၌ ဝါးလုံးထိုးပြီး ထမ်းရွက်ခြောက်များဖြင့်ပိတ်ဆို့ရုံသာ တတ် နိုင်၏။

ကျော်ဇင်ဦးနှင့် ညွန့်ဦးတို့ တစ်ယောက်တစ်တိုင်စီ တူးကြ သည်တွင် ရည်းဆေးရိုး ဆေးလိပ်ညှိသည်။ နေပူထဲရှိ မြေ ပြင်ပေါ်မှာပင် ပြားပြားကြီးထိုင်ကာ ဆေးလိပ်ဖွာသည်။

'ဘ ငန်းပြားက အသွားထက် အမင်းက လေး နေ့တာ ပါကလား၊ အသစ်ကလေးများ ဝယ်ပါတော့'

ငုံ့ငုံ့ထိုင်နေသော ငန်းပြားကို မြှောက်ကာမြှောက်ကာ တူးရင်း ကျော်ဇင်ဦး ပြောသည်တွင် 'အောင်မာ....နွယ်နွယ် ရရ ငန်းပြားမှတ်သလား၊ တော်လှန်ရေး ငန်းပြား ဟ' ဂုဏ်ယူသံဖြင့် ဆိုသည်။

'တော်လှန်ရေးငန်းပြား ဟုတ်လားဘ'

မြက်ထမ်းချကာ လှမ်းမေးသူမှာ မျိုးသိမ်းနိုင် ဖြစ်သည်။ သူသည်လည်း ရည်းဆေးရိုး၏မြေး မောင်ကိုကြီးနှင့် ရွယ်တူ



ဖြစ်သည့်အတွက် မောင်ကိုကြီးတို့နည်းတူ 'ဘ'ဟု ခေါ်သူ တစ်ဦးပင်။

'ဒါပေါ့ကွာ....မကြာခဏ ပြောဖူးပါတယ်၊ ငါရယ် ပိတ် စရယ် သာဒွန်းရယ်၊ ဂျပန်စစ်တပ် ချောဆွဲတဲ့ နောက်ကို လှည်းနဲ့လိုက်လိုက် ပို့ကြရတာကိုး၊ အေးလေ... သည်ရွာက ဂျပန်ချောဆွဲ မခံရဖူးတဲ့လှည်း မရှိပါဘူး'

'ကြားဖူးပေမယ့် ငန်းပြား မပါသေးဘူးဘရ'

'သလိုကွ' (ဒီလိုကွ)

* * *

လေယာဉ်ပျံသည် ရမ်းဘိုကုန်းရွာပေါ်မှ မကြာခဏအနိမ့် ဆင်းကာ ဖြတ်ကျော်ပျံသန်းသွား၏။ လေယာဉ်ပျံ ခေါင်း ပေါ်က ဖြတ်သန်းသွားတိုင်း ရည်းကျည်းဒန်သည် အငယ် ကောင်ဘညိန်း၏ ခေါင်းကို လက်ဝါးဖြင့်အုပ်ထား၏။ ဂွတီ ပီသောကို နှုတ်ဖျားမှ မချ။ မကြာခဏလည်း တောင်မြှောက် လေးပါးကို မျက်စိသူငယ် ကြည့်၏။

ရည်းဆေးရိုးကိုလည်းကောင်း၊ နွားနှစ်ကောင်ကိုလည်း ကောင်း မမြင်ရချေ။ ကြည့်လေရာအရပ်တွင် ကိုယ်ချည်းတုံး (ကိုယ်တုံးလုံး)နှင့် ဂျပန်စစ်သား။ လက်ကစ်ဝါးစာအငတ် ကလေးဖုံးထားသည့် ဖင်ဟောင်းလောင်းနှင့် ဂျပန် အဝတ် စုတ် ချုပ်နေသော ဂျပန်စစ်သား။ တုံးလုံးပက်လက် ဂျပန် စစ်သား။ အရိပ်ကောင်းရာ တလင်းတိုက် တစ်ခုလုံး ဂျပန် စစ်သားချည်း။

www.burmeseclassic.com

www.burmeseclassic.com



တလင်းသိမ်းပြီ၊ သင်္ကြန်ရနံ့ သည်ပင် မွှေးစပြုပြီ။

သို့ဖြစ်ငြား ကိုဆေးရိုး မကျည်းဒန်မှအစ မည်သူမျှ ရွာထဲသို့ မဝင်ကြသေးပေ။ ရွာထဲရှိ အိမ်အားလုံးမှာ အမိုးတွေကို အချို့တစ်ဝက်ဘစ်ပျက်။ အချို့ လုံးဝဖျက်ထားရချိန်ကိုး။

အမိုးတွေ လှန်ထားရမည်ဟု ဆယ်အိမ်မှူး ရာအိမ်မှူးက အမိန့်ပေး။ ဂျပန်စစ်တပ်ကလည်း အမိန့်ပေးချေ။ အမိုးရှိတဲ့ အိမ်မှသာ မဟုတ်ဘူး၊ ခေါင်မိုးပါတဲ့ လှည်း၊ အမိုးချုပ်ထားတဲ့ ရထား (မြင်းလှည်း)ကိုပါ လေယာဉ်ပျံက စက်သေနတ်နဲ့ပစ်သတဲ့' တစ်ယောက်တစ်ကား တစ်ယောက်နားဖြင့် အမိုးဖွင့်ထားကြခြင်းပင်။

စလင်းချောင်း မြောက်ဘက်ရှိ ဖောင်တော်ဦးဘုရား၊ ငါးမျက်နှာဘုရားနှင့် စလင်းမြို့အဝင်ရှိ ကုသိနာရုံဘုရားများ ဗုံးကြဲခံရပြီးကတည်းက ချွေးတပ်ဆွဲ ရပ်သွားသည်။ လှည်းနွားကျိုး ကြက်ဆူးစေ့လည်း မဆင်းတော့။ ညဉ့်အမှောင်အောက်တွင် ကြိုးမားနေသော ဂျပန်စစ်တပ်များ ညစဉ်ညတိုင်း ဆုတ်ခွာသံကိုသာ ကြားရ၏။

ကိုဆေးရိုးနှင့် ရင်းတိုကုန်းသား ယောကျ်ားများမှာ ဓားလှဆွဲလျက် ဆုတ်ခွာလာသော ထိုစစ်တပ်ကို သွားရောက် ချောင်းနေကြရသဖြင့် ကောင်းစွာ မအိပ်ကြရ။ ခြေကုန်လက်ပန်းကျကာ မှောင်ရိပ်ချုံထဲသို့ ချုံခိုကျန်ရစ်ခဲ့သည့် ဂျပန်စစ်တပ်အတွက် ပြန်လမ်းမရှိချေ။

ယနေ့ စစ်တပ်ကား နောက်ဆုံးတပ် ဖြစ်ဟန်ရှိသည်။



လှည်းသံ တညံညံဖြင့် ဆုတ်ခွာလာရာ ကြက်ဦးတွန်ချိန်တွင် အဆုတ်ရပ်သည်။ ဒုက္ခိတများ သူနာများ တင်ထားသည့် နွားလှည်းများသည် တာလမ်းဘေးသို့ ဖဲ့ဆင်းသည်။

'အကျိုးတော့နည်းပြီဟေ့၊ တို့ရွာနားမှာ နေခိုတော့မယ်ဟ'

ကိုဆေးရိုး အထိတ်တလန့် ရေရွတ်ကာ နောက်ကြောင်းပြန်ဆောင့်သည်။ တလင်းထဲသို့ ရောက်လျှင် ရောက်ချင်း နွားနှစ်ကောင်ကို ပြေးဖြုတ်သည်။

'ကျည်းဒန်ရေ၊ ငပုတွေ ရောက်လာတော့မယ်ဟေ့၊ ရေဘူး ပေး၊ ရေဘူး၊ အဲ အဲ...လွယ်အိတ်ပါပေး'

ငပုဟူသည် ဖက်ဆစ်အရိုင်းအစိုင်းတွေဟု ကျည်းဒန် နားလည်သည်။ ကျီးလန့်စာစား ကာလဖြစ်သည့်အတွက် အထူးနှိုးနေရန်မလို၊ အသံပေးရုံဖြင့်မကျည်းဒန် နိုးသည်။ ချက်ချင်း ရေလုံးလဲထသည်။ ထဘီငွှာဖြင့် ဘူးသီးခြောက်ကို ရေဖြည့်သည်။ ဆေးတောင်းထဲမှ ဆေးလိပ်၊ ကွမ်းတန်းကွင် ချိတ်ထားသည့် ငှက်ပျောဖီးများကို လွယ်အိတ်ထဲထည့်သည်။

'ကြက်ဖကြီး မတွန်နိုင်အောင် မြန်နဲ့ပက်ထားဟ၊ ကြက်သားအုပ်မကို ချုံထဲပို့ပြီး ဆောင်းနဲ့ အုပ်ထား'

အပြေးလာပို့သော ရေဘူးကိုယူ၊ လွယ်အိတ်ကို လွယ်ရာက ကိုဆေးရိုး အပြေးအလွှား မှာကြား၏။

'တမင်းကြမ်းခဲနဲ့ ထညက်(ထန်းလျက်)ကလေး ယူသွားဦးလေ'

'နေ့ပေစေ၊ မယူတော့ဘူး၊ ငါ ကိုင်းတောထဲမှာ ရှိမယ်'

www.burmeseclassic.com

www.burmeseclassic.com



နှင်တံမပါ ရှေ့က နွားကို ကြိုးဖျားဖြင့် ရိုက်နှင်ကာ နောက်နွားကို ဆွဲခေါ်ပြီး မလင်းတလင်း မှောင်ရိပ်ထဲသို့ ကိုဆေးရိုး တိုးဝင်ပျောက်ကွယ်သွားလေတော့၏။

ကိုယ့်နွားကို ကိုယ့်တလင်းထဲမှာ ချည်မထားမှု။ သဘောတူညီမှုစသည် ငွေကြေးစသည့် တင်စိုတစ်ရာမျှ မပါရှိဘဲ ပစ်သတ်စားလျှင် ငုတ်တုတ်ခံရမည်စိုးသဖြင့် လယ်သမားများ နွားဆွဲကာ ပြေးကြခြင်းဖြစ်၏။ ကိုဆေးရိုးတို့ ပြေး၍ မကြာမီ ဂျပန်စစ်သားများ ရောက်လာကြသည်။ အရန်အတားအဖြစ် 'အရေဘည်' လုပ်ထားသည့် စောင့်ရန်းတန်းများကို နင်းဖြိုဝင်လာကြခြင်းဖြစ်၏။

အနောက်ဘက် တလင်းမှ မစိန်ပွင့်သည် ကြက်များကို ကုန်အောင် မဝှက်ပါ။ သရက်ကိုင်းပေါ်မှ တွန်နေသည့် ကြက်တစ်ကောင်ကို တင်စိုတစ်ယောက်က ဝါးလုံးဖြင့် ရိုက်ချသည်။

'သူခိုး....သူခိုး'

မစိန်ပွင့် အော်ဟစ်ကာ တဲအပြင်သို့ ပြေးအထွက်တွင် 'ရှူးရှား' အော်သံနှင့်အတူ လက်ဂါးကြီးတစ်ခုက မျက်နှာဆီကို ရိုက်သဖြင့် တဲထဲသို့ ပြန်ဝင်ပြေးရ၏။ မစိန်ပွင့် နည်းတူ ပင် မိကြွယ်ဦးမှာလည်း ဝက်ကြီးတစ်ကောင် သတ်စားခံ လိုက်ရသည်။

ဂျပန် စစ်သားများသည် မိုးမလင်းမီ အပြေးအလွှား ချက်ပြုတ်စားသောက်ကြသည်။ သင်တိုင်းရှည်ကို အလျားလိုက် ထွင်းထားသော 'နွားစာခေါင်း' တွေထဲ ဆင်းပြီး



ကိုယ်ချည်းတိုး ရေချိုးကြ အဝတ်လျှော်ကြသည်။ မကျည်းဒန် မကြည့်ရဲပါ။ တိရစ္ဆာန်တွေဟု မျက်နှာလွှဲကာ ပြောမိငြား။ ကျယ်ကျယ်မဆိုရဲပါ။

နေခြည်တက်လာပြီ။

လေယာဉ်ပျံတွေလာပြီ။ အမြင့်ကြီးမှ လာသည်က လာ။ နိမ့်နိမ့်ကလေးဆင်းပြီး ကြည့်သည့် လေယာဉ်ပျံက ကြည့်။ မကျည်းဒန်မှာ ကလေးကြီးကို သိမ်းဖက်ထားရာက ကလေးငယ်၏ခေါင်းကို လက်ဝါးအုပ်ထားရသည်။ နေမထွက်မီက သားရဲမင်းရဲစီးခဲ့သော ဂျပန်စစ်သားများ ငြိမ်သက်သွားပြီ။ သရက်ပင်အရိပ်အောက်မှ မထွက်ကြတော့။

မကျည်းဒန်မှာ ကြက်နှစ်ကောင်ကို သွားကြည့်ချင်သည်။ မြေနှင့်တွေမည်စိုးသည်။ သို့ရာတွင် မြေထက်ဆိုးသော ဂျပန်စစ်သားကို ကြောက်သည့်အတွက် မသွားရဲ။ သူတို့မျက်လုံးတွေက တင်စိုတစ်ရာ ကြောက်ရွံ့ မသက်ာခြင်းကို ပြနေသည်။ သူ့စကားကို ကိုယ်နားမလည်။ ကိုယ့်စကားကို သူနားမလည်ဖြင့် အသားလွတ် ပါးရိုက်ခံရသော ဒုက္ခ။

တလင်းပြင် ပြောင်ပြောင်တွင် စီတန်း အိပ်နေကြပုံမှာ အလောင်းတွေ ပုံထားသည်နှင့်တူတော့၏။ မကျည်းဒန်သည် သရက်ပင်တွေ လဲပြိုကုန်ပြီး အိပ်နေသော ဂျပန်စစ်သားတွေကို လေယာဉ်ပျံက မြင်သွားပါစေဟု ဆုတောင်းသည်။ ဆုတောင်းပြီးမှ ကိုယ်နှင့် ကလေးတွေရော တစ်ရွာလုံးပါ ဒုက္ခရောက်မှာပါကလား တွေးမိသဖြင့် ခုနက ဆုတောင်းကို ပြန်လည် ဘွာခတ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



နေချိသည်နှင့် ဂျပန်စစ်သားတွေ ခရီးဆက်ရန် ပြင်ဆင်ကြသည်။ ထိုအခါ မကျည်းဒန် ဝမ်းသာသည်။ သို့သော် ဝမ်းသာ၍မျှမဆုံးမီ ဂျပန်စစ်သားသည် တဲထဲဝင်မွှေတော့သည်။ ယူငင်စရာ လုယက်စရာ ဟုတ်ဟုတ်ညားညား မရှိ။ နောက်ဆုံးတွင်မှ ဖာစုတ်၏ အောက်ဆုံးတွင် သူချက်ထည့်ထားသော ထဘီကို သွားတွေ့သည်။

မကျည်းဒန်တွင်ရှိသော ထဘီများအနက် အကောင်းဆုံးနှင့် အသစ်ဆုံး ထဘီ၊ ထိုအရာကိုမှ ဂျပန်စစ်သား မျက်စိကျသည်။ ထဘီကို ပခုံးပေါ်တင်လိုက်သည်ကို မြင်လျှင်မြင်ချင်း မကျည်းဒန် ပြေးသွားသည်။

'မာစတာ၊ ဒါ မိန်းမထမိန်(ထဘီ) ပခုံးပေါ်မတင်ရဘူး၊ ပြန်ပေးပါ'

'အား ကောင်းဒေက၊ ကောင်းဒေက'

မကျည်းဒန် ထပ်ပြောသည်။ ဂျပန်စစ်သားမှာလည်း သူ ဘာတ်မြောက်သွားသည့် တစ်လုံးတည်းသော မြန်မာ စကားကိုသာ ပြန်ပြော၏။ မကျည်းဒန် ဆက်လိုက်ပြီး ဆက်တောင်းရကောင်းနိုး၊ လက်လွှတ်လိုက်ရကောင်းနိုး ချီတုံချတုံ ဖြစ်နေစဉ် ငှက်စုန်းထိုးသံ တစ်သံကို ကြားရ၏။

'ကျည်းဒန်ရေ၊ နင့်ယောကျ်ားတော့ နွားတွေနဲ့ ပါသွားပြီဟေ့'

ဟယ်ခနဲဖြစ်ကာ နွားတဲသို့ မကျည်းဒန် ပြေးသည်။ သုံးလေးလှမ်း လှမ်းပြီးမှ တဲအဝသို့ ပြေးလာရသည်။ ကလေးနှစ်ယောက်ချည်း ထားပစ်ခဲ့၍ မဖြစ်။



'မစိန်ပွင့်ရေ၊ မစိန်ပွင့်၊ ကိုဆေးရိုး ပါသွားပြီ ကြားလို့ ငါလိုက်ချော်ဦးမယ်၊ ကလေးတွေ ကြည့်လိုက်စမ်းပါဟေ့'

'သွားသွား၊ နင့်ယောကျ်ားချည်း မဟုတ်ဘူး၊ ပိုတ်စနဲ့ သာဒွန်းလဲ မိသွားသတဲ့'

မကျည်းဒန် တဲထဲဝင်ပြီး အင်္ကျီတစ်ထည်ယူသည်။ ဝတ်သည်ကနည်းပြီး ကြိုးတန်းတွင် တင်ထားသည်ကများသော တစ်ထည်တည်းသော အင်္ကျီကောင်း။ နောက်ထပ် ဘာများ လိုဦးမလဲ မကျည်းဒန် စဉ်းစားနေစဉ် မစိန်ပွင့် ကူးလာ၏။

'သူတို့ကိုက ကံဆိုးတာပါအေ၊ မြောက်ဘက် မြောက်ဘက်လို့ 'အောင်တဲ့လူက ကိုင်းတောအထဲကို ဂျပန်တွေ မြောက်ဘက်က ဝင်လာပြီး' ပြောတာကို မြောက်ဘက် ပြေးရမယ် ထင်ပြီးအပြေးမှာ သူခိုးရှိရာကိုအဆုပ်အပိုးနဲ့ ဝင်မိသလိုက်သား ဖြစ်သွားတော့တာပေါ့အေ'

မကျည်းဒန်ပြေးသည်။ နှစ်ဖာလုံ သာသာခန့် ဝေးကွာမည့်နေရာရှိ ဗိုလ်တဲသို့ ပြေးလာသည်။ ဗိုလ်တဲသို့ရောက်တော့မှ ကိုယ့်နယ် အပူသယ်များ ရာချီပြီးရှိနေကြောင်း သိရသည်။ မျက်ရည်စမ်းစမ်းဖြင့် မှာကြားနေသည့် မအေများ၊ နှမ အစ်မများ၊ မယားများ။

ဂျပန်စစ်သားများသည် နွားမရှိဘဲ လှည်းချည်းရှိသည် ဆိုကာ ချမ်းသာမပေး။ လှည်းများကိုလယ်သမားများထမ်းဆွဲ ဆွဲနည်းဖြင့် ဆွဲယူလာကာ ဖမ်းမိနွားများကို အတင်းခိုင်းတော့သည်။ မိုင်ပေါင်းမည်မျှအထိ လိုက်ရမည်နည်း မသိပါ။ မည်သည့်မြို့ မည်သည့်ရွာရောက်လျှင် ပြန်ရမည်နည်း၊ မသိပါ။

www.burmeseclassic.com

www.burmeseclassic.com



မကျည်းဖန်မှာ ကိုဆေးရိုးကို မနည်း ရှာရသည်။ တွေ့သောအခါ အင်္ကျီကိုသာ လှမ်းပေးမိသည်။ ပြောစရာစကား ရှာမတွေ့။ ရှိုက်ကြီးတငင် ငိုယိုခြင်းဖြင့်သာ အချိန်ကုန်သည်။

ကိုဆေးရိုး၊ ကိုပိတ်စတို့မှာ တောက်တခေါက်ခေါက်ဖြင့် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်၍ မဆုံးကြတော့ပေ။ 'ကဲ....ပြီးပြီးတာ ပြီးပစေကွာ၊ တို့သုံးယောက် မကွဲအောင်သာ သတိထားပေတော့' ကိုသာဒွန်း သတိပေးမှ တောက်အခေါက်ရပ်သည်။ အခြားလှည်း ကြားမဝင်နိုင်အောင် ကပ်ပြီးစီထားသည်။

နေနီတစ်ခြမ်းသည် စလင်းချောင်း အနောက်ဘက်ကမ်း၌ မြုပ်ဝင်သွားချိန်။

ထိုအချိန်တွင် ရှည်လျားထူထဲသော ဖုန်လုံးကြီးသည် တောင်ဘက်သို့ တရွေ့ရွေ့ ဦးဟည်သွားလေပြီ။ ကိုဆေးရိုး၏လှည်းပေါ်တွင် ပါလာသည့် စစ်သားခြောက်ယောက်မှာ ဒဏ်ရာပြင်းထန်သူများ၊ အပြင်းအထန် ဖျားနာသူများ၊ အသည်းအသန် ဖျားနေသူများ ဖြစ်ရမည်ဟု ကိုဆေးရိုး ခန့်မှန်းသည်။

ကိုဆေးရိုးတို့မှာ ရှေ့တွင် ဂျပန်စစ်သား မည်မျှ များသည်ကို မသိ။ နောက်တွင်မူ လှည်းအစီး ငါးဆယ်ခန့် ပါသည်ကိုသာ သိသည်။ တာလမ်း ဝဲယာတွင်လည်း ဂျပန်စစ်သားတွေ ပါနေသေးသည်။ မည်မျှဟု မခန့်မှန်းတတ်။ မည်သို့ ဖောက်ထွက်မည်နည်း။ မဖြစ်နိုင်။



ကြံစည်ရင်း၊ တွေးတောရင်းဖြင့်ပင် ကိုဆေးရိုးတို့ လှည်းသည် စလင်းမြို့၏ အပြင်ဘက်သို့ ရောက်လာပြီ။ ရှေ့က ခြေကျင်စစ်သားတွေ မရပ်နားသေးသရွေ့ လှည်းတွေလည်း မရပ်ရ။ လှည်းသမားများမှာ အပေါ်အပါးကိစ္စကို လှည်းမှာပင် ဆောင်ရွက်ကာ ပါလာသောရေဘူးကို မော့။ ပါလာသည့်အရာကို စားနိုင်၏။

နွားများသော်မူ နားလည်းမနားရ။ ရေလည်းမသောက်ရ။ ကိုဆေးရိုး စာနာငြား။ ဂျပန်စစ်သားများ မသိပါ။ စာလည်း မစာနာပါ။ နွားဟော့ နွေးလာလျှင် 'ဟေးဘိုရှမာ' အော်ကာ လုံစွပ်ကြီး ဝဲလာတော့သည်။ နွားတွေကို မရိုက်ချင်သော်လည်း ကိုယ်မသေချင်သေးသဖြင့် ရိုက်ရသည်။

ဤသို့ဖြင့် မှိုန်းချောင်းကမ်းပါးသို့ ရောက်ချိန်တွင် ရောင်နီရောင်စကို မြင်ရသည်။ ကိုဆေးရိုးတို့ လှည်းငါးစီးမှာ ရွာထဲအထိ မောင်းဝင်လာကာ ထနောင်းပင်ရိပ်တွင် ရပ်ရသည်။ ကောက်ရိုးပုံမရှိ။ လှည်းပေါ်တွင် ခင်းထားသည့် ကောက်ရိုးအနည်းငယ်ကို ယူကာ ချကျွေးပြီး ထိုးအိပ်တော့သည်။

အိပ်သော်ငြား ကိုဆေးရိုးမှာနှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ချေ။ သို့သော် ကိုပိတ်စ နှိုးတော့မှ ထထိုင်မိသည်။

'မွဲလိုက်တဲ့ရွာကွာ၊ တို့ရွာကအိမ်တွေ စုတ်တယ်ဆိုတာ ဒီရွာကအိမ်တွေက အပျော့ပေါ့၊ ကောက်ရိုးတစ်ပုံ မရှိဘူး။ ပေါ့ 'စည့်' တစ်ခု ပုတ်ဘစ်လုံး မတွေ့ဘူး'

'ဘာရှာတဲ့တုံးကွ'

'ကန့်ကူနုံးဆိုလားကွာ၊ ဟိုတဲထဲက မိန်းမကြီး ပြောတော့

www.burmeseclassic.com

www.burmeseclassic.com



ပြောတယ်၊ မျှားနေဟန် တူပါတယ်၊ မပီမသနဲ့၊ ကလေးနှစ်ယောက်ကတော့ သေများ သေပြီလား မသိဘူးဟ

ကိုပီတ်စ မေးငေါ့ပြရာဘက်တွင် တဲတစ်လုံးရှိ၏။ မိုးထားကာထားသည့် ထန်းရွက်များမှာ နှစ်နှင့်ချီပြီး ကြာပြီ ဖြစ်သဖြင့် ရိုးတံများသာ ကျန်တော့သည်။ ထန်းရွက်ရိုးတံများဖြင့် မိုးထားသောတဲမှာ မြေစိုက်တဲဖြစ်ကာ ရှေ့သို့ အတော်ကြီး ငိုက်ကျ ယိုင်နဲ့နေ၏။

ကိုဆေးရိုးတို့သာလျှင် မဟုတ်။ ဂျပန်စစ်သားများအတွက်လည်း နှာခေါင်းရှုံ့စရာဖြစ်၏။ ရွာထဲတွင် လုယက်သတ်ဖြတ်စားသောက်စရာ ကြက်၊ ဝက်၊ ဆိတ်၊ ဘဲ တစ်ကောင် တစ်မြီးမျှ မရှိ။ တစ်ရွာလုံးတွင် ယောကျ်ားဟူ၍ ဖျားနာနေသည့် အဘိုးအိုသုံးယောက်သာ ရှိသည်။

ထိုရွာတွင် လုယက်စရာမရှိတော့မှ ဂျပန် စစ်သားများသည် သူတို့တွင် ပါလာသည့် 'ခြေအိတ်ဆန်'များကို ထုတ်ချက်ကြသည်။ သူတို့ချက်စားကြငြား မြန်မာလှည်းသမားများကို မကျွေးပါ။ ကိုဆေးရိုးတို့မှာ ငှက်ပျောနှမ်ပီးစိနှင့် ရေဘူးတစ်လုံးစီ ပါလာသောကြောင့်သာ ဘော်တော့သည်။

နွားများမှာ အစာမစားရသဖြင့် ဝမ်းဗိုက်များ ဟောက်ပက် ချိုင့်နေသည်။ သို့ဆိုက တိုနွားများသည် ယာနူည ခရီးမြင်း နှင်နိုင်ကြပါဦးမည်လား။ ကိုဆေးရိုးမှာ နွားတွေကိုကြည့်ကာ ရင်လေးနေသည်။

တစ်နေဝင်ဦးတော့မည်။

ဂျပန်စစ်သားများ လှုပ်လှုပ်ရွရွ ပြင်ဆင်ကြပြီ။ ကိုဆေးရိုး



တို့ လှည်းများပေါ်သို့ စစ်သားနာများ ရောက်လာကြပြီ။ ကိုဆေးရိုး၏လှည်းပေါ်သို့ သုံးယောက်သာ ရောက်လာတော့သည်။ ကျန်သုံးယောက် မည်သည့်နေရာသို့ ရောက်သွားပြီနည်း။ မည်သို့ဖြစ်စေ၊ လှည်းပေါ်သွားပြီ။ ကိုဆေးရိုးမှာ ဝမ်းသာအားရ လှည်းတပ်သည်။ အကြိုအကြားမှ လှည်းများ အလျှိုအလျို ထွက်လာကြပြီ။ ကိုဆေးရိုးတို့ လှည်းသုံးစီးနှင့် အခြား နှစ်စီးမှာ မမောင်းရသေး။

ကိုဆေးရိုး စောင်းငဲ့ကြည့်သည်။

လူ့ရုပ်ကြီးတဝဲဝဲဖြင့် မကြာခဏ ဆဲရေးခဲ့သော ဂျပန်စစ်သားသည် ရိုးတံကျဲတဲထဲသို့ ဝင်သွား၏။ တဲထဲမှ စူးစူးဝါးဝါး အော်သံကြောင့် ကိုပီတ်စ ဆင်းပြေး၏။ ကိုဆေးရိုးလည်း ဘာမသိဘာမသိ ပြေးဆင်း၏။

'ဟေ့ ကောင်တွေ ကိုယ်နဲ့ဘာဆိုင်လို့တုံး၊ သေကုန်တော့မှာပဲ'

ကိုသာဒွန်း အော်နေစဉ်မှာပင် တဲထဲသို့ ကိုဆေးရိုး ရောက်သွားသည်။ ဂျပန်စစ်သားနှင့် ကိုပီတ်စ လုံးထွေးနေသည်။ ကိုဆေးရိုးသည် တဲအဝင်ဝမှ ဆွဲမိဆွဲရာ ဆွဲယူမိသည့်အရာဖြင့် ရိုက်ချလိုက်သည်။ သေချာစေရန် နောက်ထပ် နှစ်ချက်ရိုက်ပြီး ပြေးထွက်လာသည်။ လှည်းကို မောင်းမိမောင်းရာ တရကြမ်း မောင်းသည်။ သေနတ်သံများ အသံထွက်မျိုးစုံဖြင့် ထွက်ပေါ်လာသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



'တဲထဲက ဂျပန်စစ်သားကိုတွေ့သွားတဲ့ တခြားကောင်တွေက ငါတို့နောက်ကို လိုက်ပစ်တယ်ထင်တာကိုးကွ၊ နွားတွေ အစာမစားရပါကလား ဆိုတာတွေ ဘာမှ သတိမရတော့ဘူး၊ အဘင်း မောင်းတာပဲဟေ့၊ သေနတ်သံတွေမကြားရလဲ မောင်းတုန်းပဲဟေ့'

'ဘယ်တော့မှ ရပ်သတုံး ဘာ'

'နွားနှစ်ကောင် မပြေးနိုင်တော့မှ အမောင်းရပ်မိတော့သကွာ၊ လက်စသတ်တော့ ငါကြားရတဲ့ သေနတ်သံတွေက'

ဤမျှ ပြောမှဖြင့် အာခြောက်ရပေဘော့မည်၊ မန်ကျည်းပင်အောက်ရှိ ရေနွေးအိုးနှင့် ပန်းကန်ကို ပြေးယူသည်။

'ငါတို့ကိုလိုက်ပစ်တာ မဟုတ်ဘူးလကွ၊ ငါတို့ ဗမာပြောက်ကျားတွေက လာတိုက်တာဆိုကိုးကွ၊ ဒါလဲ ချက်ချင်း မသိပါဘူး၊ နောက်မှ သိရတာပ'

'ဦးပိတ်စနဲ့ ဘသာဒွန်းတို့ကော'

မြက်ထမ်းဖြင့် နောက်ဆုံးရောက်လာသူ၏ အမေး။

'ယောင်တောင်ပေါင်တောင်နဲ့ မောင်းလိုက်လာကြတာပေါ့ကွာ၊ ဘယ်နေမတုံး'

'ဘတို့လည်းပေါ်က ဂျပန်စစ်သား လူနာတွေကော'

ရည်းဆေးရှိုး စဉ်းစား၏။

'အေးကွ၊ မင်းတို့မေးမှ ငါသတိရတယ်၊ သူ့ဘာသာသူ ကျကျန်ခဲ့သလား၊ ငါကန်ချပစ်ခဲ့မိသလား၊ အေးဟ....မမှတ်မိတော့ဘူး'

'ကဲ....ပြီးသွားပါပြီဗျား'



စိန်လှမောင်သည် စိုက်ပြီးသွားသည့် တိုင်နှစ်တိုင်ကို ကြည့်ရင်း လက်ဝါးနှစ်ဖက် ရိုက်ခတ် ဖုန်ခါရာက ပြောသည်။ ပြောအပြီးတွင် ရည်းဆေးရှိုးရှေ့တွင် လာထိုင်ရာက 'ကျုပ်တို့ လုပ်လို့ မပြီးမချင်း ဘ ဇာတ်လမ်းက မဆုံးသေးဘူး၊ ဟော....အခု ဆုံးလဲ ဆုံးရော၊ အရေးကြီးတဲ့ ငန်းပြားအကြောင်း မပါဘူး' ဆို၏။

ရည်းဆေးရှိုးသည် သွားဖုံးကြီးတွေပေါ်အောင် ပြုံး၏။

'တဲစုတ်အဝင်ဝက ငါဆွဲယူပြီး မုဒိမ်းကောင်ရဲ့နောက်စေ့ကို သုံးချက် ဆက်ရိုက်တာဟာ ရိုးရိုးတုတ်မဟုတ်ဘဲ ငန်းပြားဖြစ်နေတာ အိမ်ပြန်ရောက်မှ သိသကွာ၊ အံ့ရောဟေ့....လမ်းမှာ ကျမကျန်ခဲ့ဘူး၊ အိမ်ရောက်အောင်ပါလာတာ၊ အဲသည်ငန်းပြားပါပဲ မောင်တို့ရာ'

(၁၉၉၁၊ မတ်လ၊ သွေးသောက်မဂ္ဂဇင်း)

www.burmeseclassic.com

www.burmeseclassic.com

## ညအရေးတွင် လကလေး မစောင်းပါ

'ရည်းဆေးရိုး၊ အေးအေးဆေးဆေးသာ အိပ်၊ ကျုပ်တို့ရှိတယ်'

အထက်လယ်ပွဲမှ ထွန်းလိုင်သည် ငှက်ကြီးတောင်ဓားကြီး တဝင့်ဝင့် 'တုတ်မိုး' တထိုးထိုးဖြင့် ရောက်လာသည်။ ရည်းဆေးရိုးသည် 'ဘာဘူစောင်' မည်းမည်းကြီးကို ဖိုသီဖတ်သီ ပတ်လျက် ကောက်လှိုင်းတွေကို စုထပ်နေရာက လှည့်ကြည့်သည်။

'ချက်ကြီးကော ရောက်ပလားကွ'

'ရောက်ပါပြီခင်ဗျာ၊ သူ့ လယ်ပွဲဘက်ကို တစ်ခေါက်လျှောက်ချဦးလို့ ကျုပ် လွှတ်လိုက်လို့ ပြန်သွားကာ'

ချက်ကြီးမှာ မြောက်ဘက်လယ်ပွဲမှကိုဘာအုန်း၏သား ဖြစ်သည်။ လယ်နီးချင်းဆိုရငြား 'ကန်သင်းတင်'မဟုတ်၊ လယ်ကြား မြောင်း ခြားနေသည်။ မြောင်းပေါင်ပေါ်တွင် နဘူးချုံ၊ ခွေးလှေးယားချုံများ ပိတ်ဆီးထားပြန်သည့်အတွက် တစ်သီးတခြားဖြစ်နေသည်။ မကြာခဏ လူယောင်ပြမှ လှည့်လည်မှ ကောက်လှိုင်းသူခိုးများကိုဟန့်တားနိုင်မည်။



ညောင်ရွက်များ အသာအယာ လှုပ်သည်။ လှုပ်တိုင်း ဘပြောင်ပြောင်ဖြစ်သည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် နှင်းကျနေပြီဟု ရည်းဆေးရိုး ခန့်မှန်းသည်။

နှင်းကျသော်ငြား လယ်ပြင်ကြီးသည် မှောင်ပိန်းမနေပါ။ ဖျိုးဖျိုးဖျောက်ဖျောက် ကြယ်ရောင်ကြောင့် နေစားသော အနက်ထည်နှယ် ဖျော့တော့နေသည်။ သို့သော် လေကွယ်အောင် ညောင်ရိပ်ခိုထားသည့် ရည်းဆေးရိုး၏ နေရာမှာ မည်းပိန်းနေသည်။ ပင်စည်ရင်းသို့ ဖိုထားသော မီးဖိုမှာကား ရဲထိန်နေသည့် မီးကျီးသစ်များ လတ်ဆတ် နေသေးသည့်အတွက် မဖြစ်စလောက် အလင်းကလေးပင် ပေးနိုင်သေးသည်။

'လက်ဖက်ခြောက်ခတ်ထားတယ်ကွ၊ ကျလောက်ပြီ'

ရည်းဆေးရိုးက ပြောပြောဆိုဆို ကောက်လှိုင်းပုံပေါ်သို့ သိုင်ချ၏။ ကောက်လှိုင်းပုံကို လေးလှိုင်းဆင့် ထပ်ပုံထားရာ တစ်တောင်ခန့်မြင့်သည်။ လူတစ်ယောက်အိပ်သာရုံမျှ ကျယ်ဝန်းသည်။ ကျောဆန့်ရုံမျှ နားနေရန် ရည်ရွယ်ခင်းကျင်းထားငြား လေကွယ်စေရန် မြောက်ဘက်တွင် ဆယ်လှိုင်းခန့် ဖြန့်ကာထားသည်။

ယာခု ညဦးသာရှိသေးသည်။ နေ့၏အငွေ့ခေတ် မကုန်သေး။ မကုန်ငြား။ ခိုက်ခိုက်တုန်နေပြီ။ မြောက်လေက ပျော့ချည်တစ်လှည့်၊ ပြင်းချည်တစ်လှည့် တိုက်နေချေသည်ကိုး။ သို့အတွက် ညောင်ပင်ရင်းသို့ ထွန်းလိုင် ဝင်ကပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ငါးစပ်စောင် အမြိတ်များ မြေတွင်မပုံစေရန် လက်ဖြင့်သိမ်းပြီးမှ ထိုင်သည်။

'ဒါလောက်အေးရင် မလွယ်ဘူးထင်တယ်ဗျို့'

'အချမ်းသက်သာအောင် ရေနွေးသောက်လေကွာ'

ရည်၊ဆေးရိုးသည် ကောက်လှိုင်းပုံပေါ်သို့ ပက်လက်လှန်ချရင်းက လှမ်းပြောသည်။ ရေနွေးငှဲ့သံ ကြားရသည်။ ပူပူလောင်လောင်ကြီးကို 'ရှုပ်'သောက်သံကြားရသည်။

အနက်ထည် ကောင်းကင်ပြင်ကြီးသည် တင့်တယ်လှပပေစွ။ ကြယ်များသည် လမင်းကိုစောင့်ဆိုင်းရင်း စုရုံးနေကြသည်။ ငြိမ်နေသောကြယ်၊ မျက်တောင်ခတ်သောကြယ်၊ တောက်တောက်ပပကြယ်၊ မွားမွားမှိန်မှိန်ကြယ်၊ အမြီးရှည်ကြီးထုတ်ကာ စီးမျောပျောက်ကွယ်သွားသည့်ကြယ်။

'ဟော့... ကနေ့ ဘယ်နှစ်ရက်တုံးကွ'

'မသိပါဘူးဗျာ၊ လ,တောင် တန်ဆောင်မုန်းလား၊ နတ်တော်လား'

'မင့်အဖေ ကလွှား၊ ပြာသိုပါဟကောင်ရ၊ လပြည့်ကျော်ပြီ'

တေးချင်းဟစ်သံ ကြားရသည်။ တောင်ဘက် လယ်ပွဲမှ ပေသီး၏သား မင်းထွန်းဦးအသံ ဖြစ်သည်။

'သန်းခေါင်ကျော်မှ လ,ထွက်မှာ ဆိုတော့၊ ညဦးမှာ ဂရုစိုက်ကြဟေ့၊ အဲ....ငါ့လယ်ပွဲအောက်ဘက်လဲ တစ်ခေါက်တစ်ကျင်း လျှောက်လိုက်ပါဦးဟ'

ကိစ္စမရှိပါဘူး ရည်းဆေးရိုးရာ၊ ဟိုကောင်လေး၊ အဲသည်



ဘက်က လှည့်လာနေပါတယ်၊ ခင်ဗျားကောက်လှိုင်း တစ်လှိုင်းမှ မပျောက်စေရဘူး စိတ်ချ၊ တစ်လှိုင်းပျောက်ရင် ကျုပ်က နှစ်လှိုင်းလျှော်မယ်'

ထိုအခါတွင်'ဟေ့ကောင်'ဆိုကာ ရည်းဆေးရိုး ထ,ထိုင်သည်။

'ငါ့ကောက်လှိုင်းက လယ်နက်ထဲက ကောက်လှိုင်းဟာနှင့်နေအောင်လေးတာ မင့်ကောက်လှိုင်းဆယ်လှိုင်းကို ကလေးတောင် ပေ့နိုင်တယ်'

'အဲဒါတော့ နှိမ်လွှန်းသဗျာ'ဆိုကာ ထွန်းလှိုင် အော်ဟစ်ရယ်မော၏။

'ဗျို့ အဘ၊ အဘတို့ ဦးထွန်းလှိုင်တို့'

ရည်းဆေးရိုး လည်းပင်းရှည်ကြည့်သည်။ လှုပ်နေသောအရာကိုမြင်ရ၏။ လူလော သစ်ပင်လော မကွဲပြားငြား'ဟေး'ဟု အသံပေးပြီးမှ'မှုန်မဟုတ်လား'အသံနှိမ့်မေး၏။ မှုန်မှာအောက်လယ်ပွဲမှ ဖြစ်သည်။

ထွန်းလှိုင်နှင့် ရည်းဆေးရိုးတို့ လည်ပင်းမတိုမီပင် မှုန်သည် ညောင်ပင်အောက်သို့ လေးဘက်မထောက်ရုံ ကျန်တော့သော ကုပ်ချောင်းချောင်းပုံဟန်ဖြင့် ဝင်လာ၏။

ပါးစပ်မှလည်း တရှုံးရှုံး အသံထွက်နေ၏။

မီးဖိုထဲ ဆင်းထိုင်မတတ် နီးကပ်စွာ ဝင်ထိုင်သဖြင့် ထွန်းလှိုင်သည် ရေနွေးအိုးဖယ်ပြီး သစ်ရွက်ခြောက်ရောသော ကိုင်းသေးကိုင်းမွှား တစ်ဆုပ် ထည့်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မီးခိုးနံ့ ဝေ့ဝဲလာသည် မီးရောင်လက်လာမှ မီးခိုးနံ့ ပျော့သွားသည်။

ဤမျှ အေးသော်ငြား မှုန်တွင် အနွေးထည်မပါ။ သို့ အတွက် 'သည်မသာလေးတော့ သေတော့မှာပဲ' မာန်၏။

ဘာကြောင့်များ မာန်မဲပါလိမ့်ဟု မှုန် မော့ကြည့်၏။

'ဖျာပုံထည် အနွေးထည်လေးတောင် မဝတ်နိုင်ဘူးလား ဟကောင်လေးရ၊ မနှစ်တုန်းကလဲ စပါးရသားနဲ့'

'စပါးတစ်တောင်းတစ်ဆုဖြစ်တဲ့ အချိန်ကတော့ ကျုပ်တို့ လက်ထဲမှာ စပါးမရှိတော့ဘူး ဘရ၊ ဒါတောင် ကျုပ်ဝမ်းစာ စပါးထဲက တစ်တောင်း ခိုးရောင်းပြီး အနွေးထည် တစ်ထည် ဝယ်လိုက်သေးဗျ'

'ဒါဖြင့် အဲဒါ ဘယ်မတုံး'

'ညီလေးဝတ်သွားလို့ ဘရ'

ရည်းဆေးရှုံး ခေါင်းညိတ်သည်။ သူ့ညီသည် အရောင် အသွေးရှိသည့် အင်္ကျီကို ဝတ်ကာ ရွာထဲတွင် လှည့်လည်ပြီး လူလုံးအပြ လှန်နေဟန်တူသည်။ ထို့ကြောင့် ဘောက်လိုင်း စောင့်ထွက်မည့် အင်္ကျီကို ထိုသို့ အချိန်မီ ပြန်မရောက်ခြင်းဖြစ် မည်။

'ဒီလိုဆိုလဲ မောင်လေး ဘာလေး ခြုံလာခဲ့ပေါ့ကွာ'

'အားလုံးမှ စောင်က လေးထည်၊ လူကရှစ်ယောက် ဘရ'

'ဟော်ကွာ၊ တော်ကွာ'ဟု အော်ငြား ရည်းဆေးရှိုး စိတ် မဆိုးပါ၊ ချို့တဲ့ရမည်လော ဟူ၍လည်း အပြစ်မတင်ပါ။ စပါးထွက်အောင် အပြင်မှ ဝယ်ယူသုံးစွဲရသည့် ခေတ်မြေ



ဩဇာဖိုးနှင့် ပိုးသတ်ဆေးဖိုးက မြင့်နေသည်ကိုကား မသိကြ။ စပါးတစ်တောင်းတစ်ဆုကိုသာ ဟိုးလေးဘာကျော် ပြောနေ ကြသည်။

ရည်းဆေးရိုး တိုးဟိုးတိတ်တိတ် တွက်ကြည့်၏။ ဂျုန် ထားနိုး အချိန်တုန်းက စပါးတစ်တောင်း သုံးမတ်၊ တစ်ကျပ် မူးတင်း၊ တစ်ကျပ်ပဲကင်း။ သို့သော် မတ်တတ်ခင်း ဘလေဇာ အင်္ကျီ တစ်ထည် သုံးပဲ၊ အမဲသားတစ်ပိဿာ ငါးမူး သုံးမတ်။

ထိုအခါ 'စပါးဈေး ဘယ်လောက်ပဲရရ ကိုယ်ဝယ်ရတဲ့ ဟာတွေ ခေါင်ခိုက်နေလဲ မထူးကဲသာပါဘူးကွာ' ညည်းတွား မိလေ၏။

သူ့စိတ်ကူးနှင့်သူ၊ သူ့အတွေးနှင့်သူ လုံးထွေးနေရာ အတေးဟိမ်းထဲမှ လိမ့်ကျသောခြင်းဖြစ်ရာ ထွန်းလှိုင် သဘော မပေါက်။ မှုန် မျက်လုံးပြူးနေ၏။

'ဘာပြောတုံး'

ထွန်းလှိုင် လှမ်းမေးစဉ် ချက်ကြီး ပြေးဝင်လာ၏။

'တာစ္စခြောက်တယ် ဘာဘ၊ တာစ္စ'

'ဘယ်နားမှာတုံး'

'ဘယ်လိုခြောက်လိုက်တုံး'

ရည်းဆေးရိုးနှင့် ထွန်းလှိုင်၏ ရှေ့ဆင့်နောက်ဆင့်အမေး။

'မြောင်းပေါင်ဘေးက ထန်းပိုပင်ပေါ်ကနေပြီး လျှာကြီး ထုတ်ပြသယ်၊ လျှာကြီးကလဲ တယမ်းယမ်းနဲ့'

'ဘယ်က သောက်ဟာစွဲ ရှိရမှာတုံး၊ ငါ တစ်သက်လုံး

www.burmeseclassic.com

www.burmeseclassic.com



ညကြီးသန်းခေါင် ရေယူနေတာ ဘာတစ္ဆေ ဘာသရဲ ဘာအုတ်ဒဇောင့်(ဥစ္စာစောင့်)မှ မရှိဘူး'

ရည်းဆေးရှိး ပုတ်ထုတ်ပြေား ငမှုန် မျက်နှာပျက်၏။ မြောင်းပေါင်ဘက်သို့ မျက်နှာမူထားရာက ထွန်းလှိုင်ဘက်လှည့်၏။

'နေပါဦး မင်းက လျှာကြီးထုတ်ပြတယ် ပြောတော့၊ လျှာဆိုတာ ပါးစပ်ထဲက ထွက်လာတဲ့ ရှည်ရှည် ပြားပြားကြီးကို ခေါ်တာကွ၊ ဒီတော့ တစ္ဆေရဲ့ပါးစပ်ကို မင်းမြင်ရမှာပေါ့'

တွေးတွေး ဆဆဖြင့် ပေါ်လာသော ရည်းဆေးရှိး၏အမေး။ ချက်ကြီး ရှုးချင်သလို ဖြစ်သွားရသောစကား။

'ကျုပ်....အဲ....အဝှာ ကြက်သီးဖြန်းခနဲ ထသွားလို့ ကြည့်လိုက်တော့ လျှာကြီးကိုမြင်ရတာ ဘရဲ'

'ဒါလောက် အေးနေမှတော့ ကြက်သီးထမှာပေါ့ဟ၊ အေးပါ....လျှာဆိုရင် ပါးစပ်ကိုပါ မြင်ရမယ်၊ အဲဒီတော့ မင်း တစ္ဆေရဲ့ပါးစပ် အပေါ်နှုတ်ခမ်းမှာ နှုတ်ခမ်းမွေး ပါသလား၊ ကဲ....ဖြေစမ်း'

'အဲဒါကတော့ ဘယ်သိမလဲ'

'ဟုတ်ပြီ....နှုတ်ခမ်းမွေးကို သတိမထားမိရင် အဲဒီတစ္ဆေမှာ မုတ်ဆိတ်မွေးပါသလား'

'ဘက သိင်္ဂ တ်သီးကတ်သတ် ပြောတာပဲ'

ချက်ကြီး ပြုံးမလိုမဲ့မလိုဖြင့် အဖြေပေးရန် ရှောင်သည်။ ထွန်းလှိုင်ကမူ ရည်းဆေးရှိး၏အမေးကို သဘောတွေသည်။



'ဟုတ်တယ်ဟ....ချက်ကြီးရ၊ လျှာကြီးဆိုတာ ပါးစပ်ထဲကထွက်မှ လျှာဖြစ်မှာပေါ့၊ ပါးစပ်ဆိုတာသိဖို့ဆိုရင် မုတ်ဆိတ်မွေး ပါမှ ပါးစပ်ဆိုတာ သိသာတော့မပေါ့'

ပြောပြီး တဟားဟား ရယ်သည်။ သူရယ်သလေ ချက်ကြီး အနေခက်လေလေ။ ငမှုန်က မီးဖိုထဲသို့ ရိုးပြတ်တွေထည့်သည်။ မီးတောက်ကြီး ဟုန်းခနဲ ထလာသည်။ သည်အခွင့် ချက်ကြီး အနေရခက်ပုံမှာ ပို၍ထင်ရှား၏။

'ဟေ့....ကောင်လေး'

ထွန်းလှိုင်ခေါ်သံက အေးဆေးငြား ချက်ကြီး အထိတ်တလန့် 'ဗျာ'၏။

'မင်းမြင်ခဲ့ရတဲ့ လျှာကြီးကို ရည်းဆေးရှိး 'ပင်းတား' ချတဲ့နေရာနဲ့ တည့်တည့်က ထန်းပင်မှာ မြင်ခဲ့တာ မဟုတ်လား'

'ဟုတ်....ဟုတ်တယ်ဗျ'

သူ့အက်က လိုက်ပြောပါလျက် ချက်ကြီး ဘယ်အတွက်ထစ်နေရသနည်း။ ရည်းဆေးရှိးသည် ချက်ကြီးကို အကဲခက်ရင်း စဉ်းစား၏။ ထွန်းလှိုင်ကား မေးမြဲ ဆက်မေးနေသည်။

'လျှာကြီးက အနီရောင်ကြီး မဟုတ်လား'

'ဟာ....ဟုတ်....ဟုတ်သဗျ'

ထွန်းလှိုင် ဟက်ဟက်ပက်ပက် ရယ်မောသည်။

'အဲဒီ ထန်းပင်နားကို မင်း ရောက်ချိန်လောက်မှာ ငမှုန့်အတွက် မီးဖိုမှာ မီးထည့်တော့ ဟုန်းခနဲ တောက်တယ်၊ အဲဒီ မီးရောင်က ထန်းပင်မှာ တွဲလောင်းကျနေတဲ့ ထန်းရွက်

www.burmeseclassic.com

www.burmeseclassic.com



ခြောက်ကို အရှောင်ဟပ်တယ်၊ မီးရောင်ကြောင့် နီမယ်၊ သေတိုက်လို့ လှမယ်၊ ဒါပဲ'

'မှုန် ရောက်လာပလားဟေ့'

မင်းထွန်းဦး၏အဖေ ပေသီးအသံ ဖြစ်သည်။ မှုန် 'ဗျို့' သံပေးလျက် လည်ပင်းရှည်စဉ် မီးရောင်ထဲသို့ ပေသီး ဝင်လာ၏။

'မင်းက ဒီမှာလာပြီးနေ၊ ဟိုမှာမိန်းမနှစ်ယောက် ကောက်လှိုင်းတွေ လာခွေ့လို့ ငါ ဆီးခေါက်လိုက်ရတာဗျာ'

'ဟင်' ဆိုကာ မှုန် ထ၏။ အခန်းဓာတ် ရထားသဖြင့် သောင်မတ်နေပြီ။ ခါးနှင့် တုတ်မီးကို ကောက်ကိုင်၏။

'အဲဒီကောင်မတွေ နောက်တစ်ကြော့ လာချင် လာလိမ့်မယ်၊ အဲသာကြောင့် ငါ့သားကို အချောင်းခိုင်းပစ်ခဲ့တယ်၊ ညနဲ့ပင်နားမှာ ရှိလိမ့်မယ်၊ မင်းရောက်ရင်သူ့ကို ပြန်လွှတ်လိုက်'

သူသည် အာမောကာကာ ပြောအပြီး မီးဖိုနားသို့ တိုးကပ်၏။

'ဘယ်က ကောင်မတွေတုံးကွ'

'သူတို့ရွာက ဒေါ်သီးတွေ နေမှာပါ၊ ခပ်ငယ်ငယ်ကောင်လေးက သူ့ရည်းစားတောင် ဖြစ်နိုင်တယ်၊ ဒါမှမဟုတ်လဲ မဟုတ်မှုလဲရော၊ သူနဲ့များ ရည်းဝါးကိုက်ထား သလားမှ မသိဘာ'

ရည်းဆေးရိုးသည် ပူနွေးသော ကောက်လှိုင်းထဲတွင် ခေါင်ခြုံပြီး အကျအန ကွေးနေရာမှ 'သေချာလှချည်လား ဟ' ဆိုကာ ငုတ်တုတ်ထထိုင်၏။



'ရဲလဲ ရဲတင်းတယ်ဗျ၊ ဂုန်နီအိတ်နှစ်လုံးနဲ့ အကျအနလာတာဗျ၊ သူခိုးဆိုရင် တစ်စိတ်တစ်ခွဲရရင် တော်ပြီ၊ ပုဆိုးကွင်းကို စုချည်ပြီး ထည့်သွားမယ်'

ထိုအခါ 'တို့လဲ ငယ်ငယ်တုန်းက ကိုယ့်ပစ္စည်းကိုယ် ပြန်ခိုးခဲ့ကြတာပဲ မဟုတ်လား' ရည်းဆေးရိုး စဉ်းစားမိသောအခါတွင် ကောက်လှိုင်းပုံပေါ်မှ ခြေဘန်းလန်းချ၏။

ယင်းသို့ တွေးမိပြန်သည့်အခါ ခြေကို ပြန်တင်ပြီး တင်ပျဉ်ခွေ၏။ သို့ရာတွင် ရည်းဆေးရိုး၏ရင်ထဲတွင် မတင်မကျ ဖြစ်နေသည်။ ဘာဘူစောင်ကြီး ဖရိုဖရဲခြုံလျက် ထရပ်သည်။

'ပေသီး....ဒီမှာပဲ နေဦးကွာ၊ ထွန်းလှိုင် လာဟေ့'

အမည်တပ်ပြီး ခေါ်ထုတ်သဖြင့် ထလိုက်လာရငြား ထွန်းလှိုင်မသိ။ 'အေးအေးဆေးဆေး အိပ်နေပါ ဆိုတာတောင် မနေနိုင်ဘဲကိုး၊ ရည်းဆေးရိုး အခု ဘာလုပ်ဖို့ ဘယ်သွားမှာတုံး' တင်ကြီး မေးသည်။

ရည်းဆေးရိုး မဖြေသေး။ ဝါးရင်းတောင်ဝှေး တခေါက်ခေါက်ဖြင့် ကန်သင်းရိုးအတိုင်း လျှောက်လာခဲ့သည်။ ကန်သင်းဆုံသို့ရောက်မှ ကျောဘက်သို့ပြန်လှည့် မီးကိုထိုးကြည့်ရင်း ကောစသည်။

'တစ္ဆေကို ငါ မသင်္ကာလိုက်ကွ'

'အင်း... ဘယ်လိုမသင်္ကာတာတုံး'

'ဒီကောင်လေးဟာ ခြောက်နှစ်သား ခုနစ်နှစ်သားကတည်းက ဖအေနဲ့ လယ်ထဲလိုက်အိပ်တဲ့ကောင်၊ ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရမှန်း လန့်ရမှန်းသိတာမဟုတ်ဘူး၊ အခုမှ တခွေ့ဆိုတော့ ထူးသလားလို့'

'ဘာလုပ်ချင်တုံး....ကဲ'

ရည်းဆေးရှိးသည် ကုန်းမြင့်လယ်ကွက်ဘက်သို့ ကူးသွားပြီးမှ.... 'ထူးလိုထူးခြား သွားချောင်းချင်လို့ပါကွာ' ဟုဆိုသည်။ ထွန်းလှိုင်က 'ဒါဖြင့်လဲ သွားလေ' ဆိုသော်လည်း နေရာမှ မရွေ့သေး။

'စားကြွေး သောက်ကြွေး ကျေရုံကလေးတစ်တင်းစာ နှစ်တင်းစာ ခိုးရောင်းလို့ကတော့ အကြောင်းမဟုတ်ဘူးပေါ့ကွာ၊ သေးငါးဆယ်တောင်းဆိုရင် သူ့မိဘတွေ သိသွားချိန်မှာ ဘာပြောမတုံး'

'ဒါပေါ့လေ၊ လူကြီးတွေပါတယ်ဆိုလို့ ကျုပ်တို့က စိတ်ချနေတာ၊ ဘာဖြစ်တယ် ညာဖြစ်တယ်ပေါ့ဗျာ'

သည်အထိ ထွန်းလှိုင်၏စကားမှာ ရည်းဆေးရှိး နှစ်မြို့ဖွယ်ဖြစ်၏။

'ဒါပေမယ့် ကျုပ်တို့ ခိုးတာမှမဟုတ်တာ ရည်းဆေးရှိးရာ၊ သူ့မိဘပစ္စည်း သူ့သားသမီးခိုးတာ ဘာဖြစ်တုံး'

သည်စကားကို ရည်းဆေးရှိး မကြိုက်။

'မင်းတို့ လူကြီးဖြစ်လာမယ့် လူလတ်တွေ တော်တော်အသုံးမကျတဲ့ကောင်တွေပဲ၊ ဒါနဲ့ဘာဆိုင်စုံးဆိုပြီး ခေါင်းရှောင်၊ လူနုပ်ချမ်းသာလုပ်၊ အလကားကောင်တွေ'

ထွန်းလှိုင် မတိုးမကျယ် ရယ်မောသည်။

လူမလှုပ်သောကြောင့် ညက လှုပ်၏။ ညမင်းသား လယ်ကွက်များသည် စပါးနှံများကို ကိုက်ချီလျက် ပြေးလွှားကြသည်။ ခြေထောက်များဆို ဝင်တိုက်ကြ တိုးကြသည်။

'ကဲပါဗျာ၊ သွားမှာသာ သွားစမ်းပါ၊ လိုက်ပါ့မယ်'

ရည်းဆေးရှိး ရွေ့သည်။ မှောင်ပြင်ကြီးထဲတွင် မြေကြီးပေါ်မှာသာ အလင်းကွက် ပေါ်နေသည်။ အလင်းကွက်သည် မြောက်ဘက် မြောင်းပေါင်ကို ချုံပါးရာနေရာမှကျော်သည်။ သနပ်ပင်အရိပ်သို့ အရောက်တွင် အလင်းရောင်ပျောက်သည်။ ရည်းဆေးရှိးနှင့် ထွန်းလှိုင်သည် အမှောင်ထဲတွင် မျက်စိကျင့်သားရလာအောင် ငြိမ်ငြိမ်ကလေး ရပ်နေ၏။

မှောင်ပြင်ကြီးသည် ပုရစ်မြည်သံအောက်တွင် ငြိမ်သက်နေသည်။ မျက်လုံးလေးလုံးသည် မှောင်ထဲတွင် မည်းမည်းများကိုသာ မြင်ရသည်။ ကောက်ပွေ့လော၊ ကန်သင်းလော မသဲကွဲ။ ရည်းဆေးရှိး၏ တုတ်မီးက စ,တင်လင်းသည်။ ရွှေခပ်လုမ်းလုမ်း ထန်းပင်ပေါက်စဘေးတွင် တင်စုံဘစ်ရာ။

'ဟေ့ ...ကြည့်စမ်းပါဦးကွ၊ အဲဒါ'

ထွန်းလှိုင်တုတ်မီးပါ လင်းလာသည်။ ကောက်လှိုင်းလောမြက်ထုံးလော မသဲကွဲ။ တုတ်မီးရောင်သည် အလင်းရောင်ပင်ဖြစ်ငြား၊ အရာဝတ္ထုကို သဲကွဲအောင် မတတ်နိုင်။ ခြေထောက်လေးချောင်းသည် ဘေးဘီနှင့် ခြေထောက် အောက်ကိုပါ သတိထားရင်း ထန်းပင်ပေါက်ဘက်သို့ ချဉ်းကပ်လာကြသည်။ လာရင်း လာရင်းဖြင့် ထွန်းလှိုင်ရင်ထဲ ဒိန်းခနဲဖြစ်၏။ အမြင်သဲကွဲပြီလေ။

'လူဗျ၊ လူ....လူ'



www.burmeseclassic.com

www.burmeseclassic.com



ပြောလည်းပြော ရည်းဆေးရိုးကိုလည်း လှမ်းဆွဲသည်။

'လူဆိုရင် သူခိုးပေါ့ကွ'

'မဟုတ်ဘူးဗျ၊ လဲနေတာ'

သူတို့ တရွေ့ရွေ့ တိုးကပ်လာသည်။ မိန်းမတစ်ယောက်။ ထဘီရင်ရှားဖြင့် မိန်းမ။ အေးစောင်း လဲကျနေသည်။ နှစ်တင်းဝင် အိတ်တစ်လုံးက သူ့ခေါင်းကိုပိနေကာ လက်ထဲတွင် ဓားမတစ်ချောင်းကို ဆုပ်ထား၏။

'ရည်းဆေးရိုး၊ ဘယ်နှယ့်လုပ်ကြတုံး'

ရည်းဆေးရိုးမဖြေ။ မီးရောင်ကို ဟိုဟိုသည်သည် ကစားသည်။ ခဲတစ်ပစ်သာသာ အဝေးတွင် အစေ့ခြွေပြီးသား ကောက်ပင် အခြောက်များ။ ထို့နောက် မြွေတစ်ကောင်။ အိုသော် ရှည်လျားသော အကောင်သည် လုံးလုံးကြီး ဖြစ်နေသည့်အတွက် အလွန်နာကျင်စွာ အသက် ထွက်သွားရပုံပေါ်၏။

'သူ ခိုးပြီးအပြန်၊ မြွေထွက် အကိုက်မှာ ဓားနဲ့ ရမ်းသမ်းခုတ်၊ ဒါပေမယ့် အိတ်ကို ညည်းရနှောင်ရနဲ့ ကြာနေတော့ ဗီနားအရောက်မှာ အဆိပ်တက်ပြီး လဲသေတာ ဖြစ်ရမယ်'

'အဆိပ်တက်ပြီး လဲတာမဟုတ်ဘဲ ခလုတ်တိုက် အလဲမှာ သူ့စပါးအိတ်နဲ့ သူ့ခေါင်းကို ညှပ်ရိုက်လို့ သေတာကော မဖြစ်နိုင်ဘူးလား'

'အေးဗျ'

ထွန်းလှိုင်သည် လယ်ကွက်ထဲသို့ ဆင်းပြီး မြွေကို အသေအချာကြည့်သည်။ ဆူဖြိုးသော လယ်ကြွက်များတို့ စားပြီး



သန်မာ ဝဖြိုးနေသော ငန်းမြွေ။ မီးရောင်အောက်တွင် အရေခွံအကြေးကွက်များကပင် မာန်ဖီနေ၏။

'ချက်ကြီးရေ၊ ဟေ့....ချက်ကြီး'

ရည်းဆေးရိုး၏ ဟစ်အော်သံသည် မှောင်ဘောကြီးကို ဖြတ်ပြေး၏။ ညခင်းကို စီးပိုးတွင်ကျယ်နေသည့် ဇီးကွက်များပင် အအော်ရပ်၏။

'ချက်ကြီးရေ၊ ဟေ့...ချက်ကြီး၊ မြန်မြန်လာပါဟ'

ထွန်းလှိုင်လည်း ကူညီဟစ်သည်။

'ဟေ့....ချက်ကြီး'

'ဗျို့' တုံ့ပြန်သံကို သဲ့သဲ့ကြားရသည်တွင် အမြန် ပြေးလာရန် ထွန်းလှိုင် ထပ်ဟစ်သည်။ မြောင်းပေါင်ပေါ် မည်းမည်း နှစ်ယောက် ပြေးဆင်းလာသည်။ အပိုလူမှာ မင်းထွန်းဦး

'ဒီမိန်းမကို မင်းသိသလား၊ ဘယ်ကတုံး'

အလောင်းပေါ်သို့ မီးရောင်အရောက်၌ ချက်ကြီး ခနောက်ဆုတ်၏။

စပါးအိတ် ဆွဲဖယ်ကာ...

အလွန် ထိတ်လန့်တုန်လှုပ်စွာဖြင့် နောက်ဆုံးထွက်သက်ကို ရှူထုတ်သွားရှာသည့် အသက် လေးဆယ်အရွယ် မိန်းမ။

'ဟာ...အဲဒီ မိန်းမကြီးဟာ မင်းတို့ ရွာကပဲကွ၊ နာမည် ဘယ်သူ'

မင်းထွန်းဦး သွက်လက်ပြား ချက်ကြီး တုန်ယင်နေသည်။ 'ထမ်းစစ်ကြော'နှယ် နက်မှောင်သော အသားသည် ယခုမူ ဖြူဖပ်ဖြူရော် ဖြစ်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



'ပြောလေကွာ၊ သူ့နာမည်'

'ဒေါ်....ဒေါ်လှမြင့်'

'ကဲ....ဒါဖြင့် မင်းနဲ့ မင်းထွန်းဦးရှာကို ပြေးပြီး လူကြီးတွေ ခေါ်ချေ၊ ငါတို့ ဒီက စောင့်မယ်၊ လူငယ်ပဲကွာ၊ မမောပါဘူး၊ ပြေးစမ်းကွာ၊ ဒီမှာ ကြည့်နေတုန်း နောက်ပိုင်းမှာ ခင်ခိုးမှာလဲ စိုးရသဟာ၊ ပြေး....ပြေး'

ရည်းဆေးရိုးနှင့် ထွန်းလှိုင်သည် အခလောင်းနားမှခွာကာ ထန်းငုတ်တိုတစ်ခုကို မီးရှို့ကြသည်။ ထန်းစစ်၊ ရိုးပြတ်၊ ထန်းဖုံးဖက်များရရာကို ကောက်ထည့်ပြီး မီးတောက်ကြီးမားသည်နှင့်အမျှ သူတို့သည် မီးပုံနှင့် ဝေးလာ၏။

ထိုအခါတွင် ထွန်းလှိုင် စကားစ၏။

'သေတာတောင် မားကို လက်ဆုပ် မပြောဘူးဗျ၊ ချက်ကြီးပြေးလာချိန်မှာ ဒီမိန်းမ သေနှင့်ပြီ ထင်တယ်နော်'

'မဟုတ်ပါဘူးကွာ'

လူသေကို မြင်မြင်ချင်း အတူတူတွင် မင်းထွန်း ဦးထက်ချက်ကြီး ပိုမို တုန်လှုပ်နေသည်ကို ရည်းဆေးရိုး သတိထားမိ၏။ ထို့ကြောင့် သေသူမိန်းမနှင့် ချက်ကြီးတို့ ပတ်သက်တန်ရာ၏ဟု မသင်္ကာ။ သို့သော် သနားစဖွယ် ကွယ်လွန်သူ၏ ဂုဏ်သရေကို ထိပါးစေမည့် စကားမျိုး မပြောသင့်ဟု သတိရသည့်အတွက် အလောင်းကို ကျောပေးထားလိုက်သည်။

(၁၉၉၁၊ စက်တင်ဘာလ၊ အောက်တိုဘာလ သွေးသောက်မဂ္ဂဇင်း)

# ပဓလ္လသံ မုံသံ တညံ့ညံ့ဖြင့်

တောင်မှမြောက်သို့ စီးနေသောရေ။

အနောက်အရပ်မှ အရှေ့အရပ်သို့ စီးဆင်းနေသောရေ။

လှုပ်ရှားပုံချင်းမတူ၊ အရောင်အသွေးလည်း ကွဲပြားသည်။

တောင်မှ မြောက်သို့ စီးဆင်းနေသည့် မုံးမြောင်းရေမှာ ဥမင်လိုဏ်ခေါင်းဖြင့် ဖြတ်သန်းလျက် အရှေ့အရပ်သို့ စီးဆင်းသော လင်းဇင်းမြောင်းရေကား သနပ်ခါးရည်။

ဥမင်လိုဏ်ခေါင်းအဝ 'တုပ်'ရေသည် ဝဲကတော့ကြီး ထိုးနေ၏။ အမှုပ်များ အမှိုက်များသည် ရည်းဆေးရိုး ကြည့်နေဆဲမှာပင် ကတော့တွင်း သက်ဆင်း ပျောက်ကွယ်သွားကြလေ၏။

လေချွန်သံ ကြားရသည်။ စောင်းညင်းခတ်သံ ကြားရသည်။ ဗုံသေး၊ ဗုံလတ် တီးသံများလည်း ပါဝင်သည်။ အခြားမှမလာ။ သည်တုပ်ထဲသို့ ရေဝင်ရာမှဖြစ်ပေါ်လာသည်။

'ရည်းဆေးရိုး ငါးများမလို့လားဗျ'

ရည်းဆေးရိုး လန့်ဖျပ် ထခုန်၏။ တစ်ရွာတည်းသားမျိုးသိန်းနိုင်ဖြစ်သည်။ ပုံက ပုပုကွကွ၊ သည်အထဲတွင် ဝမီး

www.burmeseclassic.com

www.burmeseclassic.com



နေသည့်အတွက် နက်မှောင်နေသော အသားရေနှင့် တွဲလိုက်သောအခါ၊ နွားနက်ပေါက် တစ်ကောင်နှင့် တူနေတော့သည်။

'မင်းဖေကလွှား ငါးမျှားရမှာလား နောကလေးရဲ့'

ဆဲသော်လည်း မျိုးသိန်းနိုင်မနာ။ သွားတပြဲဖြဲဖြင့်....

'သိပါဘူးဗျာ၊ ရည်းဆေးရိုးကို ကျုပ်တို့ ကြည့်နေတာကြာပြီ၊ ဒါလောက်အကြာကြီး အကဲခတ်နေပုံထောက်ရင် ငါးမျှားဖို့ လေ့လာနေတာပဲ ဖြစ်ရမယ်လို့'ဟုဆို၏။

'ဘယ်ကောင်တွေတုံးကွ'

မေးရင်းက ရည်းဆေးရိုး လှမ်းကြည့်သည်။ မလှမ်းမကမ်းရှိ ကင်ပွန်းခါးပင်အောက်တွင် မိုးမင်းနှင့် ထွန်းအေး၊ ညွန့်ဦး၊အောင်ထူးတို့ကို ထိုင်သူထိုင် ထသူထလျက်မြင်ရသည်။

အောင်ထူးက မည်းသော ကျောပြင်ကြီးကို ပုဆိုးဖြင့်လွှားကာ ပုဆိုးနားဖြင့် နဖူးစည်းထားသည်။ မိုးမင်းကမူ ပုဆိုးပိုကို သုံးမြောင်းချိုးကာ ခေါင်းပေါင်းထားသည်။ ညွန့်ဦးက ပုဆိုးကို ခြုံထား၏။ သည်ပုဆိုးခြုံထဲ၌ ငှက်လောကြက်လော တစ်ခုခု ပါမည်။ ထွန်းအေးက ပုဆိုးကို ကျောပြောင် ပခုံးပေါ်တင်ကာ ဓားမတိုတစ်ချောင်း ကိုင်ထားသည်။

သူတို့ ရည်းဆေးရိုးဘက်သို့ ခြေလှမ်း စတင်ချိန်တွင် မျိုးသိန်းနိုင်အမေး ဆက်ပြန်လေသည်။

'ဒါလောက် အကြာကြီး ဘာထိုင် လုပ်နေတာတုံးဟင် အရည်း'



'စိတ်မကောင်းလို့ပါကွာ'

ရည်းဆေးရိုး၌ မြေးတော်က တစ်လှေးကြီး၊ သည်တစ်လှေးကြီးကို မျိုးသိန်းနိုင်တို့သိကြွား တစ်လှေးကြီးမှ ပေါက်ပွားသော မြစ်များကိုမူ မသိနိုင်တော့ပြီ။ သည်တစ်လှေးကြီးပင် နာမကျန်းသလော။ တစ်လှေးကြီး ပေါက်တွေပင် တစ်စုံတစ်ခု ဖြစ်ချေသလော။

'ဘယ်သူ ဘာဖြစ်လို့တုံး အရည်းရဲ့'

လက်တစ်လှမ်းအကွာသို့ ဝင်ထိုင်ရင်း၊ ရည်းဆေးရိုး မျက်နှာကိုကြည့်၏။

'ဘယ်သူမှ ဘာမှ မဖြစ်ပါဘူး၊ ဒီမိုးမြောင်း ဖောက်တုန်းက ဟာတော့ သတိရလို့ စိတ်မကောင်းတာပါ'

မျိုးသိန်းနိုင်တို့ လူမှန်းသိချိန်ဝယ်၊ သည်မြောင်းကြီးသည် တငြိမ့်ငြိမ့် စီးဆင်းနေပြီ။ ဝါတာကွက်များ တဝေါဝေါ ထွက်နေသည်။ ဝါမဖြစ်ပါ ရှုံးပါသည်။ အော်နေပါလျက်က ဝါမစိုက်လျှင် နှမ်းကြဲရန် ရေမပေးဟူသည့် အချိန်ကျမှ လူဖြစ်လာရသည့် မျိုးသိန်းနိုင်။

'အဖေကို ပြောသံတောင် မကြားဖူးဘူး အရည်းရေ'

'မင်းအဖေ မမွေးသေးတာ၊ သိမလားဟကောင်ရ၊ ငါဒီ'တုပ်'ကို မြင်တော့မှ ညောင်ပင်စိုင်းက မယ်ရှင်ကို သတိရလို့ပါ၊ မယ်ရှင်က သာဒွန်းနဲ့ သမီးရည်းစားကွ'

* * *

လင်းရောင်ဖြူသာသာပဲ ရှိသေးသည်။ နေ့နေ့ကလေး

www.burmeseclassic.com

www.burmeseclassic.com



သုတ်ဖြူးပေးသောလေသည် ကိုဆေးရိုးကိုယ်ပေါ်မှ ချွေးပေါက် ချွေးသီးများ ပျောက်သွားအောင် မစွမ်းဆောင်နိုင်ပါ။

ကိုဆေးရိုး၏ ဝဲနှင့်ယာတွင် ထန်းခေါက်တောင်းနှစ်လုံးရှိသည်။ တောင်းထဲ၌ မြေကြီးအပြည့်။

ထန်းခေါက်တောင်းကို ထန်းလျှော် အပြားကြီးများဖြင့် ရက်လုပ်ထား၏။ တောင်းတစ်တောင်း၏ မြေဝင်ပမာဏမှာ မြေတူးကုလားများ၏ မြေသယ် ခြင်းတောင်းနှင့် ထပ်တူပင်။

အူလီယာကုလားများသည် တစ်ယောက်က မြေပေါက်ပြီး ထည့်ပေး၏။ နှစ်ယောက်က သယ်သည့်အနက်၊ ပထမ တစ်ယောက်က တူးနေသည့်နေရာမှ ခြင်းဖြင့်ထည့်ပြီး ခေါင်းရွက်ကာ သယ်လာ၏။ ခရီးတစ်ဝက်အရောက်တွင် ခြင်းကိုင်ပြီး အသင့်စောင့်နေသူထံ မြေခြင်းကိုလွှဲပေးသည်။ ခြင်းအလွတ်ကိုယူပြီး နောက်ကြောင်းပြန်လှည့်သည်။

ကိုဆေးရိုးနှင့်ကိုသာဒွန်းကား အူလီယာကုလားများနှင့် ညှဉ်လျှင် လူတစ်ယောက်လျော့သည်။ သယ်သောမြေမှာမူ သူတို့ထက် ပိုသည်။ တစ်ခေါက်ပို့ပြီးတိုင်း ပို့ပြီးတိုင်း ကိုဆေးရိုးတို့က တစ်တောင်းပိုသောကြောင့်တည်း။

မြန်မာယောကျ်ားများသည် ခေါင်းဖြင့်မရွက်ပါ။ ပခုံးဖြင့်သာ ထမ်းသည်။ သို့အတွက် ကိုဆေးရိုးလည်း မြန်မာယောကျ်ားဖြစ်သောကြောင့် ထမ်းသည်။ ရွက်ခြင်းမှာ မိန်းမအလုပ်ပေကိုး။



ထမ်းနိုင်ရန်အတွက် ထန်းလျှော်တောင်းတွင် ရှည်လျားသော ကွင်းကြီးတပ်ဆင်ထားသည်။ ကွပ်ထားသောအနားတွင် ထိုကွင်းကိုတပ်လျှင် သုံးလေးခေါက် သယ်ခါမျှဖြင့် ပြတ်ထွက်မည်။ သို့အတွက် ဖင်ကသိုင်းပြီး ကိုယ်ထည်နှင့် တစ်ဆက်တည်း ရက်လုပ်ထားသော ကွင်းများဖြစ်သည်။

ထိုတောင်းနှစ်တောင်းကို ထမ်းပိုးလျှိုပြီး ကိုဆေးရိုးသယ်သည်။ မြေပေါက်ပေးသူက ကိုသာဒွန်း။

ကိုသာဒွန်း သိလေသလော၊ မသိလေသလော။ သို့သော် ကိုဆေးရိုးကား သိနေသည်။ သိနေသဖြင့် ပြောရကောင်းနိုး၊ မပြောရကောင်းနိုး ချိန်ဆသည်။

'ဟေ့ ကောင်... ပြည့်ပြီလေကွာ၊ ဘာငေးနေတုံး'

ပေါက်သံကြောင့် ကိုဆေးရိုး အငေးပြယ်၏။ ပြောရကောင်းနိုး၊ မပြောရကောင်းနိုး တစ်ချက်ကြည့်ရင်း မြေတောင်းကွင်းကို ထမ်းပိုးလျှို၏။ ထမ်းပိုးအောက်သို့ လူရောက်သည်အထိ ကိုဆေးရိုးမျက်လုံးများက ကိုသာဒွန်းထံမှာ။

'ဘာပြောစရာရှိလို့တုံးဟ'

ကိုဆေးရိုး မကြားချင်ယောင်ဆောင်ကာ ထမ်းထွက်ခဲ့သည်။ သူ မြေဖို့ပေးရသည့်နေရာက ဂနန်းလနန်းဖြတ် ဥမင်ကို အုတ်ဖြင့်စီသည်။ အုတ်ကို မိန်းမတွေက ခေါင်းဖြင့်ရွက်ပြီး သယ်ပို့ရသည်။ အုတ်သယ်မှာအုတ်ချပ်တစ်ရာလျှင်တစ်ပြား။

အုတ်သယ်သူ မိန်းမကြီး၊ငယ်၊ရွယ်၊လတ်များသည်အများအားဖြင့် အင်္ကျီမပါ၊ ထဘီရင်ရှားကများသည်။ မျှော်သော အမျိုးသမီးတွေထဲတွင် ကိုသာဒွန်း၏မယ်ရှင်လည်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အုဘ်စီပြီးသွားသည့် ဥမင်ကို မြေဖို့သူများမှာ အူလီယာ၊ မြန်မာ စုံလင်ရောထွေးနေ၏။ သည်အထဲတွင် 'မူရသီး' ပါသည်။ မည်သည့်အရပ်မှ ရောက်လာပြီး မြေဘူးသည်။ မြေသယ်သည် မသိသော အူလီယာများစွာအနက်မှ တစ်ယောက်၊ သည်မြောင်းကြီး ရေဝတီမြစ်သို့ ပေါက်သွားလျှင် ဘယ်သောင်ဘယ်ကမ်းသို့ သွားကြမည်မသိသော မြေတူးကုလားများစွာအနက်မှ တစ်ယောက်သာ ဖြစ်၏။

မူရသီးသည် နှစ်ကြာညောင်းသော မန်ကျည်းသီးအအိုအိ သားနှယ် ညိုမှောင်နေ၏။ အဘုတ်ဟူ၍ မြေကြီးရောင် ဒိုတီသာ စည်းထားသည်၊ သို့သော် သူသည် မယ်ချင်တို့ ခေါင်းတုန်တုန် လည်တုန်တုန်ဖြင့် အုတ်ခဲရွက်လာလျှင် မြင်းတောင်းကို တန်းလန်းဆွဲလျက် ရပ်ကြည့်နေလေ့ရှိသည်။

အစပြုသည်မှာ ဤမျှသာ ဖြစ်သည်။ ဘယ်လောက် မွဲမွဲ၊ ဘယ်လောက်ပင်တေ်တေ် သည်မြေသလုံးအိမ်တိုင်ကို မြန်မာမများ အရောဝင်လိမ့်မည် မဟုတ်ဟု ကိုဆေးရိုး ယုံကြည်သည်။ သို့သော် မဖွားလှ။ သံကိုယ်ချေးတက်သူ။

မဖွားလှက အပျောဝင်သည်။ မူရသီး လာပေးသောဟင်းကို လက်ခံသည်။ မူရသီးလာမပေးလျှင် သွားတောင်းသည်။ ရလာလျှင် မယ်ရှင်ကို ဝေမျှသည်။ 'ယူပါအေ့....စားပါအေ့၊ ညည်းဖို့ပါ ပို့ပေးလိုက်တာ'

မြန်မာမ ကလေးသည် ငြင်းဆန်၏၊ သူ့ထမင်းထဲသို့ အတင်းထည့်ပေးသော ဟင်းစဟင်းနှ ပေါကျံနေသည့် ထမင်း



စေ့များကို လွှင့်မပစ်နိုင်။ စားမိဝါးမိသည်။ မယ်ရှင်တွင် လျှာမပါလျှင် ကောင်းလေစွ။

တစ်နေ့လာလည်း ငရုတ်သီးထောင်း၊ နောက်တစ်နေ့လာလည်း ငရုတ်သီးထောင်းနှင့် ငပိပုပ်။ ဆယ်ကွေ့တစ်ကွေ့မှာမှ ချဉ်ပေါင်ဖူး သောင်းစားနိုင်သော မယ်ရှင်သည် ဤသို့ဖြင့် သံချေးတက်ခဲ့လေသည်။

ကိုဆေးရိုးသည် အဘွားလှကို သတ်ချင်၏၊ စိတ်ကသတ်ချင်ငြား အလုပ်သိမ်းပြီး အိမ်ပြန်ရောက်ချိန်တွင် မလှုပ်နိုင်တော့ပြီ။ အမြွားယောကျ်ားသားများ တစ်မူးမျှသာ ရချိန်တွင် ကိုဆေးရိုးက ဆယ်ပြားခုနသင်ငြား အားခွန်သာမှကမာန်များပေါ် မြေကျင်းထဲ၌ ကျန်ခဲ့ပြီ။ ထိုအခါ သံကိုသံချေးတက်သည့် မဖွားလှထံ သွားရောက် မသင်နိုင်တော့ပါ။

မြောင်းဖောက်လုပ်သည့်နေရာတွင် လူ့လုပ်အားသာလျှင်ရှိသည်။ ကြည့်လေရာတွင် ဖွေးဖွေးမလှုပ်။ မည်းမည်းလှုပ်သည်။ လယ်သမားများ လယ်ကူလီများနှင့် မြေတူးကုလားများ ဖြစ်သည်။

အုတ်သယ်သူ၊ ဝါတာကွတ် ပန်းရန်ကိုင်သူ၊ မြေတူးသူ မြေသယ်သူများဖြင့် ပျားပန်းခတ်နေသော သည်လူအုပ်ကြီးထဲတွင် မယ်ရှင်အဖြစ်ကို မည်သူမျှ သတိမထားမိကြ။ ကိုဆေးရိုးသာ သတိထားပြီး စောင့်ကြည့်သည်။ မယ်ရှင်နှင့် မူရသီးတို့၏ ကုလ်နေ့ငြွား ဆက်ဆံရေး ရင်းနှီးလာပုံကို အရင်းရင်းမောသည်။

မူရသီးတို့သည် နေ့သယ်နေ့ခင်း တစ်ရေးတစ်မောမအိပ်

www.burmeseclassic.com

www.burmeseclassic.com



မအိပ်သော်ငြား သူတို့၏ဝင်ငွေသည် လွန်ရောကျွံရော တစ်ယောက်လျှင် သုံးပဲထက် မပိုနိုင်။ သို့ပါလျက် မယ်ရှင်ပါးတွင် သင်းကြူကြူပေါင်ဒါ ရောက်လာသည်။ ကြီးငယ် ပျိုအို မိန်းမများနည်းတူ ထဘီရင်လျားဖြင့် မြေမသယ်။ သရက်ထည်အင်္ကျီဝတ်သည်။

သည်အကြောင်းကို သူငယ်ချင်း သာဒွန်း သိပါစ။ သည်အခြေအနေကို ကိုသာဒွန်း ရိပ်မိပါစ။

ကိုဆေးရိုး ရင်ထဲတွင် တနုံ့နုံ့ ခံစားနေရသည်။

'သူသိမှာပါ၊ သွားပြောမိမှ အနာပေါ်တုတ်ကျဖြစ်နေရင် အခက်'

ထိုနှယ် စဉ်းစားမိလျှင် မပြောခရုံက အသာရ၏။

'မဟုတ်သေးပါဘူး၊ သည်ကောင်က ခပ်နုံနုံရယ်၊ သိချင်မှ သိမှာ၊ ရိပ်ချင်မှ ရိပ်မိမှာ'

ထိုအတွေးဖြင့်ပင် တောင်းလွတ်များ ထမ်းလျှိုလျက် ကိုသာဒွန်း ဘေးသို့ ပြန်ရောက်လာ၏။ ကိုသာဒွန်းက မြေကြီးခဲတွေ မ,ပြီး ထည့်၏။ ကိုဆေးရိုးက ကျင်းထိပ်တွင် အမောဖြေရင်း စကားစ၏။

'ဟော့ကောင်....မင်း စမူလေး ဘာဖြစ်နေတုံး သိလား'

စမူကလေး ဟူသည် မယ်ရှင်ကိုပြောကြောင်း ကိုသာဒွန်း သိတန်ရာပါ၏။ သို့ပါလျက်နှင့် ကိုသာဒွန်း မော့မကြည့်၊ 'ဘာဖြစ်လို့တုံး' ကုန်းကုန်းကြီး အနေအထားမပျက် ပြန်မေး၏။

'မင်း ဘာမှ မသိဘူးလား'



'ဘာသိရမှာတုံး'

ယခုအထိ ခါးမဆန့်သေး။

'တယ်လေ....ကျောကြီးကို ဖနောင့်စာကျွေးလိုက်ရ'

မေ့ညင်းပေါက်များထဲမှ စမ်းခေစိမ့်သကဲ့သို့ ချွေးရည်တွေ စိမ့်ထွက်နေသော ကျောပြင်ကြီးသည် ပြားလည်း ပြား၏။ ကြွက်သားအမြှောင်းကြီးတွေ ကုန်း၍ ကုန်း၍ ထလာပုံမှာ လှိုင်းလုံးကြီးများ ဒေါမာန်ဝင်လာပြီသို့။

'မယ်ရှင် ဘာဖြစ်လို့တုံး'

ခါးဆန့်ကာမေးသော မျက်နှာတွင် ချွေးပေါက်ကြီးတွေနှင့် မြေမှုန့်သာရှိ၏။ သောကမရှိ။

'မြေတူးကုလားနဲ့ ကြိုက်နေတာ နင် မသိဘူးလားဟာ နွားရ'

'ဟဲ....ဟဲ....ဟဲ'

'အောင်မယ်၊ ရယ်များတောင် ရယ်နေသေးသဗျာ၊ ဒါ ရယ်စရာမဟုတ်ဘူး သာဒွန်းရ၊ နွားရ'

တောင်းထဲတွင် မြေကြီးပြည့်ပြီမို့ ကိုဆေးရိုး ထရပ်၏။ ကိုသာဒွန်းလည်း ပေါက်ပြားကို ကောက်ကိုင်သည်။ မဲဇလီကုလားဆရာ လာမလုပ်ရန် ကြိုတင် ကာကွယ်ထားခြင်း ဖြစ်ပေ၏။

'ကြားတယ် သူငယ်ချင်း၊ ကြားလို့မေးတယ်၊ မဖွားလှ တစ်ယောက်တည်း တစ်ဘီးတည်းလှိမ့်ပြီး ကုလားကို သွားစားနေတာတဲ့'

'မင်းယုံသလား၊ အခုအင်္ကျီဝတ်ပြီး အုတ်ခဲသယ်နေပြီကွ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါလဲ ငါစဉ်းစားကြည့်မိတယ်၊ ငါ့မှာ တစ်နေ့ဆယ်ပြား ရတယ်၊ နင်တို့မှာ ဆင်းရဲလှတယ်ဟာ ရော့....တစ်ပဲဝေးလို့ တစ်ပြားမှပေးနိုင်ဘူး သူငယ်ချင်း၊ ခက်တယ်ကွာ ငါမပေး နိုင်ဘူး'

'မေတ္တာတရားမှာ ပေးနိုင်တာ၊ မပေးနိုင်တာ မရှိပါဘူး ကွာ'

ကိုသာဒွန်း ခေါင်းငိုက်စိုက်ကျနေသည်။ ကိုဆေးရိုးလည်း မချမချမ်းဖြင့် မြေတောင်းနှစ်ဘောင်းကိုထမ်းခိုးလျှိုသည်။ ထိုအခါတွင်မှ ခြောက်ကပ် အက်ကွဲသံကြီးဖြင့် ကိုသာဒွန်း ပြောသည်။

'မေတ္တာနဲ့လူမှာ ဗိုက်ပါတယ်ကွာ၊ ဝမ်းဗိုက် ဝမ်းဗိုက်'

* * *

မျိုးချောင်တရားကို ဖျက်ဆီးသူမှာ မွဲတေခြင်းနှင့် မသိနားမလည်ခြင်း ဖြစ်ကြောင်းကို ရည်းဆေးရိုး သတိထားမိချင်မှ ထားမိမည်ဖြစ်သော်လည်း အဟောင်းသည် သစ်၏။ မျက်နှာသည် ဘာလွန်အိုမင်း၏။

လင်းဇင်းဆည်ခြောင်းသောက် လယ်ပွဲများဘက်မှ လေပြည်သုတ်၏။ ရည်းဆေးရိုးမျက်နှာ လန်းမလာပါ။

'ဒါနဲ့ အရည်းရာ မူရသီးရဲ့ သား သမီး မြေးမြစ်တွေ အကုန်လုံးဟာ သူတို့ကိုယ် သူတို့ ကုလားဆိုတာတောင် သိမှ သိကြရဲ့လား၊ ဘုန်းကြီးဝတ်သူဖတ်၊ သီလရှင် ဖြစ်သူဖြစ်နဲ့ အမျိုးတိမ်သွားပါပြီကောလား အရည်းရ'



လူငယ်ကလေးများမှာ 'ထောက်' ရန်စကားရှာမတွေ့။ သူတို့နားမလည်သော ဘာသာစကားကို ရည်းဆေးရိုး ပြောနေပါတကား။

'အေး....မယ်ရှင်ကို သတိရတော့မှ ကိုယ့် အနီး အနားပတ်ဝန်းကျင်ကို သတိပြုတော့တာကလား၊ ဟား....မယ်ရှင်ကလေးတွေ၊ မယ်ရှယ်ကြီးတွေ၊ မယ်ရှင်လတ်တွေ၊ ဒါပေမယ့် စားရမဲ့ သောက်ရမဲ့ မဟုတ်ဘူး၊ ဝတ်တု စားတု ဂုဏ်တု ဂုဏ်ပြိုင်နဲ့ ရေနံချောင်းကို ကုန်ကူးသလိုလို၊ မင်းဘူးနဲ့ ကုန်ကူး သလိုလို'

လူငယ်ကလေးတွေ ပို၍ ငြိမ်သည်။ နှုတ်ခမ်းများကို လက်ညှိုးထောင်ပြီး ကပ်ခြင်းဖြင့် အချင်းချင်း သတိပေးကြသည်။

'အေးလေ ဘယ်သူ ဘယ်ဝါရယ်လို့ နာမည်နာမ ထုတ်ပြောရရင် ကိုယ့်ခေါင်ကိုယ် လှမ်းထောင်းသလို ဖြစ်တော့မှာပဲ၊ တော်ပါပြီကွာ'

ထိုအခါတွင်ကား မျိုးသိန်းနိုင်တို့ ရင်အေးရပြီ။ တို့မပြောလည်း သူသိနေသားပဲဟူသည့် သဘောဖြင့်အချင်းချင်း ကြည့်ကာ ခေါင်းဆတ်ကြ၏။

ရည်းဆေးရိုးသည် ရီဝေစွာ ထရပ်ပြီး မြက်ထုံးကို ကိုင်သဖြင့် ထွန်းထွန်းအေးက အလိုက်တသိပင့်ပေး၏။ တုပ်ထဲသို့ ရေစဲလှည့်သံ စည်လွှင်လာချိန်တွင် ရည်းဆေးရိုးသည် အေးသဖက် ဝေးမှုန်သွားခဲ့ချေပြီ။

(၁၉၉၁၊ နိုဝင်ဘာလ သွေးသောက်မဂ္ဂဇင်း)

www.burmeseclassic.com

www.burmeseclassic.com

## ရင်မှမလာသော ဒေါသ

အိမ်ရှေ့မှာ ပူနေသည်။လမ်းမှာ ပူနေသည်။ ရည်းကျည်း ဒန်လည်း ပူအိုက်နေသည်။ရင်ရှားထားပါလျက်က ချွေးပြွက်ပြွက် ကျနေသည်။

ရှဲခနဲ အသံကြားသည်။

လေပြည်ကလေးသွေးပြီဟု ရည်းကျည်းဒန်ဝမ်းသာသည်။ တံစက်မြိတ်များ လှုပ်အပြီးတွင် သုတ်ဖျူးလာသော လေက လေအေးမဟုတ်။ လေပူကြီးဖြစ်သည်။ ရည်းကျည်းဒန် ဖျော့ဖျတ်လူးတော့သည်။ ‘အမယ်လေး သည်အပူမျိုး ကြုံဖူးပေါင်တော်’

စက္ကူ ယပ်ဘောင်စုတ်ဖြင့် တအားခတ်ရင်း ရည်းကျည်းဒန် အော်သောအခါ နွားတင်းကုပ်အစပ်မှ ရည်းဆေးရိုး၏ အသံ ပေါ်လာ၏။

‘ညည်း မေ့နေလို့ နေမှာပါအေ၊ မနှစ်တုန်းကလဲ ပူတာပါပဲ’

‘အင်း....ဟုတ် ထင်ပါရဲ့’

စိတ်ကိုဖြေပြီး တွေးပစ်ရ၏။ သို့သော် အပူအလောင်က မသက်သာ။ သည်အထဲတွင် ဖြောင်းခနဲ၊ ဖြောင်းခနဲ အသံများက မန်ကျည်း အချိုပင်အောက်မှ လွင့်ပျံလာသည်။ ရှမ်းခနဲရှမ်းခနဲလျှော်ခွာသံများကလည်း အပြိုင်အဆိုင်သဘောဖြင့် မန်ကျည်းပနီပင်အောက်မှ ပေါ်လာသည်။

ပင်ယံထက်တွင် စိမ်းသစ်သော ရွက်နုများ ဝေစည်ပြီး ဖြစ်ငြား မန်ကျည်းပင်များမှာ အရိပ် မကောင်းသေးပါ။ နေ မလုံခြုံစေကာမူ ပင်စည်ရိပ်ကို ခိုပြီး ကိုထွန်းရက ဝါးခွဲနေသည်။ ကိုဘညိမ်းက လျှော်ခွာနေသည်။

‘အရေးထဲမှာ နားညည်းတာက တမှောင့်ဟဲ့’

ပူလွန်း လောင်လွန်းသဖြင့် ဟိုမာန် သည်မာန် မာန်မဲ့လိုသောအတွေး ပေါ်လာသည်။ တစ်ပြိုင်နက်တည်း အသံသာရာသို့ ရည်းကျည်းဒန် ကြည့်မိ၏။ ထိုခဏဝယ် ရည်းကျည်းဒန်မှာ အအေးသင့်လေ၏။

ချက်ချင်း အပူသက်သာ၏။ ချွေးတိတ်မသွား၊ ချွေးခန်းမသွားငြား ရည်းကျည်းဒန် အမြင်အေး၊ ရင်လည်းအေးငြိမ်း၏။ အအေးကိုဆောင်သော အရာများမှာ လှည်းဝါးစိမ်းမြမြတွေ၊ ထန်းလက် စိမ်းလန်းလန်းတွေ။

ကိုထွန်းရသည် ထက်ခြမ်းခွဲပြီးသား ဝါးခြမ်းတွေကို ထိုင်ပြီး စိတ်ပြန်သည်။ ကိုဘညိမ်းကလည်း ခွာပြီးသားထန်းလက် ဝမ်းသားတွေကို လက်သန်းရွယ်တွေရအောင် စိတ်သည်။ စိတ်ပြီးလျှင် ချောသွားအောင် သပ်ပြန်သည်။ အညောင်းပြေသလောက်ရှိလျှင် ထပြီး ခွာပြန်သည်။ အမြင်ရော ရင်ရောအေးသည့် သည်ဝါး၊ သည်ထန်းလက်များ



www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ အမြင်အာရုံ ရောက်နေရာက ရည်းကျည်းဒန် ဖျတ်ခနဲ လှည့်ကြည့်မိသည်။ နေပူကျဲကျဲကြီး အိမ်ရှေ့တလင်းပြင်ထဲသို့ လူတစ်ယောက် ဝင်လာသည့်အတွက် ဖြစ်ပေသည်။ ရည်းကျည်းဒန် မျက်ခုံ ရှုံ့ကြည့်၏။ မသဲကွဲ။ မျက်ခုံးပေါ် လက်ဝါးတင်ကြည့်၏။ ဘယ်သူပါလိမ့်။

လက်စသတ်တော့ မယ်မင်းကြီးမပါကလား။

မလိုတမာရှိခြင်း၊ စက်ဆုပ်ခြင်းတို့ကို ကိုယ်စားပြုလျက် စမ်းခေါင်းသံဖြင့် မယ်မင်းကြီးမဟု အခေါ်ခံရသူမှာ... 'လှအုန်းမယ်'ဖြစ်သည်။ ကိုထွန်းရ မချောစိန့်တို့၏သမီးထွေး။ သူသည် လမ်းမှလှမ်းကြည့်သောအခါ ဖအေ ဝါးခွဲနေသည်ကို မြင်ရ၏။ သို့သော် သွားစရာက အမေကြီးအိမ်ပဲရှိသည်။ သို့အတွက် ပုဆိုးစုတ်ကို ခေါင်းပေါ်မှာ ခပ်ဖားဖားတင်ပြီး ဇွတ်ဝင်လာခြင်း ဖြစ်သည်။ အမေကြီးကလည်း လူလုံးကွဲလျှင် အငေါ်တူးတော့သည်။

'မိဘအိမ်မှာ အကြော့သား နေတုန်းကတော့ ကျောင်းနေပါဆိုလဲ တော်ရိရော်ရိ၊ အိမ်အလုပ် လုပ်ပြန်ပါလဲ နေလေးတောင်မှ ပြည့်စုံအောင် မခပ်ချင်တဲ့ မိန်းမ၊ အခုနဲ့ကြီး တက်နင်းမိပြီ မဟုတ်လားဟင်'

အိမ်တိုင်ကို ကွယ်ပြီး ထိုင်နေသောမြေးမ။ မိဘလက်ထက်က ရှုပ် အဆင်း၊ အသားအရေများ မရှိတော့ပြီ။ ပိန်ချုံး မည်းကြုတ်လျက် မျက်ရည်တစ်ပေါက်ပေါက် ကျနေသည်။ ခေါင်းငုံ့နေသော မြေးကိုကြည့်ရင်း ရည်းကျည်းဒန် ရင်



ထဲမှာ ဆို့တက်လာ၏။ 'မိုက်လိုက်လေ....မိုက်လိုက်လေ'ယူကျုံးမရ မြည်တမ်းသံသည် အသစ်ဖြစ်လာပြန်၏။

'လူမှာအမျိုး၊ ကြက်မှာအရိုးတဲ့' မျိုးရိုးမကောင်းတဲ့လူကို မေးထုးခေါ်ပြောထက် မပိုပါစေနဲ့လို့ ငါပြောခဲ့တယ် မဟုတ်လား သူ့ဖအေဘက်က ကိုယ်မကောင်းတဲ့လူ ရှိတဲ့အတွက် မျိုးမသန့်ဘူး၊ မအေဘက်က သူခိုးမျိုး၊ ဓားပြမျိုးမို့ အမျိုးယုတ်တဲ့ သူငယ်ကို အရောမဝင်နဲ့ဆိုတာ နားမထောင်ခဲ့တော့ အခု'ထိ'ပြီ မဟုတ်လား မရွှေဘ၊ ခုလုတ်ထိမှ အမိ'တ'ရပြီ မဟုတ်လား။

လှအုန်းမယ်မှာ ခေါင်းမဖော်လာပါ။ ရည်းကျည်းဒန်မှာလည်း နာကြည်းခြင်း၊ ခံပြင်းခြင်း၊ ဝမ်းနည်းခြင်းတို့ရှ ဖြစ်သော မျက်ရည်ပေါက်များကို သွန်ချနေရာက ဒေါသတကြီး အမြစ်လှန်မိသည်။

'သည်လို အမေရော အဖေပါ ယုတ်တဲ့အမျိုးက မွေးတဲ့သားဟာ ဘယ်လိုလုပ်ပြီး ဘုရားမှန်း တရားမှန်း သံဃာမှန်း ဆရာသမားမိဘမှန်း သိပါ့မတုံး၊ ဘယ်မှာ မအေချင်း နှမချင်း စာနာပါ့မတုံးဟင်၊ မျိုးမကောင်းတဲ့ ဖအေမအေ ကရော ဆုံးမဖို့၊ သွန်သင်ဖို့ သိပါ့မလားဟင် ခွေးမရဲ့၊ အမိုက်မရဲ့'

လှအုန်းမယ် လိုက်ပြေးသူမှာ တစ်ဖက်ရွာမှ ဖြစ်သည်။ ဘွားအေနှင့်မအေက တတွတ်တွတ် ပြောပါလျက်က လိုက်ပြေးသည်။ မိဘက ပြန်အအပ်ခံသည်။ ကန်တော့ခံရာသို့ ရည်းဆေးရိုးသွားပြေး၊ ရည်းကျည်းဒန်မသွားခဲ့။ ယခု

www.burmeseclassic.com

www.burmeseclassic.com



လာင်မယားကွဲသောအခါ 'အစက ငါမပြောသား' ရည်းကျည်းဒန် ပြောအားရှိပြီ၊ မိမိရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပြန်သောအခါ ရည်းကျည်းဒန်တို့ လည်ပင်းကြောထောင်အောင် အမြုပ်တစီစီထွက်အောင် ပြောလေပြီ။

'လူမဟုတ်ဘူးဟဲ့ လူမဟုတ်ဘူး၊ ငါးပြားစေ့တောင်မမြင်ဖူးတဲ့ဟာတွေက တစ်ကျပ်တန် အနွမ်းကလေးကိုင်နိုင်လာလို့ လူယောင်ဆောင်နေတာ၊ လူဆိုရင် သူ့ကျေးဇူးကိုသိတယ်၊ ငါ့ဆီလာလာပြီး ချေးသွားတဲ့ဆီတွေ၊ ဆန်တွေ၊ ပြန်ဆပ်တာကနည်းနည်း၊ အခမဲ့ဒိတာကများများ ခံငြင်းတာက အများကြီး။ အဲသည်ဆန်တွေနဲ့ ဖွိုသတ်ရင်တောင်သင်းတို့ တစ်မျိုးလုံး မြုပ်လောက်တယ်၊ ခွေးလောက်မှ ကျေးဇူးမသိတတ်တဲ့ အမျိုးယုတ်တွေ'

ဉသြ.. ဉသြ။

ချိုကြည်သော ဉသြသံသည် လေးထပ်ကျောင်း ထန်းတောထဲမှ လွင့်ပျံ့လာ၏။ အသံသာနှင့်အတူ လေပြည်လေအေးကလေး သုန်သုန်ဖြူး၏၊ သာယာသောအသံ၊ အေးမြသော အခွင့်မှာ သဘောကျစရာကလေးပါ။ သို့ရာတွင် ရည်းကျည်းဒန်မခံပါးနိုင်။ ဒေါ်သကို သွန်ချနေမိ၏။

'ကျေးဇူးမသိတဲ့ အနွမျိုး၊ သူခိုး ခါးပြမျိုးက အခုပစ်ထားပြီ မဟုတ်လားဟင်၊ လင်အထောင်ကောင်းတဲ့မိန်းမရုပ်ရဲ့'

လှအုန်းမယ် ခေါင်းငုံ့မြဲ ငုံ့နေသည့်အတွက် အကြောပြိုင်းပြိုင်းထနေသော အရိုးလက်ဝါးကြီးသည် ပါးပြင်နား



သို့ ဝဲလာ၏။ 'ပါးကွဲချင်လို့ ရှေ့နေတာလားဟင်'ဟူသည့် ဗျားဟိန်းသံကြီးက ဟည်း လည်ချောင်းထဲမှ ခုန်ထွက်လာသေး၏။

'ပစ်....ပစ်တာမဟုတ်ပါဘူး အမေကြီးရဲ့၊ နှင်ချတာ အမေကြီးရဲ့'

လှအုန်းမယ်သည် စကားအဆုံးတွင် မုင်ခွင်တွင်းရှိ ကလေးယ်နှင့် မျက်နှာချင်းကပ်လျက် ဟီးခနဲ ငိုချလိုက်လေ၏။

'နှင်ချလိုက်တယ်၊ ဟုတ်လား'

ရှိုက်ငင်ရှင်း လှအုန်းမယ် ခေါင်းညိတ်သည်။

'နှင်ချတော့ ညည်းက ဆင်းလာရသလား၊ ကျွန်မ အဖေအမေကို သွားပြောပေါ၊ သူတို့လာခေါ်မှ ကျွန်မ ဆင်းနိုင်မယ်၊ ညည်းမပြောဘူးလား'

ဖြေစရာမရှိသော အမေးဖြစ်သည်။

'ညည်း မပြောနိုင်ဘူးမဟုတ်လား၊ ဘယ်ပြောနိုင်မလဲအေ့၊ ဂုဏ်မရှိ သိက္ခာမရှိတဲ့အလုပ်ကို လုပ်ထားမိဘယ်မဟုတ်လားဟင်၊ ညည်းဟာ ခွေးမဟုတ်ဘူးအေ့၊ လူ လူ၊ လူစစ်စစ်က မွေးထားတဲ့လူ၊ မျိုးကောင်း ရိုးကောင်းက မွေးထားတဲ့ လူအေ့၊ ခွေးမဟုတ်ဘူး၊ ခွေးများသာ လက်ဖျစ်တီးတဲ့လူနောက်ကို အမြီးကနှန့်နှန့်နဲ့ လိုက်သွားတာ၊ အေးသည်းလဲ မိဘ ဘိုးဘွားမျက်နှာ မထောက်ထား၊ ကိုယ့်ဘိုးဖွားကို ကိုယ်မသိ၊ ခိုးရာလိုက်ပြေးတာ ဟုတ်လှပြီထင်ပြီး အမြီးတယမ်းယမ်းနဲ့ လိုက်ပြေးတော့ အခုခွေးမောင်းသလို မောင်းချလိုက်ပြီ မဟုတ်လားဟင်၊ ခွေးနာမရဲ့'

www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်ကျော် 'အုန်း' ထားခဲ့ရသော ရှင်တွင်းကဲ ဒေါ်သမီးခဲကြီးသည် 'ဝုန်း' ခနဲ ထတောက်တော့သည်။ လှအုန်းမယ်၏ မျက်နှာဇက်ပိုးများပေါ်သို့ အရိုး လက်ဝါးကြီး အဆက်မပြတ် ကျရောက်၏။

'ကျည်းဒန်နော်....ကျည်းဒန်'

ရည်းဆေးရိုး လှမ်းပြီး သတိပေးသည်။ သို့သော် ဒေါ်သကို ရည်းကျည်းဒန် မထိန်းနိုင်။ မြေးမကို ခြေဖြင့် ကန်သည်။ ဖနောက်ဖြင့် ပေါက်သည်။

လှအုန်းမယ်က ငိုခဲ့သည်။ သို့တစေ ငိုခဲ့သူမှာ ဘာမှ မဖြစ်။ ဒေါ်သတကြီးဖြင့် ကန်သူ၊ ဖနောင့်ဖြင့်ပေါက်သူသာ အမောဆို့ပြီး ပက်လက်လန် လဲ၏။

ကိုထွန်းရှမူ သူ့သမီး၏ သတင်းကို ကြားပြီးဖြစ်သည်။ သူ့ယောက္ခမ တွတ်ထိုးနေသံကိုမသဲမကွဲကြားသဖြင့် ခေါင်းငဲ့ အကြည့် တစ်စုံတစ်ယောက်ကို မြင်သည်။ သူ့သမီးထွေး လှအုန်းမယ်ဟု မသဲကွဲ။ မသဲကွဲငြား။ သည်ပုံပန်းမှာ သူ့သမီးသာ ဖြစ်ရမည်ဟု ခန့်မှန်းသည်။ ထို့နောက် နွားတင်းကုပ်အတွက် လုပ်ပေးနေသော ခွဲစရာ ဖောက်စရာများ မပြီးသေးဘဲနှင့် ထွက်သွားခဲ့လေပြီ။

ငိုစရာ သမက် မရှိသည့်အတွက် ရည်းကျည်းဒန် 'ပွက်သေး' ကြမ်းသည်။

'မိဘနဲ့ အမေကြီးကို ခြေစုံကန်ထွက်သွားပြီးမှ မျက်နှာပြောင် မျက်နှာမွဲနဲ့ ဘာဖြစ်လို့ ပြန်လာတာတုံး၊ နေစရာမရှိ



ရင် သေလိုက်ပါလား၊ ရောဝတီမြစ် ဘယ်လောက် ဝေးတာမှတ်လို့'

အမောပြေသည်နှင့် ဝမ်းခေါင်းသံကြီး ပေါ်လာသည်။

'ညည်းလိုကောင်မမျိုး မရှိတော့မှ အေးလိုက်တာ၊ ငါတို့ အိမ်မှာရော၊ ညည်းမိဘအိမ်မှာပါ ဆန်ကုန်မြေလေး အမှိုက်တစ်ပင်လျော့သွားလို့ အေးချမ်းနေတာ၊ အခု ဒုက္ခပေးမလို့ ပြန်လာတာ မဟုတ်လား'

'သမီး အခု....အခု နောင်တရပါပြီ အမေကြီးရာ'

'ဟာ ဟာ ဟာ'

အနှစ်မပါသော ရယ်သံကြီး ဖြင့် ရည်းကျည်းဒန်က လုပ်ရယ် ရယ်၏။

'နောင်အခါမှ တလို့တော့ အလကားပဲ၊ မကြီးစာရေ့၊ ထမင်း တစ်အိုးတောင်မှ အဖြစ်ရှိအောင် မချက်တတ်၊ ဟင်းအိုး တစ်အိုးတောင် အပေါက်အလမ်းတည့်အောင် မတည်တတ်တဲ့ မိန်းမ၊ ဘာသွားသုံးမှာတုံး ဟင်'

ရည်းကျည်းဒန်သည် ပြောဆိုမြည်တွန်ရင်းက ဆေးလိပ်ခွက်ကို လက်ဖြင့်စမ်း၏။ အကြောစုကြီးနှင့် အရိုးလက်ဝါးသည် ဆေးလိပ်ဘေးတွင် ပွတ်သပ် ဝေ့ဝဲနေသည်။

'အချက်အပြုတ်မတတ်လို့ နွားစာ အစဉ်းခိုင်းလို့ ကောလူရာဝင်သလား၊ ဝေးပါသေးရဲ့၊ နွားစာ တစ်ဖတ် တစ်ဖတ်ဟာ တစ်ဘောင်လောက်ရှိမှတော့ နွားဝေးလို့ ဆင်တောင် မစားနိုင်ဘူး၊ လယ်သမားသားသမီး နွားစာလောက်မှ မစဉ်းတတ်တော့ ဘာသွားသုံးဦးမှာတုံး'

www.burmeseclassic.com

www.burmeseclassic.com



မှန်တမ်းအခြေအနေသာဖြစ်ပါမူ 'ကောက်ရိုး စည်းဖတ်ကလေး တစ်ဖတ်တလေ ရှည်သွားတာကို မလိုတမာ အကျယ်ချဲ့ပြီး တစ်တောင်လို့ မပြောပါနဲ့ အမေကြီးရဲ့' ဟု ထ 'ပက်' မိမည်။ ယခုသော်ကား ပြောသမျှ ငုံ့ခံရမည့်သူမှာ လှအုန်း မယ်သာ။

'မအေ မအားလို့ အဝတ်အလျှော်ခိုင်းကြည့်၊ သူများလျှော်ရင် ဆယ်ထည်လောက်လျှော်နိုင်တဲ့ဆပ်ပြာ သူ လျှော်ရင် သုံးလေးထည်ပဲ၊ ချေးပြောင်ရင် တော်သေးရဲ့၊ မလျှော်တာနဲ့ အတူတူပဲ၊ အိမ်မှုကိစ္စမဟန်လို့ လယ်ထဲယာထဲမှာရောကောက်စိုက်ထုတ်ဖို့ဝေးလို့ မြက်မကောက်တတ်၊ မြက်မရိတ်တတ်၊ နွမ်းမခါတတ်၊ ဇါဖြင့် ဘာအသုံးကျသေးတုံး၊ လင်ထောင်တယ်လေ၊ ယယ်ယယ်ရွှယ်ရွှယ်ကလေးနဲ့ လင်ထွေးသတော့'

အာခေါင်ကိုခြစ်ပြီး အော်လိုက်ချိန်တွင် အရိုးစု လက်ချောင်းများက မြေဆေးခံခွက်ကို စမ်းမိသွားပြီး ဆေးလိပ်တိုကို ပါးစပ်တွင် ကိုက်လိုက်ပြီး မီးခြစ် ခြစ်ရန် ဟန်ပြင်နေချိန်သည် လှအုန်းမယ်အတွက် အသက်ရှူချိန်ဖြစ်၏။

ရည်းကျည်းဒန်သည် ယမ်းခိုးမန်းအောင် မီးတောက်ကို ခဏခွာထားပြီးမှ ဆေးလိပ်ကို ညှိသည်။ သုံးလေးဖွာ မရပ်မနား ဖွာသည်။ ခံတွင်းထဲသို့ ဆေးလိပ်မီးခိုး အဝင်ညီမှ အဖွာရပ်သည့် ခဏလေးတွင် မျက်လုံးအစုံက နွားတင်းကုပ်အစပ်သို့ ရောက်သွားသည်။

လှုပ်ရှားနေသည့် ကျောမွဲ၊ ကျောပြောင်ကြီး။



ရည်းဆေးရိုးသည် ထိုင်လျက်က တလှုပ်လှုပ် ရွေ့နေ၏။ ကိုဘညိန်း ထန်းလျှော်သပ်ရာမှ ထွက်သော အမျှင်များ။ ကိုထွန်းရ ဝါးခြမ်းသပ်ရာမှ ဖြစ်လာသော အကြွာများ။ အမျှင်များကို စုဆောင်းနေသည်။

ဘာလုပ်ဖို့ပါလိမ့် တွေးရန် မလို၊ မေးရန်မလို၊ 'ကချွတ်' လုပ်ရန်ဟု ရည်းကျည်းဒန် သိပြီးဖြစ်သည်။ သူ့မျက်လုံးများက ထပ်မံ လှုပ်ရှားသည်။ တိုင်တွင် ထောင်ထားသော ကချွတ်ခွေအသစ်ကလေးတွေ။

စင်စစ်အားဖြင့် ထန်းလက် ဝမ်းယားလျှော်ကို ချောမွေ့ရာမှ ထွက်လာသော အမျှင်များသည် အမှိုက်သာ ဖြစ်၏။ ဝါးခြမ်းများ၏ 'ဇောင်း' များ လူကိုမရှရေရန် ချောရ သပ်ရသည်။ သည်က ထွက်လာသော အရာမှာလည်း အမှိုက်မျှသာ။ သို့သော် သည်အမှိုက်သည် အသုံးဝင်သော ကဏ္ဍ မရှိပါသလော။

ရှိပါသည်။

ဖင်လုံးသော မြေအိုးအချို့၊ ဒန်အိုးအချို့သည် ကချွတ်မခုလျှင် ဖင်မမြဲ လိမ့်လဲသည်။ မြေအိုးများမှာသော်ကား ကချွတ်ခံမှ ဖင်အနာသက်သာသည်။ ကချွတ်ခံမှ အလုံးအလိမ်း သက်သာမည်။ သည်ကဲ့သို့သော အမှိုက်ကချွတ်သည် မြေအိုးများနှင့် အလိုက်ဖက်ဆုံး။

အမှိုက်သော်မျှ လုံးလုံး အသုံးမကျ၊ ပစ်လိုက်ရသည်မျိုး လျှင် လူမှာ မည်သို့ရှိမည်နည်း။ မြေးမကလေး လှအုန်းမယ် ကော အသုံးဝင်ကွက် မရှိသလော။

www.burmeseclassic.com

www.burmeseclassic.com



ရည်းကျည်းဒန်သည် မြေးမဘက်သို့လှည့်မကြည့်။ ကချွတ်ခွေအသစ်များကိုသာ ငေးမောကြည့်နေမိသည်။ တစ်ပြိုင်နက်တည်းဆိုရ မည်သို့ပင် လှအုန်းမယ်၏ ချွန်ကွက်များ 'ပြက်' ခနဲ ပေါ်လာသည်။

ကောက်စိုက်ရာတွင် ဖျင်းသည်နှင့်အမျှ ကောက်ရိတ်ရာတွင် တော်သော လှအုန်းမယ်။ တော်ရုံ ယောကျ်ားသားကို ဖြတ်ချန် ထားခဲ့နိုင်သူ။ သည်လှအုန်းမယ်သည် ကောက်ရိတ်ရာတွင် တော်သည့်နည်းတူ ကောက်လှိုင်း 'စည်း'ရာတွင်လည်း မည်သည့် မိန်းမသားမျှ လိုက်မမီချေ။

ကိုထွန်းရ မချောစိန်တို့၏ သားသမီး ငါးယောက်အနက် အကြီးဆုံးကောင် ကိုကိုကြီးပင် ကောက်ဆွဖြင့်သာ ကောက်'ပေါက်'တတ်သည်။ လှအုန်းမယ်ကား 'ထွန်ခြစ်'ကို သုံးပြီး ခြေဖမိုးဖြင့် ကျွမ်းကျင်စွာ ကောက်ပေါက်တတ်သဖြင့် ရမ်းဘိုကုန်းမှာသာ မဟုတ်။ သည်ရွာတလွှားဌ 'ကောက်ပေါက်' အတော်ဆုံးဟု သတ်မှတ်ခံရသူ။

သည်နှယ် သုံး၍ရသော အကွက်များ၊ အချက်များ အာရုံထဲသို့ ဝင်လာသဖြင့် ရည်းကျည်းဒန် ဆက်ပြီး မှိုချိုးမျှစ်ချိုး မပြောလိုတော့ပေ။ သို့ဖြင့် 'အဲ့'ခနဲ လှအုန်းမယ် ရင်ခွင်ထဲက ကလေး၊အသံပေး၏။

ရည်းကျည်းဒန်က ဖျတ်ခနဲအကြည့်။ လှအုန်းမယ်က ပုဆိုးစုတ်ကို အပင့်။ ဝိုင်းဝိုင်းစက်စက် မျက်နှာကလေး။ ကြည်လင် တောက်ပြောင်သော မျက်လုံးကလေးသည် ချက်ချင်း မှိတ်ပစ်၏။ မျက်နှာပေါ်သို့ နေရောင်ထိုးနေပေသည်ကိုး။



သည်မျက်နှာဝိုင်းကလေးသည် သူ့အဘိုး ရည်းဆေးရိုးနှင့်ပင် တူသလော၊ သူ့ဘ ကိုထွန်းရနှင့်ပင် ဆင်သလော။ မည်သို့ဖြစ်စေ ရည်းကျည်းဒန့် ရင်ထဲတွင် အေးခနဲ ဖြစ်သွားရသည်က အမှန်ပင်။

သို့ကြောင့် တစ်ဖက်သို့ မျက်နှာပြန်လွှဲရင်းက အသုံးမကျတဲ့ အဖြစ်များတော့ ကလေးမျက်နှာ နေပူနေတာတောင် အိမ်ထဲ ရွှေ့မထိုင်နိုင်ဘူး၊ အံ့ပါရဲ့'ဟု ပြောလိုက်သော ရည်းကျည်းဒန်၏ အသံတွင် ဒေါသသံ ပေါ်သော်ငြား ရင်ထဲတွင်ကား ဒေါသပြယ်နေပြီ ဟူသည်ကို ရည်းကျည်းဒန်သာ အသိဆုံး ဖြစ်တော့သည်။

(၁၉၉၂၊ အောက်တိုဘာလ၊ သွေးသောက်မဂ္ဂဇင်း)

www.burmeseclassic.com

www.burmeseclassic.com

## ဝဲထဲကျသော သစ်ရွက်ကလေးများ

ဆိုင်းသံဗုံသံ ကြားရကာမျှဖြင့် ရည်းဆေးရိုး အမောပြေ၏။ ပတ်ဖျားကို လက်ညှိုးကလေးဖြင့် တို့လိုက်ခြင်းမျှသာဟု သိသောအခါ ခြေလှမ်းများပင် သွက်၏။ ကြေးသံနှဲသံများပါ ကြားရသည့်အထိ နီးကပ်လာချိန်ဝယ် ခေတ်လောကလုံးသည် ရည်းဆေးရိုးအတွက် ပျော်စရာကြီး ဖြစ်သွားလေ၏။

လမ်းကို ကူးလူးဖြတ်သန်း သွယ်တန်းထားသော ရောင်စုံကြက်လျှာများသည် လေဖြင့်မြူး၏။ ကျောက်လမ်းပေါ်မှ ဖုန်များသည် ကြက်လျှာများရှိရာသို့ ပျံတက်၏။ ကြက်လျှာရောင်စုံများက လွန့်လူး ပုတ်ခတ်၏။

ဆွမ်းတော်ကြီးပေါင်းပြန့်သူများနှင့် မျက်နှာချင်းဆိုင်မိသည်။ လျှာပေါ်ဝဲ မုန့်နံ့ကို ရည်းဆေးရိုး ရသည်။ ငှေ့ခနဲ ချင်းသုပ်နံ့က ဝင်လာသည်။ ရည်းဆေးရိုး သွားရည်ကျသဖြင့် မြိုးမိသည်။

'ငါ့မှာ သွားမှမရှိတော့တာ၊ ဘာကိစ္စ သွားရည်ယိုရသတုံး'



စုပေါင်း ဆွမ်းတော်ကြီးကပ်လှူရန် လာကြသူများအား ရပ်ခံ ရှာခံများက အကမ်းအလှမ်းများဖြင့် တုံ့ပြန်လေ့ရှိသည်။ ရည်းဆေးရိုး အနံ့ရသောအရာမှာ သည်ပစ္စည်းတွေ ဖြစ်ကြပေသည်။

စင်စစ် မစားနိုင်သော အရာကို သွားရည်ကျရခြင်းကပင် အရသာဖြစ်၏။ ဆွမ်းတော်ကြီးပေါင်းပြန် ပြုံးပြင်မျက်နှာများကို အနှောင်းပိုင်းတွင် မြင်ရခြင်းကလည်း အရသာတစ်မျိုးဖြစ်နေပြန်၏။

ဖိနပ်ချွတ်မိချိန်၌ ရည်းဆေးရိုး၏စိတ်သည် ရှာကို မေ့လျော့ပြီ။

သူသည် သည်ပွဲသို့လာရန် စိတ်မကူးပေ။ သီတင်းတစ်ပတ်လျှင် ပွဲတစ်ပွဲ နေရာပြောင်းကျင်းပကြောင်း သိသည်။ နေရာအတိအကျကား မသိ။

သို့သော် ညနေစောင်းတွင် သမီးကြီး ချောစိန် ရောက်လာသည်။

'ခက်တာပဲ အဖေရာ' ဟု ရောက်မဆိုက် ညည်းသည်။ ညည်းသံကြားရဖန်များသဖြင့် ငြီးငွေ့နေသော ရည်းဆေးရိုး ရော ရည်းကျည်းဖန်ပါ မသိကျိုးကျွန် ပြုနေကြ၏။

'အဖေ့မြေး ကိုထွေးပေါ့'

သံယောဇဉ်အမျိုးအမည်ကို ဖော်ပြလာသောအခါ စိတ်မဝင်စားချင်၍ မရ။ ဆက်လာမည့်စကားကို နားစွင့်၏။

'ဆပ်ပြာဝယ်မယ်ဆိုပြီး ငါးကျပ်တန် တစ်ရွက်နဲ့ အိမ်ထဲက ထွက်အလာမှာ မောင်ကိုကြီးကလေး ချော့သိုတာတွေ့

www.burmeseclassic.com

www.burmeseclassic.com

လို့ ပြေးပွေ့တာ အဖေရဲ့၊ ကျုပ် သေသေချာချာ မှတ်မိတယ်၊ မှောက်ထားတဲ့အင်တုံပေါ်ကို ပိုက်ဆပ်(ပိုက်ဆံ)တင်ထားပြီးမှ ကလေးကို ချီတယ်၊ ကလေးကို သူ့အမေလဲ လာခေါ်ရော ဟော ပိုက်ဆပ်မရှိတော့ဘူး အဖေ၊ တဲအောက်မှာ ရှိနေတဲ့ မောင်ထွေးကို မေးမလို့ ကြည့်တော့ သူလဲ မရှိတော့ဘူး'

မောင်ထွေးမှာ ဒေါ်ချောစိန်၏ သားသမီးငါးယောက်အနက် စတုတ္ထမြောက်သား နို့ညှာ ဖြစ်သည်။ ရေခပ်ခိုင်းထားရာက လာပါဦး၊ မြေကြီးထုခမ်း ခိုင်းလည်း မငြင်း။ မြေကြီး ထုနေဆဲမှာပင် သွားစာ စဉ်းခိုင်းဦးမည်လည်း ညည်းညူလိမ့်မည် မဟုတ်။

လူပျိုပေါက်ကလေးသည် လောကတံခါးပေါက်အတွင်း၌ ပန်းအလှများ သင်းကြိုင်နေသည်ထင်၏။ ပန်းမွှေးရာပေါ်တွင်၊ ပန်းကော်ဇောပေါ်တွင် ရယ်မော လူးလိမ့်ချင်၏။ သို့သော် ငွေတွင်းက မတိမ်။ ခက်ခဲပင်ပန်းစွာ နှိုက်ယူရသော ငွေမှာ မျက်နှာမကြီးလှ။

မောင်ထွေးမှာ နေ့တိုင်း သုံးချင်သည်။ အဖေ အမေမှာလည်း နေ့တိုင်း ငွေမဝင်။ သာမန်လယ်သမားဆိုလျှင် သီးနှံပေါ်ချိန်မှသာ 'ရှမ်းကြီး အိတ်နှိုက်' ဖြစ်သည်။ ဦးထွန်းရ၊ ဒေါ်ချောစိန်တို့မှာ အိုးလုပ်ငန်းနှင့် တွဲထားသဖြင့် အိုးဖော်သည့်အခါတိုင်း ငွေဝင်သေး၏။

သို့ဖြစ်သဖြင့် မောင်ထွေးအား နေ့တိုင်း မပေးနိုင်။ အိုးဖော်ချိန်ကျမှသာ ငါးကျပ်မျှ ပေးနိုင်၏။ မိဘတွင် သုံးစရာ



မများလျှင် တစ်ဆယ် ပေးတတ်၏။ တစ်ဆယ်သည်ပင်လျှင် မောင်ထွေးအတွက် နည်းပါသည်။

ဗီဒီယိုကြည့်မည်လော သုံးကျပ်။

ငါးကျပ်သာ ရလျှင်ကား သနပ်ဖက်တစ်လိပ် ငါးပေါင်းကြော်တစ်ခု ဝယ်ရုံဖြင့် ကုန်ပြီ။ သည်အခါ အမေ မေ့လျော့တန်ရာ၏ဟု မောင်ထွေး မယူဟု မဆိုနိုင်။ ယူကောင်းယူနိုင်သည်။

'ခက်တာပဲ အဖေရာ၊ ကျုပ်လဲ ဘယ်သူယူတုံး၊ ဘယ်သူတွေလား လျှောက်မေးမိတော့ သူ့အဖေ သိသွားပြီ၊ သူ့အဖေကလဲ သူ့ကို တန်းတန်းစွဲနေပြီ။

ရှည်းဆေးရှိုးသည် သမီးကြီးအား ကြင်နာစွာ ငေးကြည့်မိ၏။

'ဩော်....ငါ့သမီးတောင်မှ ဆံပင်ဖြူပါပြီကော'

သမီး၏ခေါင်းမှာပင်လျှင် သေမင်းအလံ စိုက်နေပြီဆိုလျှင် အဖေသော်ကား ဆိုဖွယ်မရှိ။ သေမင်းတူးထားသော တွင်းထဲဆင်းနေပြီး မြေအဖို့ကို စောင့်ဆိုင်းနေပြီ ဆိုရလိမ့်မည်။

မရဏာနုဿတိ ပွားများရန် အစပျိုးဆဲဝယ်၊ ဒေါ်ချောစိန်၏ ဆက်လက်ညည်းတွားစကားကြောင့် အထမမြောက်။ ပူပန်စိတ် ဝင်ရသည်။

'သည်ငါးကျပ်ကို ကိုထွေးယူသွားပြီး ထီဘာလုံး သွားထိုးတာပဲဖြစ်ရမယ်တဲ့၊ အတပ်စွပ်စွဲပြီး လိုက်ဖို့ပြင်နေလေရဲ့၊ သူလိုက်သွားလို့ သူ့သားကိုတွေ့ရင်တော့ လူကြား သူကြားမှာ'

'ဟဲ့ ....ငါ့မလဲမရှိဘူးဟဲ့ ၊တစ်နေရာရာက ဆွဲလှဲပြီး ပျောက်

www.burmeseclassic.com

www.burmeseclassic.com



သွားတဲ့ ငါးကျပ်တန် ပြန်တွေ့ပြီပြောချ၊ ထွန်းရ လိုက်မသွားပေစေနဲ့'

ရည်းကျည်းဒန် အိမ်ပေါ်မှ လှမ်းပြောချိန်ဝယ် ရည်းဆေးရိုးသည် အိမ်ပေါ်သို့ လှမ်းတက်ခဲ့သည်။ ထို့နောက် အင်္ကျီကို ချိတ်မှဖြုတ်ယူသည်။ လုံးထွေးကိုင်ပြီး ဆင်းလာကာ ရွာပြင်ရောက်မှ ဝတ်သည်။

အင်္ကျီကို လုံးထွေးပြီး ယူလာခြင်းမှာ သူ့မြေးနောက်သို့ သူလိုက်မည်ကို ရည်းကျည်းဒန် မသိစေလို၍ဖြစ်၏။ သူ့မြေးနောက်သို့ အပင်ပန်းခံကာ ယလိုက်လာခြင်းမှာ သူ့သမက်နှင့် သူ့မြေးတို့ လူပုံသယ်တွင် မတွေ့စေချင်၍ ဖြစ်သည်။

ကျွဲကြချင် မောင်ထွေး မသက်သာ။

တာမပြော ညာမပြောနှင့် ဖအေက နားရင်းအုပ်ကောင်းအုပ်မည်။ သည်မျှဆိုလျှင် တော်သေး၏။ စီးလာသော ခုံဖိနပ်ဖြင့် ရိုက်ပါမူ...

* * *

ဆိုင်းသံသည် မည်သည့်နေရာမှ လာနေသနည်း။

ရည်းဆေးရိုး၏ နားထဲတွင် သာယာလှသည်။ တစ်ဝါတွင်းလုံး သူဝင် ငါထွက် ရောက်ရှိလာသည့် အလှူခံ အသံချဲ့စက်များသည် ကင်းတဲပေါ်မှဖြစ်စေ၊ ဝတ်ကျောင်းအောက်မှာဖြစ်စေ စတည်းချ၏။ ရပ်သူရွာသားတွေ နှစ်သက်သလော၊ မနှစ်သက်သလော မချင့်ချိန်၊ နားကွဲအောင် နေ့ရော ညပါ ဖွင့်တော့သည်။



သည်အထဲတွင် ငမူးတွေ ရှိသေး၏။

ငမူးကွေသည် အလှူခံ အသံချဲ့စက်ထံမှ စကားပြောခွက်တောင်းကာ တေးချင်း ဆို၏။ မသင့်မြတ်သူကို ဆဲရေး၏။ တင်ရှာလုံးမှာ မန်ကျည်းသီးစိမ်း ဆီးသီးစိမ်း စားမိသော မျက်နှာဖြင့် ရှုံ့မဲ့နေကြရတော့၏။

ယခုဆိုင်းသံကား တခြားလွန်း မကျယ်လောင်ချေ။ သာယာနာပျော်ဖွယ်ဟူသည့် အခြေအနေတွင်ရှိ၏။

မည်သည့်နေရာမှ တီးနေသနည်း။

ရည်းဆေးရိုး မျှော်ကြည့်သည်။ ခြင်းအလှခတ်သည့် နေရာမှ တီးနေသလော။ သည်သို့ဆိုပါက ခြင်းပွဲ ကြည့်ချင်သည်။ ရွာတွင် လောင်းကြေးစားကြေး ဘောလီဘော ရောက်လာကတည်းက ခြင်းလုံး ပျောက်ခဲ့သည်။

နေမဝင်သေးငြား ရောင်စုံမီးပုံးကလေးတွေ ထွန်းညှိပြီ။ ဖန်လုံးပါးပါးကလေးဘောမှ ဝတ်ကောင်းစားလှနှင့်လူများ။ မီးရောင်စုံများကြောင့် ခုနကထက် လှလာသည်။ သာယာလာသည်ဟု ရည်းဆေးရိုး ထင်၏။

ဆိုင်းသံကို ဖောက်လျက် မသာယာသော အသံ ပေါ်လာသည်။

တစ်စုံတစ်ရာပေါ်မှ အမည်မသိ အဆာများ လိမ့်ကျသံဖြစ်၏။ ရည်းဆေးရိုး လှမ်းကြည့်သည်။ ဖိနပ်ကိုယ်စီ ကိုင်ထားသူများ စုဝေးနေကြသည်။ ထိုအစုအဝေးများမှာ လေးငါးခြောက်စု ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းသံဘက်သို့ ဦးတည်သော ရည်းဆေးရှိး၏ ခြေလှမ်းများ ညာဘက်သို့ လှည့်သွားလေတော့သည်။

'အများ ဘဝင်ထိတ်ရတဲ့ ကျား ဆင် လိပ်ပါ ခင်ဗျား ရော့....တစ်ကျပ်ယူသွား၊ ဒီငါးကျပ် ဘယ်သူတုံး၊ ပြန်တယ် ရော့....သုံးကျပ်၊ ရော့....တစ်ကျပ်'

ကျားရုပ်၊ ဆင်ရုပ်၊ ကြက်ရုပ်နှင့် ငါးလိပ်ပုစွန်ရုပ်များ အကွက် ခြောက်ကွက်တွင်း၌ ဆေးဆေးစုံဖြင့် ရေးခြယ်ချခင်းထားသော ကားချပ်။ ငွေစက္ကူတွေ ကောက်ယူ လှမ်းပေးနေသော လူတစ်ယောက်နှင့် သူ့ကျောဘက်တွင် နိမ့်လျှောခင်းထားသည့် ပျဉ်ပြားရှည်။ သည်ပျဉ်ပြားရှည်၏ထိပ်အမြင့်ဆုံးနေရာ၌ လေးထောင့် ဆစ်သားတုံး သုံးတုံး။ သည်သစ်သားတုံး၏ မျက်နှာစာတိုင်းတွင် အရုပ်တစ်မျိုးစီ ရှိသည်။

'ဖွင့်မယ်၊ လက်ရှောင်'

ကားချပ်ဘေးတွင် ထိုင်နေသူ၏ အော်သံအဆုံး၌ အံစာတုံး သုံးလုံးသည် ကျွမ်းထိုး မှောက်ခုန်တချို့၊ လျှောလျက်တချို့ ပြေးဆင်းလာသည်။ ပိုးလိုပ်ကိုလက်လန်ပြီး ငြိမ်ကျသွားသည်။

'အလှန်ပြောင်လက်တဲ့ ပုစွန်နှစ်ကောင် ကြက်ပါ ခင်ဗျား။ ရော့....တစ်ကျပ်၊ ဒါ ဘယ်လောက်တုံး၊ သုံးကျပ်၊ အဲ.... သုံးကျပ်က ခြောက်ကျပ်ယူ'

ဩော်....လက်စသတ်တော့ ခြောက်ကောင် အံစာဆိုတာ ပါကိုး။

ထိုနေရာမှ ရည်းဆေးရှိး ခွာသည်။



မကောင်းတဲ့ လောင်းကစား အလုပ်၊ ရှိုးရှိုးမှတ်မှတ်နဲ့ကြိုးစားပမ်းစား အလုပ်လုပ်ချင်စိတ် မရှိအောင် လူတွေကို ဖျက်ဆီးတဲ့ လောင်းကစား။ အင်း....ပြောင်ပြောင်တင်းတင်းကို သောင်းကျန်းနေတာပါကလား။

ရည်းဆေးရှိး သဘောမကျ။ လူငယ်တွေနှင့်က လေးသူငယ်တွေချည်း အုံနေသဖြင့် စိတ်မကောင်း။ သဘောမကျ စိတ်မကောင်းသော်ငြား ရည်းဆေးရှိး မည်သို့ တတ်နိုင်ပါအံ့နည်း။

မလှမ်းမကမ်းတွင် တစ်ဝိုင်း။

ထန်းပင်ပုကလေး သုံးပင်အောက်ရှိ ထိုဝိုင်းမှာ အသံမထွက်။ သို့ရာတွင် ကားချပ်မူ ပါသေး၏။ အရုပ်တွေမဟုတ်။ ဂဏန်းတွေ။ ခုနစ်ဂဏန်းက အကြီးကြီး။ ကျန်ဂဏန်းများမှာ သေးသေးကလေး။

'လင်ကီးဆဲဗင်း ဘကြီး၊ ရှိုးရှိုးက တင်ဆ၊ လင်ကီးဆဲဗင်း က သုံးဆ'

ယခုမှ ရည်းဆေးရှိး သတိပြုမိသည်။ ဒိုင်မှာ အမျိုးသမီးပါတာကား။ သူ့လည်ပင်းတွင် လွယ်အိတ်တစ်လုံးစွပ်ထား၏။ လွယ်အိတ်ထဲတွင် ဘိလပ်ရည်ပုလင်းဖုံးတွေ ရှိသည်။ အဖုံး၏ အတွင်းပိုင်း၌ ဂဏန်းတွေ ရေးထားကာ တစ်ကြိမ်နှိုက်လျှင် သုံးခု ယူရသည်။

ရည်းဆေးရှိး ခေါင်းတညိတ်ညိတ်ဖြင့် ဆက်လျှောက်ခဲ့သည်။ ဓလန်ဟုထင်ရသော ယောကျ်ားနှစ်ဦးမှာပ ဘုစုခရု

www.burmeseclassic.com

www.burmeseclassic.com



သူငယ်နှပ်စားချည်းပါတကား။ ဝလုံး ရေးနေရမည့် အရွယ်တွေ၊ အသီ ပေါင်းကျက်နေရမည့် အရွယ်တွေ။

တတိယတွေ့သော အရာကား ထီဖြစ်သည်။

ကလေးသူငယ်တွေထက် လူရွယ် လူလတ်တွေ များသည်။ အဘိုးကြီးအိုတွေ မိန်းမတွေလည်း ပြောက်ကျား ပါဝင်သည်။ စည်လည်း စည်ကား ခန့်လည်း ခန့်ညားး၏။ စားပွဲကုလားထိုင်တွေ၊ ဖြတ်ပိုင်းတွေ၊ အော်လံတွေဖြင့်။

လက်မှတ်တစ်စောင် သုံးကျပ်။ လက်မှတ်ပေါ်တွင် ဘောလုံးသမား နှစ်ဆယ်၏ အမည်ကို ပုံနှိပ်ထား၏။ ကြိုက်ရာ သေးယောက်၏အမည်ကို ခြစ်ကာ ပြန်ပေးရ၏။ ဒိုင်က ဖွင့်သောအမည်နှင့် ကိုယ့်အမည် တူနေလျှင် သုံးဆယ် ပြန်ရ၏။

အားကစားလိုလိုဘာလိုလိုနဲ့လက်စသတ်တော့ အလောင်းအစားပဲ။

ရှေ့နားက ဝိုင်းမှာ မစည်ကားပါ။

'ဟော....ဆင်သုံးကောင်၊ အားလုံးစားတယ်'

ရည်းဆေးရိုး ရပ်၍သော်မျှ မကြည့်တော့ပါ ရှေ့တွင် ခင်းထားသည့် ကားချပ်ပေါ်ရှိ အရုပ်များကို မြင်ခါမျှဖြင့် သိလိုက်ပြီ။ ပျဉ်ပြားပေါ်တွင် ချောချောသော အနစာများကို တစ်နည်းပြောင်းကာ ခွက်ဖြင့်အုပ်ပြီး ခလောက်ခြင်းဖြစ်သည်။

မလှမ်းမကမ်းတွင်လည်း တစ်ဝိုင်း။

သူ့ရှေ့က ကားချပ်မှာ သေးငယ်၏။ မည်သည့်အရာမျှ



ရေးမထဲ။ ကားချပ်ဘေးတွင် တင်ပျဉ်ခွေ ထိုင်နေသူမှာ အသံအက်အက်ဖြင့် ပြောနေ၏။

'ဒါကိုထိုး....ဒါကိုမထိုးနဲ့၊ မှတ်ထား....ဟော အပေါ် ရောက်သွားပြီ၊ ဟော အောက်ကို ပို့လိုက်ပြီ'

လက်ဝါးထဲရှိ ဖဲချပ်ကို ဘောင်ကာထောင်ကာ ပြရင်း ပြောနေခြင်း ဖြစ်၏။ တစ်ကြိမ်ထောင်ပြလျှင် အနီကို မြင်ရ၏။ နောက်တစ်ကြိမ်တွင်အစိမ်း။ နောက်တစ်ကြိမ်တွင် အဖြူ။

'ထိုးထိုး'

ဖဲသုံးချပ်ကို စီချထားလိုက်ရာက အဝါရောင် မျက်လုံးဖြင့် မော့ကြည့်၏။ တောင်မြောက်လေးပါးကိုလည်း ကြည့်၏။ ဖဲတစ်ချပ်စီကို လှန်လိုက်သည်။ အဖြူချပ် အစိမ်းချပ် ဘေးရှိ ငွေများကို သိမ်းယူပြီး အနီချပ်ရှေ့ရှိ ငွေများကို အလျော်ပေး၏။

ပြီးလျှင် ဖဲသုံးချပ်ကို ဆင့်ထပ်၏။

ထောင်၍ထောင်၍ပြ၏။ ပစ်၍ပစ်၍ချ၏။

'ဟောသည်အလယ်ကဟာ အနီကွ'

ရည်းဆေးရိုး တေးမှတ်ဆဲ၌ ဖဲများလန်၏။ ရည်းဆေးရိုး တေးသည့် အလယ်ချပ်က အနီ။

'ဒါထိုး....ဒါမထိုးနဲ့၊ ဒါလဲ မထိုးနဲ့'

ဖဲသုံးချပ် စီပြီးသွားပြီ။ လက်ယာဘက်ရှိ ဖဲကို အနီဟု ရည်းဆေးရိုး မှတ်ထား၏။ လှန်လိုက်သောအခါ ဟုတ်နေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖဲသုံးချပ် လိမ်တယ် လိမ်တယ်နဲ့ ဘယ်မှာ လိမ်လို့တုံး။

သည်အဟွေးဖြင့် မျက်တောင်မခတ်ဘဲ ကြည့်သည်။ အန်ချပ်က အလယ်သို့ ပြန်ရောက်သွားပြန်သည်။

'နေဦးဟေ့...နေဦး'

ရည်းဆေးရိုး အိတ်ကိုနှိုက်သည်။ ငွေတစ်ကျပ် ဆွဲထုတ် ဆဲဝယ် ဖဲချပ်များ လှန်၏။ ရည်ဆေးရိုး တေးထားသည့် အချပ်သည်ပင် အနီ။

'နေဦး ဆိုနေလျှက်နဲ့ကွာ'

'နေဦးဆိုလို့ မရဘူး၊ ထိုးမှရမယ်'

ပြောပုံက မထိမဲ့မြင်။ ထို့ကြောင့် ရည်းဆေးရိုး အသေအချာမှတ်ကာ တစ်ကျပ်ထိုး၏။ စားသွားသည်။

ငါ သေသေချာချာ သူထောင်ပြတုန်းက ကြည့်ထားတာပါ။

ရည်းဆေးရိုး အားမလိုအားမရ ဖြစ်သည်။ သေသေချာချာ ကြည့်သည်။ နှစ်ကျပ်ထိုးသည်။ ပြန်မလာပါ။

သင်းပဲ လက်ကစားနိုင်မလား၊ ငါပဲကြည့်နိုင်မလား၊ သိကြရောပေါ့ကွာ။

ရည်းဆေးရိုး နှစ်ကျပ်ပင် ထိုးသည်။ အလျော်မရပါ။ သို့အတွက် စိတ်ငြိမ်အောင်ထားပြီး နှစ်လှည့်စောင့်ကြည့်သည်။ မထိုးသည့်အခါတွင် သူမှတ်သမျှ မှန်ပြန်သည်။ ထို့အတွက် ရှုံးထားသမျှ ပြန်ယူအံ့ ရည်ရွယ်လျက် ငါးကျပ်ထန်ထိုးသူ စားသွားလေ၏။



ရည်းဆေးရိုး တက်တစ်ခေါက်ခေါက်ဖြင့် အိတ်ထဲ နှိုက်သည်။ ဖြစ်ချင်ရာဖြစ် အကုန်အောမည်။ စိတ်ကူးခါမှ အိတ်ထဲတွင် ကျပ်ဘန်တစ်ရွက်သော်မျှ မရှိတော့ချေ။

'အလှည့်ဆိုတာ အပင်ဆိုတာ ရှိတယ် ဘကြီး၊ အင်္ကျီကို တစ်ဆယ်နဲ့ချတုံး၊ ရတယ်'

ဘဝတူတစ်ယောက်က အကြံပေး၏။

ခံပြင်းစိတ်သည် ရည်းဆေးရိုး၏လက်ကို အင်္ကျီကြယ်သီးပေါ် ပို့၏။

ဒလန်ဆိုတာ ဒါမျိုးထင်တယ်။ ပြီးတော့ ငါ့အင်္ကျီက တစ်ဆယ်မက တန်တာ။ ထိုသတိဝင်လာလျှင် လာချင်း ရည်းဆေးရိုးသည် အကြံပေးသူအား အထိတ်တလန့် ကြည့်သည်။ ဖဲသုံးချပ်ဝိုင်းကြားမှ လျင်မြန်စွာ ခွါခဲ့သည်။

သူသည် မောင်ထွေးအား ရှာဖွေရန် သတိမရတော့ပါ။ 'တစ်ဆယ်ဆိုတာ နည်းတဲ့ငွေ မဟုတ်ဘူး' ဟူသည့် ယူကျုံးမရ စိတ်ကို ပွားများလျက် ပြန်ခဲ့သည်။

'အဘိုးကြီးအို့ မပြောမဆိုနဲ့ ဘယ်ထွက်သွားတာတုံး'

မီးခွက်ကြီး ဘေးတွင် ထိုင်နေသည်။ ရည်းကျည်းဒန်က ဆီးမေး၏။

'မပြောပါနဲ့တော့အေ၊ ညည်းမြေးကို ရှာမယ်ဆိုပြီး ပွဲဈေးကို သွားတာ ဖဲသုံးချပ်ရှုံးပြီး ပြန်ခဲ့တယ်ဟေ့၊ ငွေတစ်ဆယ် မစားရက် မသောက်ရက် စုထားတာဟာ'

www.burmeseclassic.com

www.burmeseclassic.com



'တစ်ဆယ် တော်သေးတာပေါ့၊ တောင်ပိုင်းက ကျော် စိန်ဝင်း ဘောလုံးထိ မဲတာ စက်ဘီး ပြုတ်ပါရောလား၊ စိန် လှမောင်၊ ဥဒီး၊ ကျော်ဇင်ညွှန့်လဲ လှည်းပြုတ်တဲ့လူပြုတ်၊ နွား ပြုတ်တဲ့လူပြုတ်နဲ့၊ ပွဲကောင်းကြီး ခိုက်တာလေ'

ရည်ဆေးရိုးအတွက် ဖြေသာသောစကားဖြစ်ငြား ငွေတစ် ဆယ်ကို နှမြောစိတ်မှာမူ မေ့မှိန်မသွားလေ။

(၁၉၉၃၊ မေလ၊ သွေးသောက်မဂ္ဂဇင်း)

## ကြိုးဒဏ်သင့် နှလုံးအိမ်

သင်္ဘောသည် သစ်ပင်မဟုတ်။ ဖုန်ပင်ကြီး ဖြစ်နေသည်။ လဲမှိုတော့ကပ်နေသော အရုပ်ယောင်ယောင်၊ စောင်ဖြူကြီးကို ခေါင်းမြီးခြုံထားသော သူအိုကြီးယောင်ယောင်မို့ နေပူ ကျဲကျဲကြီးအောက်၌ အမြင်ဆိုးလှစွာ၏။

မိုးနှင့်ချုံ၊ သန်သတ်ချုံနှင့် နဘူးချုံ ကင်မွန်းဘောင်ပွဲ ကြက်နှာခေါင်းချုံ များသည်လည်း ရွက်သစ်ထိုး ပြီးပါလျက် စိမ်းနုမဝေလွင်။ စိမ်းမြသောအရောင်များ မတောက်ပ။ ဖုန် ဆင်တိုင်းကို ခြေဆုံးခေါင်းဆုံး ဆင်ယင်ထားကြ၏။

ရည်းကုည်းဓန်သည် နားမချမ်းသာစရာ ကအိကြီးကြီး ပေးလိုက် မောင်းသွားသောလှည်းကို မျက်ခုံးရှုံ့ပြီးကြည့် ၏။ မည်သူတွေပါလိမ့်၊ မည်သူ့လှည်းပါလိမ့် သိလိုသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကြည့်၏။ လှည်းသည် ဖုန်ကိုပေါင်းမိုးလုပ်လျက် မောင်းသွား၏။

သို့အတွက် မသိလိုက်ချေ။ ရည်းကျည်းဒန် အိမ်တွင်းသို့ မျက်နှာမူလိုက်သည်။ ဖျာပေါ်တွင် ကိုယ်ဘုံးသုံးဖြင့် လှိမ့်နေသော မြွစ်ခေတွ။ ကျောက်နီ အကြီး၊ အသေး၊ အလတ်၊ ရောရောကို စီသားဘိသို့သော ကိုယ်လုံးများတွင် လက်သည်းရာ အခင်းခတွဆင်နေ၏။ အရှယ်သင့် မိဘ်ဖုံများမှာ ပဲ့ရွဲ့နေရာ အချို့ အနာဖေးတက်နေသည်၊ အချို့မူ အနာဖြစ်နေသည်။

'ဩော်....သတ္တဝါတွေ၊ သတ္တဝါတွေ'

ပျော်မြူးမှုမွေးသည့် ငါ့မြွစ်တွေပါကလားဟု မမြင်မိအောင် ရည်းကျည်းဒန် ကြံ့စား၏။ ဝဋ်ခနောင်ဆုံးမှ ဇွတ်ရှောင်ပုန်းပြီး လွတ်အောင်ရုန်းနိုင်သော ငါပါတကားဟု သူ့ကိုယ်သူ အဆင်ကြီး၏။ ဝဝက်ကမူ ထန်းတုံးစီသည့်နှယ် ကြမ်းပေါ်တွင် စီနေသော ထိုသတ္တဝါကလေးများကို ယှဉ်ခတ်သေးနေခဲ့မိ၏။

လေးထပ်ကျောင်း ဘန်းဘောပေါ်သို့ ကျော်ပြီးမျှော်ကြည့်ခဲ့မိသည်။

မိုးမရွာသော်လည်း မိုးသားတက်လျှင် အပူသက်သာ၏။ တိမ်ဖြူထက် တိမ်မည်းက ပို၍အပူသက်သာ၏။

သို့ဖြစ်သဖြင့် မိုးသားတိမ်တိုက်ကို မျှော်တမ်းခဲ့ပြား တိမ်တစ်စတလေ တစ်ဆုပ်တလေသာ မြင်ရသည်။ ကြည်စင်သော



အောင်းကင်ပြာကြီးကို မြင်ရသည်မှာ စိတ်မချမ်းသာစရာတို့၍ ဆင့်၍ပင် ပူဒလောင်သည်ထင်ခဲ့ရ၏။

'မိုးရယ်....ရွာပါတော့၊ ကလေးတွေ ဒုက္ခရောက်လှပြီ'

ရည်းကျည်းဒန် မြည်တမ်းခဲ့ရသည်။

သတ္တဝါကလေးတွေပါတကားဟူ၍ သူ တရားရှုနေသော မြွစ်တွေမှာ အကျိုမကပ်နိုင်ကြပေ။ ထန်းလျက်စားသော မြွစ်တစ်ယောက်မှာ နားရွက်ဖျားပါတက်ပြီး မိတ်ပေါက်သည်။ အခြားသော ကလေးတွေ မိတ်ပေါက်ပုံမှာ ပုရွက်ဆိတ်အနီတော့ အုံခဲ့ပြီးကိုက်နေသလော၊ ထင်ရှိုးသာဖြစ်၏။

ထန်းလျက်အလွန်စားသောမြွစ်မှာ ပောစ်ကြီးဖြစ်သည်။ ခင်ခင်ကြီး၏ ကစ်ဦးတည်းသောသား၊ အမည်ရင်းကား အောင်မြကျော်ဇော်ဦး ထန်းလျက်သားပြီးနောက် မအေ့နို့ကိုစို့သည်။ နို့ရည်မှာ မချိုမြိန်တော့ပြီ။ သည်နည်းဖြင့် ပောစ်ကြီးသည် အလိုလိုနေရင်း နို့ပြတ်ခဲ့သည်။ နို့ပြတ်ချိန်မှစပြီး ထန်းလျက် ပျော့သည်ဖြစ်စေ၊ မာသည်ဖြစ်စေ လက်ထဲတွင် ကိုင်ထားသူ။

သည် ထန်းလျက်ကြောင့် ထင်သည်။ သူ့ကိုယ်တွင်ပေါက်သော မိတ်မှာ အခြားသူများနှင့်မတူ။ အလုံးကြီးသည်။ ရှေးကလေးရွယ်လည်း ပါသည်။ ရွှေကြီးစေ့ ရွယ်လည်း ပါသည်။ သည်မြွစ်ကိုကြည့်ပြီး ရည်းကျည်းဒန် စိတ်မသက်သာ။

'ဘာလိုလိုနဲ့ ငါတို့မှာ မြွစ်ချည်း တစ်ကျိပ်ပြည့်ပါပေါ့လား'

www.burmeseclassic.com

www.burmeseclassic.com



ရည်းဆေးရိုးက သူ့ကိုယ်ကို ပုဆိုးစုတ်ဖြင့်ယပ်ခတ်ရင်း လှမ်းပြောသည်။

'ဒါတောင် လူကုန် အိမ်ထောင်မကျသေးလို့၊ ကျပြီးသူတွေကလဲ အကုန်မမွေးသေးလို့'

ရည်းဆေးရိုး သဲ့သဲ့ပြုံးသည်။

'နေပူရတဲ့အထဲ သံယောဇဉ်မီးကပိုပူတော့၊ ညည်းလဲ ချွေးပြိုက်ပြိုက်ကျပါပေါ့လားဟေ'

ရည်းဆေးရိုးက အသံထွက်ပြီးရယ်သောအခါ ရည်းကျည်းဒန်လည်း ရှက်ပြုံးပြုံးရ၏။ သူသည် သူ့ကိုယ်ကို ယပ်မခတ်အား။ လိမ့်ပျံ့နေသော မြစ်တွေကို ယပ်ခတ်နေရသဖြင့် ချွေးတလုံးလုံး ဖြင့်နေသည်' သို့အတွက် ရှက်ပြုံး ပြုံးရသည်။

'ဟုတ်ပါ့တော်၊ အဲသလို သံယောဇဉ် အမျှင်တန်းမှာကြောက်လို့၊ ခေါက်ထစ်လှတ် ရိုက်လှတ်တဲ့ကြားထဲက'

မြေးများသည် မျက်စိနှလုံးပွင့်သည်နှင့် တစ်ပြိုင်နက်တည်း အဘိုးအဘွား အိမ်သို့ ပြေးလေ့ရှိသည်။ ယခု မြစ်များသည်လည်း သည်အတိုင်းပင်ဖြစ်သည်။ လင်းလျှင်လင်းချင်း ဘေးနှင့်ဘေးကြီးထံ ပြေးလာကြသည်သာ။

'ညည်းက ကြိုးစားပမ်းစား ဆဲတာဆိုတာ ရိုက်မောင်း ပုတ်မောင်း လုပ်တာကိုချည်း သတိရနေတာကိုးအေ့၊ မောင်မောင် ဘဘ ချော့မော့ယုယတာကျတော့ မေ့ထားသမဟုတ်လား၊ ငေါက်ငမ်းရိုက်ပုတ်တာကနည်းပြီး ယုယတာကများနေလို့ ညည်းအိမ်မှာ အခုလို လူစည်ကားနေတာ'

'မသိပါဘူးတော်၊ အင်းလေ....ဟုတ်မှာပါပဲ'



ပြောနေစဉ်တွင် မကြည်၏သား သူရထွန်းသည် ကုန်းထ၏။ ထသော်ငြား မျက်လုံးမဖွင့်။ ကျောပြင်ကို မမိ့တမိကုတ်၏။ ချွေးရှိသောနေရာကို ကုတ်မိလျှင် အနီစင်းကြီး ထင်၏။ ချွေးမရှိသောနေရာမှာသော် အဖြူစင်းကြီး ဖြစ်ကျန်ခဲ့၏။ ထိုမျှကုတ်ပါလျက် ကုတ်လိုရာနေရာသို့ ရောက်ဟန်မတူ။

'ယားယယ် ယားယယ်'

'ယားရင် နင့်အိမ် နင်ပြန်ပါလား ဟဲ့'

ရည်းကျည်းဒန်သည် ထိုင်ရာမှမရွေ့ဘဲ ပြော၏။

'ယားယယ် ယားယား'

အသံပြာလဲ့လဲ့ကြီးဖြင့် ကုန်းအော်သောအခါ ချွေးတလုံးလုံးနှင့် အိပ်ပျော်နေသော အခြားကလေးတွေ လူးလွန့်လာ၏။ ထိုကလေးတွေပါ စုပြုံအော်လျှင် အရပ်ပျက်တော့မည်။ သို့အတွက် ရည်းကျည်းဒန် ငေါက်သည်။

'နင့်အိမ် နင်ပြန်ပြီး ယားချေ၊ နင့်အိမ် နင့်ပြန်ပြီး အော်ချေ၊ သည့်ပြင်ကလေးတွေ အိပ်ကောင်းခြင်း အိပ်ပါစေတော့လား'

ထိုအခါ သူရထွန်းသည် လေးဘက်ထောက် ထလာကာ ဘေးမ၏ ပေါင်ပေါ်သို့ ခေါင်းထိုးပြီး အိပ်လိုက်လေ၏။ ဘေးမကြီး မနေနိုင်။ အသာအယာ ပွတ်ပေးရတော့၏။

ဤသည်ကို အိပ်ချင်ယောင်ဆောင်နေသော ကလေးတစ်ယောက်က မျက်လုံးဖွင့်ကာ ခေါင်းငုံ့ကြည့်၏။ ဘက်ပြားမ၏ သမီး ရွှေစည်ဝင်း ဖြစ်သည်။ သူမျက်စိဖွင့်သည်ကို ရည်းဆေး

www.burmeseclassic.com

www.burmeseclassic.com



ချိုး မြင်လိုက်၏။ လူရည်လည်ပုံ ပါးနပ်ပုံမှာ မအေထက်ပို၏။ မည်သို့လုပ်မည်နည်းဟု ဘေးကြီး စောင့်ကြည့်သည်။

ရွှေရည်ဝင်းသည် အိပ်ပျော်နေရာက လူးလိမ့်ဟန်မျိုး လုပ်သည်။ လိမ့်ရင်း လိမ့်ရင်း ဘေးမအနားသို့ ရောက်လာသည်။ နောက်တစ်လိမ့် ထပ်လိမ့်ပြန်ရာ ဘေးမကြီး၏ ခြေထောက်နှင့် ခေါင်းနှင့် တိုးမိလေတော့၏။

ရည်းဆေးရိုး နှုတ်ခြိုက်စွာပြုံး၏။

ဥသြတွန်သံသည် ထန်းတောမှ လွင့်ပျံလာ၏။ ပူဇော်လည်းသည် အသံကို သာယာသည်ထင်မိ၏။ ထပ်၍ တွန်ကြော်ပါဦးတော့ဟုဆဲ၍ ဝင်လာသော အသံမှာ ပန်းတိမ်ငှက် များများစားစားလည်း မပြည့်။ တစ်လုံးတည်း မြည်ပါလျှက် ပို၍ပူဇော်သင်သည်ထင်၏။

'ယား ယား၊ မေကြီး ယား'

'ဟော ဘယ်အချိန်ရောက်လာပါလိမ့်'

ရည်းကျည်းဒန်မှာ ရွှေရည်ဝင်းအသံပေးမှ သတိထားမိ၏။ ပြောပြောဆိုဆို အားနေသော အခြားလက်တစ်ဖက်ဖြင့် ပွတ်ပေးသည်။

'ညည်းမှာ လက်သုံးဖက်ရှိရင် တဖက်ယလက်နဲ့ ယပ်တောင်ကိုင်မှာပဲနော်'

ရည်းဆေးရိုးက မနေနိုင် မတိုင်နိုင် သရော်၏။

'ဟုတ်သတော်၊ ကျုပ်မလဲ ဝင့်ပဲထင်ပါရဲ့' ပြောရာက ယပ်တောင်ကို ကောက်ကိုင်၏။ အခြား မြေးများကို လှမ်းပြီး ယပ်ခတ်သည်။



'အင်း မိုးတစ်ပိုက်လောက် ရွာဖို့ကောင်းပြီ၊ သည်အတိုင်းသာဆိုရင် ဟောစ်ကြီး ခက်မယ်၊ ဝက်သက်ပေါက်မှာ၊ ဂျိုက်သိုးပေါက်မှာ စိုးရိမ်ရတယ်'

'ခက်တော့တာပဲ၊ သည်ကလေးဟာ အသားတွေ စုတ်ကုန်တော့မှာပဲ'

ရည်းကျည်းဒန် ညည်းတွားရာက ဆီးကြိုပြီး ကျောကိုပါးစပ်ဖြင့်မှုတ်ပေးရင်း လက်ဖြင့်ပွတ်ပေးသည်။ ပါးစပ်ဖြင့်မှုတ်ပေးခြင်းမှာ ယပ်ခတ်ရန် လက် မအားသောကြောင့်ဖြစ်၏။

ရည်းဆေးရိုးသည် နံနက်လင်းလျှင် လင်းချင်း အိမ်အောက် မြေပြင်ကို ရေဖျန်းထားသည်။ ခပ်ထပ်ထပ်ရှိသောအခါ အမှိုက်လှည်းသည်။ နေ့စဉ် ဆောင်ရွက်ထားသဖြင့် အိမ်အောက်မြေပြင်သည် ပြောင်တင်း ရှင်းသန့်၏။ အအေးဓာတ်သည်း ရ၏။

ကလေးတွေ လာစုနေခြင်းမှာ သည်အချက်လည်း တစ်ချက် ပါ၏။ ကလေးဘော့ စုရုံးရောက်လာလျှင် ဘေးထီးနှင့် ဘေးမတို့ မနေနိုင်ပြီ။ ရှိရှိသမျှ ဖျာကြမ်း ဖျာစုတ်တွေ ချပြီး စပ်ဟပ် ခင်းပေးရတော့သည်။ မြစ်များသည် တလင်းအေးပေါ်က နီးကြောဖျာပေါ်တွင် ဆော့ရင်း လှောင်ရင်း လူးလိမ့်ရင်း အိပ်ကြ၏။

ဟောစ်ကြီး အိပ်ပျော်သွားသဖြင့် ရည်းကျည်းဒန် နားခွင့်ရ၏။ နားခွင့်ရသောအခါ ယင်တလှောင်းလှောင်းကို သတိထားမိသည်။ ယင်ကို ဖိတ်ခေါ်သူမှာ ဟောစ်ကြီး။ သူ့လက်ထဲ

www.burmeseclassic.com

www.burmeseclassic.com



တွင် ထန်းလျက်ခဲရှိသည်။ သွားရည်စိုထားသဖြင့် တစ်ပိုင်းပျော်နေပြီ။ ယင်များ ခဲနေ မှည်းနေ၏။ ထိုထန်းလျက်ခဲကို ရည်းကျည်းဒန် ဖယ်ရှားချင်သည်။ သူ့လက်ထဲမှ ထန်းလျက်လွှတ်လျှင် ထအော်ချေမည်။ ယင်နားစာသည် မကောင်းဟု ရည်းကျည်းဒန် သိသည်။ မည်သို့ လုပ်ရပါမည်နည်း။ ထိုထန်းလျက်ကို အကြောင်းပြုပြီးလာသော ယင်သည် အခြားကလေးတွေကိုလည်း ပါးစပ်နှိုက် မျက်လုံးနှိုက်ဖြင့်။

ထန်းလျက်ကို ရည်းကျည်းဒန် အာရုံစိုက်နေဆဲ၌ ကလေးတစ်ယောက်သည် ဖျာပေါ်မှ မြေကြီးပေါ်သို့ ရောက်သွား၏။ ပြုံးရည်ငယ် ဖြစ်သည်။ ခင်မောင်ငြိမ်း၏ သမီး။

'ဟဲ့....ကလေးလေး၊ ဟိုဘက်တိုးစမ်း'

ရည်းကျည်းဒန် ထပြီး တွန်းသည်။ ကလေးမှာ ဖျာပေါ်ထက်ကောင်းသောနေရာတွင် အိပ်မောကျနေပြီ။ ရည်းကျည်းဒန်သည် တွန်း၍ မရသောကြောင့် သစ်တုံး လှိမ့်နည်းဖြင့် လှိမ့်၏။ သည်မျှကလေးလုပ်သည်ကိုပင် ချွေးဖြိုင်ဖြိုင် စီး၏။ တဖျန်းဖျန်းမြည်အောင် ယပ်ခတ်မှ သက်သာ၏။

ရည်းဆေးရိုး ခေါင်းကိုညိတ်၏။

'ကျည်းဇန် ကျည်းဒန်၊ အင်း....ဒုက္ခ မသေးပါကလား' မောင်းသံ ကြားရ၏။

ရည်းဆေးရိုး အိမ်အောက်မှ ငုံ့ထွက်၏။ သူ နားစွင့်နေခဲ့သည်မှာ ကြာပြီ။ မောင်းသံကြားမှ မိုးမွှေးရမည်ဆိုထားသဖြင့် 'မိုးဖိုကျင်း' ထဲသို့ အပြေးအလွှား ဆင်းခဲ့ဘည်။ အသင့်



ပြင်ထားသည့် မီးစာများကို ရှို့မြှိုက်သည်။ ရေနွေးအိုးတည်သည်။

ရေများ ရွှဲအိုင်စိမ့်ထွက်နေသော 'သဲကြမ်းအိုး' ရေသည့်အေး၏။ နွေကာလနှင့် သင့်လျော်၏။ ပြာသိုလတွင်လုပ်လျှင် ပို၍အေးသည်ဆို၏။ ရည်းကျည်းဒန် သန်မာစဉ်က တစ်ဆောင်းလုံး မနားရအောင်လုပ်ရသည့်အိုး။ သို့သော် သည်ရေအေးကို ရည်းဆေးရိုး ခံတွင်းမတွေ့။ နေပူပူဘွင် ချွေးတလုံးလုံးဖြင့် မှုတ်သောက်ရသော ရေနွေးကြမ်းမှ အာဂအရသာ။

သို့ကြောင့် အပြေးအလွှား မီးမွှေးကာ ကမန်းကတန်း ရေနွေးအိုးတည်ခြင်းဖြစ်၏။

ရည်းဆေးရိုး မူလနေရာသို့ ပြန်ထိုင်ချိန်ဝယ် ရည်းကျည်းဒန်သည် ငယောစ်ကြီး၏ဘေးသို့ ရောက်နေ၏။ ငယောစ်ကြီး၏ ထန်းလျက်သည် ရည်းကျည်းဒန်အား အနှောင့်အယှက်ပေးနေသည်။ သည်ထန်းလျက်ကို ဖယ်ပစ်မှ ဖြစ်မည်။

သို့ဖြစ်သဖြင့် အိပ်ပျော်နေသော ငယောစ်ကြီး လက်ထဲမှ ထန်းလျက်ကို အသာအယာဆွဲယူ၏။ ပါလာ၏။ သူ့လက်ထဲမှ လွတ်တော့မည်ရှိသည်တွင် လက်ညှိုးနှင့် လက်မက ဆတ်ခနဲ ညှပ်ထား၏။ ရည်းကျည်းဒန် စိတ်ရှည်လက်ရှည် စောင့်နေပြီးမှ မြေကြီးခဲတစ်ခဲကို အိမ်တိုင်ဘေးမှ လှမ်းယူသည်။ ထန်းလျက်ခဲကို ဆတ်ခနဲ ဆွဲယူပြီး မြေကြီးခဲကို လက်မ လက်ညှိုးကြားတွင် ထည့်ထားလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဟောစ်ကြီး၏ ထန်းလျက်ကို ပြောင်းဖူးဖက်ဖြင့် ထုပ်ကာ ဆင့်ဝါးကြား ညှပ်ထားလိုက်ရသဖြင့် ရည်းကျည်ဒန် ကျေနပ်၏။ သို့သော် စိုးရိမ်စိတ်က ဝင်လာသည်။

သည်မြေကြီးခဲကို အိပ်မှုန် စုံမွှားနဲ့ ထန်းလျက်မှတ်ပြီး ပါးစပ်ထဲထည့်ရင်....

ရည်းကျည်းဒန် ထိတ်ထိတ်ပျာပျာဖြစ်၏။ 'ဘယ်လို လုပ်ရပါ့'တွေး၏။ ချက်ချင်းပင် အကြံရကာ ကျောက်ခဲတစ်လုံး ပြေးကောက်၏။ ကလေးတွေ ဇယ်ခတ်သော ကျောက်ခဲ။

သည်ကျောက်ခဲကို ကောက်ယူလာပြီးခါမှ မဖြစ်သေးပါဘူး၊ ကျောက်ခဲက သေးတော့ လည်ချောင်းထဲ ကျသွားမှဖြင့် အတွေးဝင်လာ၏။ ကျောက်ခဲပြားပြား ရှည်ရှည်ကို ရွေးယူလာရသည်။ မြေကြီးခဲကို ဟောစ်ကြီးမနိုးအောင် အသာအယာ ဆွဲယူပြီးမှ ကျောက်ခဲကို လက်ထဲ၌ ထည့်ထားပစ်ခဲ့သည်။

ရည်းဆေးရိုးလည်း ကြည့်ရုံသာကြည့်၏။ မပြောတော့ပါ။ သည်နှယ် မပြောဘဲနေခြင်းကို ရည်းကျည်းဒန် မကြိုက်။ မလိုမလဲဖြစ်သည်။

'တော်က ဘာကြည့်တာတုံး'

ရည်းဆေးရိုး သရော်ပြုံး ပြုံး၏။ လမ်းဘက်မှ လေပြင်းတစ်ချက်မွှေးရှမ်း ဝင်ရောက်လာသည်။ ဖုန်တွေ အမှိုက်တွေ ပါငြား အေးသည်။ ယင်ကောင်တွေလည်း လွင့်ပါးသွား၏။

'ရေနွေးအိုး ဆူနေပြီလေ'



'အေးပါ ကျက်အောင် စောင့်နေတာပါ'

သည်စကားမှာ လက်ဖက်ရည်ကြမ်း ကြိုက်သူများ ပြောလေ့ရှိသောစကားဖြစ်၏။ ထိုအခါ ရည်းကျည်းဒန်သည် သစ်တုံးများ စီထားသည်သို့ အိပ်နေသောမြစ်များကို ဟစ်ချက် လှမ်းကြည့်ပြီး အိမ်ပေါ်သို့ တက်သွား၏။ ပလုံးတောင်းတစ်ခု ယောက်မတစ်ချောင်း၊ အိုးဟစ်လုံးဆွဲလျက် ဆင်းလာသည်။

ခဏအကြာတွင် အိုးထဲတွင် သစ်သားယောက်မ လှည့်ပတ်ပြေးလွှားသံ ဆူညံစွာ ပေါ်လာ၏။ မကြာပါချေ။ အပူဒဏ်မခံနိုင်သည့် ပြောင်းဖူးစေ့များ အော်ဟစ်ပေါက်ပွင့်ကြပြီ။ သူစားရန်မဟုတ်။ သူ့တွင် သွားမရှိတော့ပါ။ မြစ်တွေအတွက် အဆာပြေ ပြောင်းဖူး ပေါက်ပေါက်ပွင့် ဖောက်နေခြင်းဖြစ်သည်။

သည်ပေါက်ပေါက်ကို အလယ်မှာထားပြီး မြစ်တွေတရုန်းရုန်း သွားဖုံးနီကြီး ဖြုံးဖြုံးဖြင့် မကြာမီ လုပ်တော့မည်ကို ရည်းဆေးရိုး မြင်ယောင်၏။

သံယောဇဉ်မီးဖြစ်မည့် အရာများကို အသိတရားကမြင်း ကြည့်သောငြား နှလုံးသားက လက်မခံ။ မေတ္တာရှောင်ကြုံများသည် တွယ်မိတွယ်ရာ ကြေကျင်းဝတ်ကို ပတ်၏။ လက်ကောက်ဝတ်ကိုရစ်၏။ ထိုမှတစ်ဆင့် လည်ပင်းကိုပတ်၏။



www.burmeseclassic.com

www.burmeseclassic.com



ချေးတလုံးလုံးဖြင့် ပြောင်းဖူးပေါက်ပေါက်ကျော်နေသော ခေါင်းဖြူစွယ်ကျိုးကို တစ်လှည့်၊ လိမ့်ဖျံနေသော မြစ်များကို တစ်လှည့် ရည်းဆေးရှိုး ကြည့်ရာက အသံထွက်အောင် ရယ်မောနေမိလေတော့၏။

(၁၉၉၃၊ ဇူလိုင်လ၊ ဩဂုတ်လ သွေးသောက်မဂ္ဂဇင်း)

# အလင်းဖွားသူများ

ညည့်အမှောင်ကို စိန့်စီထား၏။

ရှုချ်မငြိုး၊ ကြည့်ချ်မဝ၊ ဖူးမြော်၍ မရောင့်ရဲနိုင်အောင် ကျက်သရေရှိလှပါပေသည်။ ရည်းဆေးရှိုး၏ ရင်ထဲတွင် ဇရဏာပီတိ သီတာစမ်းတစ်သွယ် စီးဆင်းသည်။ ကြည်နူးဝေဒနာသည် အာရုံကြောများသို့ ကူးစက်သဖြင့် လက်နှစ်ဖက်ကို ပူးယှက်မိသည်။ လက်ဆယ်ချောင်းမှာ လက်အုပ်ကြာမုံအဖြစ်ဖြင့် နဖူးထက်သို့ တက်ရောက်စုံပယ်သည်။

ရမ်းဘိုကုန်း တစ်ရွာလုံးသည် သည်မှာ စုရုံးကြရော့ထင်၏ ရယ်မောသံများ၊ [illegible] ဟိုရားမ်း [illegible] ဝတ်တုတ်'သံမှူ့ကြ် ခြစ်ခြစ်ခြုတ်ခြုတ် စုဝယ် လျှပါင်းထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်အသံများက ရည်းဆေးရိုး၏ အာရုံကို မဖျက်ဆီးနိုင်။ လက်တစ်ညောင်း ဘုရားရှိခိုးပြီးမှ လက်နှစ်ဖက်ကို ပေါင်ပေါ်သို့ချသည်။ ချသော်ငြား မျက်စိအာရုံမူ စေတီတော်ကြီးမှ မခွာ။ စိန်ဖူးတော်တွင် ထွန်းညှိထားသော မီးလုံးကြီးမှာ အတောက်ထိန်ဆုံး။ ထီးတော်တွင်ရံထားသော မီးရောင်စုံခုနစ်လုံးမှာ အလှပဆုံး။ ထီးမှဆင်းလာသော ကြိုးဆိုးဆွယ်တွင် သီးနေသည့်မီးလုံးများကလည်း အခန့်ညားဆုံးများပါတကား။

စေတီတော်ကြီးကို သည်လိုအင်ဂျင်မီးနဲ့ အခုလို ပြန်ပြီး ပူဇော်နိုင်အောင် ငါတို့ရွာသူရွာသားတွေ ဆယ်နှစ်လုံးလုံး ကြိုးစားခဲ့ကြရတာပါကလား။

ပိုလျှံသည့်အထဲမှ လှူဒါန်းခြင်းမဟုတ်။ စားမည့်အထဲမှ တတ်စွမ်းသမျှကို ဖဲ့၍ လှူဒါန်းကြသည်။ ရမ်းဘိုကုန်းရွာ၏ စေတနာအရောင်၊ သဒ္ဓါအလင်း အလျှုံတော်။

တစိမ့်စိမ့် ကြည့်နေရင်းက ရည်းဆေးရိုး၏ မျက်အိမ်တွင် ဝမ်းသာမျက်ရည် စိမ့်အိုင်လာသည်။ ထိုအခါ လွန်ခဲ့သော နှစ်ပေါင်း ၅၀ ခန့်တုန်းက အင်ဂျင်စက်ကြီးသည် မှတ်မိအာရုံထဲမှ ခုန်ထွက်လာသည်။ ခုန်ထွက်လာသော မှတ်မိအာရုံသည် လေပြည်မထိုး ဆိုင်းမဆင့်။ ကရောင်းသံ တညံညံနှင့် ဘီလူးဆိုင်း။



'ဂျပန်တပ်တွေ ရောက်လာရင် ပုဆိုးတစ်ထည် တစ်ပဲနဲ့ ရမယ်ဆိုရင် တို့ဂတ်နေတဲ့ ရွှေတွေဟာ အစစ်မဟုတ်လို့ မြစ်ထဲ လွှင့်ပစ်ပြီး ရွှေအစစ်တွေ အလကားပေးမယ်ဆိုကွ'

ကိုဆေးရိုး၏ အဖေ ဦးကျွန်ကြီးသည် ဖက်ဆစ်တွေကို မပြောရဲတိုင်း ကိုဆေးရိုးကိုချည်း မဲတော့သည်။

'ခွေးဝမ်းသာအောင် လေသည်တာကို ကျုပ်လဲ သူများ ပြောနဲ့ ဖောက်သည် ချမိတာပါဗျာ'

ကိုဆေးရိုးမှာ လေပျော့ကလေးဖြင့် ဖအေကို ထိန်းနေရငြား ရင်ထဲမှာ မချည့်။

'ပုဆိုးတစ်ထည် တစ်ပဲနဲ့ ရောင်းနိုင်ဖို့ထင်ထား၊ သူတို့အောင် ကိုယ်ချည်းတုံး(ကိုယ်တုံးလုံး) နေရချီးရတယ် မဟုတ်လားဟင်'

သည်အခါတွင်ကား မယ်ကြွယ်စိုး မနေသာတော့။

'ကိုကျွန်….ကြမ်းကြွား လေကြွား ကြွားသွားရင် အားလုံး ဒုက္ခရောက်ကုန်လိမ့်မယ်နော်၊ ဒေါသကို သိမ်းပါတော်၊ ကိုယ်တစ်ယောက်တည်း ဖြစ်တာမှ မဟုတ်တာ'

မီးဖိုထဲ၌ အဖျားတက်နေရာက ထလာရင်း ပြောသော်ငြား ဦးကျွန်ကြီး မဆင်ခြင်။

'လှည်း၊ နွား သိမ်းတာ ထားပါတော့ လှူပိုင်တာမို့၊ အခုတော့ ဘုရားပိုင် အင်ဂျင်စက်၊ ဘုရားမီး ပူဇော်နိုင်ဖို့ ငါတို့တစ်တွေ ခြစ်ခြစ်ခြုတ်ခြုတ် စုဝယ် လှူဒါန်းထားတဲ့ မီးထွန်းစက်'

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို ကြမ်းကို လက်ဝါးဖြင့် တအားပုတ်ရင်း 'ဘုရားပစ္စည်းပါမရှောင် သိမ်းမယ်ဆိုတော့ လူမှုဟုတ်ကြ သေးရဲ့လား' သံကုန် အော်ပစ်မိလေ၏။

ဖက်ဆစ်တပ်များသည် ရေနံချောင်းနှင့်ချောက်၊ လမ်းရွာ ရေနံကို အားအကိုးကြီး ကိုးကြ၏။ ရန်သူများ ဖျက်ပစ်သွား သည့် ရေနံတွင်းတွေကို အလျင်အမြန် ပြန်လည်ပြုပြင်သည်။ အနည်းငယ်သာ မျှော်လင့်ချက်ရှိခြား စုပ်ယူရန် စက်မရှိ သို့အတွက် တစ်နိုင်ငံလုံးရှိ ဘုရားပုထိုးများမှ ဒိုင်နမိုလှည့်စက် များကို သိမ်းယူရန် ကြံစည်ခြင်း ဖြစ်ပေသည်။

သို့အတွက် မည်သည့်ရက်တွင် မည်သည့်နေရာသို့ လာ ရောက်ပို့ဆက်ကြရမည် အမိန့်ထုတ်လေတော့သည်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုး တစ်မျိုးလုံး၏ ရင်ခေါင်းထဲသို့ ယမ်းဘီလူး တွေထည့်ကာ ဖောက်ခွဲလိုက်သောအမိန့် ဖြစ်သည်။

ဦးကျန်ကြီးသာမက ရမ်းဘိုကုန်း တစ်ရွာလုံး ငိုကြွေးကြ ရသည်။ ဖက်ဆစ်မိစ္ဆာတွေ ခွေးသေ သေပါစေ ဆုတောင်း ကြသည်။ ခေါးလုံးကို ကောက်ကိုင်သူကိုင်။ ထောင်းလမောင်း ထအောင် ဆဲသူဆဲ။

'အခွင့်မသာသေးရင် ငြိမ်နေမယ်၊ အခွင့်သာလို့ကတော့ ကွာ မိစ္ဆာဗိုလ်တွေကို ရရာလက်နက်နဲ့ လက်စားချေမယ်ဟေ့'

သည်အချိန်သည် မယ်ကြွယ်စိုး အဖျားကျပြီး ဦးကျန်ကြီး အဖျားတက်ချိန် ဖြစ်၏။ ယခုငှက်ဖျားသည် ဦးကျန်ကြီး၏ ဒေါသကို ကြောက်သဖြင့် ပြေးလေရော့ထင့်။ အဖျားတက် မည့် ချမ်းစိမ့်စိမ့် အစား ဒေါသ ချွေးတွေ သီးနေချေ၏။



ကိုဆေးရိုးမှာ ဖအေကို ကြည့်လျက် မျက်ရည်လည်၏။ အိမ်ရှေ့သို့ မယောင်မလည်လာရပ်သည့် ကိုပိတ်စအား လှမ်း ကြည့်၏။

'ငါ... ငါ၊ မလိုက်... မလိုက်ချင်ဘူး၊ သူငယ်ချင်း... သူငယ် ချင်းရာ'

ကိုပိတ်စ မျက်လုံးပြူးလုက် နောက်ဆုတ်သွားရာက... 'ဟ... ဆယ်အိမ်ခေါင်းနဲ့ တစ်ရွာလုံးက မင်းနဲ့ငါတို့ကို တာ ဝန်ပေးထားတဲ့ဥစ္စာ' ဟု ဆိုသည်။ ဆိုအပြီးတွင် ကိုဆေးရိုး မျက်နှာကို ငေးကြည့်သည်။ ထို့နောက် ထိုင်ချလိုက်ကာ ကလေးငယ် တစ်ယောက်အလား အော်ဟစ် ငိုကြွေးတော့ သည်။

ကိုပိတ်စ၊ ကိုဆေးရိုးတို့နှင့်အတူ လိုက်ရမည့် နောက်တစ် ယောက်မှာ ကိုသာဒွန်းဖြစ်သည်။ သူလည်း မသာအိမ်မှ လာ သော မျက်ရည်လည်ရွဲ မျက်လုံးများဖြင့် လမ်းမမှ လှမ်း ကြည့်နေ၏။ အံကြိတ်လိုက်၊ မျက်ရည်သုတ်လိုက် လုပ်နေသော သူ့အား မယ်ကြွယ်စိုးလှမ်းကြည့်ရာက ကိုဆေးရိုးအားပြော ၏။

'ဟိုမှာတစ်ယောက်၊ မင်းတို့နဲ့ လိုက်မှာမဟုတ်လား၊ သွား ကြတော့၊ ကြာရင် အပြန်မှာ နွားတွေ နေပူမိမယ်'

ကိုဆေးရိုး မျက်လုံးအနီသားဖြင့် ထရပ်သည်။ ထရံဘွင် တင်ထားသည့် ပုဆိုးစုတ်ကို ဆွဲယူပြီး စလွယ်သိုင်းသည်။ ခေါင်း စင်တွင် စိုက်ထားသည့်ဓားမတိုကို ဖြုတ်သည်။ လယ်ပြင်သို့

www.burmeseclassic.com

www.burmeseclassic.com



သွားသည်ဖြစ်စေ၊ လှည်းဖြင့် သွားသည်ဖြစ်စေ ဓားမတိုက်ဆောင်လေ့ရှိသည်မှာ တောသားတို့ဓလေ့။

သို့သော် မယ်ကြွယ်စိုး တားမြစ်သည်။

'ဓားကို ပြန်ပြီး စိုက်ပစ်ခဲ့ လူလေး'

ကိုဆေးရိုးအတွက် တစ်ထူးတစ်ဆန်းစကား ဖြစ်သည်။ မအေအား ကိုဆေးရိုး တအံ့တသြ ကြည့်သည်။

'ဓားပါရင် လက်လွန်ခြေလွန်တွေ ဖြစ်ကုန်မှာ စိုးလို့ပါ သားရယ်၊ ကဲ...သွား သွား'

ကိုဆေးရိုးမှာ နောက်ဆုတ်ကာ လှေကားထိပ်မှ ဓားမကို ဆွဲပြီး အိမ်ပေါ်မှ ဆင်းခဲ့ရလေသည်။

လေးထပ်ကျောင်းထဲတွင် ရမ်းဘိုကုန်း ရွာသူရွာသားလေး ငါးဆယ်ခန့် ရောက်နေကြ၏။ သူတို့သည် စက်ရုံတံခါးဝတွင် ချထားသော အင်ဂျင်ကြီးကို ဝိုင်းအုံ ကြည့်နေကြသည်။ မမြင်ဖူး၍ ကြည့်ခြင်းမဟုတ်။ ကြေကွဲခမ်းနည်းစွာဖြင့် ခေါင်းသွင်းခါ၍ ရုပ်ကလာပ်ကို ကြည့်နည်းဖြင့် ကြည့်နေကြခြင်း ဖြစ်သည်။

'ဘုရားပစ္စည်းကို ဖို့ဆက်ခံနိုင်းယူတဲ့ ခွေးတွေ အသေဆိုးနဲ့ သေပါစေ၊ ကျားကိုက်၊ မြွေကိုက်၊ သွေးနက် ပွက်ပွက်အန်ပါစေ၊ ကာလနာ တိုက်ပါစေ' ကျိန်ဆဲသံများကား ဘုန်းကြီးကျောင်းဝိုင်းနှင့် မလျော်သော အသံများဖြစ်ကြ၍ ဆူညံနေသည်။

သည်ကျိန်စာတိုက်သံများနှင့် အတွဲအဖက်ကား ဆို့နစ်သော ငိုယိုသံများ။ သည်အရာတွေ ကြားရသလေလေ ကိုဆေးရိုး အံကြိတ်လေ။ လက်သီးဆုပ်လေလေ။



မျက်ရည်သည် သုတ်ပစ်နေပါလျက်က တွေတွေကျသည်။ ကိုဆေးရိုးတို့သည် မျက်ရည်သုတ်ရင်း ကျောင်းပေါ် တက်သည်။ ဘုရားကို ဝတ်ချပြီးနောက် ဆရာတော် ဦးသာဝကအား ဝတ်ချကြသည်၊ ဆရာတော်မှာ ဦးအာစရနောက်ဆက်ခံသော ကျောင်းထိုင် ဖြစ်၏။

'ဘုန်းကြီးဘုရား....တပည့်တော်တို့'

ဆရာတော်သည် တစ်ချက် ငုံ့စောင်းကြည့်ပြီး လက်ခါပြ၏။ အသံအက်ကြီးဖြင့်လည်း နှင်ထုတ်၏။

'သွားကြ....သွားကြ၊ ငါ့ကို ဘာမှ မလျှောက်နဲ့၊ စက်ရုံမှာ တွေ့သမှတ်သား'

'တင်ပါဘုရား'

'တွေ့ရင် လုပ်စရာရှိတာလုပ်၊ သွားကြ....မြန်မြန်သွား'

ဆရာတော်သည် သောဝတီမြစ်၏ အရှေ့ဘက်သားဖြစ်၏။ ထိုအရပ်တွင် မိုးသည်းပါး၏။ နေလည်းရှား၏။ ထို ဆွံ့ရှားသော အရပ်သို့ သွား၍ အလှူခံ၍ရသော ငွေကြေးဖြင့် ဆရာတော်သည် ကျောင်းဦးဘုရားအတွက် မီးစက်ရန်ပုံငွေကို တူထောင်ခဲ့၏။ သို့အတွက် သူသည်း ဒါယကာ ဒါယိကာမများနည်းတူ ကြေကွဲခမ်းနည်းရာတော်မူပေလိမ့်မည်။

ပန်းနွာ ရင်ကျပ်မှုသောကြောင့် ဆရာတော့် အသံမှာ အက်တက်တက် အစ်တစ်တစ်ရှိကြား မိန့်တော်သံတွင် ငိုမဲ့နည်းရိပ် ပါနေ၏။ နာကျင်စိတ် ပါနေ၏။ သို့သော် ရွှေအဓိပတိ ကိုယ်တိုင်က ကြေကွဲမှုကို အတိအလင်း ဖော်ပြနေ

www.burmeseclassic.com

www.burmeseclassic.com



လျှင် ဖက်ဆစ်မိစ္ဆာတို့အား ပုန်ကန်မှုသည် ရွာသိမ်လေး တစ်ရွာတည်းတွင် ကွက်ပြီး ဖြစ်ချေရော့မည်။

ကိုဆေးရိုးတို့ သုတ်သုတ် ပြန်ဆင်းလာကြသည်။

ဂုန်အိတ်(ဂုန်နီအိတ်)ပေါ် တင်ထားသောစက်ကို အခင်း ဖြင့် ပတ်ကာ လျှော်ဖြင့် တုပ်သည်။ ကြိုးဖြင့်ဆိုင်းကာ ကိုပီတ်စနှင့် ကိုသာဒွန်းက ထမ်းပိုးဖြင့်ထမ်းရာ ကိုဆေးရိုးက လိုက်လံ ဖေးပေးသည်။

လှည်းကြမ်းပေါ်သို့ အင်္ဂလိပ် ဒိုင်းခနဲအကျတွင် စတင် ဟစ်လိုက်သံမှာ မမယ်အု ဖြစ်ပေသည်။

'အမယ်လေး....ကျုပ်တို့ရွာက အင်္ဂလိပ်စက်ကြီး သွားပါ ပေါ့လားတော့'

ရှိုက်ကြီးတငင် ငိုချလိုက်သံ အဆုံးတွင် ကြီးမား ကျယ် လောင်သော ငိုသံကြီး ပေါ်လာသည်။ ကျောင်းဝိုင်းတွင်းမှ အန်ထွက်ကာ ရွာတောင်ဖျားအထိ ရိုက်ခတ်သည်။ ကိုဆေး ရိုးလည်း လှည်းပေါ်မှခုန်ဆင်းကာ သီးပင်ကို လက်သီးဖြင့် ထိုး၊ ခေါင်းဖြင့် တိုက်တော့သည်။

'လက်နှစ်ဖက် ရှိပါလျက်နဲ့ ငိုခံနေရတဲ့ ခွေးဘဝ.... သေဟ....သေဟ'

'ဟေ့ ကောင်....ဆေးရိုး'

ကိုသာဒွန်းသည် ထက်ကြပ်ပါလာပြီး ဆွဲသည်။ 'ပီတ်စရ လာပါဦးဟ....ဒုက္ခ ဖြစ်ကုန်လိမ့်မယ်'ဟူ၍လည်း လှမ်းခေါ် သည်။ ကိုပီတ်စသည် ဘီးစတင်လိမ့်နေဆဲ လှည်းပေါ်မှ ပြေးဆင်းလာ၏။



'စိတ်ကိုလျှော့ သူငယ်ချင်း၊ လျှော့....လျှော့'

ပြောလည်းပြော။ လှည်းနောက်သို့လည်း သွက်သွက်လှမ်း ကာ ဆွဲခေါ်ခဲ့ကြ၏။

ယောကျ်ားရင့်မာကြီး ကိုဆေးရိုး၏ အဖြစ်ကို မြင်ရသော မိန်းမများသည် ရင်ကိုထုကာ ငိုကြ၏။ အချို့မူ ရင်ထုရ သည်ကို အားမရသဖြင့် ကျောင်းရှေ့မြေဘလင်းတွင် လူးလိမ့် ငိုကြ၏။ ပွက်ပွက်ညံနေသည့်ကြားမှ တစ်ညီတည်း ထွက်ပေါ် လာသောအသံကား....'သာသနာဖျက်တွေ အသေဆိုးနဲ့ သေ ကြပါစေ'ဟူ၍ ပေတည်း။

* * *

ဝမ်းသာကြည်နူး မျက်ရည်သည် ရိုးရိုးလည်၏။

အတိတ်၏ သစ်လွင်နိုးထမှုကြောင့်ဖြစ်သော မျက်ရည်မှ မူ ရင်ဆို့နှင့်အောင် ခံစားရ၏။ ရည်းဆေးရိုးမှာ ပခုံးတ ပုဆိုးဖြင့် နှာခေါင်းကို တို့မိ၏။

'ဟော့....ဆေးရိုး၊မင်းနဲ့သာဒွန်းတို့၊ပီတ်စတို့ အင်္ဂလိပ်စ သွားပို့ရတာ သတိရသေးလားဟေ့'

လူလည်းရောက် မေးခွန်းလည်း ထုတ်သူမှာ ရည်းအော မြ။

ရည်းဆေးရိုး မော့မကြည့်မိဘြား ပြောသောအသံမှာငိုသံ

www.burmeseclassic.com

www.burmeseclassic.com



'ဘယ့်နှယ် သတိမရဘဲ ရှိပါမလားကွဲ့။ စိန်ဗူးအော်က မီးလုံးကိုကြည့်ရင်း အခုပဲ ရင်ထဲမှာ ဆို့လာတယ်'

ဦးအောင်မြလည်း ရည်းဆေးရိုးအား သမံတလင်းပေါ် ဝင်ထိုင်ရာက 'ငါလဲ အင်ဂျင်စက်ဖြုတ်ထားခဲ့ပြီး စိတ်မထိန်းနိုင်ဟာနဲ့ ချောင်းထဲက ယာတဲကို ထွက်သွားတာ၊ အင်း.... မဝနေ့တင်နေ့ကလိုပါပဲကလား' ကြေကြေကွဲကွဲ ဆိုသည်။

'ဒါ့ထက်....သာဒွန်းတစ်ကောင် မမြင်ပါကလား၊ နေမှကောင်းရဲ့လား'

'မနက်ဘုန်းကြောင်းအိမ်ရှေ့မှာသာချုပ်သွားသေးတာပဲ'

'တို့ ဘုန်းကြီး၊ တို့ဖသောင် မီးပြန်လင်းတာ ဝမ်းသာသကွာ၊ ဒီကောင်ကြီးလဲ ဝမ်းသာမှာပဲ၊ အင်း....ဘာလိုလို နဲ့'

ရည်းဆေးရိုးသည် အနားသို့ ရောက်လာ ဝန်းအုံသော ရည်းအောင်မြ၏ မြေးများနှင့် မိမိ၏ မြေးမြစ်များကို ဝေ့ဝဲကြည့်လိုက်ရာက 'ငါ့ဝမ်းနည်းလွန်းလို့ သီးပင်ကို လက်သီးနဲ့ ထိုး ခေါင်းနဲ့တိုက်တာဖောင် လိုက်ထွဲပြီးထိန်းတဲ့ကောင်ကွ' ဆိုပြီး ခါးပိုက်ထောင်ကိုနှိုက်၏။ မီးခြစ်ကိုစမ်း၍ မတွေ့။ သို့တစေ စကားမူ မပြတ်။

'ဒီးကောင် ငါတို့လို ဝမ်းမနည်းတတ်ပါကလားလို့ ငါ ကျိတ်တွေးနေတုန်းမှာ လားလား....လက်မှတ် ထုတ်ပေးတဲ့ ချမန်ကို မအေနှမနဲ့ ကော်ကော်ပြီး ဆဲလိုက်တာကွာ၊ ပါးစပ်ကိုလဲပိတ်။ အတင်းလဲဆွဲခေါ် လုပ်ရသကွာ'

'ဘ....ဘ ဟိုမှာလေ'



ကျော်သူရက လက်ကုတ်၍ မေးငေါ့ပြသည်။ တောင်ဝှေးသံ တဒေါက်ဒေါက်ဖြင့် ချဉ်းကပ်လာနေသော ရည်းသာဒွန်း။

'မင်းတို့ ငါ့အတင်း ပြောနေကြတာမဟုတ်လား'

'ဒါပေါ့ကွ....တို့အကျင့်နဲ့ မင်းအကျင့် အတူတူပဲဟာကို'

ရည်းသာဒွန်းသည် ငယ်ခြေဖော်လျက် မြူးထူးစွာ ချဉ်းကပ်လာ၏။ ရည်းအောင်မြကလည်း ဘလွတ်ရွတ်လေသံဖြင့် တုံ့ပြန်၏။ တုံ့ပြန်သော်ငြား ရည်သာဒွန်း မရယ်မော။ မဆဲရေး။

ရည်းဆေးရိုးကို အမြင်တွင် အတိတ်ကို သတိရပြီး ဆွေးဟန် ရှိ၏။ ရီဝေစွာ ငေးနေပြီးမှ....

'အင်း....ရှည်ကြီး ဆွဲလျက်–ဝင်ထိုင်ရာက 'တို့ဘုန်းကြီး ဦးသာဝကကို သတိရသကွာ' ဆို၏။

တို့ဘုန်းကြီးအထိ အသံကောင်းငြား နောက်ပိုင်းတွင် ထိမ်၍တိမ်၍ဝင်သည်။ ပခုံးပေါ်ရှိ ပုဆိုးစုတ်ဖြင့် မျက်လုံးကို တို့၏။ ရည်းဆေးရိုးနှင့် ရည်းအောင်မြထံသို့ပါ လွှမ်းဆွတ်ကြေကွဲဝေဒနာ ကူးစက်သဖြင့် စကားမတုံ့လှယ်နိုင်။

သို့သော် ငိုသံကြီးက ရည်းသာဒွန်းထံမှ ထွက်ပေါ်လာ၏။

'ဘုန်းကြီး ဦးသာဝကခမျာ ဘုရားမီး ထွန်းတဲ့ အင်ဂျင်စက်ကြီး သာသနာဖျက်တွေလက်ထဲ အပ်ပြီးတဲ့ နောက်နေ့ကပြီး ကောင်းကောင်းမှ မကျိန်းတော့တာကလား၊ အနှောက်ဆွမ်းလဲ ဟုတ်တိပတ်ပတ် ဘယ်မှာ သုဉ်းပေးတော့လို့တုံး'

www.burmeseclassic.com

www.burmeseclassic.com



ရည်းဆေးရှိုး ခေါင်းညိတ်ပြသည်။

'ဟုတ်တယ် သာဒွန်း၊ ညညဆိုရင် ကံရမက်ပင်နားက တံခါးကိုဖွင့်ပြီး စေတီတော်ကြီးနဲ့ အုတ်ပြာသာဒ်ကို ကြည့်ကြည့်ပြီး တဟင်းဟင်းနဲ့ ဖာင်းချနေသတဲ့'

'ဒါပေါ့ကွာ….ဝါတော်ကလဲ ငါးဆယ် ကျော်နေတော့ ပြည်သုံးကျော် ဦးဥတ္တမတို့လို ထပြီးလဲ မချနိုင်။ နာကြည်းခံပြင်းစိတ်ကလဲ ပြင်း။ ငါထင်တာကတော့ ဆံရာတော်ဦးသာဝကဟာ ဒီစိတ်နဲ့ ပျံလွန်တော်မူတယ် ထင်သကွာ'

'ဘ….ဘ'ခေါ်သံနှင့်အတူ ကျော်သူရသည် ရည်းဆေးရှိုး၏ဒူးကို နှဲ့၏။ ရည်းဆေးရှိုး ငဲ့ကြည့်မှ အမေးစ၏။

'ဒါလောက် မတရားတဲ့ကောင်တွေကို ဘတို့ ဘာပြုလို့ ငုံ့ခံခဲ့ကြတာတုံး ဟင်'

ရည်းဆေးရှိုးသည် ချက်ချင်းမဖြေ။ ကျော်သူရ၏ ဘေးရှိမောင်သွေး၊ မောင်မောင်လှနှင့် အခြားသူများ၏ မျက်နှာများကို စေ့ဝဲကြည့်၏။ သိချင်သော မျက်လုံးများက အဖြေကို ငံ့စားနေကြသည်။

'ဘယ်နေလိမ့်မတုံးလူလေးရာ၊ အချိန်မတန်သေးခင်မှာ အောင့်အည်းထားခဲ့သမျှ အချိန်လဲကျနရော ထပြီးချလိုက်ကြတာ ဝက်ဝက်ကွဲတာပေါ့ကွာ၊ ဓားပဲရှိသူက ဓားနဲ့၊ ဝါးချွန်ပဲရှိသူကို ဝါးချွန်နဲ့၊ ဆော်လိုက်ကြတာ ဘာပြောကောင်းမတုံး'

'ဘတို့ ဆင်ဂျင်စက်ကော ပြန်ရလားဟင် ဘ'



'ဘယ်အရပ်ကို ယူသွားမှန်းမှ မသိတာ လူလေးရာ၊ဘယ်လိုလုပ်ပြီး လိုက်ယူရမှာတုံး၊ အဲဒါကြောင့် အခုလို စုပေါင်းအားခဲပြီး အသစ်ဝယ်ရတာပေါ့'

'ရည်းဆေးရှိုးသည် မြေးများထံမှ မျက်နှာလွှဲကာ စိန်ဖူးတော်ကြီးကို မော့ကြည့်၏။ ထိုအကြည့်တွင် ညှိုးနွမ်းမှု၊ နာကြည်းမှု မရှိတော့ပါ၊ ပီတိမျက်လုံးများသည် မာကျူရီမီးလုံးနှင့် ပြိုင်ဆိုင် ရွှန်းလက်နေပြီ။

(၁၉၉၃၊ စက်တင်ဘာလ၊ ရွှေသမင်မဂ္ဂဇင်း)

ဆင်ဖြူကျွန်း အောင်သိန်း

www.burmeseclassic.com